
www.burmeseclassic.com

# ပျူး

# ချောကလက်ရုပ်တု




DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# မျိုး

## ချောကလက်ရုပ်တု

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၀၀၄၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၆၁၁၀၆၁၁ |
| အဖုံးဒီဇိုင်း | - | **Idea Kyaw & Kyaw Oo** |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၁၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၀၊ စကားဝါလမ်း<br>အုတ်ကျင်းမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဩဂုတ်။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ・ ၈၃

ဗျူး

ချောကလက်ရုပ်တု/ ဗျူး။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ချောကလက်ရုပ်တု


## အခန်း (၁)

Aircon အထူးလိုင်းကားကြီးပေါ်မှာဆိုပေမယ့် ညိုချောဖြူ နဖူးပြင်လေးမှာ ချွေးလေးတွေ စို့နေသည်။

ဒါ ရန်ကုန်မြို့ကြီးတဲ့လား။ ကားတွေကလည်း အရောင်စုံ များပြားလိုက်တာမှ လွန်ရော။ ရောင်စုံလူတွေကလည်း ရှာဘုရားပွဲ ကျင်းပနေသလားတောင် ထင်မှတ်ရသည်။

ကားကြီး၏ပြတင်းတံခါးက မြင်နေရသော လူတွေ၊ ကား တွေ၊ မိုးမျှော်တိုက်ကြီးတွေကို ငေးကြည့်ရင်း ညိုချောဖြူ ခေါင်းလေး ချာချာလည် မူးနောက်လာသည်။

"ညိုချောဖြူ၊ ညည်း အရမ်းမူးနေသလား၊ ရှူဆေးလေး ရှူလိုက်ဦးလေ၊ ရော့"

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညို့ချောဘေးမှာ ကပ်ထိုင်နေသော အရီးသောင်း ကမ်းပေးသည့် ရှူဆေးဘူးလေးကို လှမ်းယူကာ နှာသီးဝမှာကပ်ရှူလိုက်သည်။

"မရောက်သေးဘူးလား အရီးရယ်၊ ဒီမှာ ညို့ချော အရစ်မူးနောက်နေပြီ"

မျက်နှာလေးရှုံ့မဲ့ပြီး ညို့ချောမေးမိသည်။ လူက မူးတာမှ ချာချာလည်ကို မူးနေတာဖြစ်သည်။ ရင်ထဲမှာတလှပ်လှပ်နဲ့ ပျို့အန်ချင်သလို မထွေးနိုင်မအန်နိုင် ခံစားနေရတဲ့အဖြစ်ကြီးက ဆိုးသည်။

ညို့ချောတစ်ကိုယ်လုံး ချွေးစေးတွေနှင့် စေးကပ်နေကာ ညို့ညက်ညက်အသားအရေလေးတွေပင် ရေခဲတုံးလို အေးစက်လို့နေသည်။

ကားကြီးကလည်း တစ်မှတ်တိုင်ရောက်လျှင် တော်တော်နှင့် မထွက်တော့။ ဒီကြားထဲ ကားပေါ်မှာ ဖုန်းပြောနေသောလူတွေရဲ့ အသံနေအသံထားမျိုးစုံကိုလည်း နားညည်းအောင် ကြားနေရသေးသည်။

ဖြစ်နိုင်လျှင် ဒီကားကြီးပေါ်ကနေ ကဆုန်ပေါက်ပြီး ကိုယ့်ရွာကိုယ် ပြန်ပြေးချင်စိတ်တွေတောင် ပေါက်လာမိသည်။

ရန်ကုန်မြို့ဆိုတာ ဒီလို သပွတ်အူလို ရှုပ်ယှက်ခတ်နေတဲ့ မြို့ကြီးပါလားလို့တောင် ညို့ချော ညည်းလိုက်ချင်သည်။

ညို့ချော မျက်လုံးလေးတွေမှေးစင်းပြီး အရီးသောင်းရဲ့ပခုံး





ပေါ် ခေါင်းလေးမှေးတင်ထားလိုက်သည်။ ဘာပဲဖြစ်ဖြစ် မူးတာတော့ မူးနေတာပဲ ဖြစ်သည်။

ကိုယ့်ပုံစံက ရှက်စရာကောင်းနေပြီလား။ မတတ်နိုင်ပါ။ ညို့ချောတို့လို တောသူမမျိုးကို ဘယ်သူမှ အာရုံထားမှာ မဟုတ်တော့လည်း ကိုယ်သက်သာသလို နေရုံပေါ့။

BURMESE CLASSIC .com

ကားက ငြိမ့်ခနဲ ရပ်သွားသည်။

"လမ်းသုံးဆယ်မှတ်တိုင် ဆင်းမယ့်ခရီးသည်တွေ ဆင်းလို့ရပါပြီ၊ သွက်သွက်လေးဆင်း၊ အောက်ကခရီးသည်တွေ ဆင်းပြီးမှ တက်ကြပါ"

စပယ်ယာ၏စကားသံကြောင့် ညို့ချော မျက်လုံးလေးတွေ ဖွင့်ကြည့်လိုက်မိသည်။ ကားပေါ်ကို ခရီးသည်တချို့ တက်လာသည်။ ထိုခရီးသည်တွေထဲမှ ထူးထူးခြားခြား ညို့ချောအာရုံတွေကို ဖမ်းစားနိုင်စွမ်းသော ယောက်ျားတစ်ယောက်ကို မြင်တွေ့လိုက်ရပါသည်။

ဝတ်ထားသော ရှပ်အင်္ကျီဖြူဖြူက ရှင်းသန့်နေသလို နုဖပ်နေသော မျက်နှာကလည်း ချောမောလိုက်တာ။ ဒါပေမဲ့ သူ့မျက်နှာကို ညို့ချော ကြာကြာကြည့်ခွင့်မရလိုက်ပါ။ ညို့ချောရှေ့တည့်တည့်က လွတ်နေသောခုံမှာ ဝင်ထိုင်လိုက်တာမို့ ကျောခိုင်းလျက်သား ဖြစ်သွား၏။

ညို့ချောကသာ သတိထားမိတာဖြစ်သည်။ သူကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ ဂရုမထားဟန်နှင့် လက်ထဲမှာ ကိုင်ထားသော ဟန်းဖုန်းကိုပဲ ပြောနေသည်။

"လာနေပါပြီကွ၊ အခု လိုင်းကားပေါ်ရောက်နေပြီ"

"----"

"ငါ့ကားလား၊ ဝပ်ရှော့ကိုပို့ဖို့ အခုပဲ လမ်းမှာထားခဲ့ရတယ်၊ နောက်ဆယ်မိနစ်လောက်ဆို ရောက်ပြီ၊ စိတ်ချ"

ရီဝေမှုးနောက်နေသည့်ကြားမှ ကိုလူချောစကားသံတွေကို ညိုချော နားထောင်နေမိသည်။ ရုပ်ကချောသလို သူ့စကားသံက လည်း ကြည်လင်ချိုသာသည်။

တောသူဆိုပေမယ့်လည်း ရန်ကုန်သူတွေလိုပဲ ညိုချောလည်း ခံစားတတ်ပါသေး၏။ ဖုန်းပိတ်ကာ စကားသံတွေ တိတ်သွားတော့ တအိအိ မောင်းထွက်နေသော ကားကြီးကိုပဲ ညိုချော အာရုံပြန်ရောက် သွားခဲ့သည်။

လူက ပြန်ငြိမ်မှုးနောက်လာပြန်တာမို့ မျက်ဝန်းလေးတွေ ပြန်မှေးစင်းထားလိုက်မိ၏။

ကားကြီးက အိပဲ့ အိပဲ့ ယိမ်းထိုးမောင်းနှင်နေလေလေ ညိုချောက ပိုပြီး ပြင်းထန်လာလေလေပါပဲ။ ချုပ်ထိန်းထားသည့် ရင်ထဲကဝေဒနာတွေ လည်ချောင်းဝဆီကို လှိုက်ခနဲ ခုန်တက်လာ သလား ထင်မိ၏။





ဘယ်လိုမှ ထိန်းမရတော့သော ဝေဒနာဆိုးကြီးကြောင့် ညိုချော ယောင်ယမ်းပြီး ထရပ်လိုက်မိသည်နှင့် တစ်ပြိုင်နက် –

"ဝေါ့"

"ဟာ"

"ဟင်"

"ဟောတော့"

ကားထဲကလူတွေအားလုံး တအံ့တသြ ရှေ့တွင်ရှိ ညိုချောဆီ အကြည့်တွေ စုပြုံရောက်လာသည်။ ညိုချောမျက်လုံးတွေလည်း ပြာဝေဝိုင်းစက်သွားခဲ့သည်။

အရိုးသောင်းမျက်နှာက ဆီးရွက်လောက်သာရှိတော့သည်။

"ဟောတော်၊ ကိုယ်ကျိုးတွေ နည်းပါပြီ"

ရှေ့ကကိုလူချောခမျာ ပခုံးပေါ်အန်ကျလာသော အန်ဖတ်တွေကြောင့် အလန့်တကြား လှည့်ကြည့်ပြီး ထိုင်ရာမှ ဝုန်းခနဲ ထရပ် သည်။

"ဟာ ကွာ တောက်"

ရှင်းသန့်ချောမွေ့သော မျက်နှာပေါ်မှာ ရွံရှာစက်ဆုပ်ခြင်းနှင့် ဒေါသတွေကို မှုးရိပ်ရိပ်ဝေဒနာကြားမှ ညိုချောသတိထားမိသည်။ ညိုချောရင်ထဲကလည်း အကြိမ်ကြိမ် တောင်းပန်နေမိသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ညစ်ပတ်လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ညိုချောကို စူးစူးရဲရဲကြည့်ပြီး ပြောလိုက်သံက မာထန်နေသည်။ ညိုချော ဘာမှ ပြန်မပြောနိုင်ဘဲ ဖြစ်နေသလို အရီးတောင်းလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာ သေချာ၏။

"သူငယ်ရယ် တောင်းပန်ပါတယ်၊ အရီးတို့မလေး အရမ်းမူးနေလို့ မအောင့်နိုင်ဘဲ အန်လိုက်မိတာပါကွယ်"

အရီးသောင်း၏ ပျာပျာသလဲတောင်းပန်သံက ကားစက်သံတွေနှင့် လုံးထွေးသွားခဲ့သည်။ စပယ်ယာလေးက နှာခေါင်းကိုပိတ်ပြီး အနားကိုရောက်လာသည်။

ညိုချောကိုယ်တိုင်လည်း ကိုယ်တိုင်အန်ထုတ်မိတဲ့ ချဉ်စူးစူးအနံ့ဆိုးကြီးကြောင့် ရင်ထဲမှာ အော်ဂလီဆန်နေမိသေးသည်။ အန်ဖတ်တွေပေကျံနေသော ကိုလူချောဆိုလျှင် ပြောဖွယ်ရာရှိမည်မဟုတ်တော့။

ဒေါသတွေ အလိမ့်လိုက်တက်နေသော အကြည့်စူးစူးတွေကို ညိုချော တောင်းပန်မျက်ဝန်းလေးတွေနှင့်ပဲ ငေးမောကြည့်နေမိ၏။

"နင် စုတ်ပဲ့လှချည်လား၊ ဒီမှာ ငါ့ကိုယ်ပေါ်မှာ နင့်အန်ဖတ်တွေ ပေကုန်ပြီ၊ ဘယ်လိုလုပ်မလဲ ဟာကွာ၊ တောက်"

ဒေါသတကြီးပြောရင်း ဆိုဖာထိုင်ခုံကျောမှီကို ဘုန်းခနဲ ကိုလူချော ရိုက်လိုက်သေးသည်။

ဆိုဖာကျောမှီမှာ တင်နေသော အန်ဖတ်တွေကို ရိုက်မိတာမို့ သူ့လက်တွေပေကျံရုံမကဘဲ သူ့ခန္ဓာကိုယ်ကိုပါ ထပ်စင်ကုန်ပြန်သည်။





"တောင်း တောင်းပန်ပါတယ် အင် ကိုလေးရယ်၊ ဟို ညို ညိုချော မအောင့်နိုင်လို့ အန်လိုက်မိတာပါ၊ ညိုချော လုပ်ပေးပါ့မယ်"

ကြောက်လည်းကြောက်၊ ရှက်လည်းရှက်၊ အားလည်းနာနာနှင့် ခံစားနေရသော ဝေဒနာတွေကိုတောင် ညိုချောမေ့သွားခဲ့သည်။

တုန်ယင်နေသော လက်အစုံက ထိုင်ခုံအောက်မှာ ချထားသော ခြင်းကြီးထဲက အညာတဘက်လေးကို လှမ်းယူကာ သူ့ကို သုတ်ပေးဖို့ လက်ရွယ်မိသည်။

"ဖယ်ပါ၊ နင့်လက်ကြီးနဲ့ ငါ့ကိုမထိစမ်းနဲ့"

ညိုချောလက်ကို ဖတ်ခနဲ ပုတ်ခါထုတ်လိုက်တာမို့ တဘက်လေးက အရီးသောင်းပေါင်ပေါ် ပြုတ်ကျသွားခဲ့သည်။

ကိုလူချောရဲ့ တုံ့ပြန်လိုက်တဲ့အပြုအမူက ညိုချောမျက်နှာကို ဖြတ်ရိုက်လိုက်သလို ထူပူကျိန်းစပ်သွားတာ အမှန်ပဲဖြစ်သည်။

"ရော့ ညီမလေး၊ ဒီသတင်းစာနဲ့ ခုံပေါ်မှာပေကျံနေတာတွေကို သုတ်လိုက်"

စပယ်ယာကမ်းပေးနေသော သတင်းစာတွေကို အရီးသောင်း က လှမ်းယူသည်။ ပြီးတော့ ထိုင်ခုံကျောမှီက အံဖက်တွေကို ကသော ကမျောသုတ်သည်။

အရီးသောင်းမျက်နှာမှာလည်း အားနာစိတ်တွေကြောင့် နီရဲထွအမ်းနေ၏။ ကားပေါ်ကလူတွေကလည်း ညိုချောတို့ရဲ့ ဖြုတ်စ



www.burmeseclassic.com

www.burmeseclassic.com



ဈေးတောင်း ပုံစံတွေကိုကြည့်ပြီး ရွံ့သလိုလို၊ အထင်သေးသလို၊ သနားသလို ဝိုင်းကြည့်နေကြသည်။

ကိုလူချောကတော့ ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ပြီး လက်တွေသုတ်နေရင်း –

"မှတ်တိုင်ပါတယ်"

ကားထိုးရပ်တာနဲ့ အံကြိတ်မျိုသိပ်ထားတဲ့ ဒေါသအကြည့်တွေ ညိုချောဆီ ပို့လွှတ်ပြီး ကိုလူချော ဆောင့်ဆောင့်အောင့်အောင့် ဆင်းသွားတော့သည်။

ညိုချော မျက်ရည်လေးဝဲလို့ ဒီနေရာကနေ အခိုးအငွေ့ဖြစ်ကာ ပျောက်ကွယ်သွားချင်မိတဲ့အထိပါပဲ။

ရွာမှာဆို ကွမ်းတောင်ကိုင် ညိုချောဖြူ။ အခုတော့ ရန်ကုန်မြို့ကြီးက အကျည်းတန်လွန်းစွာ ကြုံဆိုလိုက်ပုံက ဆိုးရွားလွန်းပါသည်။

ကိုယ် တစ်ခါမှ မရောက်ဖူးတဲ့ ရန်ကုန်မြို့ကြီးက ညိုချောဖြူအတွက် ဘယ်လိုပြဿနာတွေနဲ့ ထပ်ပြီး ချုံခိုတိုက်ခိုက်ဦးမှာလဲ။

တွေးကြည့်ရုံနဲ့ ညိုချောရင်ထဲမှာ မောလျတုန်လှုပ်နေမိတာ အမှန်လေ။

✿





မိုးဖျား အခန်းဝမှာ ရပ်လိုက်ရုံပဲ ရှိသေးသည်။ ဂစ်နှင့်ဇင်ဖြိုး နှာခေါင်းတွေ တရှုံ့ရှုံ့ဖြစ်ကုန်သည်။

"ဂစ် ငါ့နှာခေါင်းထဲမှာ ချဉ်စူးစူး နံ့နေသလိုပဲ"

"အေးကွ၊ ငါလည်း ရတယ်၊ ဘယ်ကလဲ မသိဘူး၊ တော်တော်ဆိုးတဲ့ အနံ့ကွာ"

ဂစ်ကပြောရင်း စားပွဲအောက်ကို ခန္ဓာကိုယ်ကိုင်းပြီး ရှာဖွေကြည့်နေသေးသည်။ မိုးဖျား ခြေလှမ်းတွေအခန်းဝမှာပဲရပ်ပြီး ကိုယ့်အဖြစ်ကို ဒေါသလေးထွက်ချင်နေမိပြန်သည်။

အတော့်ကို ဆိုးသည့်အဖြစ်။ ဒီအနံ့အသက်တွေကို တစ်လမ်းလုံး အသက်အောင့်ပြီး ခံယူခဲ့ရတာ ပြန်တွေးရင်း ကောင်မလေး မျက်နှာကို ပြေးမြင်မိသည်။

"ဟေ့ကောင် ဝင်လေကွာ၊ ဘာလုပ်နေတာလဲ"

သူရပ်နေတာကို မြင်တွေ့သွားသည့် ဇင်ဖြိုးအသံကြားမှ ဒေါသတွေ ကျိတ်မျိုချပစ်ရင်း –

"ငါ ဝင်လာလို့ မရဘူးကွ"

"ဘာဖြစ်လို့လဲ ဖုတ်ဝင်လာလို့လား"

အခန်းဝမှာ တောင့်တောင့်ကြီးရပ်နေသော သူ့ကို ခေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ပြီး ခပ်နောက်နောက် ပြောသည်။

"အဲဒီ ဖုက်ဝင်တာကမှ အာသွားလေးတစ်ချက်ပေးလိုက်ရင် ထွက်သွားဦးမယ်၊ ခုဟာက ငါ့ကိုယ်မှာ အင်မတန်စုတ်ပဲ့တဲ့ အံဖတ်တွေ တွယ်ကပ်နေလို့ကွ"

"ဟင် ဒါ့ဆို ဒီအနံ့ဆိုးကြီးက မင်းကိုယ်ပေါ်ကလား"

ဖင်ဖြိုးပြောရင်း သူ့ဆီထလာကာ ရှေ့မှာရပ်သည်။

"ဘယ်မှာလဲ၊ အနံ့တော့ အတော်ဆိုးတယ်"

"ဒီမှာလေကွာ"

သူ့ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ကာ ကျောပြင်မှာပေကျံနေသဲ အံဖတ်တွေကို ပြလိုက်သည်။

"ဟာ ရွံစရာကြီးကွာ"

"ဟား ဟား မိုးဖျားရဲ့နောက်စေ့မှာ ပါးစပ်တစ်ပေါက် အပို ပါမှန်း အခုမှပဲ သိတော့တယ်၊ အနံ့တာပဲကွ အရှေ့ပါးစပ်ပေါက်က အနံ့ချလည်း ဖြစ်ပါတယ်၊ ကိုယ့်ကျောပေါ် ကိုယ်အနံ့ချရတယ်လို့"

ဂစ် အတည်ပေါက်နှင့် နောက်ရင်း တဟားဟား အော်ရယ်သည်။ ဖင်ဖြိုးက သူ့ရှေ့က နောက်တစ်လှမ်းဆုတ်ရင်း –

"အစာမကြေတာတွေ စားထားတာထင်တယ်၊ ဟော့ကောင် လစ် လစ်၊ သန့်ရှင်းရေးလုပ်ပြီးမှ ငါတို့ဝိုင်းထဲကိုဝင်"

အားလုံးက သူ့ခန္ဓာကိုယ်ပေါ်က အနံ့ဆိုးတွေကြောင့် နှာ





ခေါင်းတွေ ပိတ်ကာ နှင်ထုတ်နေကြသည်။

"အေး ငါ အခု ရေချိုးခန်းဝင်မလို့ကွ၊ ဂစ် ငါ့ကို အဝတ်ပို တစ်စုံလောက် အမြန်ပေးစမ်းပါ၊ လူက ဒီအနံ့ကြီးကြောင့် ဘုန်းခနဲ တောင် လဲသေလိုက်ချင်ပြီ"

ဤအခန်းထဲက အဝတ်အစား သွားယူနေတုန်းမှာပဲ သူ ရေချိုးခန်းဘက် ထွက်ခဲ့သည်။ ဟိုနှစ်ကောင်တော့ တဒင်္ဂလေးနဲ့ အော်ဂလီဆန်နေတာ။ သူက တစ်လမ်းလုံး နံစော်နေခဲ့တာလေ။

ရေချိုးခန်းထဲရောက်တော့ အင်္ကျီကို ဆွဲချွတ်ပစ်ပြီး ရေပန်း အောက် ဝင်ရပ်နေလိုက်သည်။ စိတ်ထဲမှာလည်း တနွံနွံတွေးရင်း ကားပေါ်က ကောင်မလေးကို ဒေါသတွေ မပြေနိုင်သေးပါ။

"တော်တော်အဆင့်မရှိတဲ့ တောသူမ၊ အနံ့စရာရှားလို့ ငါ့ ကျောပေါ်မှ အနံ့ချရတယ်လို့"

တစ်ယောက်တည်းရေရွတ်ရင်း ရှန်ပူဘူးကို လှမ်းယူလိုက် သည်။ ခေါင်းက ခြေဖျားအဆုံး မသတီဖြစ်နေတာမို့ ခေါင်းပါလျှော်ပစ် လိုက်သည်။

"ဒေါက် ဒေါက်"

"ဂစ်လား"

"အေး ဒီမှာ အပြင်ဘက်က စားပွဲလေးပေါ်မှာ ငါအဝတ် အစားတွေ တင်ထားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ကျေးဇူးကွာ"

ဂစ်ကို လှမ်းပြောရင်း ခန္ဓာကိုယ်ကို shower cream တွေ အထပ်ထပ် ပွတ်တိုက်သည်။ စိတ်ကျေနပ်အောင် ချိုးပြီးမှ ရေချိုးခန်းထဲမှာအသင့်ရှိသော မွေးပွတဘက်ကြီးကို ကိုယ်မှာပတ်ပြီး ထွက်ခဲ့သည်။

ဂစ် ပို့ပေးထားသည့် အဝတ်အစားတွေယူပြီး ဂစ်ရဲ့အခန်းထဲ သူ ဝင်ခဲ့သည်။ မှန်တင်ခုံပေါ်မှာ အသင့်တွေ့သော lotion ဘူးကို ကောက်ကိုင်ကာ တစ်ကိုယ်လုံးကို သူ အားမနာတမ်း လိမ်းပစ်လိုက်သည်။

အခုမှပဲ ကိုယ့်ကိုယ်ကိုယ် သူ စိတ်ကျေနပ်သွားသည်။ ပြီးတော့မှပဲ ဂစ်ရဲ့အဝတ်အစားတွေကိုသူ ဝတ်ဆင်လိုက်သည်။ စိတ်ထဲမှာ လုံးဝ မသတိတော့သည့် ရေချိုးခန်းထဲက သူ့အဝတ်အစားတွေကိုတော့ အမှိုက်ပုံးထဲပဲ စွန့်ပစ်ခိုင်းတော့မည်။

ဂစ်တို့ဆီ ပြန်ရောက်တော့ အားလုံးက သူ့ကို ပြုံးဖြီးဖြီးနှင့် ကြည့်နေသည်။ ဂစ်က သူ့တစ်ကိုယ်လုံး မြို့ကြည့်ရင်း မျက်နှာကြီး မဲ့ကျသွားသည်။

"မွှန်ထူနေတာပဲကွာ၊ ဥစ္စာစောင့်မ ဝင်လာသလား မှတ်တယ်၊ ငါ့ရေမွှေးတွေ၊ lotion တွေရော ကျန်သေးရဲ့လားကွာ"

"မင်းကလည်း မိန်းမကျနေတာပဲ၊ တွန့်တိုနေလိုက်တာ၊





ကြီးကျယ်မနေနဲ့၊ မင်းဟာကုန်ရင် ငါပြန်ဝယ်ပေးမယ်"

မိုးဖျားက ရေစိုဆံပင်တွေကို လက်ချောင်းတွေနှင့် ခါထုတ်ရင်း ဝင်ထိုင်သည်။ ဖင်ဖြိုး ကြိုးညှိနေသောဂစ်တာကို ပြန်ချရင်း သူ့ကို မေးဆတ်ကြည့်သည်။

"မင်း စောစောက အန်ဖတ်တွေက ဘယ်လိုဖြစ်တာလဲ၊ ကလေးမဟုတ်၊ သူငယ်မဟုတ်ကွာ၊ အစာမကြေဖြစ်တတ်ရင်လည်း ဆေးလေးဘာလေး ဆောင်ထားပေါ့"

"အဲဒါ ငါ အန်တာမဟုတ်ဘူးကွ၊ လိုင်းကားပေါ်မှာ တောသူမတစ်ယောက် အန်ချသွားတာ၊ ဖြစ်ဖြစ်ချင်းတုန်းက ငါ ဒေါသတွေမှ ထွက်လိုက်တာ၊ ပြောတောင်မပြောချင်ဘူး"

"ဒါဆိုလည်း မပြောနဲ့ပေါ့ကွာ"

ဖင်ဖြိုး နောက်ပြောင်နေပေမယ့် သူ့စကားကို စိတ်ဝင်တစားနားထောင်နေတာမို့ –

"မပြောလို့မရဘူး၊ ငါ တော်တော်ဒေါသထွက်ခဲ့ရတဲ့ကိစ္စကွ၊ ပြောကိုပြောရမယ်"

"ကဲ ပြောပါကွာ၊ ငါတို့ နားထောင်နေပါတယ်"

"အေး၊ မင်းတို့ဆီလာရင်း ငါ ကားပျက်လို့ ဝပ်ရှော့က ကိုဆန်းမင်းဆီ ဖုန်းဆက်ခေါ်ပြီး အဲကွန်းဘတ်စ်စီးလာတာ၊ တောကဘက်လာပုံနဲ့ ဂနိုင်သားအမိနှစ်ယောက် ရှေ့ကခုံမှာ ငါထိုင်မိတာကိုး



www.burmeseclassic.com

www.burmeseclassic.com



မဟာအမှားလေ၊ အဲဒီတော့ သူမက ဝေါ်ခနဲအန်လိုက်တော့ ငါ့ကျော ပေါ် ဒါရိုက်ပဲ၊ ငါလည်း ဒေါသထွက်လွန်းလို့ ကောင်းကောင်း ကော ပေးလိုက်တယ်''

''မင်းကလည်းကွာ၊ ဟိုက တမင်လုပ်တာမှ မဟုတ်ဘဲ''

ဖင်ဖြိုးက ကြားထဲက ဝင်ပြီး စာနာစကားဆိုနေသေးသည်။

''အားနာစရာမလိုဘူး ဟေ့ကောင်၊ ဒီထက်မကတောင် ပြော ချင်တာ၊ အပျိုအရွယ်လေးမို့ စိတ်လျှော့လိုက်တာ''

ဂစ် ပြုံးနားထောင်နေရင်း သူ့ကို လှမ်းကြည့်သည်။ ပြီးတော့ ဖင်ဖြိုးကို မျက်စပစ်ပြရင်း –

''ဒါ ဇာတ်လမ်းပဲ၊ မင်းအတွက် ဖူးစာရှင်နဲ့ ဆုံတွေ့တာ ဖြစ်မှာပေါ့''

ဂစ်ပြောလိုက်သောစကားကြောင့် သူ မျက်နှာရှုံ့မဲ့သွာ သည်။ စားပွဲပေါ်က သီချင်းစာအုပ်နှင့် ပစ်ပေါက်တော့ ဂစ်က လက် ကာတားသည်။

''အဲဒီလို တောသူမရဲ့ဖူးစာရှင်တော့ မင်းပဲလုပ်၊ ငါကတော ဆောရီးပဲ၊ ရုပ်တွေ့ရင်တောင် အန်ဖတ်တွေမြင်ပြီး အော်ဂလီဆ လွန်းလို့''

''နေပါဦး မိုးဖျာ၊ ကောင်မလေးက မချောဘူးလား၊ တချ တောသူမတွေက မြို့သူတွေထက်တောင် မိုက်သေးတယ်နော်၊ တခြ





မကြည့်နဲ့၊ တို့ကောင်ကြီး လတ်လတ် ကောင်မလေးကိုပဲကြည့်၊ လူက တောကလာတယ်သာဆိုတယ်၊ လန်းနေတာများ လန်တောင်ထွက် တယ်၊ ဟား ဟား''

ဂစ်က သူ့စကားသူ သဘောကျစွာ ရယ်နေသေးသည်။ ကွန်ပျူတာရှေ့မှာ ငိုမ်းတော့နေသော လတ်လတ် မျက်မှောင်ကြီးကုတ် ကြည့်ရင်း –

''လန်းတာတော့ ဟုတ်ပါတယ်၊ လန်တာကို မင်း ဘယ်လို လုပ်သိသလဲ''

''အဟဲ မင်းရည်းစားဆိုရင်တော့ မလန်တဲ့သူမရှိဘူး၊ အကုန် လန်သွားတာချည်းပဲ''

ဂစ်စကားကြောင့် လတ်လတ်က ဂစ်ကို အသံတိတ် ဆဲလိုက် သည်။

''ကဲပါကွာ၊ တော်ကြစမ်းပါတော့၊ အရေးမပါတာတွေ လျှောက်ပြောနေတယ်၊ ညကျရင် ကလပ်သွားဖို့ ဘယ်လိုလုပ်မှာလဲ၊ သွားမှာလား''

ဖင်ဖြိုးက ကြားဖြတ်ပြီး ဆရာကြီးလေသံနှင့် ကလပ်သွားဖို့ ကိစ္စကို ဆော်ဩလာသည်။

''သွားမှာပေါ့၊ ငါ ဒီည အိမ်ပြန်မအိပ်ဘူး၊ မင်းတို့နဲ့ အလုပ် ကိစ္စရှိလို့ အိမ်ပြန်မအိပ်ဘူးလို့ မေမေ့ကို ရှီးခဲ့တယ်''



www.burmeseclassic.com

www.burmeseclassic.com



မိုးဖျားစကားကြောင့် အားလုံး ကျေနပ်သွားကြသည်။ သူတို့ အဖွဲ့ထဲမှာ မိုးဖျားစကားက အတည်ဖြစ်သွားတာ များသည်။

မိုးဖျားထက်ဘုံ ဆိုသော သူက အားလုံးထဲမှာ ရုပ်အချော ဆုံး၊ အတည်ဆုံး၊ မာနအကြီးဆုံး၊ စိတ်အဆတ်ဆုံးဆိုသော ဘွဲ့ထူး တွေ တသီကြီး ပိုင်ဆိုင်ထားသည်။

အရာရာ ပြည့်စုံသာလွန်ပေမယ့် မိုးဖျားက ရည်းစားသနာ ကိစ္စမှာတော့ ကင်းပါသည်။ အားလုံးထဲမှာ လတ်လတ်ဆိုသည့်ကောင် က အရှုပ်ဆုံးဖြစ်သည်။ ရည်းစားတွေ အများကြီးထားသည်။ တစ်လ လောက် တွဲပြီးလျှင်တော့ ရိုးသွားကာ ခေါက်ပစ်လိုက်တာက များ သည်။

ဂစ်ကျတော့ ဆရာဝန်လောင်းပီပီ သူငယ်ချင်းတွေနဲ့တွေ့ရင် သာ ပေါးလားပါးလား ပျော်ပျော်နေတတ်ပြီး ကျောင်းရောက်ရင်တော့ အတည်နေသူတစ်ယောက်ပါပဲ။ ဖင်ဖြိုးက ဂစ်တာနဲ့ သီချင်းတွေမှာပဲ မွေ့လျော်သူဖြစ်ပြီး မိန်းမတွေကို စိတ်မဝင်စားပါ။

မိုးဖျားဆိုသောသူက မချစ်တတ်လို့တော့ မဟုတ်ပါ။ ချစ် တတ်သောစိတ်က ရင်ထဲမှာရှိနေသည် ထင်၏။

ပျိုပျိုမေဆိုသော သူငယ်ချင်းမလေးကိုတော့ သူ ကြွေနေ တာ အမှန်။

ပျိုမေနဲ့ဆုံရင် မိုးဖျား စိတ်ချမ်းသာသည်။





သူမရဲ့အပြုံးအရယ်တွေက မိုးဖျားရဲ့ အာရုံစေတသိက် တွေကို လှုပ်ခါနိုင်စွမ်းရှိသည်ဟု ထင်မိသည်။

ဒါပေမဲ့ –

ခုချိန်ထိတော့ သူငယ်ချင်းတွေပါပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အရိုးနောက်က ခပ်ကုပ်ကုပ်လိုက်လာသော ညိုချော ခြေလှမ်းတွေ စိုးရိမ်စိတ်၊ သိမ်ငယ်စိတ်တွေနဲ့ ခပ်ရှုံ့ရှုံ့ ဖြစ်နေခဲ့သည်။

စောစောက ကားပေါ်မှာ မူးဝေအော့အန်ခဲ့ရသော ဝေဒနာတွေက ရင်ထဲကို လတ်တလော နိုဝင်လာသော အပူငွေ့တွေကြောင့် ဘယ်ဆီကို ရောက်ကုန်ပြီမှန်းတောင် မသိတော့ပါ။

အရိုးသောင်း ခြေလှမ်းတွေက အုတ်တံတိုင်းကြီးတွေ ကာရံထားသော ခြံဝန်းကြီးရှေ့ရောက်တော့ ရပ်လို့သွားသည်။ လက်ထဲက ဆွဲခြင်းကြီးကို ချကာ အုတ်တိုင်က ခြံနံပါတ်နဲ့ လက်ထဲရှိ စာရွက်ထဲက နံပါတ် တိုက်ကြည့်သည်။

"ဟုတ်တယ်၊ ဒီခြံပါပဲ"





တစ်ယောက်တည်းပြောသလို၊ ညိုချောကိုပြောသလို ရေရွတ်ပြီး ခြံတံခါးအနားကို အရိုးတိုးကပ်သွားသည်။ ညိုချော အနားကို ကပ်လိုက်သွားရင်း ခြံဝန်းထဲကိုလှမ်းကြည့်တော့ နှစ်ထပ်တိုက်ကြီးက အကြီးကြီးပါပဲလား။

ဒီလိုအိမ်ကြီးမှာနေတဲ့ သူဌေးတွေက ညိုချောကို လက်ခံပါ့မလား။

အမေက ဘာစိတ်ကူးတွေနဲ့ ညိုချော လုံးဝမသိမမြင်ဖူးတဲ့ သူစိမ်းတွေလက်ထဲ ထည့်ပေးခဲ့တာလဲဆိုတာ ညိုချော တကယ့်ကို စဉ်းစားမရတာ အမှန်ပင်။

"အိမ်ကြီးရှင်တို့ ရှိကြသလား၊ ဝေး အိမ်ကြီးရှင်တို့"

အရိုးသောင်းက သံတံခါးကြီးရှေ့က ရပ်ပြီး အော်ခေါ်သည်။ အိမ်ကြီးနှင့် ခြံတံခါးဝက အတော်ကြီးကိုလှမ်းတာမို့ အရိုးအသံကို ကြားပါ့မလားဟု ညိုချော တွေးနေတုန်း အဒေါ်ကြီးတစ်ယောက် ပန်းချုံတွေဘက်က ထွက်လာသည်။

"ဘာကိစ္စရှိပါသလဲရှင်"

အသံက မာထန်နေတာမျိုး မဟုတ်ပါဘဲ ကြည်လင်ချိုသာသည်။ ပုံစံကြည့်ရတာ သူဌေးမကြီးဖြစ်ဟန်တူသည်။ ခန့်ထည်လှပသောမျက်နှာနှင့် တစ်ကိုယ်လုံး အရောင်တွေ ဖြာထွက်နေသလား ထင်ရအောင် ဝတ်စားထားပုံက အထက်တန်းကျပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်က ဒေါ်ကြင်ကြင်လင်းတို့ အိမ်လားကွဲ့"

"ဟုတ်ပါတယ်၊ ဘာကိစ္စများပါလဲ"

"ဪ၊ ကျုပ်တို့က ပေါင်းတလည်မြို့လေးက လာကြတာပါ၊ မမြလေးစေခိုင်းထားခဲ့တဲ့ကိစ္စကြောင့် ဆိုပါတော့"

မမြလေးဟူသော အမေ့နာမည်ကြားတော့ ဒေါ်ကြင်ကြင်လင်းမျက်နှာက အံ့ဩရိပ်တို့ဖြင့် ဝင်းလက်သွားသည်ထင်၏။

"အို သိတာပေါ့ရှင်၊ မြလေးလွှတ်လိုက်တာလား။ ဝင်ပါ ဝင်ပါရှင်"

ခြံတံခါးကို ကသောကမျော ဖွင့်ပေးသည်။ ထိုအချိန်မှာပဲ ခြံထဲက ကသောကမျော ထွက်လာသော လူကြီးက –

"ဧည့်သည်လား မမလေး။ ကျွန်တော် ခြံရှင်းနေလို့ ဘဲလ်သံမကြားဘူး ဖြစ်သွားတယ်"

တောင်းပန်သလိုဆိုနေသော လူကြီးက ခြံစောင့်ကြီးဖြစ်ဟန်တူ၏။ ဒေါ်ကြင်ကြင်လင်းက ခေါင်းခါပြရင်း –

"ရတယ်ဦးစိုး၊ သူတို့က ဘဲလ်မှမတီးတာ၊ ကျွန်မသူငယ်ချင်းလွှတ်လိုက်တဲ့ ဧည့်သည်တွေလေ"

အမေနှင့်ငယ်သူငယ်ချင်းဆိုသည့် ဒေါ်ကြင်ကြင်လင်း ခေါ်ဆောင်ရာနောက်ကို အရီးနှင့်ညို့ချောတို့နှစ်ဦး အသာပဲလိုက်ခဲ့မိသည်။ ညို့ချော မျက်ဝန်းလေးတွေက ခြံကြီးရဲ့ ဘယ်ညာမြင်ကွင်းတွေကို





တအံ့တဩ ငေးမောလို့ ကြည့်နေမိ၏။

ကျယ်လိုက်တဲ့ ခြံကြီး။ မြက်ခင်းလွင်ပြင်ကြီးက စိမ်းမြနေသည်။ ရေစက်မှုန်တွေ ဖြာထွက်နေသော ရေပန်းကြီးကလည်း လှလိုက်တာ။ ပန်းပင်တွေကလည်း အရောင်စုံ အသွေးစုံနဲ့ပါပဲ။

"လာ လာအိမ်ထဲဝင်ထိုင်ကြပါဦး"

သံပန်းတံခါးကြီးကို ဆွဲဖွင့်ပြီး ဒေါ်ကြင်ကြင်လင်းဖိတ်ခေါ်တော့ နီညိုရောင်ကောဇောကြီးပေါ်ကို နှစ်ဦးသား မရဲတရဲ နင်းဝင်လိုက်မိကြ၏။

"အောင်မယ်လေး၊ အေးပါ့တော် စိမ့်နေတာပဲ၊ ကြမ်းခင်းကြီးကလည်း ကျုပ်တို့ရွာက ရွှံ့ဗွက်ထဲ နင်းရသလို အိခနဲပါပဲလား"

အဲယားကွန်းရဲ့အအေးနှင့် မွေးပွကော်ဇောကြီးရဲ့ အထိအတွေ့ကြောင့် အရီးသောင်းဆိုတော့ ဒေါ်ကြည်ကြည်လင်း သဘောကျသလို ပြုံးလိုက်ကာ ညို့ချောမြင်သည်။

"ထိုင် ထိုင်ကြပါဦး"

အနီရောင် ဆိုဖာထိုင်ခုံကြီးပေါ်ကို အရီးသောင်း ဝင်ထိုင်တော့ အိခနဲ ခန္ဓာကိုယ်က နစ်မြုပ်ဝင်သွားတာမို့ ထိတ်ခနဲ ဖြစ်သွားသေးသည်။

"အောင်မယ်လေးတော်၊ အိချက်က ကမ်းကုန်ပါပဲလား တော့်"



www.burmeseclassic.com

www.burmeseclassic.com



ညိုချော အရိုးဘေးနားမှာ ဝင်ထိုင်ရင်း အရိုးလက်ကိုလည်း မလွှတ်စတမ်း ဆုပ်ကိုင်ထားမိသည်။

လွယ်အိတ်အနီကျားလေးကို ပေါင်ပေါ်တင်ထားပြီး နံဘေးက အဒေါ်ကြီးလက်ကို ဆုပ်ကိုင်ထားသော ညိုညက်ညက်မိန်းကလေးကို ဒေါ်ကြင်ကြင်လင်း ပြုံးကြည့်နေမိသည်။

နှစ်ယောက်စလုံးရဲ့ ပုံစံတွေက တောဆန်ပြီး တကယ့်ကို ရိုးသားပွင့်လင်းမှုန်း တဒင်္ဂလေးမှာပဲ သူမ အကဲခတ်မိပြီး ဖြစ်နေသည်။ အခုချိန်ထိ သူမဆီ အာရုံမရောက်ဘဲ ဧည့်ခန်းကြီးထဲက မြင်ကွင်းတွေကို ခေါင်းချာချာလည် တအံ့တဩကြည့်နေသော အဒေါ်ကြီးကို သူမကပဲ စကားစမေးရသည်။

"ဒါနဲ့ မြလေးက ဘာများမှာလိုက်သလဲ အဒေါ်"

"ခြော် အင်း၊ မှာပါရောလား တူမကြီးရယ်၊ မြလေးက ဟောဒီ သူ့သမီးညိုချောဖြူလေးကို တူမကြီးအိမ်အရောက် ပို့ပေးဖို့ တဖွဖွ မှာခဲ့ရှာတာ၊ အခုတော့ သွားလေသူရဲ့ဆန္ဒသဘောအတိုင်း သူ့သမီးကို တူမကြီးဆီ အရိုးကိုယ်တိုင် လာပို့ရတာပေါ့ကွယ်"

အရိုးသောင်းစကားကြောင့် ဒေါ်ကြင်ကြင်လင်းမျက်နှာပေါ်က အပြုံးတွေ အံ့ဩထိတ်လန့်ခြင်းတွေအဖြစ် အလောတကြီး ခုန်ကူးသွားခဲ့၏။

"ရှင်၊ သွားလေသူ ဟုတ်လားအဒေါ်၊ မြ မြလေး ဘာဖြစ်လို့





လဲရှင်၊ ရင်ထိတ်လိုက်တာ"

"မြလေး လွန်ခဲ့တဲ့တစ်လလောက်ကပဲ ဆုံးရှာပြီ တူမကြီးရယ်"

"ရှင် ဘုရားရေ"

ဒေါ်ကြင်ကြင်လင်း ရင်ဘတ်ကို လက်ဖြင့်ဖိကာ ဘုရားတသည်။ အရိုးသောင်းကတော့ ဝဲတက်လာသော မျက်ရည်တွေကို အင်္ကျီလက်မောင်းစနှင့် ပွတ်သုတ်နေ၏။ ညိုချောလည်း အမေ့ကို သတိရကာ မျက်ရည်တွေ ဝဲလာရပြန်သည်။

"ဖြစ်မှဖြစ်ရလေတယ်ရှင်၊ ကျွန် ကျွန်မ ယုံတောင်မယုံချင်ဘူး"

"မယုံမရှိပါနဲ့ တူမကြီးရယ်၊ ဒီမှာ သူ မသေခင်ကတည်းက စာတစ်စောင်ရေးပေးထားခဲ့တယ်၊ ပြီးတော့ သူ့သမီးညိုချောဖြူနဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံလည်း စာကြားထဲမှာ ထည့်ပေးခဲ့တယ်ကွဲ့"

ပြောရင်း အရိုးသောင်းက ပခုံးမှာလွယ်ထားသော ဖျင်လွယ်အိတ်ကြီးထဲမှ စာအိတ်ကို ထုတ်ပေးလိုက်၏။ ဒေါ်ကြင်ကြင်လင်း တုန်ယင်နေသော လက်တွေနှင့် လှမ်းယူပြီး စာအိတ်ကိုဖောက်ကာ ဖတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့

လင်းလင်းရေ

ငါ နှင့်ကို အကူအညီတစ်ခု တောင်းဆိုပါရစေဟယ်။ ငါ တောင်းမယ့်အကူအညီက နှင့်အတွက် မခက်ခဲဘူး ထင်ပါတယ်။ ငါ့သမီးလေးအတွက် ငါမရှိရင် စိတ်အချရဆုံးလူက နှင်ပဲရှိပါတယ်။ ဒါကြောင့် ငါ့သမီးလေး ညိုချောဖြူကို နှင်စောင့်ရှောက်ပေးပါလို့ အပ်ခဲ့ပါရစေ။ ဒါမှ ငါသွားမယ့်ခရီးကို ဖြောင့်ဖြောင့်သွားနိုင်မှာပါ လင်းလင်းရယ်။

သမီးလေးဘဝကို ရပ်တည်နိုင်တဲ့ အချိန်အထိ နှင် စောင့်ရှောက်ကူညီပေးပါ သူငယ်ချင်းရယ်။

နှင့်ရဲ့
ခင်မြလေး

စာဖတ်ပြီးတော့ ဒေါ်ကြင်ကြင်လင်း ပါးနှစ်ဖက်ပေါ်မှာ မျက်ရည်တွေ စီးကျနေခဲ့ပြီ။

မြလေးဆိုတာ သူမအတွက်တော့ ညီအစ်မရင်းချာလို့ ခင်မင်ရခဲ့တဲ့ သူငယ်ချင်းပါပဲ။ ကိုယ့်အိမ်က အိမ်ဖော်တစ်ယောက်ရဲ့ သမီး ဆိုပေမယ့် သက်တူရွယ်တူမြလေးကို သူမ ခင်မင်ချစ်ခင်ခဲ့ရသည်။ ပြီးတော့ –





မြလေးအပေါ်မှာ ဆပ်လို့မကုန်နိုင်သော ကျေးဇူးတရားတစ်ခု ရှိနေတာကို သူမ ဘယ်တော့မှ မမေ့နိုင်ခဲ့။ အခုတော့ မြလေးကိုယ်တိုင် တောင်းဆိုလာသည့် အကူအညီမို့ ဝမ်းမြောက်ကျေနပ်စွာ လက်ခံဖို့ အသင့်ဖြစ်နေ၏။

ကြေကွဲဝမ်းနည်းမိတာက သူမ မသိလိုက်ဘဲ မြလေးရဲ့ နောက်ဆုံးခရီးကို ကြားသိလိုက်ရတာပဲဖြစ်သည်။

မျက်ရည်စတွေကို ပုတ်ခတ်သိမ်းဆည်းကာ ညိုချောဖြူကို သူမ မော့ကြည့်လိုက်မိသည်။

မျက်ဝန်းလေးတွေက ညိုဖန့်ဖန့်လေးနှင့် တောက်ပကြည်လင်နေသည်။ နှာတံလေးက ဖြောင့်စင်းကာ၊ ပါးလေးနှစ်ဖက်က အိညက်နေအောင် ညိုချောချောပါသည်။ စိုလဲ့နီမြန်းသော နှုတ်ခမ်းလေးတွေက မြလေးနဲ့ တူလွန်းသည်။

အသားအရေ ညိုညက်ညက်လေးက သူမ ဝတ်ထားသော ဖျော့ကြမ်းအကျီအသားရောင်လက်စကလေးနှင့် အောက်မှာ အညာပွင့် ရိုက် မာ့စရိုက်ထဘီအညိုလေး ဝတ်ဆင်ထားတာကြောင့် လှကြီးဆန်လွန်းနေသည်။

နုနုဖပ်ဖပ် မျက်နှာအသွင်လေးနှင့် တောဆန်ပြီး ပုံတုံးကြီးဖြစ်နေတာကပဲ တစ်မျိုးလေး ချစ်စရာကောင်းနေ၏။

ရန်ကုန်မှ အခုခေတ် ကောင်မလေးတွေလိုသာ ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ခြယ်သပေးလိုက်လျှင် ညိုချောဖြူသည် မိန်းမလှကလေး ဖြစ်လာမှာ မလွဲဟု ထင်သည်။

ခန္ဓာကိုယ် ဒးချိုးအစားကလည်း ပြောစရာမရှိအောင် ပြေပြစ် လှပလွန်းနေတာကြောင့် မျက်လုံးလေးဝေ့ကြည့်တာနဲ့တင် သိသာ ထင်ရှားစေသော အလှမျိုးပါပဲ။

"သမီးအသက်က ဘယ်လောက်ရှိပြီလဲကွယ်"

မျက်ရည်စတွေကို စားပွဲပေါ်က တစ်သျှူးလေးတစ်စ ဆွဲယူ ကာ သုတ်ရင်း ဒေါ်ကြင်ကြင်လင်း မေးသည်။

"နှစ်ဆယ့်တစ်နှစ်ပါ အကြီး"

"ကျောင်းနေသေးလား သမီး"

"ဆယ်တန်းတော့ အောင်ပြီးပါပြီရှင်"

"သူက ဆယ်တန်းအောင်ပြီးသား တော်ရဲ့၊ မိဘများ မမာ မကျန်းဖြစ်တော့ သူ့ခမျာ တက္ကသိုလ်ဆိုလား, ကောလိပ်ဆိုလား မ ပြောတတ်ပါဘူး၊ အဲ အဲဒီကျောင်းကို ဆက်မတက်နိုင်ရှာဘူး။ ပညာ လေးက တော်ပါရဲ့နဲ့ အခြေအနေက မပေးရှာဘူးပေါ့"

အရီးက ညိုချောဖြူအကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ပြောနေ ၏။

"ရွာမှာ လုပ်အားပေးဆရာမတောင် ဝင်လုပ်လိုက်သေးတယ်၊ သူ့အမေဆန္ဒကြောင့် ရန်ကုန်တက်လာရတာ၊ ဆရာမအလုပ်က တစ်





ရွာလုံး ထွက်စေချင်တာ မဟုတ်ဘူး တူမကြီးရဲ့"

"သြော်၊ ညိုချောဖြူလေးက တော်သားပဲကွယ်"

"ဟုတ်၊ ကျေးဇူးတင်ပါတယ် အကြီး"

အကြီးဟု အားပါးတရခေါ်လိုက်သော ညိုချောဖြူလေးကို ကြည့်ကာ ဒေါ်ကြင်ကြင်လင်း သမီးရင်းချာလို ချစ်ခင်သနားသွားမိ သည်။ ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံလေးကအစ မြလေးအတိုင်းပါပဲလား။

"ကျွန်မ ညိုချောဖြူအတွက် တာဝန်ယူပါတယ်၊ သူလေးရဲ့ အနာဂတ်လှပအောင် ကျွန်မ အပြည့်အဝ စောင့်ရှောက်တာဝန်ယူမှာပါ အဒေါ်၊ မြလေးသမီးလေးကလည်း ကျွန်မရဲ့သမီးလေးပါပဲ"

ရင်ထဲမှ နှစ်နှစ်ကာကာစိတ်ဖြင့် ကတိပေးစကားဆိုလိုက် မိခြင်းပါ။ အရီးသောင်းကလည်း ကျေနပ်ပီတိဝေသောမျက်နှာနှင့် ရှိနေ၏။

"ဒီသတင်းကြားရတာ မင်္ဂလာရှိလိုက်တာ တူမကြီးရယ်၊ သွားလေသူ မြလေးရဲ့ဆန္ဒလေး ပြည့်ဝသွားပြီဆိုတော့ အရီး ဝမ်းသာ တယ်တော်"

ညိုချောကတော့ အရီးနှင့် ဒေါ်ကြင်ကြင်လင်းကို တစ်လှည့်စီ ကြည့်ရင်း ရင်ထဲမှာ ဝမ်းသာဝမ်းနည်းကြီး ဖြစ်နေသည်။ အမေရဲ့ ဆန္ဒအတိုင်း ရန်ကုန်မြို့ကြီးကိုရောက်ခဲ့ပေမယ့်လည်း အညာက ရွာ လေးကို လွမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာမှာ ညိုချောအတွက် နှောင်တွယ်စရာ ဆွေမျိုးရင်းချာဆိုလို့ မရှိပေမယ့်လည်း ရွာကိုပဲ သတိရနေသည်။ ရန်ကုန်မြို့ကြီးကိုတော့ စိတ်က အလိုလို ငွေ့ကြောက်နေသည်။

ကားပေါ်မှာတုန်းက ကြုံခဲ့ရသောအဖြစ်နဲ့တင် ညိုချော သိမ်ငယ်ဝမ်းနည်းခဲ့ရတာလေ။ ကိုလူချောရဲ့ ဒေါသမျက်ဝန်းတွေကို ပြန်မြင်လာ၏။

"ညိုချော အရီး တာဝန်ကြေပြီနော်၊ သမီးလေး လိမ်လိမ်မာမာနေကွယ်"

ဆွေမတော် မျိုးမစပ်ပေမယ့် အရီးသောင်းက သံယောဇဉ်ကြီးမားစွာ မျက်ရည်ဝဲဆိုသည်။ ညိုချောလည်း မျက်ရည်ဝဲလျက်က ဒေါ်ကြွင်ကြွင်လင်းကို ငေးကြည့်မိ၏။

အမေထည့်ပေးလိုက်သော ညိုချောနှင့်အမေတို့ဓာတ်ပုံလေးကို ကြည့်နေသော ဒေါ်ကြွင်ကြွင်လင်းလည်း မျက်ရည်လေးတွေဝဲနေသည်။

အမေ့ကို သံယောဇဉ်ကြီးသလို သူ့မအပေါ်မှာလည်း ဒေါ်ကြွင်ကြွင်လင်း စာနာချစ်ခင်ပါစေဟု ရင်ထဲက ဆုတောင်းနေမိတာ အခါခါ။

✿ ✿ ✿



အခန်း (၃)

ကားကို လမ်းထဲချိုးကွေ့အဝင်မှာပဲ လမ်းအလယ်က တက်လျှောက်နေသော မိန်းကလေးတစ်ယောက်ကြောင့် စက်ရှိန်လျှော့ကာ ဟွန်းသံပေးလိုက်ရသည်။

ကောင်မလေးက ကားဟွန်းသံကို သူမနှင့်မသက်ဆိုင်သလို အလေးမစိုက်ဘဲ ခေါင်းငုံ့လျှောက်နေပုံ တစ်စုံတစ်ခုကို ရှာဖွေနေသလို ပုံစံပေါက်နေ၏။

လက်တစ်ဖက်မှာလည်း ဆွဲခြင်းကြီးကို ကိုးရိုးကားရား ကိုင်ထားပုံက ရယ်ချင်စရာကောင်းနေပေမယ့် သူကတော့ အတော်စိတ်တိုသွားသည်။ ဒီလောက်ဟွန်းသံကို မကြားဘူးဆိုတော့ နားများလေးနေသလား။



www.burmeseclassic.com

www.burmeseclassic.com



"ပွမ် ပွမ်"

ဟွန်းကို ထပ်တီးသည်။ ဒါတောင် လှည့်မကြည့်တော့ စိတ်က တိုသထက်တိုလာမိကာ သူ ပြတင်းတံခါးက ခေါင်းထွက်အော်ဟစ်လိုက်၏။

"ဟေ့ ဘာလို့ လမ်းလယ်ကောင်က တက်လျှောက်နေတာလဲ"

ဒေါသနှင့်အော်လိုက်တာမို့ သူ့အသံက ဟိန်းထွက်သွားသည်။ သည့်တော့မှပဲ ကောင်မလေး အူတူတူလှည့်ကြည့်သည်။ သူ့မအနောက်မှာ ကပ်ပြီးရောက်နေသော ကားကြီးကိုမြင်သွားတော့ မျက်လုံးတွေဝိုင်း လန့်ဖျပ်သွားကာ လမ်းဘေးပလက်ဖောင်းပေါ် အပြေးတက်ပြေးသည်။

ခြင်းတောင်းကြီးတစ်ဖက်ကဆွဲကာ ပလက်ဖောင်းပေါ် တက်ပြေးပုံက အူတူတူနိုင်လှတာမို့ မိုးဖျား ရယ်ချင်သွားမိ၏။

"အို ကန်တော့ နော်၊ ကန်တော့ပါရှင်၊ ညီချော အတွေးတွေလွန်သွားလို့ပါရှင်"

မျက်နှာငယ်လေးနှင့် ဆွဲခြင်းကိုချကာ လက်ကလေးနှစ်ဖက်ပူးယှက်ပြီး ရှိခိုးသလိုတောင်းပန်နေသော ကောင်မလေးကို အခုမှပဲ သူ အသေအချာ မော့ကြည့်မိသည်။

"ဟင် နင် နင် အနှိဖတ်မ"





အံ့ဩစိတ်ဖြင့် သူ မညာမတာဘဲ ရေရွတ်လိုက်မိသလို ကောင်မလေးလည်း မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ကာ ကားထဲက သူ့ကိုကြည့်ရင်း –

"အို အစ်ကို"

နှစ်ယောက်သား တအံ့တဩအကြည့်တွေနှင့် ငေးကြည့်နေကြပြီးမှ မိုးဖျားမျက်နှာ တင်းခနဲ မဲ့သွားခဲ့ရင်း –

"နင် ငါ့ရှေ့မှာ ထပ်ပေါ်လာပြန်ပြီလား"

"ဟို ညီချောက ဒီလမ်းထဲကအိမ်မှာ နေတာပါ အစ်ကို"

"ဘာ နင်က ဒီလိုနေရာမျိုးနေတာ၊ ဟုတ်လား။ ဒီမှာ ငါ့ကို ပုံလာမပြောနဲ့"

"အို တကယ်ပြောတာပါ အစ်ကို၊ ရှေ့နားက အိမ်မှာပါရှင်"

"ဒါဆို နင်က အိမ်ဖော်ကောင်မလေးလား"

"ရှင်"

"အေးလေ၊ နင့်ပုံစံနဲ့ အိမ်ဖော်ပဲ ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် နောက်တစ်ခါ နင် ငါ့ရှေ့မှာ ပေါ်မလာနဲ့တော့၊ နင့်ကိုမြင်ရင် အော်ဂလီဆန်လွန်းလို့"

သူ့စကားတွေက ကောင်မလေးအပေါ်မှာ အထက်စီးဆန်လွန်းနေရင်လည်း မတတ်နိုင်ပါ။ ကားပေါ်က ဒေါသတွေက ပြန်ရှန်းကြွလာတာမို့ မညှာတာနိုင်ဘဲ ပြောမိသည်။ ကောင်မလေး ခေါင်းငုံး



www.burmeseclassic.com

www.burmeseclassic.com



ယောင်ယမ်းညိတ်ရင်း –

"ဟုတ်ကဲ့ပါ အစ်ကို"

တကယ့်ကို အူကြောင်ကျားကောင်မလေးပါလား။ သူ ကားကို ဆောင့်ခနဲ မောင်းထွက်ခဲ့မိသည်။

ညိုချောမှာသာ သူမရှေ့က ဆောင့်ခနဲ မောင်းထွက်သွားသော ဖိမ်ခံကားကြီးကို ရပ်ကြည့်ရင်း သက်ပြင်းဖျော့ဖျော့လေးချမိသည်။ မထင်မှတ်ဘဲ ပြန်တွေ့ရတာကို အံ့ဩနေမိသလို မပြေသေးသောဒေါသတွေကိုလည်း ကြောက်မိပါသည်။

အင်း ကိုယ်ကလည်း ကိုယ်ပါပဲ၊ သူ့ကျောပေါ်ကိုမှ သွားပြီး အန်ချပစ်လိုက်မိတာကိုး။ အဲဒီနေ့က လူပုံအလယ်မှာ လက်သီးနဲ့ ဆွဲမထိုးလိုက်တာကိုပဲ ကျေးဇူးတင်ရမှာ ဖြစ်သည်။

ဆီပုံးထည့်ထားသော ဆွဲခြင်းကို ကောက်ဆွဲပြီး သူမ ဆက်လျှောက်ခဲ့သည်။ အိမ်အပြန်လမ်းတစ်လျှောက်လုံး ညိုချောမျက်ဝန်းထဲမှာ ကိုလူချောပုံရိပ်က အရိပ်ထင်ပါလာခဲ့သည်။ သူ့အသံတွေက ဒေါသသင့်နေပေမယ့်လည်း ဩရှရှလေးနှင့် နားထောင်လို့ ကောင်းနေသည်။

ဘာကြောင့်မှန်းမသိ။ ညိုချောရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ်လေး ဖြစ်သွားသည်။ သူ့ဒေါသစကားတွေကို ကြောက်ရွံ့နေပေမယ့် ကိုလူချောပုံရိပ်ကိုတော့ မှတ်မှတ်ထင်ထင် တွေးမြင်ကြည့်မိ၏။





မျက်ခုံးစိမ်းစိမ်းလေးတွေက ထူပိန်းနေတာမဟုတ်ဘဲ တန်းနေ၏။ နှုတ်ခမ်းတွေက စိုလဲ့ပြီး ပိရိသေသပ်သည်။ နှာတံကလည်း ပေါ်လွင်ပြီး စင်းနေတာမို့ ကြည့်ကောင်းလွန်း၏။ စိမ်းဖန့်ဖန့် ပါးမြိုင်းမွေးရာတို့ ထင်နေသော မေးရိုးတစ်လျှောက်ကလည်း ယောက်ျားပီသမှုကို ပေါ်လွင်စေတာပါပဲ။

အသားအရေက ဝင်းမွတ်ဖြူစင်ပြီး ချောမောလိုက်တဲ့ ယောက်ျား။ ဒီလိုပုံစံမျိုး ညိုချောတို့ရွာမှာ မူးလို့တောင် ရှူစရာရှိမှာ မဟုတ်တာ အသေအချာ။

ညိုချောကသာ စိတ်ထဲက အထင်ကြီး သဘောတွေကျနေတာ။ ကိုလူချောကတော့ ညိုချောကို ထပ်မြင်တာနဲ့ တင်းမာခက်ထန်သွားလိုက်တာ။ နောက်ထပ် ပေါ်မလာနဲ့တော့တဲ့။

ညိုချောရင်ထဲ မကောင်းတာ အမှန်လေ။

✿

"အလုပ်ကိစ္စက ဘာတွေဒီလောက်အရေးကြီးနေလို့ ဒီအချိန် ပြန်လာရတာလဲသား"

အိမ်ထဲဝင်ဝင်ချင်း မေမေက မေးသည်။ သူ ကားသော့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ယမ်းခါကစားပြီး မေမေ့နံဘေးကဆိုဖာမှာ ဝင်ထိုင်လိုက်၏။

"အရေးကြီးတယ် မေမေရဲ့ ကိုးရီးယားက မိုဘိုင်းပစ္စည်းအသစ်တွေ ဝင်မှာမို့ လတ်လတ်ရဲ့ဦးလေးနဲ့ သွားတွေ့နေရသေးတယ်၊ အဲဒီအန်ကယ်မောင်က ကိုးရီးယားဟန်းဆက်ကုမ္ပဏီတွေနဲ့ အဆက်အသွယ်ရှိတယ်လေ"

သူ အချက်ကျကျ ပီရိစွာပြောလိုက်တော့ မေမေ့မျက်နှာပေါ်က အပြစ်တင်ချင်စိတ်တွေ ချက်ချင်းပျောက်ကွယ်သွားသည်။ စီးပွားရေးလုပ်ငန်းမှာ သူအာရုံစူးနစ်စွာ လုပ်ကိုင်နေတာလည်း မေမေသိသည်။

တစ်ခါတစ်ရံတော့လည်း သူငယ်ချင်းတွေနှင့် စိတ်ပြေလက်ပျောက် ကလပ်တော့ သွားဖြစ်သည်။ လွတ်လပ်စွာ သူငယ်ချင်းတွေ အနားယူတာကလွဲလို့ မူးရစ်တာ၊ ရှုပ်ထွေးတာမျိုး မရှိပါ။

မေမေသိရင် စိုးရိမ်မှာစိုး၍သာ မုသာဝါဒကံကို သူ ကျူးလွန်လိုက်တာပဲ ဖြစ်၏။

"ဒါနဲ့ သား မနေ့က ဝတ်သွားတဲ့ အင်္ကျီတွေရော၊ သား ဝတ်လာတာ ဘယ်သူ့ရဲ့အင်္ကျီလဲ"

တစ်ညအိပ်ပြန်မအိပ်သော သူ့ကို မေမေက စေ့စေ့စပ်စပ် အကဲခတ်ကြည့်ပြီး မေးနေသည်။ သူ ဆိုဖာထိုင်ခုံမှာ ကျောမှီထိုင်





လိုက်ရင်း -

"ဒါ ဂစ်အင်္ကျီလေ မေမေ၊ အဲဒီအင်္ကျီအကြောင်းပြောပြရင် စိတ်ပျက်ဖို့ အရမ်းကောင်းတယ် မေမေရာ"

သူ့စကားကြောင့် မေမေ မျက်မှောင်တွေကြုတ်သွားကာ စိတ်ပူသွားသလို မေးပြန်၏။

"ဘာတွေ ဖြစ်လို့လဲသား၊ မေမေ ရင်ထိတ်လိုက်တာ"

"ရင်ထိတ်စရာကိစ္စ မဟုတ်ပါဘူး မေမေရာ၊ ရွံစရာကောင်းတာ"

မနေ့မနက်က အဖြစ်ကို သူ မေမေ့ကို ပြန်ပြောပြမိပြန်သည်။ မေမေက သူ့စကားတွေကို ခေါင်းတညိတ်ညိတ်နားထောင်နေရင်း နွေးနွေးကလေး ပြုံးသည်။

"သားအဖြစ်က ထူးခြားလိုက်တာ၊ ဒါမျိုးက တစ်ရာမှာ တစ်ယောက် ဖြစ်ခဲပါတယ်ကွယ်"

"တော်ပါ မေမေရာ၊ အခုချိန်ထိ တွေးမြင်ပြီး အော်ဂလီဆန်လွန်းလို့"

နှာခေါင်းရှုံ့ပြီး မဲ့ကာရွဲ့ကာပြောနေသော သားဖြစ်သူကို ကြည့်ကာ ဒေါ်ကြင်ကြင်လင်း ရယ်ချင်မိသည်။ ဒီကလေးက ငယ်ငယ်ကတည်းက အသန့်အပြန့်ကြိုက်တာ သူမအသိဆုံး။ ဒီလိုလူကိုမှ ကံကြမ္မာက ကျီစယ်လိုက်တော့ သား အတော့်ကို စိတ်ရှုပ်သွားခဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။

"အခုလည်း အဲဒီတောသူမနဲ့ လမ်းမှာ ထပ်တွေ့ခဲ့သေးတာ မေမေရဲ့ တကယ့်ကို အူကြောင်ကျားရုပ်၊ သားရဲ့ကားရှေ့မှာ ပိတ်ပြီး ကိုးရိုးကားရားလုပ်နေလို့ ကောခဲ့သေးတယ်"

မေမေက သူ့စကားကို စိတ်ဝင်တစား နားထောင်နေရင်း ဖျတ်ခနဲ မျက်ဝန်းတွေ အိမ်ရှေ့တံခါးဆီ ရောက်သွားတာမို့ သူလည်း လှည့်ကြည့်မိသည်။

"ဟင်"

ရုတ်တရက် မြင်လိုက်ရသော အရိပ်ကြောင့် သူ ထိုင်ခုံက အလန့်တကြား ထရပ်လိုက်မိတဲ့အထိပါပဲ။

"ဟင် မင်း မင်း"

မိုးဖျား တအံ့တသြရေရွတ်ရင်း လက်ညှိုးတထိုးထိုး ဖြစ်နေတာကို ဒေါ်ကြင်ကြင်လင်း မမြင်တွေ့ဘဲ ညှော်ခန်းဝမှာရပ်နေသော ညိုချောဖြူဆီ လျှောက်သွားရင်း –

"လာလေ သမီး၊ အဟင်း ငါ့သမီးက ဆိုင်ကို မှတ်မိသားပဲ၊ မေမေက သမီးမျက်စိလည်ပြီး လမ်းမှားနေပြီလား စိုးရိမ်နေတာကွဲ့"

ညိုချော မေမေလင်းနှင့်အတူအိမ်ထဲလိုက်ဝင်လာရင်း မိုးဖျားကို မကြည့်ရဲအောင် ဖြစ်နေသည်။ ရင်ထဲမှာ အံ့သြမှုတွေရော





ကြောက်ရွံ့မှုတွေပါ အုံဖွဲ့စိုးထိတ်နေသည်။

"ညို ညိုချော အိမ်ကို မမှတ်မိမှာစိုးလို့ လမ်းထဲက မြို့တွေကိုလည်း စိတ်ထဲက မှတ်သွားတယ်၊ ပြီးတော့ တစ်သျှူးစက္ကူစလေးတွေပါ လမ်းပေါ် လုံးဖွဲ့ပြီး ပစ်ချမှတ်ထားခဲ့တာပါ မေမေလင်း"

"ဖြစ်မှဖြစ်ရလေ သမီးရယ်၊ အဟင်း ဟင်း သမီးက ဉာဏ်တော့ပြေးသားပဲကွဲ့"

ညိုချောရဲ့စကားလေးတွေကို မေမေလင်းက သဘောကျစွာ ရယ်မောရင်း ချီးကျူးစကားဆိုနေသည်၊ သူကတော့ အခုချိန်အထိ ညိုချောကို အံ့သြမှင်တက်စွာ ပါးစပ်အဟောင်းသား ငေးကြည့်နေမိဆဲ။

"မေ မေမေ သူ သူက ဒီအိမ်ကို ဘယ်လိုရောက်နေတာလဲ၊ သား သူ့ကို ထပ်မတွေ့ချင်တော့ဘူး မေမေ"

"ဟင် ဘာဖြစ်လို့လဲ သား"

မေမေက နားမလည်သလိုမေးသည်၊ ပြီးတော့ ခေါင်းလေးငုံ့ရုပ်နေသော ညိုချောကိုတစ်လှည့်၊ မျက်မှောင်ကြီးကုတ်ရပ်နေသော သားကိုတစ်လှည့် ကြည့်ရင်း –

"သားနဲ့ ဘယ်မှာဆုံကြသေးလို့လဲကွဲ့၊ ညိုချောလေးက မနေ့ကမှ မေမေတို့အိမ်ကို ရောက်လာတာ သားရဲ့"

မိုးဖျား စိတ်ပျက်စွာ ခေါင်းကိုခါယမ်းမိသည်။ တကယ့် ပြဿနာပါလား။ သူ့ အိမ်မှာ တစ်ညလေး မအိပ်တာနဲ့ အိမ်ဖော်အသစ်



www.burmeseclassic.com

www.burmeseclassic.com



က ရောက်နေပြီ။ ပြီးတော့ သူ ဘယ်လိုမှ အလိုမရှိသော တောသူမ အကြောင်းကျား။

"မေမေ သူ့ကို အလုပ်ထုတ်လိုက်ဗျာ၊ တခြားအိမ်ဖော်ကိုပဲ ငှားပါ"

သူ့စကားကြောင့် မေမေ မျက်စိမျက်နှာပျက်နှင့် ကသော ကမျော ငြင်းသည်။

"ဟဲ့ သား ဒီလိုမပြောရဘူးလေ၊ အို ခက်တော့တာပဲ၊ ညိုချောက မေမေတို့အိမ်က အိမ်ဖော်မဟုတ်ဘူး သားရဲ့"

သူ နားမလည်နိုင်စွာ ဖြစ်သွား၏။ မေမေက ညိုချောဆိုသော ကောင်မလေးပခုံးလေးကို ဆုပ်ကိုင်ရင်း အားနာအပြုံးလေးနှင့် ကြည့်ကာ –

"ဒါ မေမေ့အချစ်ဆုံးသူငယ်ချင်းရဲ့သမီး ညိုချောဖြူတဲ့"

မေမေ့စကားကြောင့် ကောင်မလေး သူ့ကို မဝံ့မရဲ မော့ကြည့်သည်။ မျက်ဝန်းညိုကြီးတွေက စိုးထိတ်နေဟန်မပြယ်သေးဘဲ နှုတ်ခမ်းရဲရဲလေးတွေက မဝံ့မရဲ ပြုံးသည်။

"ဒါဆို သူက ဒီကို ဘာလာလုပ်တာလဲ မေမေ"

"မေမေတို့နဲ့ အတူလာနေတာလေ သားရဲ့"

မိုးဖျားမျက်နှာပေါ်မှာ ချက်ချင်း ဒေါသရိပ်တွေ ရဲရဲနီလာသည်။ ပြီးတော့ ခေါင်းကို သွက်သွက်ခါရင်း အားမနာတမ်း ယတိ





ပြတ် ငြင်းတော့၏။

"သားက လုံးဝသဘောမတူဘူး မေမေ၊ သူနဲ့တစ်မိုးအောက်မှာ အတူမနေနိုင်ဘူး"

မိုးဖျား မေမေ မျက်စိမျက်နှာပျက်ဖြစ်နေတာကိုလည်း ဂရုမစိုက်နိုင်ဘဲ စွတ်တင်နေသည်။ ကိုယ်က လောလောလတ်လတ်ခံထားရတာလေ။ အခုတောင် နှာခေါင်းဝမှာ အနံ့ဖတ်နံ့တွေ ဝင်လာသလိုလိုနဲ့ လူက ပျို့အန်ချင်လာသလိုလို။

"ဒီမှာသား မေမေလုပ်ထားတဲ့အလုပ်ကို သား ဘာမှ ဝင်စွက်ဖက်ပိုင်ခွင့် မရှိဘူးနော်"

မေမေ့ရဲ့ မာထန်နေသောအသံကြောင့် သူ စိတ်ပျက်သလို ဆိုဖာထိုင်ခုံမှာ ပြန်ထိုင်ချလိုက်မိသည်။

"ပြောစမ်းပါဦးသား၊ ညိုချောဖြူလေးကို အိမ်မှာမထားချင်လောက်အောင် သားမှာ ခိုင်လုံတဲ့အကြောင်းပြချက် ဘာရှိသလဲ"

"ဟာ ရှိတာပေါ့ မေမေရ"

"ဟုတ်ပြီ၊ ပြောပါဦး။ မေမေ နားထောင်ကြည့်မယ်"

"သူ့အကြောင်းကို အခုလေးတင် မေမေ့ကို ပြောပြနေတာလေ၊ သားကိုယ်ပေါ်ကို အန်ချထားတဲ့သူပေါ့"

"ဟင်"

မိုးဖျားစကားကြောင့် ဒေါ်ကြင်ကြင်လင်း မျက်လုံးတွေ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



စက်သွားတဲ့အထိ အံ့ဩသွားသည်။ ညိုချောလည်း မေမေလင်းကို မရဲတရဲလေး မော့ကြည့်မိ၏။ မေမေလင်းမျက်နှာမှာ ဒေါသရိပ်တွေ ကင်းစင်လို့နေသည်။

"ဒါများသားရယ် ဘယ်လောက်ထိ ကြီးမားတဲ့ အပြစ်မို့လဲ၊ တမင်လုပ်တာလည်း မဟုတ်ဘူးလေ၊ သူ့ဝေဒနာကို မအောင့်အီးနိုင်လို့ ဖြစ်တဲ့ကိစ္စပါ၊ ဒါဟာ အပြစ်မဟုတ်ပါဘူး။ သားဘက်က မုန်းရလောက်အောင်လည်း မကြီးကျယ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် သားတော့ သူ့ကို လုံးဝကြည့်လို့မရဘူး။ ဒါပဲ"

ပြောပြီးသည်နှင့် မိုးဖျား အထိန်းအကွပ်မဲ့သော ခြေလှမ်းတွေနှင့် တဒုန်းဒုန်းမြည်အောင် နင်းလျှောက်ပြီး သူ့အခန်းဆီသို့ လျှောက်သွားတော့သည်။ ညိုချော မျက်ရည်ဝဲရပြန်ပါပြီ။

"မေမေလင်းရယ် ညိုချော ရွာကိုပဲ ပြန်ပါရစေတော့နော်၊ ညိုချောကြောင့် မေမေလင်းတို့သားအမိ ပြဿနာမဖြစ်စေချင်လို့ပါနော်"

ညိုချော ရင်ထဲမှာ တကယ်ပဲ စိတ်မကောင်းဖြစ်နေမိသည်။ အသံလေးက တုန်ယင်ရှိုက်ငင်လို့ မျက်ရည်လေးတွေတောင် ဝဲနေမိ၏။ မေမေလင်းက ညိုချောပခုံးလေးကို ညင်သာစွာ ထွေးပွေ့ထားရင်း –





"သမီးရယ် သားက သိပ် အသန့်အပြန့်ကြိုက်လွန်းတော့ ဒီလိုကိစ္စမျိုးကို သူ လက်မခံနိုင်ဖြစ်နေတာပါ၊ ဒေါသသွေးပူနေတုန်းမို့ပါ၊ ပြီးရင် စိတ်ဆိုးပြေသွားမှာပါကွယ်"

ညိုချောပခုံးလေးတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး တောင်းပန်သလို မေမေလင်းပြောနေတော့ ညိုချော အရမ်းအားနာမိပါသည်။

"သမီးစိတ်ထဲမှာ ဘာမှ ထည့်မထားပါနဲ့နော်"

ညိုချော ဒီကိုရောက်တော့ နှစ်ရက်တောင် မပြည့်သေးပေမယ့် မေမေလင်းရဲ့စိတ်ဓာတ်ကို ကောင်းကောင်းသိနေခဲ့ပါသည်။ မေမေလင်းရော အန်ကယ်ကြီးဟုခေါ်သော မေမေလင်းခင်ပွန်းကပါ ညိုချောကို နွေးထွေးစွာ ကြိုဆိုခဲ့ကြ၏။

မေမေလင်းတို့မှာ 'မိုးဖျားထက်ဘုံ' ဆိုသော သား တစ်ယောက်ရှိမှန်း သိထားပေမယ့် သူဟုတော့ လုံးဝ ထင်မထားခဲ့ပါ။ အံ့လည်း အံ့ဩမိပါသည်။

ကံကြမ္မာက တိုက်ဆိုင်လွန်းလိုက်တာ။

"သမီး မေမေလင်းပြောတာ နားထောင်နော်"

"စိတ်ချပါ မေမေလင်းရယ်၊ သမီးစိတ်ထဲမှာ အားလုံးကို အပြစ်မမြင်ဘဲ ချစ်ပါတယ်"

"လိမ္မာလိုက်တာကွယ်၊ သမီးက မေမေလင်းသမီးလေးပါ"

ရင်ထဲက အလေးအနက် မေမေလင်းဆိုတာဟု ညိုချော



www.burmeseclassic.com

www.burmeseclassic.com



ယုံပါသည်။ ညိုချောလည်း မေမေလင်းနှင့် အန်ကယ်ကြီးကို မိဘရင်းတွေလိုပဲ သဘော၊ထားချင်ပါသည်။ မိုးဖျားဆိုသော သူ့ကိုလည်း အစ်ကိုတစ်ယောက်လို ချစ်ခင်ချင်တာပါ။

ဒါပေမဲ့ သူ့ဒေါသတွေက မပြေသေးတာတော့ မတတ်နိုင်သောအခြေအနေ ဖြစ်နေသည်။

ရန်ကုန်မြေကို ခြေချပြီးကတည်းက မမြင်နိုင်သော ကံကြမ္မာဆန်းလေးတွေက ညိုချောကို တစ်ခုပြီးတစ်ခု အံ့သြခြင်းတွေနဲ့ ကြိုဆိုနေခဲ့သည်။

အနောက်သန်လွန်းသော ကံကြမ္မာကြောင့် မိုးဖျားထက်ဘုံဆိုသော သူက အမုန်းတွေမပြေနိုင် ဖြစ်နေပေမယ့်လည်း –

ညိုချော ရှင့်အမုန်းတွေ ပြေတဲ့အထိ တောင်းပန်ချင်ပါတယ်ကိုလူချောရယ်။

✿ ✿ ✿



## အခန်း (၄)

ညက ဒေါသတွေနှင့်မို့ တော်တော်နှင့် အိပ်မပျော်ခဲ့သောသူ မနက်နိုးတော့ နေတောင်အတော်မြင့်လို့နေပြီ။

ပြတင်းတံခါးကိုဖွင့်ကာ အသက်ကို အားပါးတရ ရှူရှိုက်မိသည်။ နေရောင်ခြည်တို့နှင့် လုယက်ဝင်လာသော လေညင်းက အေးမြလန်းဆန်းသွားစေ၏။

သွေးတို့ပူသွားအောင် လက်နှစ်ဖက်ကို ကွေးလျက် ခါးကိုဘယ်ညာယိမ်းပြီး အကြောဆန့်မိသည်။ ပြီးမှ ရေချိုးခန်းထဲဝင်ကာရေချိုးလိုက်သည်။

ရေချိုးခန်းထဲကထွက်တော့ ဝမ်းထဲက တဂွီဂွီနှင့် အသံပေးဆန္ဒပြနေပြီး ညတုန်းက ထမင်းမစားဘဲ အိပ်လိုက်တာမို့ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို မကျေနပ်စိတ်နှင့် ထမင်းစားခန်းကို ညက မသွားခဲ့တဲ့ အခန်းအောင်းနေခဲ့တာ ဖြစ်သည်။

အဝတ်အစားလဲပြီးသည်နှင့် စားသောက်ခန်းထဲကို ခပ်သုတ်သုတ် ဝင်ခဲ့၏။ ကော်ဖီနံ့လေးသင်းကာ ပေါင်မုန့်မီးကင်နံ့လေးက သူ့ကို ပိုလို့တောင် ဆာလောင်လာစေ၏။

"အိပ်ရာထနောက်ကျလိုက်တာ၊ မင်း ညက ဘယ်အချိန်မှ အိပ်လို့လဲ"

သူ့ထက် ဝီရိယစောစွာ စားပွဲမှာ ကော်ဖီထိုင်သောက်နေသော ဖေဖေက ဆီးပြီးမေးသည်။

"ပုံမှန်အချိန်ပါပဲ ဖေဖေ၊ ချက်ချင်း အိပ်မပျော်လို့ပါ"

ဖေဖေ့ကို ရှည်ရှည်ဝေးဝေး ရှင်းပြမနေတော့ဘဲ အဆင်ပြေအောင်ပဲ ဖြေပေးလိုက်သည်။ ဖေဖေ့ကိုတော့ မေမေ့ကို ရစ်သလို ရစ်လို့မရတာ သူသိသည်။ ဖေဖေက သူ့ကို ရင်ထဲမှာသာ ချစ်တာ ဖြစ်သည်။ ဘယ်တော့မှ အပြင်ကို ထုတ်မပြတတ်တာ သူနားလည်ထား၏။

မေမေက ပေါင်မုန့်မီးကင်ကို ထောပတ်သုတ်နေရင်းမှ မော့ကြည့်ရင်း –

"သား နိုးလာပြီလား၊ သားစားဖို့ မေမေ ထမင်းကြော်ထားတယ်၊ ကြက်အူချောင်းနဲ့ ကြက်အသည်းအမြစ်နဲ့ ရှယ်ကြော်ပေးထားတာ"





မေမေ့စကားကြောင့် သူ ကျေနပ်သွားပေမယ့် တည်တည်ပဲ နေလိုက်သည်။ မနေ့ကကိစ္စမှာ သူ ပေါက်ကွဲမကျေနပ်မှန်းသိလို့ မေမေချော့နေတာ သိသည်။ မိုးဖျားအကြိုက် ထမင်းကြော်ထားတာ ဒါကြောင့်လေ။

မိုးဖျား မီးဖိုခန်းထဲကို မျက်လုံးဝေ့ကြည့်လိုက်သည်။ ဟို ချောကလက်မကို မတွေ့ရပါ။

အသားညိုညက်ညက်က ချောကလက်ရောင်လောက် မညို ပေမယ့် တမင် သူ နာမည်ပြောင်ပေးလိုက်မိခြင်းဖြစ်သည်။ သင်းကို ဒီနေ့ကစပြီး ချောကလက်မလို့ပဲ ခေါ်တော့မယ်ဟု စိတ်က တေးထားမိသည်။

"ကဲ သား စားလို့ရပြီ"

မေမေက ထမင်းကြော်ပွဲကို ပြင်ဆင်ပေးပြီး စားပွဲဝိုင်းမှာ အတူဝင်ထိုင်သည်။ ပြီးတော့မှ ရေချိုးခန်းဘက်လှည့်ပြီး ခေါ်သည်။

"သမီး ညိုချောရေ့ လာလေကွယ်၊ မိသားစု အတူစားကြ ရအောင်"

မေမေက ခယယယ ခေါ်နေတာမို့ ညိုချောဆိုသော ချော ကလက်မကို သူ စိတ်ထဲက နည်းနည်းတော့ တင်းခံနဲ့ဖြစ်သွားမိသည်။

သူက ဘာအဆင့်ရှိလို့လဲ၊ သူများအိမ်လာပြီး နိုကပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မေမေက အရေးပေးလွန်းနေပုံက မဟုတ်သေး။

"ထားလိုက်စမ်းပါ မေမေရာ၊ အရေးအရာလုပ်လို့ သူ့ကို သားတို့နဲ့ တစ်ဝိုင်းတည်း ဝင်စားခိုင်းစရာ မလိုပါဘူး"

သူ ခပ်တင်းတင်းပြောလိုက်တော့ ဖေဖေက မော့သောက်လု လု ကော်ဖီခွက်ကို အသာပြန်ချထားရင်း ဖျတ်ခနဲ မော့ကြည့်သည်

"သား မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဒီလိုအဆင့်အတန်း ခွဲခြားတတ်တဲ့ စိတ်ဓာတ်ဆိုးကြီးက သားဆီကို ဘယ်အချိန်တုန်းက ဝင်ရောက်နေတာလဲ"

ဖေဖေ့စကားကြောင့် တစ်ခွန်းမှ မန္တက်ရသေးသော ထမင်း ကြော်ပန်းကန်က အကြည့်ခွာရင်း –

"သား အဆင့်အတန်း မခွဲခြားပါဘူး ဖေဖေ၊ အခုဟာက သားနဲ့သူ စတွေ့ကတည်းက အော့နှလုံးနာစရာကိစ္စကြီးနဲ့ ကြုံဖူးထား တာ၊ အခုချိန်ထိလည်း သားရင်ထဲမှာ မသတိတုန်းဘဲ၊ သား ရှုံ့တင် တာ ဖေဖေသိသားနဲ့"

"အဲဒီကိစ္စက ပြီးသွားပြီသား၊ သားခေါင်းထဲက ထုတ်လိုက် တော့"

ဖေဖေ့ကို ပြန်မပြောရဲတာမို့ သူ နှုတ်ဆိတ်နေလိုက်ရပေမယ့် တစ်ဖက်လှည့်ကာ မျက်နှာတော့ မဲ့ပစ်မိ၏။

စားသောက်ခန်းထဲက အချေအတင်စကားတွေကို ညိုချော





ကြားနေတာမို့ အပြင်တောင်မထွက်ရဲပါ။ တကယ်ဆို ရေချိုးခန်းထဲမှာ ညိုချော အဝတ်လျှော်နေတာ ဖြစ်သည်။

မေမေလင်းက မလျှော်ခိုင်းဘဲ အဝတ်လျှော်စက်နှင့် လျှော် မည်ဟု ပြောပေမယ့် အဲဒီစက်ကြီးကို ညိုချော မကိုင်တတ်ပါ။ ပြီးတော့ လက်နှင့်လျှော်ဖွပ်တာလောက် မပြောင်ဟု စိတ်ကထင်တာမို့ ကိုယ့် ဘာသာပဲ အမြန်လျှော်နေမိတာဖြစ်သည်။

အဓိက,က မိုးဖျားရဲ့ ဂျင်းဘောင်းဘီတွေကို လျှော်ပေးနေ ခြင်း ဖြစ်သည်။

"ညိုချောရေ သမီး"

မေမေလင်း ထပ်ခေါ်နေပြန်တာမို့ ညိုချော မထွက်၍ မရ တော့ပါ။ ရေစိုနေသည့်အတိုင်းပဲ ရေချိုးခန်းထဲက ထွက်ခဲ့လိုက်သည်။

"လာပါပြီ မေမေလင်း"

ညိုချောကိုမြင်တာနဲ့ မိုးဖျားနှုတ်ခမ်းတွေ မဲ့ကျသွားတာမို့ ညိုချော ခြေလှမ်းတွေတောင် တွန့်သွားမိသေးသည်။

"လာ သမီး၊ ထိုင်"

အန်ကယ်ကြီးက အပြုံးမျက်နှာနှင့် ညိုချောကို ကြိုဆိုသည်၊ မေမေလင်းက အနားစတွေ ရေစိုနေသော ညိုချောလုံချည်ကို တစ် ချက်ကြည့်ရင်း –

"သမီးရယ် အဝတ်တွေ မလျှော်ပါနဲ့ဆို၊ သိပ်အပင်ပန်းခံ



www.burmeseclassic.com

www.burmeseclassic.com



တာပဲကွယ်၊ အဝတ်လျှော်စက်နဲ့ဆို ဘယ်လောက်သက်သာသလဲ''

''ရပါတယ် မေမေလင်းရဲ့၊ ညိုချောက လက်နဲ့လျှော်တာ ပိုပြီး ချေးပြောင်တယ်လို့ စိတ်ကထင်လို့ပါ''

''ဟော့ ဘာချေးပြောင်တာလဲ၊ ငါတို့အိမ်မှာ နင်ကလွဲပြီး ချေးတက်အောင်နေတဲ့သူ တစ်ယောက်မှ မရှိဘူး၊ လာပြီး ပနာလာယ မနေနဲ့''

မိုးဖျားနူတ်က ပက်ခနဲဝင်ပြောတော့ အနက်ကယ်ကြီး မျက် မှောင်ကြီးကုတ်ကာ ကြည့်ရင်း ဆူပူတော့သည်။

''သား မင်း ဒီလောက်ထိ ဆိုးမနေတာတောင် ဆိုးနေပ လား၊ ဘာဖြစ်လို့ ရမ်းကားနေတာလဲ၊ မိဘတွေကို နည်းနည်းလေး ရိုသေမှု မရှိတော့ဘူးလား''

ဖေဖေက ချောကလက်မရှေ့မှာ မရှောင်စတမ်း သူ့ကို ဆူ တော့ သူ့မျက်နှာကြီး နီသွားသည်။ သူ့အကြည့်တွေ ညိုချောဖြူထ စိမ်းကားမာတင်းစွာ ရောက်သွားပြီး ထိုင်ရာမှ ဆတ်ခနဲ ထထွက်ခဲ့ေ

''ဟဲ့သား ဘယ်လဲ၊ ဒီမှာ မစားတော့ဘူးလား''

''သွားပါစေ၊ ခေါ်မနေနဲ့၊ ဒီလိုမာန်တက်နေတဲ့ကောင် လွှ ထားလိုက်''

ဖေဖေရဲ့ မကျေမနပ်ပြောလိုက်သံကို ဥပေက္ခာပြုရင်း ညေ ခန်းထဲကို ထွက်လာခဲ့မိသည်။





စိတ်ထဲမှာတော့ ညိုချောဖြူဆိုသော တောသူမကို နည်းနည်း လေးမှ မကျေနပ်နိုင်ပါ။ သင်းကြောင့် ဖေဖေတို့နှင့် ပြဿနာတွေ ဖြစ်ရတာ။ ယောက်ျားလေးသာဆိုရင် ရင်ထဲက မကျေနပ်စိတ်တွေကို လက်သီးအသွင်ပြောင်းပြီး အချက်ပေါင်းများစွာ ထိုးပစ်လိုက်မိမှာ သေချာသည်။

အရေးထဲ ဘောင်းဘီအိတ်ထဲက ဟန်းဖုန်းက ထမြည်လာ တာမို့ သူထုတ်ယူကြည့်တော့ ပျိုမေဆီက ဖြစ်နေ၏။

''ဟဲလို ပျိုမေ၊ ငါလည်း ခုပဲ နင့်ဆီ ဖုန်းဆက်ခေါ်တော့ မလို့၊ ငါတို့စားနေကျဆိုင်မှာ ယိုးဒယားထမင်းကြော် သွားစားရ အောင်''

''------''

''နိုး မစားရသေးဘူး၊ ဒီမှာ စောစောစီးစီး ဒေါသဖြစ်စရာ တွေ ကြုံနေရလို့ ခုပဲ ထမင်းစားခန်းထဲက ထွက်လာတာ၊ နင်သိချင် ရင် ခြံထိပ်မှာ စောင့်နေ၊ ငါ အခုပဲ လာခေါ်မယ်''

''----''

''အေး ဒါပဲ၊ ငါ အခု ထွက်လာခဲ့ပြီ''

ဖုန်းပိတ်လိုက်ပြီး ကားသော့ယူကာ ညေ့ခန်းထဲက ထွက်ခဲ့ သည်။ ဆင်ဝင်အောက်က ကားပေါ်တက်ပြီး မောင်းထွက်ခဲ့ရင်း ညိုချောဖြူပုံရိပ်က အာရုံထဲရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ချောကလက်မကို မုန်းပါသည်ဟုဆိုနေရဲ့နဲ့ သူမအကြောင်းတွေကိုပဲ လူတကာကို လိုက်ပြောမိသလို ဖြစ်နေပြီလား။

အမုန်ဆို ဒီပြဿနာလေးက ဒီလောက်လည်း ကြီးမားတာ မဟုတ်ဘူးဟု သူသိနေသည်။ ဒါကို ဇယားတွေချဲ့နေမိသည့် အဖြစ်။

ဒါပေမဲ့ ဘာဖြစ်မှန်းမသိ။ သူမကို ဒေါသတွေ ထွက်နေမိတာကို သူ တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေမိသည်။ ရင်ထဲက ဒေါသတွေ ပြေသွားချင်တာကြောင့် ထင်သည်။

ပျို့မေကိုတော့ ချောကလက်မအကြောင်းတော့ သူပြောဖြစ်အောင် ပြောရပါဦးမည်။

တကယ့် ပြဿနာမလေး။

✿

ယိုးဒယားထမင်းကြော်ကို အားပါးတရ ငုံ့စားနေသော မိုးဖျားကို ကြည့်ပြီး ပျို့မေ ပြုံးတုံ့တုံ့ ဖြစ်နေသည်။ ထမင်းတစ်နပ်လောက် မစားလိုက်ရတာနဲ့ ထမင်းကြော်ကို နှစ်ပွဲလောက် ဆင့်စားရတယ်လို့ အံ့သြပါရဲ့။

"မိုးလင်းကတည်းက စဉ်းစားမိတာ စားဖို့ပါပဲ၊ စားမှာပဲ





စားမှာပဲ ဗိုက်ပေါက်အောင်စားမယ် ခစ် ခစ်"

ပျို့မေ လှောင်ရယ်သံလေးနှောပြီး သီချင်းလေးဆိုလိုက်တော့ မိုးဖျား မော့ကြည့်ရင်း -

"ဟဲ့ ပျို့မေ နင် ငါ့ကို လှောင်နေတာလား"

မိုးဖျားက ပလုပ်ပလောင်းအသံကြီးနှင့် မကျေမနပ် လှမ်းမေးသည်ကို ပျို့မေ အပြုံးမျက်နှာလေး ပျက်ပွင်းမသွားဘဲ -

"အဟင်း ဟင်း လှောင်တာမဟုတ်ဘူး။ ပြောင်တာ ပြောင်တာ။ နင် ထမင်းတစ်နပ်မစားရတာ တကယ်လား မိုးဖျား"

"ပြဿနာပဲ ညာစရာလား၊ အိမ်မှာ ချောကလက်မကြောင့် ငါ ကြိုဟင်းဝင်နေတာ နင်မှ မသိဘဲ"

မိုးဖျားစကားကြောင့် ပျို့မေ မျက်လုံးကလေးတွေ ဝိုင်းကာ မျက်မှောင်ကြုတ်ပြီး စဉ်းစားသလိုပြုသည်။ ပြီးမှ -

"နေပါဦးဟ၊ ငါတို့ သူငယ်ချင်းတွေထဲမှာ ချောကလက်မဆိုတာ မရှိပါဘူး၊ ဘယ်သူလဲဟ၊ နင့်အမျိုးထဲကလား"

မိုးဖျား ဖန်ခွက်ထဲကရေကို မော့သောက်သည်။ ပြီးမှ စားပွဲပေါ် ဖန်ခွက်ကို မကျေမနပ်လေး ဆောင့်ချသည်။ စားပွဲပေါ်က တစ်သျှုးဘူးထဲက တစ်ရွက်ကို ဆတ်ခနဲ ဆွဲထုတ်ကာ နှုတ်ခမ်းတွေကို သုတ်လိုက်သေး၏။

မိုးဖျားလုပ်နေသမျှ ပျို့မေသည် သည်းခံစောင့်ရင်း နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်နေလိုက်သည်။ မိုးဖျားက ပင့်သက်မောကြီးရှိုက်ရင်း –

“အဲဒီ ချောကလက်မဆိုတာ ငါ့အပေါင်းအသင်းထဲမှာလည်း မရှိဘူး။ ဆွေမျိုးထဲမှာလည်း မဝင်ဘူး။ ငါ့အိမ်ကို ဘယ်လိုနတ်ဆိုးတွေ ပို့လိုက်တဲ့ မကောင်းဆိုးဝါးမ,လဲ မသိပါဘူးဟာ”

မိုးဖျားထက်ဘုံစကားတွေက အရင်းမရှိ အဖျားမရှိမို့ ပျိုမေ နားမလည်နိုင်စွာ ပခုံးလေးကျုံ့ ခေါင်းလေးကို ခါယမ်းလိုက်မိ၏။

“ကျွတ်စ် နင် ဘာတွေပြောမှန်း ငါမသိဘူး။ ချောကလက်မ တွေရော, နတ်ဆိုးတွေရော, မကောင်းဆိုးဝါးတွေရော ဘာလဲ အဲဒါ တွေအားလုံး နင့်ကိုယ်မှာ ဝင်ပူးနေလို့လားဟင် မိုးဖျား”

“မဟုတ်ပါဘူး ငါ့အိမ်မှာပါဆို၊ နင် တော်တော်ပိန်းတာပဲ ပျိုမေ”

“အောင်မယ် သူများကိုများ ပိန်းသလေး,ဘာလေးနဲ့၊ နင့် ဘာသာ ရှင်းအောင်မှ မပြောတတ်ဘဲ မိုးဖျားထက်ဘုံနန်းခေါင်ရဲ့”

ပျိုမေ မျက်စောင်းလေးချိကာ မကျေမနပ် တုံ့ပြန်သည်။ သူ့နာမည်ကိုလည်း လေးလုံးကနေ ခြောက်လုံးဖြစ်အောင် ဖြည့်စွက် ပြီး တမင်ခေါ်လိုက်တာမို့ ဒေါသတွေကြားက သူပြုံးမိသည်။

“ကဲ ငါရှင်းအောင် အစကနေ ပြောပြမယ် နားထောင်”

ဒီတစ်ခါတော့ ပျိုမေနားလည်အောင် မိုးဖျား ရှင်းပြလိုက် သည်။ ကားပေါ်က ပြဿနာနှင့် နောက်ဆုံးအိမ်ရောက်နေကာ သူနှင့်





ပြဿနာဖြစ်သမျှ ပြောပြလိုက်မိသည်။

ပြောနေရင်း မိုးဖျားမျက်နှာက ဒေါသရိပ်တွေ ဖြာနေသေး၏။ သူပြောနေသော အကြောင်းအရာထက် အရောင်စုံနေသော မိုးဖျား မျက်နှာကို ကြည့်ရတာက ပျိုမေအတွက် ပိုလို့စိတ်ဝင်စားစရာ ကောင်း နေသည်။

အမှန်တော့ ပျိုမေ ဒီအကြောင်းတွေကို ဂစ်တို့ဆီက ကြားပြီး သား ဖြစ်သည်။ ဒါပေမဲ့ သူမကိုတွေ့တော့လည်း ရင်ဖွင့်ပြောချင်နေ သည့် မိုးဖျားပုံစံကို ရိပ်မိတာမို့ တမင် နားထောင်ပေးလိုက်ခြင်း ဖြစ်သည်။

ချောကလက်မဆိုသော ကောင်မလေးကို လူမမြင်ဖူးခင်က ပင် ပျိုမေ တွေ့ချင်နေမိသည်။ တွေ့ချင်တာကလည်း အကြောင်းရှိ သည်။

မိုးဖျားထက်ဘုံဆိုသော မိုးဖျားကြောင့်ပါပဲ။ မိုးဖျားရဲ့ရာဇဝင် မှာ မိန်းမတစ်ယောက်ကို မုန်းလို့ပဲဖြစ်ဖြစ်၊ မမုန်းလို့ဘဲဖြစ်ဖြစ် ဘယ် တော့မှ သူ့အချိန်တွေကို ရက်ရက်ရောရောပေးပြီး ရေးကြီးခွင်ကျယ် ပြောလေ့မရှိပါ။

အခုတော့ မိုးဖျားရဲ့အာရုံထဲကို ချောကလက်မဆိုသော ကောင်မလေးက ပုံစံတစ်မျိုးနဲ့ ဝင်ရောက်စိုးမိုးနေတာ သိပ်ကိုထူးဆန်း နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ထမင်းကြော်နှစ်ပန်းကန် ဆင့်စားနေတုန်းက မျက်နှာအမူအရာနှင့် မတူတဲ့ ဒေါသရောင်စဉ်တွေ ချက်ချင်းဖြာလာပုံကိုက အံ့သြစရာကောင်းနေသည်။ မိုးဖျားကိုကြည့်ရတာ ချောကလက်မကြောင့် ဖြစ်နေရသော ဒေါသတွေကိုပင် လိုလိုချင်ချင် လက်ခံနေပုံပေါက်နေသလိုပါပဲ။

"ပျိုမေ နင် ဘာလို့ ငါ့ကို စိုက်ကြည့်နေတာလဲ"

မိုးဖျားက စားပွဲပေါ် တံတောင်ဆစ်တွေထောက်ကာ ယှက်တင်ပိုက်ထားသော ပျိုမေ့လက်ကို ဆတ်ခနဲ လှမ်းပုတ်မေးသည်။

"မဟုတ်ပါဘူး။ နင်ပြောတဲ့ ချောကလက်မကို ငါ စိတ်ဝင်စားသွားလို့ အတွေးတွေ ချော်သွားတာဟ၊ ကိုယ့်ကိုယ်ကိုယ် အထင်သိပ်ကြီးမနေနဲ့၊ အခု အဲဒီချောကလက်မက ပြန်သွားပြီလား"

"ကုတ်နဲ့ကော်ချတောင် ပြန်မှာမဟုတ်ဘူး"

မိုးဖျားက ခေါင်းကဆံပင်တွေထဲ လက်ချောင်းတွေ နှိုက်ထိုးဖွကာ ခပ်ညည်းညည်းလေးပြောသည်။ ပျိုမေ နှုတ်ခမ်းလေးမဲ့ပြုံးရင်း

"နင်ကရော ဘာလို့ သူ့ကို ချောကလက်မလို့ ခေါ်ရတာလဲ၊ ဘာလဲ သူ့ပုံစံက ချောကလက်လို ချိုအီအီပုံစံလေး ပေါက်နေလို့လား"

"ထွီ သွားစမ်းပါ။ သူ့ရဲ့နေလောင်နေတဲ့ အသားအရေတွေက ချောကလက်အရောင်ပေါက်နေလို့ပေါ့၊ ရှင်းပြီလား။ အင်း နေဦး၊ နင့်ကို မှာထားရဦးမယ်၊ နောက်ဆို ငါ့ကို ချောကလက်တွေ မပေးနဲ့





တော့၊ ဒီနေ့ကစပြီး ချောကလက်ဆို လုံးဝမစားတော့ဘူး"

"ဘာဖြစ်လို့လဲဟ သွားပိုးစားနေလို့လား၊ ချွဲကျပ်မှာ စိုးလို့လား၊ အဟိ ခစ် ခစ်"

"ဟာ ပေါက်ကရပြောမပြီ၊ ဒီမှာ သူ့ပုံစံကို ကြည့်ပြီး ချောကလက်စားချင်စိတ်တွေ ကုန်ခန်းသွားလို့ပေါ့ ရှင်းပြီလား"

"ဟင်း ဟင်း နင်က ပိုကိုပိုပါတယ်ဟယ်၊ ယောကျ်ားလေးဖြစ်ပြီး ဒီလောက် မိန်းမဆန်ရသလား။ နင် ဒီလောက် ချောကလက်မကို ခါးခါးသီးသီးဖြစ်နေရအောင် နင့်ချောကလက်မ အရုမ်းရုပ်ဆိုးနေသလားဆိုတာ ငါလာကြည့်ဦးမယ်"

"နင့်ဟာနင် ကြည့်ရုံမကလို့ လာပဲဖက်နမ်းနမ်း၊ ငါနဲ့မဆိုင်ဘူး"

မိုးဖျားက ပြောပြောဆိုဆိုနှင့် စားပွဲပေါ်က ပီဇာမုန့်တစ်ခုကို ကောက်ယူစားသည်။ မိုးဖျားစားနေတာကိုကြည့်ပြီး ပျိုမေ တခစ်ခစ် ရယ်နေပြန်၏။

"နင် လျောင်ပြန်ပြီလား၊ ငါ့ဘာသာ ဗိုက်ဆာလို့စားနေတာနော်"

"အေးပါ၊ ငါသိပါတယ်၊ ရယ်ချင်လို့ရယ်တာ၊ ခစ် ခစ်"

ပြောရင်း ရယ်ချင်လာတာမို့ ပျိုမေ ထပ်ပြီးရယ်နေပြန်သည်။

"ဟော့ ဒီနှစ်ယောက် စောစောစီးစီး ဘာတွေသဘောကျနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

အသံနှင့်အတူ အနားကိုရောက်လာသော ဝေယံမြင့်မိုရ်ကို နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။

''ဟယ် မြင့်မိုရ်၊ နင်ကရော စောစောစီးစီး တစ်ယောက်တည်း ဘာလာလုပ်တာလဲ''

''မာမီက ခေါက်ဆွဲစားချင်တယ်ဆိုလို့ လာဝယ်ပေးတာ ပျိုးမေ''

မြင့်မိုရ်က ပျိုးမေ့နံဘေး ထိုင်ခုံကိုဆွဲယူဝင်ထိုင်ရင်း မိုးဖျားရှေ့မှာရှိနေသော ပန်းကန်တွေကို တအံ့တဩ ကြည့်နေသည်။

''ဘာလဲ မြင့်မိုရ် ရှင်လည်း မိုးဖျားလို သရဲဘီလူးစီးသလို စားချင်စိတ်ဝင်သွားလို့လား''

ပျိုးမေရဲ့အရွှန်းစကားကို မြင့်မိုရ်က နှာခေါင်းလေးရှုံ့ ပခုံးလေးတွန့်ပြီး ခေါင်းခါပြသည်။

''ငါ အဲဒီလောက် မစားဘူး။ ဝိတ်တက်မှာစိုးလို့ဟ၊ ငါ့အလုပ်က ဝိတ်တက်လို့ မဖြစ်ဘူးလေ''

မြင့်မိုရ်က စကားကို ရိုးသားစွာပြောဆိုတာပေမယ့် မိုးဖျားအတွက်တော့ အဓိပ္ပာယ်တစ်မျိုး ပေါက်သွားပုံနှင့် –

''ဒီမှာ စားကောင်းတဲ့အစာမှန်သမျှ လူနဲ့တည့်တယ်ကွ၊ ဝိတ်တက်ရုံမကလို့ ဘာပဲတက်တက်၊ တက်ချင်သလောက်တက် ငါက





တော့ ဆာရင်စားမှာပဲ၊ ဒါကြောင့်လည်း ငါ့ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်း ဖြစ်နေတာ၊ မင်းလို အစာငတ်ခံပြီး ပေါ့ရှတ်ရှတ် ပါးလှပ်လှပ်ခန္ဓာကိုယ်မျိုးတော့ အဖြစ်မခံနိုင်ဘူး''

မိုးဖျားက ကုတ်ဘူးကိုဖောက်ရင်း မိုးဖျားကို ဗလအားကိုးနှင့် နှိပ်ကွပ်အနိုင်ယူသည်။ အရင်ကတည်းက မြင့်မိုရ်ကို ကြည့်မရတဲ့သူ။ ဒီကြားထဲ ပျိုးမေရဲ့အလေးပေးခြင်းကို ခံနေရတော့ သူ့စိတ်ထဲက မကြည်မလင်ဖြစ်နေတာ ကြာပြီ။

မြင့်မိုရ်ကတော့ နဂိုအနေအေးသူပီပီ မိုးဖျားရဲ့ ရန်လိုစကားကို မည်သို့မှ ပြန်မတုံ့ပြန်ဘဲ ပြုံးလို့သာနေသည်။

''ပျိုးမေ ဒီနေ့ Club ကို မသွားဘူးလား''

''သွားမယ်လေ၊ ရေဗက္ကာဝင်းရဲ့ရှိုးပွဲအတွက် ကကွက်ဆန်းလေးတွေ ထွင်ရဦးမယ်၊ ပြီးတော့ သင်တန်းက အရည်အချင်းရှိသူတွေကိုလည်း စိစစ်ရွေးထုတ်ပြီး ရှိုးပွဲမှာ ထုတ်သုံးမှာ၊ ဒီရက်ထဲ အလုပ်ရှုပ်ဦးမှာ သေချာတယ်''

နှစ်ဦးသား စကားကောင်းနေတာကို ကြည့်ပြီး မိုးဖျား မရှုဆိတ်တော့ပါ။ ဒါကြောင့် သူ့ဘက်ကို ပျိုးမေ ပြန်အာရုံရောက်လာအောင် နည်းစနစ်ပြောင်းလိုက်၏။

''ပျိုးမေ နင် ငါ့အိမ်လိုက်မှာလား''

သူ့အမေးကို ပျိုးမေ နားမလည်သလို မျက်တောင်ရှည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ပုတ်ခတ်ရင်း –

"ဟင် ငါက ဘာလိုက်လုပ်ရမှာလဲ မိုးဖျားရဲ့"

"နင်ပဲ ချောကလက်ကို လိုက်ကြည့်မလို့ဆို"

ဒီတော့မှ ပျိုမေ ခပ်ဟဟလေးရယ်သည်။ နှစက်ဝင်းမွတ် နေသောမျက်နှာလေးကို မိုးဖျား အားမနာစတမ်း ငေးကြည့်နေမိ၏။

"ဪ၊ အေး ကြည့်မယ်လေ၊ ဒါပေမဲ့ အခုတော့ မဟုတ်ဘူး။ နောင်မှ အေးအေးဆေးဆေးပေါ့ဟယ်၊ နင်နဲ့ငါက အိမ်ချင်းက ဝေးတာကျနေတာပဲ"

"ဒါဆို နင် အခုမလိုက်ဘူးပေါ့၊ မလိုက်ရင် ငါလစ်တော့မယ်၊ ဟိုကောင်တွေနဲ့ ချိန်းထားတာ ရှိသေးတယ်"

မိုးဖျားက စားပွဲပေါ်တင်ထားသော ကားသော့နှင့် ဟန်းဖုန်းကို ကောက်ကိုင်ပြီး စားပွဲဝိုင်းက ထထွက်သွားသည်။

ဆိုင်တံခါးပေါက်အနားကိုရောက်မှ နောက်ကို ပြန်လှည့်ကြည့်ရင်း –

"ဪ ဟော့ ပျိုမေ၊ ငါစားထားတာတွေ နင်ပဲ ဒကာခံလိုက်တော့"

"သိပါတယ်၊ နင် ဒီလို လုပ်တော့မယ်ဆိုတာ ဒီအကြောင်း ဗိုက်ကွဲမတတ် စားနေတာ ငါသိသားပဲ"

"စားနိုင်တဲ့သူကို ကျွေးတာ ဂုဏ်ယူလိုက်စမ်းပါ"





မိုးဖျား တမင်ပြောပြီး လှည့်ထွက်ခဲ့သည်။ ပျိုမေကို တမင် ညစ်ပြီးထားခဲ့တာပါ။ သူမမှာ ပိုက်ဆံသိပ်မပါဘူးဆိုတာလည်း သိသားပဲ။ လိုရင် မြင့်မိုရ်ဆိုတဲ့ကောင် ရှင်းပေါ့။

လူပုံက ဖြူဖျော့ဖျော့နဲ့ စမတ်ကျအောင် ဝတ်ဆင်ထားသည့် မြင့်မိုရ်ကလည်း သူငယ်ချင်းပဲဆိုပေမယ့် ကြည့်မရတာ ကြာပြီ။ ပျိုမေ့ အနားကို ဒီကောင်ကပ်နေကတည်းက စိတ်က မကြည်လင်တာလေ။

ပျိုမေ့အနားကပ်တဲ့ကောင်မှန်သမျှ သူ့ရန်သူအဖြစ် သတ်မှတ်ခဲ့တာ။ မြင့်မိုရ်ဆိုတဲ့ကောင်က ထိပ်ဆုံးကပေါ့။

လူပုံက ပျော့စိစိနှင့် Dancer အကမော်ဒယ်လ်တစ်ယောက် ဆိုပြီး မြှောက်ကြွ မြှောက်ကြွ ဖြစ်နေတာကို ပျိုမေကလည်း အထင် တွေ့ စွတ်ကြီးနေသည်။

ဆောရီးပဲ၊ ငါလိုကောင်ကတော့ မင်းလို ဖြူဖပ်ဖြူရော် ကောင်ကို လုံးဝ အထင်မကြီးဘူး မြင့်မိုရ်ရေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မိုးဖျား ထမင်းစားလို့ရပါပြီ"

ကွန်ပျူတာရှေ့တွင် အလုပ်တွေရှုပ်နေသော မိုးဖျား တစ်ယောက် ညိုချောရဲ့အသံကြောင့် နောက်ကို လှည့်ကြည့်သည်။ ပြီးတော့ ဘာမှမပြောဘဲ အလုပ်ဆက်လုပ်နေ၏။

ညိုချောမှာတော့ ကိုယ့်ကိုမကြည့်ဖြူသော မိုးဖျားရဲ့ အမူအရာတွေအတွက် သိပ်မထူးဆန်းတော့ပါ။ နေ့စဉ် စိတ်မောနေကျမို့ ပင့်သက်လေးပဲချကာ မထူးဆန်းစွာနှင့် အခန်းဝမှ ပြန်လှည့်ထွက်ခဲ့သည်။

အတော်လေးကြာမှ မိုးဖျား ထမင်းစားခန်းထဲကို ဝင်လာသည်။ မျက်နှာကြီးက တည်တည်ကြီး မာထန်နေ၏။





စားပွဲဝိုင်းမှာ ဝင်ထိုင်ရင်း ဟင်းခွက်တွေကိုကြည့်ကာ မိုးဖျား နှာခေါင်းရှုံ့သွားသည်။ ရေတ်သီးအရောင်ရဲရဲတွေနှင့် ဟင်းဆိုရင် သူ လုံးဝမစားတာ မေမေအသိဆုံး။

"ဟော့ ဒါ ဘယ်သူချက်တာလဲ"

မေးလိုက်သောအသံ ခပ်ပြတ်ပြတ်က မကျေနပ်ခြင်းတွေမှာပဲ မွှေ့လျော်နေတဲ့အသံမျိုး ဖြစ်သည်။

"ဟိုလေ ညို ညိုချောချက်တာပါ"

"ဘာ"

မာလိုက်တဲ့အသံ။ ညိုချော အနောက်ကို ခြေတစ်လှမ်းဆုတ်ပြီး မျက်လုံးလေး ပေကလတ် ပေကလတ်နှင့် ကြောင်စီစီကလေး ဖြစ်နေရှာသည်။

"တောက်၊ နင်က ဘာကိစ္စ ဟင်းတွေ ဝင်ချက်နေတာလဲ၊ နင်ချက်တာကို ငါ လုံးဝမစားဘူး၊ ရွံတယ်"

ချောမောလှသောရုပ်ရည်နှင့် ဘာမှမသက်ဆိုင်လောက်အောင် မိုးဖျားစကားတွေက အထက်စီးဆန်ကာ မာကျောလွန်းသည်။

စိမ်းမှောင်နေသော မျက်ခုံးတန်းတန်းနှစ်ခုက အဖျားပိုင်းတွင် တွန့်ကွေးကာ တစ်ခုနှင့်တစ်ခု ထိစပ်လုလု ဖြစ်နေသလို ဖြူသော မျက်နှာက ဒေါသစိတ်တွေကြောင့် ရဲရဲနီမြန်းနေသည်။

"သား ဘာတွေဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လာသော မေမေလင်းက မေးသည်။ မိုးဖျားက
မဖြေဘဲ ဂျစ်တစ်တစ်ပုံစံနှင့် မျက်နှာကို စူပုပ်ထားသည်။

"ဟို ဘာ ဘာမှမဖြစ်ပါဘူး မေမေလင်း၊ ဟို ညိုချောက
လေ မိုးဖျား ငရုတ်သီးပါတဲ့ဟင်း မစားမှန်း မသိလို့ပါ"

ညိုချောက မေမေလင်းကို ပျာပျာသလဲ ရှင်းပြမိသည်
မိုးဖျား ပြဿနာရှာတာကို မပြောဘဲ သူမအပြစ်ကို ဝန်ခံသင
ပြော၏။

မရှင်းပြလည်း အခြေအနေအားလုံးကို ဒေါ်ကြင်ကြင်လင
သဘောပေါက်ပြီးသား ဖြစ်သည်။ ညိုချောနဲ့ပတ်သက်တဲ့ ပြဿ
တိုင်းမှာ ကိုယ့်သားမိုးဖျားကသာ မရိုးနိုင်တဲ့ ပြဿနာရှာခြင်းမျိုး
နဲ့ ပြဿနာတွေကို ဖန်တီးတင်ဆက်နေသူပဲလေ။

"သားရယ် ဘာလို့ ဂျစ်တိုက်နေတာလဲ၊ မင်းက က
လည်း မဟုတ်တော့ဘူး၊ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်
အဲဒီလောက် ကလေးဆန်နေတာ မရှက်ဘူးလား သားရယ်"

ဒေါ်ကြင်ကြင်လင်းက လေပြေကလေးနှင့်ပဲ နားလ
သဘောပေါက်အောင်ဆိုသည်။

"မေမေကလည်း တစ်ဆိတ်ရှိ သားကိုပဲ ဆူနေတယ်၊
နီနီရဲရဲဟင်းမျိုး ဘယ်နှခါ စားဖူးလို့လဲ"

"မဟုတ်ဘူးသား၊ ခုဟာက မေမေလည်း ခုတစ်လော





မကောင်းလို့ ပါးစပ်ပျက်လို့ဆိုပြီး ညိုချောက ချဉ်ငန်စပ်လေးတွေ
ချက်ပေးတာပါ"

ညိုချောဘက်က ကာကွယ်ပြီး ဒေါ်ကြင်ကြင်လင်း ပြော
သည်။ မိုးဖျားရဲ့ စူပုပ်တင်းမာနေသောမျက်နှာက ပြေလျော့ကျမသွား
သေးပါ။

"သား မစားချင်ရင် မေမေ တစ်ခုခု ထပ်စီစဉ်ပေးမယ်"

ဒေါ်ကြင်ကြင်လင်းက ပြောပြောဆိုဆို ရေခဲသေတ္တာထဲမှ
အသားဘူးနှင့် ကြက်အူချောင်းထုပ်ကို ထုတ်ယူလိုက်ပြီး ဂက်စ်မီးဖို
ရှိရာဘက်သို့ လျှောက်သွားသည်။

"ခဏလေးစောင့်နော်သား၊ မေမေ ဒါတွေ အမြန်စီစဉ်ပေး
မယ်၊ သုံးမိနစ်ပဲစောင့်"

ဒေါ်ကြင်ကြင်လင်း ပြုံးပြီး ရွှတ်နောက်နောက်လေးပြောကာ
အခြေအနေတွေကို ဝင်ထိန်းသိမ်းပေးနေပေမယ့် မိုးဖျားက ထမင်း
စားပွဲထိပ် ကုလားထိုင်မှာ ငူငူကြီး ထိုင်နေသည်။ လငပုပ်ဖမ်းထား
သောမျက်နှာက သုန်မှုန်နေသည်။

စိတ်ထဲမှာလည်း ချောကလက်မကိုပဲ မကျေမနပ် ဖြစ်နေ
သည်။ သင်း အသုံးမကျလို့ မေမေ ထပ်ပင်ပန်းရတာ။

"မေမေလင်း ညိုချော အသားတွေ လှီးပေးပါ့မယ်"

ညိုချောက ဒေါ်ကြင်ကြင်လင်းတစ်ယောက်တည်း လုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



နေတာကို မကြည့်ရက်ဘဲ အနားကို တိုးကပ်သွား၏။

"ဟဲ့ နှင့်လက်နဲ့ ဘာမှမကိုင်နဲ့၊ နှင့်လက်နဲ့ ထိတာမှန်သမျှ အော်ဂလီဆန်လွန်းလို့ ဘာမှ မျိုကျမှာမဟုတ်ဘူး"

ညိုချောလက်ကလေးတွေ အသားဘူးကို လှမ်းယူနေရာ တွန့်ခနဲ ဖြစ်သွား၏။ ဝမ်းနည်းခြင်းက ရင်ထဲမှာ လှိုက်ဖို့ပြီး တက်လာသည်။ ဘာမဟုတ်တဲ့ အပြစ်သေးသေးလေးက မိုးဖျားရင်ထဲမှာ သစ်ပင်တစ်ပင်လို အမြစ်တွယ်နေခဲ့သည်လား။

သူမဘက်က ဘယ်လိုအောက်ကျမှုမျိုး၊ ဘယ်လိုသိမ်ငယ် မျိုးတွေနဲ့ တောင်းပန်မှ မိုးဖျားရဲ့ အမုန်းတွေက ကြေမှာတဲ့လဲ။

"နေ နေ သမီးလေ၊ မေမေလင်းပဲ လုပ်ပေးလိုက်ပါ့မယ် သွား သွား သမီးလေး အခန်းထဲမှာ သွားနားတော့၊ ငါ့သမီးလေးအ တစ်နေကုန် မနားရဘူး"

ဒေါ်ကြင်ကြင်လင်း စိတ်မသက်သာစွာ ရေရွတ်ရင်း ညိုချော ဖြူကို အခန်းထဲ ပြန်နားခိုင်းလိုက်သည်။ ညိုချော မိုးဖျားရှေ့မှ ခပ် လေး ထွက်လာခဲ့သည်။

မိုးဖျားမြင်ကွင်းရှေ့က လွတ်မြောက်လာမှပဲ ညိုချောစိ တွေ လွတ်လပ်ပေါ့ပါးသွားသလို ခံစားရသည်။

အခန်းထဲရောက်တော့ ရင်ထဲမှာ ဝမ်းနည်းကြေကွဲစိတ် နှင့် သတိရတမ်းတမိတာ အမေ့ကိုပဲ ဖြစ်သည်။





လောကကြီးထဲမှာမရှိတော့သော အမေ့ကို ငိုကြွေးတိုင်တည်ခြင်း မပြုချင်ပေမယ့် ညိုချော အမေ့ကိုသတိရ မျက်ရည်တွေကျဆင်းလာတာတော့ အမှန်ပဲဖြစ်၏။ အားပါးတရ ရှိုက်ကြီးတငင် ငိုကြွေးပြီး ခုတင်ပေါ်ကို နှမ်းလျစွာ လှဲချလိုက်မိ၏။

ညိုချောလက်တွေနှင့် ချက်ပြုတ်သော ထမင်းဟင်းတွေကို မိုးဖျားက ရွံသတဲ့လား။ ကိုယ့်လက်နှစ်ဖက်ကို ညိုချော ဖြန့်ယှက်ကြည့်မိသည်။

ရှည်ရှည်သွယ်သွယ် လက်ချောင်းလေးတွေမှာ လက်သည်းရှည်ဆိုလို့ တစ်ချောင်းမှတောင် မရှိပါ။ သေသေသပ်သပ် ပိပိရိရိလေး ညှပ်ထားခဲ့တာ ဖြစ်သည်။

တမင်ပဲ အမုန်းတွေကို မိုးတွေလို သဲသဲမဲမဲ ရွာချနေတာမို့လား မိုးဖျားရယ်။

ရှင့်ရဲ့အမုန်းမိုးတွေ ဘယ်တော့မှ စဲမှာလဲ မိုးဖျားရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ပြတင်းပေါက်လိုက်ကာလေး အသာလှပ်ပြီး ဟိုဘက်တိုက်ခြံထဲကို ကြည့်နေသော ညိုချောမျက်နှာလေးက ပြုံးဖန့်ဖန့်လေး ဖြစ်နေသည်။

တစ်ဖက်အိမ်ကို ကာရံထားသော ခြံရဲ့အုတ်တံတိုင်းကြီးတွေက ညိုချောတို့ခြံထဲမှကြည့်လျှင် ကောင်းစွာ မမြင်ရပေမယ့် အခုလို အပေါ်ထပ်က ညိုချောရဲ့အခန်းပြတင်းက ကြည့်လျှင်တော့ အရှင်းသား မြင်ရ၏။

ညိုချောတွေ့မိသလောက်တော့ ထိုခြံကြီးထဲတွင် လူများများ နေပုံတော့ မရပါ။ ညိုချောအရွယ် မိန်းကလေးတစ်ယောက်ရယ် အန်တီကြီးတစ်ယောက်ရယ်ကိုပဲ ညိုချော ရောက်ကတည်းက တွေ့ရ





သေးသည်။

အဲဒီမိန်းကလေးက အရမ်းလှလို့လည်း ညိုချော သတိထားမိသွားခြင်း ဖြစ်သည်။ ဖြူသွယ်သွယ် ကိုယ်နေဟန်ထားနှင့် ပခုံးထိကျနေသော ဖြောင့်စင်းသည့် ဆံပင်နီညိုညိုလေးတွေက သူမလေး လှုပ်ရှားလိုက်တိုင်း ဝဲခနဲ လှုပ်ခါသွားပုံက မိန်းမချင်းတောင် ငေးယူရသည်အထိ လှသည်။

ထိုကောင်မလေးက ရုပ်ကလေးလှပရုံမကဘဲ အကမှာလည်း အရမ်းကို ကြည့်ကောင်းပါသည်။

ညိုချော ရုပ်ရှင်ထဲမှာပဲ ကြည့်ဖူးသည့် ဘဲလေးအကကိုလည်း သူမ ကျွမ်းကျွမ်းကျင်ကျင် ကတတ်သည်။

အခုလည်း ဂီတသံငြိမ့်ငြိမ့်လေးနှင့် သူတို့ခြံရဲ့ မြက်ခင်းပေါ်မှာ တေးသွားနှင့်အညီ ကနေပုံလေးကို ညိုချော ရင်သပ်ရှုမောစွာ ကြည့်နေမိသည်။ လေအဝှေ့မှာ ယိမ်းနွဲ့နေသော ပန်းလေးတွေကြားက လိပ်ပြာလေးလို ကြည့်ကောင်းနေ၏။

ညိုချော မျက်တောင်တို့ခတ်ဖို့ မေ့နေလောက်အောင် သူမရဲ့အကအလှက ညိုချောအာရုံတွေကို ဆွဲဆောင်ထားသည်။

နေ့စဉ် ဒီလိုအချိန်ဆို သူမ အကလေ့ကျင့်တတ်သလို ညိုချောလည်း ဒီအချိန်ဆို အခန်းထဲက မထွက်တော့ပါ။ သူမရဲ့ကကွက်တွေကို ကြည့်ပြီး အခန်းထဲမှာ ညိုချော မကတတ် ကတတ်နှင့် အဲတူ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကနေမိ၏။

ညိုချော တုပပြီး လိုက်ကနေပုံက သူမလောက် မနူးညံ့ မသိမ်မွေ့ဘဲ အချိုးအစားမကျသော လှုပ်ရှားမှုတွေနှင့် ကုန်းကုန်းကွကွ ဖြစ်နေတတ်သည်။

လူတွေသာမြင်ရင်တော့ ဒီကောင်မလေး ကနေတယ် မထင် မှတ်ဘဲ အိမ်ထဲမှာ ဘာတွေ ကဆုန်ပေါက်နေတာလဲလို့ မေးယူလောက် တဲ့အထိ ဖြစ်မှာသေချာ၏။

အခုလည်း ပြတင်းပေါက်က ကြည့်နေတယ်ဆိုပေမယ့် ညို ချောခန္ဓာကိုယ်လေးက အငြိမ်နေတာမှ မဟုတ်တာလေ။ တစ်ဖက်ခြံ က ကောင်မလေးရဲ့ ကကွက်တွေအတိုင်း အတုခိုးပြီး လိုက်ကနေမိ သည်။

ထိုမြင်ကွင်းလေးကို ညိုချောရဲ့အခန်းဝက တံခါးလေးလှစ်ဟ ပြီး ဒေါ်ကြည်ကြည်လင်း သဘောတူစွာ ပြုံးကြည့်နေမိသည်။

ဒေါ်ကြင်ကြင်လင်းဆန္ဒက ညိုချောလေး ဒီအိမ်ကို ရောက် ကတည်းက သူမလေးအတွက် တစ်ခုခု လုပ်ပေးချင်သည်။ ကျောင်း တက်ဖို့ဆိုတာလည်း ကျောင်းတွေက မဖွင့်သေး။

ကျောင်းဖွင့်လို့ ကျောင်းတက်ရရင်တော့ ညိုချော သိပ်ပြီး ပျင်းစရာမလို။ သူ့ကျောင်းစာနှင့်သူ အချိန်ကုန်လို့ရသည်။ အခုချိန်မှာ ညိုချောလေး စိတ်အာရုံဝင်စားသော အလုပ်တစ်ခုတော့ ရှိစေချင်၏





"ဟင် မေမေလင်း"

ခန္ဓာကိုယ်လေးကို တစ်ဖက်လှည့်ကရင်း ညိုချောမြင်တွေ့ သွားတော့ မျက်နှာလေးက ရှက်အမ်းအမ်းလေးဖြစ်ကာ ရပ်သွား၏။

"အဟင်း ခစ် ခစ်"

ညိုချော အရှက်ပြေလေး ရယ်နေတော့ မေမေလင်း အခန်း တံခါးလေး တွန်းဖွင့်ဝင်လာရင်း –

"ညိုချောက ဘယ်ဆိုးလို့လဲ၊ ကတတ်သားပဲ"

မေမေလင်း ချီးကျူးစကားဆိုရင်း ပြုံးနေတော့ ညိုချော ရှက်မျက်နှာလေး ပန်းနုရောင်သန်းနေသည်။

"သမီး Dancer ကတတ်သလား"

"ဟင့်အင်း မကတတ်ပါဘူး မေမေလင်းရယ်"

မေမေလင်းအမေးကို ညိုချော အူလည်လည်ပုံစံလေးနှင့် ခေါင်းခါပြီး ငြင်းရှာ၏။ ကိုယ်လိုက်ကနေတာတောင် ဘာအကရယ်လို့ မှ ညိုချောတောင် မသိတာဘဲလေ။

"တခြား အနုပညာနဲ့ပတ်သက်တဲ့ ဝါသနာရော သမီး ဘာ စိတ်ဝင်စားလဲ၊ ဥပမာ သရုပ်ဆောင်တာ, သီချင်းဆိုတာမျိုးပေါ့"

"ဂစ် ဂစ်တာတော့ သမီး နည်းနည်းတီးတတ်တယ် မေမေ လင်း"

"ဟယ် အဟုတ်၊ ညိုချောက ဘယ်ဆိုးလို့လဲ၊ မေမေလင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်တောင်မထင်ထားဘူး"

"အဖေက ညီ့ချော လေးငါးတန်းလောက်ကတည်းက သင်ပေးထားလို့ပါ၊ ပြီးတော့ ညီ့ချော ကတာလည်း ဝါသနာပါတယ်"

"ဟုတ်ပြီ၊ သမီးဝါသနာပါတယ်ဆိုရင် မေမေလင်း သမီးအတွက် Dancer သင်တန်းတက်နိုင်အောင် စီစဉ်ပေးမှာပေါ့"

မေမေလင်း ရက်ရောစွာပေးနေသော အခွင့်အရေးတွေကြောင့် ရင်ထဲမှာ ဝမ်းသာသွားမိသည်။ ဒါပေမဲ့ စိုးရွံ့စိတ်လေးနှင့် ညီ့ချော ငြင်းမိ၏။

"ဟို ဖြစ်နိုင်မယ် မထင်ပါဘူး မေမေလင်းရယ်၊ ညီ့ ညီ့ချောက ဝါသနာပဲပါတာပါ၊ အဲဒီလို သင်တန်းတွေတက်ဖို့အထိ မရည်ရွယ်ပါဘူး"

"မဟုတ်ဘူးလေ သမီးရဲ့၊ လူဆိုတာ ရည်မှန်းချက်တစ်ခုတော့ ထားရမယ်၊

ရည်မှန်းချက်မရှိတဲ့သူဟာ မျက်စိတစ်ဖက်လပ်နေတဲ့သူလိုပဲ သမီးရဲ့၊ အရာရာကို မြင်သလောက် အပြည့်အဝ မမြင်နိုင်ဘူးသမီးရဲ့၊ သမီးကို မြလေးက မေမေလင်းဆီ ဘာလို့ ပို့လိုက်တာလဲ၊ သမီးသိလား"

မေမေလင်းက ညီ့ချောပခုံးလေးကို ဆုပ်ကိုင်ကာမေးသည်။

"ဟင့်အင်း၊ ညီ့ချောမသိဘူး"





ညီ့ချော အမှန်အတိုင်း ဝန်ခံလိုက်ပါသည်။ တကယ်လည်း အမေက ညီ့ချောကို ရန်ကုန်မြို့ကြီးကို ဘာကြောင့်လွှတ်ခဲ့သည် မသိ။ ဆွေမျိုးရင်းချာ တစ်ဦးမှမရှိတဲ့ ရန်ကုန်အထိ အမေသွားခဲ့စေချင်တာမို့ ညီ့ချောရောက်ခဲ့ရတာပဲ ဖြစ်သည်။ အမေ့ရဲ့ ဆန္ဒအရင်းခံကို မသိခဲ့။ သိအောင်လည်း ညီ့ချော မေးခွင့်မှ မရှိတော့ဘဲလေ။ အမေက ညီ့ချောနဲ့အဝေးဆုံး ထွက်သွားခဲ့ပြီပဲ။

မေမေလင်းက ညီ့ချောကို ငေးကြည့်နေရာမှ အကြည့်တွေလွှဲသွား၏။ ပြတင်းပေါက်မှမြင်နေရသော ရေတမာပင်လေးတွေကို အဓိပ္ပာယ်မဲ့ ငေးကြည့်ရင်း မေမေလင်း သက်ပြင်းဖျော့ဖျော့လေးချသည်။ ပြီးမှ –

"အဖြေက အရှင်းလေးပါ သမီးရယ်၊ သမီးအမေက သူ့ရဲ့နောက်ဆုံးထွက်သက်အထိ သူ့သမီးလေးကို တန်ဖိုးထားခဲ့လို့ပေါ့ကွယ်၊ ဒါကြောင့်လည်း မဖွံ့ဖြိုးသေးတဲ့ဒေသတစ်ခုမှာ သမီးလေးရဲ့ အချိန်တွေကို သူ့လို အဓိပ္ပာယ်မဲ့ မကုန်စေချင်ဘူး၊ သမီးဘဝ တိုးတက်မြင့်မားအောင် ပြုစုပျိုးထောင်ပေးနိုင်မယ့် မေမေလင်းဆီကို ပို့ပေးခဲ့တာပေါ့ သမီးရယ်"

မေမေလင်းပြောမှ ညီ့ချော ငေးငေးလေးတွေးမိတော့သည်။ အမေ့ရဲ့ရင်ထဲက မေတ္တာတရားတွေကို ညီ့ချော ဘာလို့ အလေးအနက် မတွေးခဲ့မိတာပါလဲ၊ အမေ့ရဲ့ငယ်သူငယ်ချင်း မေမေလင်းက



www.burmeseclassic.com

www.burmeseclassic.com



တော့ အမေ့ရင်ထဲကစိတ်ဆန္ဒတွေကို အသေအချာ မြင်သိနေသည်ပဲ။

ညိုချောရဲ့အနာဂတ်အတွက် အမေရဲ့စေတနာစိတ်ကို မြင်သိရတော့ ညိုချော မျက်ရည်လေးတွေ ဝဲမိတဲ့အထိ ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရ၏။

"သမီး အကကို တကယ်ဝါသနာပါသလား၊ မေမေလင်း အသေအချာသိချင်တယ် သမီး"

ညိုချော ခေါင်းလေးငုံ့နေရာမှ မေမေလင်းကို မရဲတရဲ မော့ကြည့်မိသည်။ ပြောရမှာတော့ ရှက်လည်းရှက်စရာပါ။ တကယ်ဆို ဒီလိုအကမျိုးဆိုတာ ညိုချောလို တောသူမလေးတစ်ယောက်အတွက် ဘယ်လိုမှ မအပ်စပ်တဲ့အရာတွေပါ။ ဒါပေမဲ့ –

ဘာကြောင့်မှန်းမသိ။ အဲဒီလို အကအလှတွေကို ငေးကြည့်ရုံနဲ့ ညိုချောရင်ထဲမှာ မြူးကြွသွက်လက်သလို ခံစားရသည်။

ရွာမှာဆိုရင်လည်း ရွာထိပ် ဗီဒီယိုရုံမှာ မင်းသားရိန်းရဲ့ သီချင်းတွေနဲ့ ကကွက်တွေ ဖွင့်ပြရင် ညိုချော ထိပ်ဆုံးက ပြေးကြည့်မိသည်။

"သမီး ရဲရဲဖြေနော်၊ သမီးဝါသနာကို မေမေလင်း သိချင်တာ"

"ဟုတ်ကဲ့၊ ညိုချော အဲဒီအကမျိုးကို အရမ်းသဘောကျတယ်၊ ချစ်လည်းချစ်တယ်၊ ပြီးတော့လေ ညိုချောနဲ့ မအပ်စပ်မှန်းသိပေမယ့် ကကြည့်ချင်တယ်၊ အဲဒါကို ညိုချောဝါသနာလို့ ပြောရမလား





တော့ မသိဘူး မေမေလင်းရယ်"

"အင်း မေမေလင်း သဘောပေါက်ပြီသမီး။ ဒီတော့ သမီးကို ဒီသင်တန်းတက်ဖို့ မေမေလင်း စီစဉ်ပေးမယ်"

ညိုချော ရင်ထဲမှာ ပျော်သွားမိသည်။ ဒါပေမဲ့ အာရုံထဲကို မိုးဖျားမျက်နှာက တိုးဝင်လာတာမို့ ညိုချောအပျော်တွေက ဝုန်းခနဲ ကွယ်ပျောက်လို့သွားပြန်သည်။

"ဟို မိုး မိုးဖျားများ ကန့်ကွက်မလား မသိဘူးနော် မေမေလင်း"

မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ပြီး ပြောလာသော ညိုချောကို ကြည့်ကာ မေမေလင်း ယဲ့ယဲ့ကလေးပြုံး၏။ ထိုအပြုံးတွေထဲမှာ ကရုဏာရိပ်တို့ ရောင်စဉ်ဖြာလဲ့နေတာ ညိုချော မြင်နေရပါသည်။

"ဒီကိစ္စကို လျှို့ဝှက်ထားရမှာပေါ့ သမီးရယ်၊ သားအမြင်မှာ သမီးလေးဟာ အထင်သေးစရာ အရမ်းကောင်းချင်ကောင်းနေလိမ့်မယ်၊ ဒီအတွက် သမီး ပိုကြိုးစားပြရမယ်၊ တစ်ချိန်ချိန်မှာ သမီးကို ကြည့်ပြီး သား ချီးကျူးလာတဲ့အထိ သမီးကြိုးစားပြလိုက်စမ်းပါ"

မေမေလင်းစကားတွေကို ညိုချော မျက်လုံးလေးတွေ ဝိုင်းစက်ပြီး အလေးအနက် နားထောင်နေမိ၏။

"သမီးရင်ထဲမှာ အဓိကထည့်ထားရမယ့်အချက်က မုန်းချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ ကြိုးစားမှုပဲသမီး၊ အခုလိုပြောလို့ သားကိုမုန်းဖို့ တွန်းအားတွေ
ပေးနေတာ မဟုတ်ဘူးနော် သမီး၊ သားရဲ့စိတ်ထဲမှာ သမီးဟာ ထူး
ချွန်ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်အဖြစ် လက်ခံလာအောင်
တွန်းအားပေးရုံသက်သက်ပဲ''

''ဟုတ်ကဲ့ မေမေလင်း၊ ညိုချော ကြိုးစားပါ့မယ်၊ ညိုချော
ရင်ထဲမှာ မိုးဖျားကို ဘယ်တော့မှ မုန်းမှာမဟုတ်ပါဘူးရှင်၊ သူ့အမုန်း
တွေကိုလည်း ညိုချော ကြည်ကြည်ဖြူဖြူ လက်ခံမှာပါ၊ ဘာဖြစ်လို့
လဲဆိုတော့ ညိုချောကစပြီး သူ့အပေါ် အပြစ်လုပ်ခဲ့မိတာကိုး''

ရင်ထဲက ခံစားချက်ကို တိုးတိုးတိတ်တိတ်လေး ပြောနေ
သော ညိုချောကိုကြည့်ပြီး ဒေါ်ကြည်ကြည်လင်းမျက်နှာပေါ်မှာ ကျေ
နပ်ရိပ်တွေ ပေါ်လာသည်။

ညိုချောလေးနှင့် သားရဲ့ကြားမှာ တန်းတူရည်တူ ဖြစ်စေဖို့
အတွက် ညိုချောလေးရဲ့ နေထိုင်မှုပုံစံစရိုက်ကိုပဲ သူမ မြှင့်တင်ပေး
တော့မှာပေါ့။

ဒါမှလည်း သွားလေသူ သူငယ်ချင်းမြလေး သူ့သမီးအတွက်
တမလွန်ကနေ စိတ်အေးမြနိုင်ရှာမှာပေါ့။

မြလေးရယ် နင့်အပေါ်မှာ ကျူးလွန်ထားခဲ့တဲ့ ငါ့ရဲ့အတ္တတစ်
အတွက် ညိုချောဖြူလေးကို ငါ့သမီးအရင်းလေးလို စောင့်ရှောက်ပေး
ရင်းနဲ့ ပေးဆပ်သွားမှာပါ။ နင်သာ ငါ့ကို ခွင့်လွှတ်နိုင်ပါစေ။





ဒေါ်ကြည်ကြည်လင်းရဲ့အတွေးတွေက အတိတ်ဆီသို့ အလည်
ရောက်သွားခဲ့ပြန်ပါသည်။

✿

တရှုပ်ရှုပ်ငိုကြွေးနေသော မြလေးကိုကြည့်ပြီး သူမ ဘယ်လို
ဖြေသိမ့်နှစ်သိမ့်ရမည် မသိတော့ပါ။ ကံကြမ္မာက သူမတို့သူငယ်ချင်း
နှစ်ယောက်ကိုမှ ဒီလို ရှောင်လွှဲလို့မရနိုင်တဲ့ ကြေကွဲခန်းတစ်ခုကို
ရင်ဆိုင်တိုးအောင် ဖန်တီးလာခဲ့ပြီ။

''မြလေးရယ် တိတ်ပါတော့နော်၊ ငါ ငါလေ ငါ့မိဘတွေရဲ့
အတင်းအကျပ်အစီအစဉ်တွေကို ရပ်သွားအောင် ဘယ်လိုလုပ်ရမှန်း
တောင် မသိတော့ဘူး၊ နင့်ကိုငါ တောင်းပန်ပါတယ်ဟာ''

သူမနှုတ်က မချိတင်ကဲပြောလိုက်သော စကားသံတွေ
ကြောင့် မြလေး အငိုမျက်ဝန်းတွေနှင့် မော့ကြည့်လာ၏။

မြလေးမျက်ဝန်းတွေ အငိုရိပ်ဆင်နေပေမယ့်လည်း နှုတ်ခမ်း
လေးတွေကတော့ အပြုံးရိပ်လေးထင်နေသည်။

သူငယ်ချင်းအတွက် မြလေးရဲ့ လိုက်လျောအပြုံးလေးတွေ
ဆိုတာ သူမ ကောင်းကောင်းသိထားသည်။ ဒီအပြုံးတွေရဲ့ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်က မြလေးရင်ထဲမှာ ဘယ်လောက်အထိတောင် သွေးစိမ်းရှင်ရှင် ထွက် ပူလောင်နေမလဲ၊ သူမ တွေးကြည့်စရာမလိုဘဲ သိပါသည်။ ဒါပေမဲ့လည်း –

ဆုံးရှုံးမှုတစ်ခုကို သူမလည်း ကြောက်ရွံ့ပူလောင်နေခဲ့တာပဲ လေ။ မြလေးရယ် ငါ့အတွက်ဆိုရင် နင့်အသက်ကိုတောင် ပေးဆပ် မယ်ဆိုတာ ငါသိပြီးသားပါ။ ဒါကြောင့် ဒီတစ်ခါတော့ ငါ အရှုံးမပေး ပါရစေနဲ့။

သူမရင်ထဲက စကားတွေကို မြလေး မကြားနိုင်ပါ။ ဒါပေမဲ့ မျက်ရည်စတွေကို မျက်တောင်ကော့ရှည်ကြီးတွေနှင့် ပုတ်ခတ်သိမ်း ဆည်းပြီး မြလေးအပြုံးလေးနှင့် သူမကို လှည့်ကြည့်ရင်း –

"နင်က ငါ့ကို ဘာတောင်းပန်စရာလိုလို့လဲ လင်းလင်းရယ် နင့်ကို ငါ ဘယ်တော့မှ အပြစ်မမြင်ဘူး ယုံပါတယ်"

မြလေးအသံတွေက ငိုသံစွက်နေပေမယ့် အနစ်နာခံစိတ်တို့ ဖုံးလွှမ်းနေတာတော့ သေချာပါတယ်။

"နင်က အဲဒီလိုပြောလေ ငါက ပိုပြီး အနေခက်လေပဲ မြလေး။ ငါလေ ဒီစေ့စပ်ပွဲကိုရအောင်ဖျက်ပစ်မယ်ဟာ၊ ကိုအောင်လင်း က မငြင်းပယ်သင့်တဲ့သူဆိုတာ ငါလက်ခံပေမယ့် သူက နင့်ရဲ့ချစ်သူ လေ၊ ဒီတော့ ဘယ်လိုစိတ်မျိုးနဲ့ အိမ်ထောင်ဘက်အဖြစ် ငါက ရွေးရမှာလဲ၊ ဘယ်လိုမှ မဖြစ်သင့်ဘူး"





မြလေး ခေါင်းကိုခါယမ်းရင်း ပါးပြင်နှစ်ဖက်ပေါ်က မျက်ရည် တွေကို လက်ခုံနှင့်ပွတ်သုတ်သည်။ ပြီးတော့ သူမပခုံးလေးကို ဆုပ် ကိုင်ရင်း –

"မဟုတ်သေးဘူး လင်းလင်း။ ဒီကိစ္စက ငါတို့လူငယ်တွေ ဆုံးဖြတ်ရမယ့်ကိစ္စမဟုတ်ဘူးလေ၊ ကံကြမ္မာက သူ့အလိုလို စီစဉ်ပေး တာပါ၊ နင်ရော ငါရော ငြင်းဆန်ခွင့်မရှိဘူး လင်းလင်းရဲ့၊ နင်က စေ့စပ်ပွဲကို ဖျက်ပါပြီတဲ့၊ ကိုအောင်လင်းကိုရော ငါက လက်ထပ်လို့ ရမယ်တဲ့လား"

မြလေးဆိုလိုသော စကားအဓိပ္ပာယ်ကို သူမ နားလည်ပါ သည်။ သူမတို့အိမ်ကြီးရဲ့ အိမ်ဖော်ရဲ့သမီးမြလေးနှင့် ကိုအောင်လင်း အချစ်ဇာတ်လမ်းက ခက်ခဲကြမ်းတမ်းပါသည်။

အခုတော့ ကိုအောင်လင်းနှင့် သူမကို မိဘတွေက စေ့စပ်ဖို့ စီစဉ်လာပြန်သည်ဆိုတော့ မြလေးအတွက် သောကတွေပဲ ပိုင်ဆိုင် စရာရှိတော့၏။

"အစကတည်းက မရေရာမသေချာဘဲ တည်ခဲ့တဲ့ ငါတို့ အချစ်က မဖြစ်သင့်ပါဘူး လင်းလင်းရယ်၊ ငါနဲ့ကိုအောင်လင်းရဲ့ အခြေအနေက အဆင့်အတန်းမတူပါဘူး ယိုင်နဲ့နဲ့ သဲအိမ်လေးလိုပါပဲ ဟာယ်၊ လေပြင်းတစ်ချက်, လှိုင်းတစ်ချက်ပုတ်တာနဲ့ ပြိုပျက်မှာပါ၊ အဲဒီအတွက် ကံကြမ္မာကို စောဒကတက်ခွင့်မှ မရှိဘဲ၊ နင်နဲ့ငါက



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကိုယ့်တစ်စိတ်လို သိပ်ချစ်တဲ့ သူငယ်ချင်းတွေပဲဟာ၊ ငါချစ်သူကို ငါလက်မထပ်ရပေမယ့် ငါ့အချစ်ဆုံးရဲ့ရင်ခွင်မှာ ခိုလှုံသွားတာ ငါ့ အတွက် စိတ်သက်သာရာတောင် ရပါသေးတယ်”

မြလေး ဝေဒနာတွေကို ဥပေက္ခာပြုလို့ သူမကို ပြန်နှစ်သိမ့် နေတာ နားလည်နေသည်။ မြလေးရဲ့စိတ်က သူမထက်တောင် မြင့် မြတ်လွန်းလိုက်တာ။

“ငါ့အတွက် နင့်နှလုံးသားကို စတေးမှာ ငါသိတယ် မြလေး နင်ပြောနေတာတွေက နင့်အတွက် နည်းနည်းမှ မခံစားရသလိုဘဲ”

“ငါ တကယ်ပြောတာပါ လင်းလင်း”

“ဟင့်အင်း၊ ငါမယုံဘူး မြလေး”

“ဟယ် အဟုတ်၊ မယုံမရှိနဲ့ ဒါ ငါ့ရင်ထဲက သေချာတဲ့ ဆန္ဒတွေပါ”

မြလေး ဘယ်လောက်ပြောပြော သူမ မြလေးရဲ့အချစ်ကို လုယူဖို့ စိတ်ကတော့ မဝံ့မရဲဖြစ်နေတုန်း ရှိသည်။ တကယ်ဆို မြ လေးချစ်တဲ့ ကိုအောင်လင်းကို သူမကလည်း တစ်ဖက်သတ် ချစ်ခဲ စွဲလမ်းနေခဲ့ရသူပဲလေ။

တစ်ချိန်မှာ ကိုအောင့်အချစ်ကို ပိုင်ဆိုင်ရမည်ဟု သူ အကြွင်းမဲ့ ယုံကြည်ခဲ့ပေမယ့် ကိုအောင်က မြလေးကိုပဲ ချစ်ခွင့်ပ ရွေးချယ်ခဲ့သည်။ သူမရင်ထဲမှာ အံ့ဩမယုံနိုင်ခြင်းတွေနှင့် တိတ်တ





လောင်ခံစားခဲ့ရ၏။

သုံးယောက်ထဲမှာ သူမနောက်ကို ခြေတစ်လှမ်းဆုတ်ပေးခဲ့ သည်။ အိမ်ဖော်ရဲ့သမီးကိုမှ ကိုအောင် မြတ်နိုးစုံမက်စွာ ချစ်သူအဖြစ် ချယ်ခဲ့သည့်တဲ့လား။

အခုတော့ ဂုဏ်ဒြပ်တူ သူမနှင့်ကိုအောင်လင်းကို မိဘတွေက ကြည်ဖြူစွာစီစဉ်လာတော့ ကြေကွဲခံစားရသူက မြလေး။ တိတ်တခိုး ပျော်မြူးရသူက သူမ။

ဒါပေမဲ့ မြလေးကတော့ ဟန်ဆောင်ကောင်းခဲ့ပါသည်။

✿

“ဘာ ဘာပြောတယ် မြလေး၊ ကိုယ်က မိဘတွေ သဘော တဲ့အတိုင်း ခေါင်းညိတ်လက်ခံလိုက်ရမယ်၊ ဟုတ်လား”

ပခုံးနှစ်ဖက်ကို ဒေါသတွေနှင့် လှုပ်ကိုင်ဆုပ်ရမ်းမေးလာ သော ချစ်သူမျက်ဝန်းမှ အလိုမကျအရိပ်တွေကို မြလေး မဝံ့မရဲ ခေါင်းလေးမော့ကြည့်ရင်း –

“ဒါ အဖြစ်သင့်ဆုံးပါ အစ်ကိုရယ်”

“မင်း ရူးနေသလား မြလေးရာ၊ ကိုယ်ချစ်တဲ့သူရှိနေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မျက်နှာမြောင်တိုက်ပြီး လင်းလင်းကို လက်ထပ်ရမှာလ
ဒါ လုံးဝ မဖြစ်နိုင်တာပဲ''

''ကံကြမ္မာက ဖြစ်နိုင်ခြေရှိလို့တောင် စီစဉ်ပေးပြီးပြီပဲ အစ်
ရယ်၊ လူကြီးတွေရော အားလုံးစိတ်ချမ်းသာဖို့ မြလေး ဒီလော
တော့ စတေးသင့်ပါတယ်''

မြလေးစကားကြောင့် ကိုအောင်လင်း ခေါင်းကို တွင်တွင်
ယမ်းသည်။

''ဒီမှာ မြလေး၊ မြလေးရဲ့ကျေးဇူးတရားတွေ၊ ထောက်
ညာတာမှုတွေ သရုပ်ဖော်စေဖို့ ကိုယ့်အသည်းတွေ သွေးစိမ်းစိမ်းရှ
တွက်အောင် နင်းချေပစ်တာကျတော့ မြလေးတရားသလား။ မြလေ
ကျေးဇူးကြွေးတွေအတွက် ကိုယ့်နှလုံးသားကို ခုတုံးလုပ်ပြီး လဲလ
လိုက်တာရော အဓိပ္ပာယ်ရှိတယ်လို့ မြလေးထင်သလား''

ချစ်သူ့စကားတွေကြောင့် ကျလုလုဖြစ်နေသော မျက်
တွေကို မျက်တောင်တွေနှင့် ပုတ်ခတ်သိမ်းရင်း မြလေး ခေါင်း
ငုံ့ထားမိသည်။

ချစ်သူနှင့် မျက်ဝန်းချင်း မဆုံရဲလောက်အောင် ရင်မှာ နာ
လွန်းနေသည်။ မီးတော့ မြလေးမျက်ရည်တွေကို ချစ်သူမမြင်စေ
တာလည်း အမှန်။ ဒီမျက်ရည်တွေက ကိုယ့်ချစ်သူ မြလေးဘ
လာအောင် ဖြားယောင်းသွေးဆောင်တဲ့မျက်ရည်တွေ မဖြစ်စေ





ကိုယ့်ဆီမှာ နှောင်ကြိုးတွေ သစ်ငင်ပြီး တစ်ငင်၊ တစ်ရစ်ပြီး
တစ်ရစ် ရစ်တွယ်နေမယ့်အစား ချစ်သူရဲ့အနာဂတ်နဲ့ သူငယ်ချင်း
အတွက် မြလေး ဆုံးဖြတ်ပြီးပြီလေ။ မြလေးမှားခဲ့ရင်လည်း ခွင့်လွှတ်
ပေးပါ အစ်ကိုရယ်။

''ကိုယ် ဒီည မြလေးကို လာခိုးမယ်''

''ရှင်''

မြလေး တုန်လှုပ်အံ့ဩသွားသည်။ ဒါဟာ လုံးဝ မဖြစ်နိုင်တဲ့
ကိစ္စ။ မြလေးရဲ့ကျေးဇူးရှင်မိသားစုအပေါ်မှာ မြလေး ဒီလိုမျိုး ကျေးဇူး
ကန်းပါရစေနဲ့။

လင်းလင်းရဲ့မိခင် အန်တီဒေါ်ခင်မိမိဆိုတာ သမီးရင်း လင်း
လင်းနဲ့ထပ်တူ မြလေးကို သံယောဇဉ်ထားသူပါ။ တန်းတူအခွင့်အရေး
တွေပေးပြီး မြလေးရဲ့ပညာရေးကအစ အရေးထား ဂရုစိုက်ပေးခဲ့တဲ့
သူပါ။ မြလေးအမေကိုလည်း အိမ်ဖော်လို မဆက်ဆံဘဲ ညီအစ်မလို
နွေးထွေးတဲ့ မိသားစုပမာ ဆက်ဆံခဲ့တာတွေ။

ဒီလို ကျေးဇူးတရားတွေနဲ့ ပြည့်နှက်နေတဲ့ ဒီအိမ်ကြီးရဲ့
မိသားစုဂုဏ်သိက္ခာကို မြလေးကြောင့် ပျက်စီးစေရမှာတဲ့လား။

ဟင့်အင်း လူ့လောကကြီးမှာ အသက်ဆက်ရှင်သန်နေတဲ့
မြလေး ကိုယ့်လိပ်ပြာကိုယ် မလုံခြုံဘဲ မရှင်သန်ပါရစေနဲ့။

''မြလေး ကိုယ်ပြောတာ ကြားတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မဖြစ်ဘူး။ ဒီကိစ္စကို မြလေး လုံးဝလက်မခံ
အစ်ကို"

"မရဘူး မြလေး၊ ဒါဆို မင်း အခုချက်ချင်း ကိုယ်နဲ့လိုက်

ဖွတ်အတင်းလက်ကိုဆွဲပြီး ကိုအောင်လင်းခေါ်တော့ မြ
အထိတ်တလန့် မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသည်။

"ဒီလို မလုပ်ပါနဲ့ အစ်ကို၊ မြလေး တောင်းပန်ပါတယ်

ပြောရင်း မျက်ရည်တွေပြိုဆင်းလာတော့ ချစ်သူ ပင့်သ
မောကိုချကာ ခေါင်းကိုခါသည်။ မြလေးအပေါ်မှာ စာနာမြတ်နိုးစိ
တွေနှင့် ချစ်ခဲ့သောချစ်သူက ဘယ်တော့မှ မြလေးရဲ့မျက်ရည်
ကို မမြင်ရက်ခဲ့သူပဲ ဖြစ်သည်။

မြလေးတစ်ခုခုတော့ မှသားသုံးမှဖြစ်မည်။ အရေးကြီး
မြလေးဆုံးဖြတ်ချက်တွေ ခိုင်မာဖို့ပဲလေ။

"မြလေး စဉ်းစားပါရစေဦး အစ်ကို နော်၊ အချိန်တွေ
သေးတယ်"

"အချိန်သိပ်မရတော့ဘူး မြလေး၊ သုံးရက်အတွင်း မြ
ဆုံးဖြတ်နော်၊ အဲ့ကွာ ကိုယ့်နောက်ကိုလိုက်ခဲ့ပါ မြလေး၊ ကိုယ်
လေးကို မစွန့်လွှတ်နိုင်ဘူး"

"အင်း အင်းပါ၊ မြလေးကို သုံးရက်ပဲအချိန်ပေးနော်"

မချစ်လို့တော့ မဟုတ်ခဲ့ပါဘူး။ ချစ်သူကို မြလေး ရင်နှင့်





ချစ်ခဲ့ပါသည်။ မြလေးအပေါ်ထားတဲ့ အစ်ကို့အချစ်တွေကိုလည်း အကြွင်းမဲ့ ယုံကြည်ခဲ့ပါသည်။

ဒါပေမဲ့ အချစ်ကြွေးတွေကို နောင်ဘဝရောက်မှပဲ ပြန်ပေးဆပ်ခွင့်ပြုပါ အစ်ကို၊ ဒီဘဝမှာ မြလေးကို အစ်ကိုမုန်းလိုက်ပါတော့။

ခါးခါးသီးသီး မုန်းလိုက်ပါတော့ အစ်ကိုရယ်။

✿

"မေ မေမေ မေမေ မြလေး သူ့အခန်းထဲမှာ မရှိတော့ဘူး"

မီးဖိုခန်းထဲမှာ မေမေနှင့်မြလေးအမေ ရယ်ရယ်ပြုံးပြုံး စကားတွေ ပြောနေရာမှ သူမအသံကြောင့် စိုးရိမ်တကြီး လှည့်ကြည့်ကြသည်။

"ဟင် ဟုတ်ရဲ့လား သမီး"

"သ သမီးလေး"

လက်ထဲမှာ သင်နေသော ချဉ်ပေါင်ရွက်စည်းကို သုတ်ခနဲပစ်ချပြီး မြလေးအမေ မြလေးအခန်းဘက်က ပြေးဝင်သွားသည်။ မေမေကလည်း တည်လက်စ ဟင်းအိုးကို မီးခလုတ်ပိတ်ပစ်ထားခဲ့ရင်း အရောသောပါး ပြေးလိုက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့နောက်က သူမ ပြေးလိုက်ခဲ့စဉ်မှာပဲ မြလေးအခန်းထဲမှာ တအင့်အင့်ရှိုက်ငိုနေသော မြလေးအမေကို တွေ့လိုက်ကြသည်။

"မစိန်"

"မမိ သ သမီးလေး အဟင့် ဟင့်"

လက်ထဲက စာလေးကို တုန်ယင်သောလက်တွေနှင့် ကမ်းပေးရင်း မြလေးအမေ မချိတင်ကဲ ငိုချလိုက်သည်။ မေမေ လှမ်းယူဖတ်နေသော မြလေးလက်ရေးနှင့် စာလေးကို သူမ အနောက်က ကျော်ပြီး ဖတ်ကြည့်နေမိ၏။

"ဟင် မြလေး"

"ဟုတ်တယ်၊ သမီးမြလေး ဒရိုင်ဘာသောင်းခင်နဲ့ ခိုးရာလိုက်သွားပြီ"

"ရှင် မ မဖြစ်နိုင်ဘူး၊ သောင်းခင်နောက်ကို မြလေးက ဘာလို့ လိုက်ပြေးရမှာလဲ"

သူ မယုံနိုင်စွာ မေမေ့လက်ထဲကစာကိုယူပြီး ဖတ်ကြည့်မိသည်။ ရင်ထဲမှာ နှမြောတသ ဝမ်းနည်းခြင်းတွေနှင့် သူမ ချောက်ချားပူလောင်နေ၏။

"မြလေးရယ်"

ကိုယ့်မျက်ဝန်းတွေကို မယုံချင်ပေမယ့် မြလေးရဲ့စာလေးတွေက သက်သေတည်နေခဲ့သည်။ ရင်ထဲမှာ လှိုက်တက်လာသော





ဝေဒနာတွေနှင့် ခုတင်ပေါ်ကို သူမအရုပ်ကြိုးပြတ် ထိုင်ချလိုက်မိ၏။

"မိုက်လိုက်တဲ့သမီး၊ မိုက်မဲလိုက်တာ အဟင့် ဟင့်"

မချင့်မရဲ ရှိုက်ငိုအပြစ်တင်သံတွေနှင့် မြလေးမိခင်ခံစားနေတာကို ကြည့်ရင်း သူမလည်း ခေါင်းတွေ အခါခါယမ်းခါနေမိသည်။

မြလေးရယ်၊ နင့်နှလုံးသားကို နင်စတေးပြီး ဒီလိုလုပ်သွားတာ ငါသိတယ်။ နင်ရဲ့ နှလုံးသားကို သွေးစိမ်းစိမ်းရှင်ရှင်ထွက်အောင် နင်လုပ်လိုက်တာ ငါသိတယ် မြလေးရယ်။

ငါ နင့်အပေါ်မှာ တစ်ဘဝစာလုံး အကြွေးတင်သွားခဲ့ပြီ မြလေး။ ဒီအတွက် နင့်ကို ငါ ဘယ်တော့မှ မမေ့ပါဘူး။ အခွင့်အခါသင့်တဲ့တစ်နေ့နေ့မှာ နင့်အကြွေးတွေကို ငါ ပေးဆပ်ပါရစေ မြလေး။

ငါယုံတယ် မြလေး။ နင်နဲ့ငါရဲ့ဘဝရေစက်က ဒီမှာပဲ ပြီးဆုံးသွားမှာ မဟုတ်သေးဘူးလို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"လာ ပျိုမေ၊ အန်တီလင်းက သမီးလာမှာမို့ နန်းကြီးသု
လုပ်ထားတာ"

"အမယ်လေး အန်တီလင်းကလည်း ဒုက္ခရှာလို့ ပျိုမေကလည်
အန်တီလင်းနန်းကြီးသုပ်မှ လုပ်ထားပါ့မလား။ ရင်တထိတ်ထိတ် 
တောင်းနေတာ၊ အမယ်လေး"

ပျိုမေက ရင်ဘတ်လေးကို လက်ကလေးနှင့်ဖိကာ သေ
သောကလေး ရယ်မောနောက်ပြောင်သည်။ ပြီးမှ အန်တီလင်းခါး
သိုင်းဖက်ကာ နှစ်ဦးသား ထမင်းစားခန်းထဲ ဝင်လာကြသည်။

ထမင်းစားခန်းထဲက စားပွဲကြီးပေါ်မှာ ညိုချောက နန်းကြ
သုပ်ကို စားချင်စဖွယ် ပြင်ဆင်ထားသည်။





ညိုချောကိုမြင်တော့ ပျိုမေ့မျက်နက်ဝန်းလေးတွေ တောက်ပလက်ဖြာသွားခဲ့ရင်း –

"အန်တီလင်း သူ့က မိုးဖျားပြောပြောနေတဲ့ ချောကလက်ဆိုတာလားဟင်"

ပျိုမေ့စကားကြောင့် အန်တီလင်း တစ်ခဏတော့ တွေခနဲဖြစ်သွားသေး၏။ ပြီးမှ သဘောကျစွာ ရယ်မောနေသည်။ ညိုချောမှာသာ သူ့မှကို မိုးဖျားက ချောကလက်မဟုခေါ်တာ သိရတာမို့ အံ့သြနေမိသည်။

မျက်လုံးလေးအဝိုင်းသား ပြူးကြောင်ကြောင်လေး ကြည့်နေသော ညိုချောကို ပျိုမေ ပြုံးပြုံးလေး ငေးကြည့်နေမိ၏။

"ဟုတ်တယ် ပျိုမေရေ့ ကြိုတုန်း မိတ်ဆက်ပေးရဦးမယ်၊ ဒါ ညိုချောဖြူတဲ့"

မေမေလင်း မိတ်ဆက်ပေးတော့ ပျိုမေက နှစ်လိုဖွယ်ရာ အပြုံးလေးနှင့် ခေါင်းညိတ်ပြသည်။ ပန်းရင့်ရောင်ဝတ်စုံလေးနှင့် ဝင်းမွတ်ကြည်လင်နေသော ပျိုမေအလှကို ညိုချော ငေးငေးလေး ကြည့်နေမိသည်။

တကယ့်ကိုလှပတဲ့ ပျိုမေပါပဲ။ မျက်နှာလေးက အရမ်းကြီးပြင်ဆင်ခြယ်သထားတာမဟုတ်ဘဲ ဝင်းမွတ်လှပသလို ဝတ်စားထားပုံလေးနဲ့ဆိုတော့ ငေးလောက်အောင် လိုက်ဖက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညိုချော သမီး ဒါ ဟိုဘက်ခြံက မိုးဖျားရဲ့သူငယ်ချင်း၊ ပျိုပျိုမေတဲ့၊ ဒန်ဆာကလပ်မှာ အကနည်းပြတစ်ယောက်လေ"

အကနည်းပြတစ်ယောက် ဆိုတာနဲ့ ညိုချော ရင်လေးထိတ်ခနဲခုန်ကာ ပျိုမေကို လေးစားအထင်ကြီးသွားမိသည်။ မဲ့မဲ့ရဲ အပြုံးလေးနှင့် ညိုချောပြုံးပြတော့ ပျိုမေ ခေါင်းလေးညိတ် အသိအမှတ်ပြုရင်း –

"အဟင်း ဟင်း မိုးဖျားကတော့ အရမ်းရယ်ရတာပဲ၊ ညိုချောကိုများ အသားမည်းလို့ ချောကလက်လို့ နာမည်ပေးထားတာဆိုပဲ၊ ဘယ်မှာလဲ သူပြောသလို အသားမည်းတာမှ မဟုတ်တာ၊ ညိုစိမ့်စိမ့်လေးပါ၊ နောက်ဆို ဒီလိုတိုက်ကြီးထဲမှာ အနေကြာလာရင် အသားကဝင်းထွက်လာဦးမှာ၊ အခုတောင် ပျိုမေ့အသားနဲ့ ဘာကွာလို့လဲ"

ပျိုမေက ပြောရင်း ညိုချောရဲ့လက်ဘေးမှာ သူမလက်ကို ပူးကပ်ပြီး အသားအရေချင်းတောင် ယှဉ်တိုင်းကြည့်လိုက်သေးသည်။ အသားရောင်နှစ်ခုက ဆန့်ကျင်ဘက် ဖြစ်မနေဘဲ ပြေပြေလေးသာကွာခြားသည်။

ညိုချောက ရွာမှာ နေပူလေပူဒဏ်တွေ မိထားလို့သာ အသားအရေက ညိုညစ်ညစ်လေးဖြစ်နေခဲ့တာဖြစ်သည်၊ အခုတောင် ရောက်စကန့်မတူဘဲ အသားအရေကလေး ဝင်းပလာတာ သိသာပါသည်။

"ကဲ သမီးရေ၊ ဟင်းခါးလေးပူတုန်း စားလိုက်ကြရအောင်





နော်၊ စားရင်းနဲ့စကားဆက်ပြောကြတာပေါ့"

"အဟင်း ဟင်း၊ သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့"

ပျိုမေက ပြောပြောဆိုဆို စားပွဲဝိုင်းက ထိုင်ခုံလေးမှာ ဝင်ထိုင်သည်။ မေမေလင်းက ပလတ်စတစ်အိတ်ကလေးဖွင့်ပြီး ပန်းကန်ထဲက နန်းကြီးသုပ်တွေကို အချိုးအစားမျှတအောင် သုပ်ပေးနေသည်။

ပြီးတော့မှ ကြက်သားဖတ်တွေ နိုင်းချင်းထပ်ဖြူး၊ ဘဲဥစိပ်အပြားလေးတွေ ထည့်ပေးကာ ပျိုမေရှေ့မှာ ပန်းကန်လေးချပေး၏။

"စားနော်သမီး၊ လိုတာပြောဦး"

ပျိုမေက ဖွန်းလေးနှင့် တစ်ဖွန်းနှိုက်မြည်းကြည့်ရင်း မျက်နှာလေး ဝင်းပပြုံးသွားကာ ခေါင်းကို ခါယမ်းပြ၏။

"အင်း မလိုဘူး၊ အန်တီလင်းလက်ရာက အခုချိန်ထိ ဂွတ်ရှယ်ပဲ၊ အဟင်း သမီးမစားရတာကြာပေမယ့် လျှာမှာ စွဲနေတုန်းပဲ"

"ပျိုမေကလေး အန်တီလင်းလက်ရာ နန်းကြီးသုပ်စားပြီးရင်ဘယ်ဆိုင်ကနန်းကြီးသုပ်မှ စားလို့မရတော့ဘူး၊ သိလား၊ တကယ်"

ပျိုမေ အားပါးတရစားနေရင်း ဟင်းရည်ပူလေးမှုတ်သောက်လိုက်နှင့် မေမေလင်းကိုလည်း ခပ်ကဲကဲလေး မြှောက်ပင့်ချီးကျူးပြောနေသေးသည်။ မေမေလင်းကလည်း အပြုံးတွေ ဝေဖြာလျက်။

"အေးပါ အေးပါ၊ ဒီလောက် မြှောက်ပင့်နေရင်တော့ စားပွဲပေါ်က ပြင်ဆင်ထားသမျှ အကုန်လုံး စားရမှာနော်၊ အပြင်ကျရင်



www.burmeseclassic.com

www.burmeseclassic.com



သမီးအမေအတွက်ပါ ထည့်ပေးလိုက်ဦးမှာ၊ ဒီမှာ ချိုင့်နဲ့ အကုန်ပြင် ဆင် ထည့်ထားပြီးသားနော် သမီး''

ပျိုးမေ စားနေရင်းမှ အားနာဟန်လေးနှင့် မျက်နက်ဝန်းလေး တွေပင့်ကာ –

''ဟယ် အန်တီလင်းရယ် စားလည်းစားသေးတယ်၊ အိမ်ပါ ပါဆယ်မဦးမယ်ဆိုတော့ သိပ်မတရားဘူးထင်တယ်နော်၊ အဟင်း ဟင်း''

''အို မဟုတ်တာ၊ ပြောစရာလူတွေလား သမီးရဲ့၊ စား အဝစားနော်''

''ဟုတ်ကဲ့၊ ဩော် ညိုချောဖြူလည်း တစ်ခါတည်း ဝင်စား လိုက်ပါလားဟင်''

''ဟင့်အင်း စားပါ ပျိုးမေ၊ ညိုချော တကယ်မဆာသေးလို့ ပါနော်''

ညိုချောကို တစ်ခါတည်းဝင်စားခိုင်းနေတော့ ညိုချော က သောကမျောလေး ငြင်းမိ၏။ မေမေလင်းက ညိုချောကို ပြုံးကြည့် နေရင်း –

''အင်း ဒါနဲ့ ပျိုးမေ့ကို အန်တီလင်း အကူအညီတောင်းစရာ တစ်ခုရှိတယ်''

မေမေလင်းက အငွေ့တထောင်းထောင်းထနေသော ဟင်း





ချိုပန်းကန်ထဲ ငရုတ်ကောင်းမှုန့်လေးတွေ ဖြူးထည့်ပြီး ပျိုးမေကို စကားစသည်။

''ဟင် အန်တီလင်းကလည်း အကူအညီတောင်းတာများ စကားပလ္လင်ခံနေသေးတယ်လို့၊ အဟင်း ဟင်း ပြောလေ၊ ပျိုးမေ ဘာကူညီရမလဲ''

''ညိုချောလေးကို ပျိုးမေတို့ကလပ်မှာ အကသင်တန်း တက် ခိုင်းမလို့လေ သမီးရဲ့''

မေမေလင်းစကားကြောင့် ပျိုးမေ အံ့သြသွားဟန်နှင့်ညိုချော ကို လှည့်ကာ ခြေဆုံးခေါင်းဖျား အကဲခတ်ကြည့်နေ၏။ ညိုချောက တော့ မျက်နှာလေးထူပူကာ ရှက်ရွံ့ရွံ့ ခေါင်းလေးငုံ့ထားမိသည်။

''ရပါတယ် အန်တီလင်းရဲ့၊ ညိုချော ဝါသနာတကယ်ပါရင် ပျိုးမေသင်ပေးမှာပေါ့၊ ဘာမှ မခက်ခဲပါဘူး''

''ကဲ သမီးလေးရေ ဝါသနာပါသလားလို့ မေးနေပြီ၊ ပြော လိုက်လေကွယ်''

မေမေလင်းက ညိုချောကို မေးဆတ်ပြပြီး ဖြေခိုင်းနေသည်။ ညိုချော ခေါင်းလေးမော့ကြည့်ရင်း ရှက်ရယ်လေးရယ်လိုက်မိ၏။

''အဟင်း ဟင်း ဟိုလေ ညိုချောပုံစံနဲ့ မလိုက်ဖက်မှန်းသိပေ မယ့် ညိုချော ဒီအကကို အရမ်းဝါသနာပါတယ်၊ စိတ်လည်း ဝင်စား ပါတယ်၊ သင်လည်း သင်ချင်ပါတယ်ရှင်''



www.burmeseclassic.com

www.burmeseclassic.com



ပျို့မေ ခေါင်းလေးညိတ်ကာ ညိုချောကို ပြုံးပြုံးလေးကြည့်နေရာမှ မေမေလင်းဘက်ကို လှည့်သွားရင်း –

"ကောင်းပြီလေ၊ အင်း ဒါပေမဲ့ ညိုချောကို ဒီလိုပုံစံနဲ့ ခေါ်သွားရင် တခြားသင်တန်းသူတွေ ဝိုင်းရယ်ကြလိမ့်မယ် အန်တီလင်း ဒါကြောင့် သင်တန်းကိုခေါ်မသွားခင် ညိုချောကို အလန်းဖြစ်အောင် ပြင်ဆင်ရမယ်နော်"

"ပျို့မေကို အန်တီလင်း ယုံကြည်ပြီးသားလေ"

"ပျို့မေလည်း ယုံတယ်၊ ညိုချောကို ခေတ်မီသွားအောင် အပြတ်ရှိုင်းပေးလိုက်ရင် ညိုချောအလှက ပျို့မေတို့ထက်တောင် … သွားဦးမှာ"

"အို မဟုတ်ပါဘူး၊ ညိုချောက တောသူပါရှင်၊ ပျို့မေကသာ … အရမ်းလှတာပါ"

ညိုချော ခေါင်းလေးခါရင်း ငြင်းတော့ ပျို့မေက သဘော… စွာ ရယ်နေတော့သည်။ နှစ်ယောက်သား ရင်းနှီးကျွမ်းဝင်စွာ ပြော… နေပုံကို ကြည့်ပြီး မေမေလင်းကတော့ ကြည်နူးပြုံးတွေနှင့် သဘော… တွေ ကျနေ၏။

"အဟင်း ဟင်း တစ်ယောက်ကိုတစ်ယောက် မြှောက်နေပြ… ပြန်ပြီ၊ သမီးတို့က နှစ်ယောက်စလုံး တစ်ယောက်တစ်မျိုးစီ လှကြ… တယ်ကွယ်၊ ကဲ ဒီနေ့ကစပြီး ညိုချောကို ပျို့မေလက်ထဲ ထည့်…





လိုက်ပြီနော်"

မေမေလင်းက ပြောရင်း ညိုချောကို ခေါင်းတညိတ်ညိတ် ကြည့်ကာ ပျို့မေကိုပဲ အားကိုးလေဟန်နှင့် –

"အန်တီလင်းက လူကြီးဆိုတော့ ခေတ်အမြင် သိပ်မရှိဘူး၊ ဒီတော့ ဘယ်လိုလေးဆင်ရင် အဆင်ပြေမလဲဆိုတာ ပျို့မေပဲသိတာ တော့တော်လား"

"စိတ်ချ အန်တီလင်း စိတ်ချ၊ ဒီနေ့ပဲ ညိုချောကိုခေါ်ပြီး ကိုနီထွန်းထွန်းဆီမှာ တစ်ကိုယ်လုံးပေါင်းတင်ပြီး ဆံပင်ကအစ ခြေသည်းအဆုံး ပြင်ဆင်ပေးလိုက်မယ်၊ အဟဲ အာရုကေပဲ အလုံအလောက် ပေးလိုက်ပေါ့"

လက်ဝါးလေးဖြန့်ကာ ချစ်စဖွယ်လေးပြောနေသော ပျို့မေကို ကြည့်ကာ မေမေလင်း ခေါင်းတညိတ်ညိတ် သဘောကျရယ်နေ၏။

"စိတ်ချ သမီး၊ လုံလောက်အောင် အန်တီလင်း ထုတ်ပေးလိုက်မှာပါ၊ အဓိက,က သမီးလေးညိုချောကို တခြားသူတွေမြင်ရင် ငေးလောက်အောင် လှစေချင်တာ"

"အဲဒါတော့စိတ်ချ၊ ပျို့ပျို့မေပါ၊ ညိုချောကို စိတ်တိုင်းကျ ပြင်ဆင်ပြီး ခေါ်လာခဲ့မယ်၊ အဲဒီကျရင် အန်တီလင်းတို့ကတောင် ညိုချောကို ဘယ်သူလဲလို့ မေးယူရမယ်"

ပျို့မေရဲ့ ရဲရဲဝံ့ဝံ့ ကတိစကားလေးကြောင့် မေမေလင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကို လက်ကလေးနှင့်ဖိကာ ကျေနပ်နေရင်း ညိုချောကို လှမ်း
ကြည့်၏။

"ကဲ သမီး ကြားတယ်နော်၊ မေမေလင်းတော့ သမီးက
ခေတ်ရေစီးကြောင်းအတိုင်း လိုက်လျောညီထွေ နေတတ် စားတတ်
ပြောတတ် ဆိုတတ်အောင် ပျိုမေလေးလက်ထဲ ထည့်ပေးလိုက်ပြီ"

ညိုချောက ရှက်ရဲရဲမျက်နှာလေးနှင့် ခေါင်းကို မဝံ့မရဲ ညိတ်
လိုက်သည်။ မေမေလင်းရဲ့ စေတနာအစီအမံတွေကို ညိုချော မငြင်း
ဆန်ရဲတာ အမှန်။

မေမေလင်းတို့မိသားစုနဲ့ တစ်သားတည်းဖြစ်အောင် ညိုချော
ရဲ့ နေထိုင်မှုစရိုက်တွေကို ပြောင်းလဲပစ်ရမှာလည်း နားလည်နေသည်

မိုးဖျားသိရင်တော့ မတန်မရာနဲ့ ကိုယ့်အဆင့်မှာ ကိုယ်မ
ဘူးလို့ ပြောမှာ ကျိန်းသေပါသည်။ ဒါပေမဲ့ –

စိတ်ချ မိုးဖျား။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရှင် ညိုချော
အလှကို သတိပြုမိလာအောင် ညိုချော လှလှပပ နေထိုင်သွားတော့
မှာပါ။

အဲဒီအချိန်ကို စောင့်နေပေးပါ မိုးဖျား။

✿





ဒီနေ့တစ်နေ့လုံး ပျိုမေနောက်ကပဲ ညိုချော အူလည်လည်
နှင့် တကောက်ကောက် လိုက်နေခဲ့ရသည်။ ပျိုမေစေခိုင်းသမျှကို
ခေါင်းလေးညိတ်နာခံရင်း တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နဲ့ ခြေထောက်
တွေတောင် နာကျင်နေ၏။

တစ်ခါမှ မစီးဖူးသော ပင်စဲလ်ဟီးအမြင့်ကြီးနဲ့ဆိုတော့
ညိုချော ခထာခထာ ခြေခေါက်လဲကျမတတ်ပါပဲ။

ဒါတောင် ပျိုမေနဲ့အတူ ရှော့ပင်နှ်ထွက်ရင် ပျိုမေ့လိုပဲ ကြ
ကြရှရှလေး လျှောက်ရဲအောင် အခန်းထဲမှာ လေ့ကျင့်ခဲ့ရသေးသည်။
ပျိုမေကလည်း ညိုချောအတွက် အချိန်တွေ တစ်နေကုန်ပေးထားတာ
အားနာစရာတောင် ကောင်းသည်။

ညိုချောအတွက် လိုတာမှန်သမျှကိုလည်း ရွေးချယ်ပေး
သည်။

မိတ်ကပ်ဆိုလည်း ညိုချောအသားအရေနှင့် လိုက်ဖက်သည့်
အကောင်းစားမိတ်ကပ်၊ လိုးရှင်း၊ တိုနာ၊ နေ့လိမ်းခရင်မ်၊ ညလိမ်း
ခရင်မ်၊ လက်သည်းဆိုးဆေး၊ ခြေသည်းဆိုးဆေး လိုအပ်တာ မရှိစေ
ရပါ။

ဘယ်လိုသုံးရမည်ဆိုတာလည်း အသေးစိတ်ပြောပြပေး
သည်။ ပျိုမေပြောသမျှတွေကို ညိုချော အသေအချာနားထောင်



www.burmeseclassic.com

www.burmeseclassic.com



မှတ်သားပေမယ့်လည်း တအောင့်လောက်ကြာလျှင် ပြန်စဉ်းစားတော
အကုန်မမှတ်မိတော့ပါ။

"ညိုချော ပင်ပန်းနေပြီလား"

ပျိုမေက ပလာဇာထဲမှာ ညိုချောအတွက် ဝယ်ထားသော
ဝတ်စုံနှင့် အဆင်ပြေလိုက်ဖက်မည့်ခါးပတ်ကို ရှာနေရင်း အားနာသလ
မေးသည်။

"ရှင်၊ ဟင့်အင်း၊ မပင်ပန်းပါဘူး ပျိုမေရဲ့၊ ညိုချောက ပ
မေကို အားနာနေတာ၊ ညိုချောအတွက် ပျိုမေရဲ့အချိန်တွေ အတော
ဖဲ့ပေးနေရတော့လေ"

"နိုး၊ ဒါက အေးဆေးပါ၊ ပျိုမေ့အတွက် ပြဿနာမရှိဘူ
ရော့ ဒီမှာ ညိုချောအတွက် ခါးပတ်ရပြီ၊ ဝယ်စရာတွေပြီးရင် ပြ
စလွှန်းသွားကြမယ်နော်"

ညိုချော ခေါင်းလေးညိတ်ပြမိသည်။ နှစ်ဦးသား ဝယ်ထ
သော အိတ်တွေကို မနိုင့်တနိုင် ဆွဲသယ်ခဲ့ကြရင်း ခပ်သွက်သွက်လေ
ထွက်ခဲ့သည်။

ညိုချောမှာသာ ကိုယ်မှာဝတ်ဆင်ထားသော ရယ်ဒီမိ
အင်္ကျီနှင့် ဆွဲသားစကပ်ကျပ်ကျပ်လေးကြောင့် စိတ်အိုက်နေမိ
လမ်းလျှောက်တိုင်း တုံ့နေသောစကပ်ကြောင့် ဝတ်စက စိတ်ည
ညူးမိပေမယ့် အခုတော့လည်း အဆင်ပြေပြေပါပဲ။





ရန်ကုန်မြို့ကြီးရဲ့ ဒီနေရာတွေကို ဟိုးအရင်ရောက်စက
ညိုချောပုံစံနဲ့သာ လျှောက်သွားလျှင် လူတွေ ဝိုင်းကြည့်ပြုံးကြမှာ
သေချာ၏။ အခုတော့လည်း ဝိုင်းကြည့်ကြသော မျက်ဝန်းတွေက
ညိုချောနှင့်ပျိုမေအလှမှာ အားကျနှစ်မျောနေကြတာ သိသာသည်။

ညိုချောဆိုတာ တောသူမလေးလို့ ဘယ်သူယုံမှာတဲ့လဲ။
ဒါတွေဟာ ပျိုမေရဲ့ကျေးဇူးတွေကြောင့်ဆိုတာ ညိုချောသိပါသည်။

အလှပြင်ဆိုင်ရောက်တော့ ညိုချောကို တစ်ကိုယ်လုံး ပေါင်း
တင်ပေးသည်။ ညိုချောအတွက်တော့ အံ့ဩစိတ်တွေရော၊ ရှက်စိတ်
တွေရော အိပ်မက်မက်နေသလို ကြုံဆုံရသည့် ခေတ်မီအလှပြင်
ဆွည်းကြီးတွေကိုပဲ ငေးမောမဆုံး။

နက်မှောင်နေသော ဆံပင်လေးတွေက အညိုရောင်ဖျော့
ဖျော့ပြောင်းကာ အဖျားလေးတွေမှာ တွန့်တွန့်ခွေခွေလေးတွေ ဖြစ်
ကုန်သည်။

အလှဖန်တီးရှင်ကတော့ ညိုချောမျက်နှာလေးနှင့် သူ့ဆံပင်
ပုံစံ အရမ်းလိုက်သည်ဟု ချီးမွမ်းခန်းဖွင့်မဆုံးပါ။ မှန်ထဲမှာ မြင်နေရ
သော ညိုချောဆံပင်ပုံစံလေးက အတော်ကိုပြောင်းလဲသွားတာမို့ ညို
ချော အံ့ဩမျက်ဝန်းလေးတွေ ဝိုင်းစက်လို့နေသည်။

မျက်ခုံးတွေကလည်း အရင်လို ထူထူပိန်းပိန်းကြီးတွေ
မဟုတ်တော့ဘဲ စင်ရော်တောင်မျက်ခုံးလေးလို သွယ်တန်း ဖြောင့်



www.burmeseclassic.com

www.burmeseclassic.com



စင်းနေ၏။

ပုံဖော်ထားသော နှုတ်ခမ်းဖူးဖူးလေးက ပန်းနုရောင်ဆိုးသေး ကြောင့် စိုအိနေသည်။

"အို လှလိုက်တာ ညိုချောရယ်၊ ကြည့်ပါဦး။ အလှမပြင်ခင် ကပုံနဲ့ အခုပုံ တော်တော်ကွာခြားသွားတာပဲ၊ လွန်ခဲ့တဲ့နာရီပိုင်းလောက် က ညိုချောမှ ဟုတ်ရဲ့လားလို့တောင် သံသယဝင်စရာနော်၊ အဟင်း အန်တီလင်းနဲ့ မိုးဖျားတို့မြင်ရင် ရင်သပ်ရှုမဆုံး ဖြစ်တော့မှာပဲ"

ပျိုမေက ညိုချောကို ခေါင်းဖျားခြေဆုံးကြည့်ရင်း ဝမ်းသာ အားရ နှုတ်ခမ်းတွေ ဖွင့်နေသည်။ ညိုချောမှာသာ အနေရခက်လွန်း စွာဖြင့် ရှက်ရွံ့ရွံ့ ဖြစ်နေရသည်။

"အို အမေ့"

ညိုချောအိတ်ထဲက မြည်လာသော ဖုန်းသံလေးကြောင့် ခေါ လန့်သွားမိတာလည်း အမှန်ဖြစ်သည်။ ကသောကမျော အိတ်ကိုဖွင့် ကာ ဖုန်းလေးထုတ်ယူလိုက်၏။

ဖုန်းပြန်ပြောရန်အတွက် ညိုချော ဘယ်ခလုတ်ကိုနှိပ်ရမှန်း မသိတော့ပါ။ မေမေလင်းက အသေအချာပြပေးလိုက်ပေမယ့် ညို ချောမှာ မမှတ်မိဘဲ ဖြစ်နေ၏။

လူရှေ့သူရှေ့မှာ ကိုယ့်ရဲ့ ထူအ,ပုံကို ကိုယ်ပြန်ရှက်နေမိသည်။ ပျိုမေ့ကိုပဲ ရှက်ရှက်နှင့် အကူအညီတောင်းရတော့သည်။





"ပျိုမေရေ လုပ်ပါဦး၊ ဘယ်ခလုတ်ကို နှိပ်ရမှာလဲဟင်"

တုန်တုန်ယင်ယင်နှင့် ပျိုမေကို ဖုန်းလေးထိုးပေးလိုက်ရ၏။ ညိုချောအဖြစ်ကို သတိထားမိကုန်သော ဆိုင်ထဲကလူတွေ ပြုံးသူပြုံး၊ ဘေးတိုးစကားဆိုသူဆိုနှင့် ဖြစ်ကုန်လေသည်။

"ဒီမှာလေ ညိုချောရဲ့၊ ဒီခလုတ်လေးကို နှိပ်ရတယ်၊ ကဲ ရော့ ပြောတော့၊ အန်တီလင်းဆီက ထင်တယ်"

ဒီတော့မှ ညိုချော ဖုန်းလေးကို နားနားကပ်ပြီး မေမေလင်း ကို ပြောနိုင်တော့သည်။

"ဟဲလို ဟုတ်ကဲ့ မေမေလင်း"

"-----"

"ပြီးပါပြီ မေမေလင်း၊ တာအောင့်နေရင် သမီးတို့ ပြန်လာမှာ ပါ"

"------"

"ဟုတ်ကဲ့ အားလုံးအဆင်ပြေပါတယ် မေမေလင်း၊ ပျိုမေက ညိုချောကို အားလုံး အကူအညီပေးတာလေ"

"-----"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ မေမေလင်း"

တစ်ဖက်က မေမေလင်း နှုတ်ဆက်စကားဆိုပြီး ဖုန်းချသွား သော့ ညိုချော ပိတ်ရမည့်ခလုတ်ကို မမှတ်မိပြန်တာမို့ ပျိုမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်မိ၏။

"ဒီခလုတ်လေးကို နှိပ်လိုက် ညိုချော"

ညိုချောအနားကပ်ပြီး ပျိုမေကိုယ်တိုင် ခလုတ်လေးနှိပ်က

ပိတ်ပေးသည်။

"အဟင်း ဟင်း နောက်ဆို ပျိုမေဆီက ဖုန်းပြောနည်

သင်ထားရဦးမယ်"

လူတွေရှေ့မှာ ညိုချော အရှက်ပြေဆိုမိသည်။ ဆိုင်ထဲက

ထွက်ခဲ့ကြတော့ ဝင်းမွတ်နေသော၊ လှပနေသော ညိုချောကို အားလ

က တအံ့တသြလေး ငေးကြည့်လို့နေကြသည်။

အပြန်မှာ ကော်ဖီဆိုင်လေးကို ညိုချောတို့ ဝင်ထိုင်ဖြစ်ကြ

သည်။ ပျိုမေမှာပေးသော ပြင်သစ်ကော်ဖီအရသာကို ညိုချော သိ

ကြိုက်သွားသည်။

"ကောင်းတယ်နော် ပျိုမေ၊ အမှန်း အရသာရှိတာပဲနော်"

"ညိုချော ကြိုက်လို့လား၊ ဒီထက်ကောင်းတဲ့ကော်ဖီတွေ

အများကြီး ရှိသေးတယ်၊ ဒီဆိုင်လေးမှာ နိုင်ငံတကာ ကော်ဖီအ

ရှိတယ်၊ နောက်မှ ပျိုမေတို့ အေးအေးဆေးဆေး လာထိုင်ကြတာပေ

အနောက်တိုင်း အစားအစာတွေ ညိုချော မှာတတ် စားတတ်အော

လေ"

ပျိုမေကတော့ ညိုချောကို အားလုံးနားလည်ရင်းနှီးအော





ရှင်းပြသည်။ ပျိုမေပြောသမျှ ညိုချော ကလေးတစ်ယောက်လို ခေါင်း

လေးညိတ်ကာ နားထောင်မှတ်သားရသည်။

ဘာပဲဖြစ်ဖြစ် ပျိုပျိုမေကိုတော့ ညိုချော ကျေးဇူးတွေ အရမ်း

တင်သွားမိ၏။ ပြီးတော့ အထင်ကြီးအားကျသွားမိတာလည်း အမှန်ပဲ

ဖြစ်သည်။ လတ်တလောမှာ ညိုချော အတုခိုးအားကျရမှာလည်း

ပျိုမေပဲ ဖြစ်သည်။

ပျိုမေရဲ့လှုပ်ရှားမှု၊ ပျိုမေရဲ့စတိုင်လ်လေးများအားလုံးသည်

ညိုချောအတွက်တော့ သင်ခန်းစာတစ်ပုဒ် သင်ယူနေရသလို မှတ်သား

စရာတွေချည်း ဖြစ်လို့နေခဲ့သည်။

ကော်ဖီအရသာကို ညိုချော အရသာခံသောက်ရင်း အာရုံ

ထဲမှာ မြင်ယောင်လာတာ မိုးဖျားထက်ဘုံရဲ့ ချောမောသန့်ရှင်းသော

မျက်နှာကိုဖြစ်၏။

မိုးဖျားရေ နောက်ဆိုရင် ညိုချောဖြူဆိုတဲ့ကောင်မလေးဟာ

ခပ်ထုံထုံ ရိုးရိုးအအ တောသူမလေးဘဝက လွတ်မြောက်သွားတော့

မှာပါ။

အဲဒီအခါကျရင် ရှင် အံ့သြသွားမလား မိုးဖျားရယ်။

✿



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် လုလိုက်တာ ညိုချောလေးရယ်"

မေမေလင်းက မျက်တောင်မခတ်နိုင်ဘဲ ငေးမောကြည့်ရင်း ဆိုသည်။ ညိုချောမှာတော့ အနေခက်ကာ ခေါင်းလေးငုံ့လို့ အရှက်ပြေ ရယ်မိသည်။

ပျိုမေကတော့ သူမရဲ့အစွမ်းအစတွေကြောင့် ညိုချော အခု လိုလှပသွားတာကို မေမေလင်း အသိအမှတ်ပြု ချီးကျူးနေတာမို့ ပီတိမျက်နှာလေးနှင့် ရှိသည်။

"တော်လိုက်တာ ပျိုမေရယ်၊ မျက်နှာလေးက ချစ်စရာ ကောင်းပေမယ့် ရိုးရိုးကြီးနေတတ်တဲ့ ညိုချောလေးကို အခုလို ပေါ် လွင်လှပသွားအောင် သိမ်းပြုပြင်ပေးလိုက်တဲ့အရည်အချင်းက အံ့မခန်း ပါပဲကွယ်"

ဆံပင်ခွေခွေလိပ်လိပ်လေးတွေနှင့် ကြည်ကြည်လင်လင်လေး လှပနေသော ညိုချောရဲ့ပုံစံလေးကို မေမေလင်း ကြည့်မဝ ရှုမဝ ဖြစ်နေသည်။ သူမ,ထင်မှတ်ထားတာထက် ညိုချောလေး ပြောင်းလဲ သွားတာက ချက်ချင်းကြီးပါလား။

မှန်ညက်နေအောင် ခြယ်သလိမ်းထားစရာမလိုဘဲ ညိုချော အလှက ထင်းပြီး ပေါ်ထွက်လာတာအမှန်ဖြစ်သည်။ ဒါ ပျိုမေရဲ့ မြင်တတ် ပြင်တတ်မှုတွေကြောင့်ပဲ ထင်သည်။





"အဟင်း ဟင်း ပျိုမေ သွေးနားထင်ရောက်အောင်လို့ မြှောက်မနေနဲ့ အန်တီလင်းရေ၊ အန်တီလင်းသာ ငွေထုတ်မပေးခဲ့ရင် ညိုချောလည်း ဒီလိုပုံစံ ဖြစ်လာမှာ မဟုတ်ဘူးလေ"

"ဒါတော့ ဒါပေါ့ ပျိုမေရယ်၊ ခေတ်လူငယ်တိုင်းတော့ အမြင် ရှိကြတာမဟုတ်ဘူးလေ၊ တချို့ဆို ပိုက်ဆံတွေရှိပေမယ့် ဒီလို လုတ တာနဲ့ စတိုင်လ်ကျကျလေးဖြစ်အောင် မပြုပြင်ဆင်တတ်ကြဘူးကွဲ့"

"အဟင်း ဒါမှန်တယ်အန်တီလင်း၊ နဂိုရှိမှ နဂိုင်းထွက်တာ ကိုး။ ညိုချောက ပင်ကိုအလှရှိပြီးသားဆိုတော့ ပြင်ဆင်လိုက်တာနဲ့ ရုပ်လုံးကြွ ထင်ပေါ်လာတာလေ"

အပြန်အလှန် ချီးမွမ်းသံတွေကြားမှာ ညိုချော ရင်ခုန်ရပါ သည်။ သူမ တကယ်ပဲ လှနေသည်ဟုလည်း စိတ်ထဲမှာ ယုံကြည်နေ ခဲ့တာ အမှန်။ ပျိုမေရဲ့ကျေးဇူးနဲ့ မေမေလင်းကလည်း ငွေတွေ တစ် ထပ်ကြီး အကုန်ခံခဲ့တာ ညိုချောအသိဆုံးလေ။

အလှအပဆိုတာ ငွေကြေးရှိမှလည်း ထင်ပေါ်နိုင်တာကို ညိုချော လက်ခံသဘောပေါက်ခဲ့ပြီ။

သူမကို မိုးဖျားမြင်တွေ့လျှင် ဘယ်လိုဖြစ်သွားမလဲဆိုတာ အတွေးရဲ့အောင်ပင် ရင်တွေခုန်နေမိပြန်၏။

"တီ တီ"

အိမ်ရှေ့က ကြားလိုက်ရသော ကားဟွန်းသံနှစ်ချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ညိုချောကို အာရုံစိုက်နေရာမှ အိမ်ရှေ့ပေါ်တီကိုအောက်ကို အားလုံး အာရုံရောက်သွားကြသည်။

"ဟော သားပြန်လာပြီ"

မေမေလင်းအသံ မကြားခင်ကတည်းက ညိုချောသိပြီးသား။ မိုးဖျားကား အိမ်ထဲဝင်လာရင် ဒီလို ဟွန်းသံနှစ်ချက်ပေးတတ်သည်။

မေမေလင်းပြောရင်း ဧည့်ခန်းဝအထိ လျှောက်သွားသလို ပျိုမေကလည်း ထိုင်နေရာက မတ်တတ်ရပ်ကာ မိုးဖျားကို ခပ်ပြုံးပြုံး လှမ်းကြည့်နေသည်။

"ပျိုမေလေး ရောက်နေတယ် သားရဲ့"

မေမေလင်းဆိုတော့ မိုးဖျားက ပျိုမေကို လှမ်းကြည့်သည်။ ညိုချော ခေါင်းလေးပဲငုံ့ထားကာ ငြိမ်သက်ရင်ခုန်နေမိ၏။ ပျိုမေက ဦးအောင် မိုးဖျားကို အပြစ်တင်စကားဆိုသည်။

"ဟွန်း မိုးဖျားတို့များ အခုတစ်လော ဘာတွေခြေရှုပ်နေမှန်းကို မသိဘူး၊ ဝါ့ဆီတောင် မလာဘူး"

"ငါက ဘာလို့ မလာရမှာလဲ၊ နင့်အိမ်လာတော့ရော နင် ရှိလား၊ ငါက နင့်လို အဓိပ္ပာယ်မဲ့အလုပ်တွေနဲ့ အချိန်ဖြုန်းနေတာ မဟုတ်ဘူး"

မိုးဖျားစကားတွေက ပျိုမေအပေါ်မှာလည်း ဘုပြောတတ်တာ ဖြစ်သည်။





"ဟဲ့သား ကိုယ့်သူငယ်ချင်းကို ဒီလိုပဲ ပြောရသလား၊ လူဆိုတာ ကိုယ့်ဝါသနာပါရာကို လုပ်ပြီး ဘဝကိုရှင်သန်ရတာပဲ မဟုတ်လား၊ ဘယ်အလုပ်မဆို သူ့အဓိပ္ပာယ်နဲ့သူတော့ သက်ဝင်လှုပ်ရှားနေကြတာပါပဲကွယ်၊ အဲဒီလို လက်လွတ်စပယ် မပြောရဘူးလေကွယ်"

"အောင်မယ်လေး အန်တီရယ်၊ သူ့ကိုတော့ ပြောမနေနဲ့၊ သမီးကိုဆိုရင် သူက ဘယ်လိုညှဉ်းရမလဲ, ဖဲ့ရမလဲလို့ချည်း စဉ်းစားနေတာ"

ပျိုမေက မျက်စောင်းကလေးချိ နှုတ်ခမ်းလေးစူပြီး မိုးဖျားကို အပြစ်တင်သလိုပြောသည်။ မိုးဖျားကလည်း တစ်ခွန်းမခံဘဲ ချက်ချင်း တုံ့ပြန်သည်။

"နင်ကရော ငါ့ကို ဟိုကောင်မြင့်မိုရ်လောက် အလေးထားလို့လား"

မိုးဖျားရင်ထဲက မကျေနပ်ချက်တွေကို ညိုချောကြားလိုက်ရ၏။ အားလုံးကတော့ ညိုချောကို တဒင်္ဂလေး မေ့နေကြသည်။

"ဒါကတော့ နင် ထင်လို့ပါဟယ်၊ ငါက နင့်ကိုရော မြင့်မိုရ်ကိုပါ တစ်ပြေးညီပဲ ခင်မင်တာ၊ နင့်ဘာသာ တစ်ဖက်သပ် ဆိုက်ကို ထင်နေတာ၊ သိလား"

"ကဲပါ သားရယ်၊ ကလေးမဟုတ်,သူငယ်မဟုတ် စိတ်ကောက်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ပခုံးကိုပုတ်ကာပြောတော့ ဖျိုးမေဆီကအကြည့်တွေ မကျေမနပ် လွှဲမိသည်။ သည်တော့မှပဲ ဆိုဖာထိုင်ခုံမှာ ဒေါ်စောင်းကလေး ထိုင်နေသော ကောင်မလေးကို မိုးဖျားမြင်လိုက်ရတာ ဖြစ်သည်။

ဘယ်ကကောင်မလေးလဲ၊ ဖျိုးမေရဲ့သူငယ်ချင်း ထင်သည်။ ခေါင်းလေး ခပ်ငုံ့ငုံ့ထိုင်နေပုံက အရုပ်မလေး ချထားတဲ့အတိုင်း ... သည်။ ဒါပေမဲ့ ကိုယ်နဲ့မရင်းနှီး မှုသိသေးတာမို့ မိုးဖျား ချက်ချင်းအကြည့်လွှဲကာ မေမေ့ကိုပြန်ကြည့်မိ၏။

"သွား သူဘယ်သူလဲ၊ သိသလား"

မေမေလင်းက ညိုချောကို မေးဆတ်ပြရင်းမေးသည်။ မိုးဖျား အူတူတူနှင့် ခေါင်းကိုခါယမ်းရင်း –

"သား ဘယ်လိုလုပ်သိမှာလဲ မေမေရဲ့"

"ခစ် ခစ် ခစ်"

မိုးဖျားပုံစံကိုကြည့်ကာ ဖျိုးမေ မအောင့်နိုင်ဘဲ တခစ်ခစ်ရယ်တော့ မိုးဖျား ဘုကြည့်ကြည့်ရင်း –

"ဘာဖြစ်နေတာလဲ ဖျိုးမေ၊ နင် ဂေါက်သွားပြီလား"

"ငါက မဂေါက်ဘူး၊ နင်ဂေါက်နေတာ"

"အဲဒါ ချောကလက်လေ သားရဲ့"

"ဟင်"





မေမေ့စကားကြောင့် သူ မယုံနိုင်သလို ကောင်မလေးကို ပြန်လှည့်ကြည့်မိ၏။ အရုပ်မလေးက ဒီတစ်ခါတော့ ခေါင်းလေးမော့ကာ သူ့ကို မရဲတရဲလေး ကြည့်နေသည်။

မိုးဖျားမျက်ဝန်းထဲမှာ အံ့သြမယုံနိုင်ခြင်းတို့ ရောင်စဉ်ဖြာသွားသည်။ အရင်ဆုံးမှတ်မိတာ ချောကလက်မရဲ့ မျက်ဝန်းညိုညိုလေးတွေပဲ ဖြစ်သည်။

ဒါ ချောကလက်မတဲ့လား။ အံ့သြစရာကောင်းလောက်အောင် ခြေဖျားကဆံစအဆုံး ပြောင်းလဲသွားခဲ့တာပါလား။

အံ့သြမှင်တက်စွာကြည့်နေသော သူ့ကို မေမေနှင့်ဖျိုးမေတို့ ပြုံးစစမျက်နှာတွေနှင့် အကဲခတ်ကြည့်နေတာကို ချက်ချင်း ပြန်သတိရမိကာ မိုးဖျား ခပ်ထွေထွေ မဲ့ပြုံးတစ်ခုကို ဖန်ဆင်းလိုက်သည်။ ပြီးမှ ခေါင်းကို ဖြည်းဖြည်းခါယမ်းရင်း –

"မေမေတို့ကတော့ မဆိုင်တာတွေ လျှောက်လုပ်နေပြန်ပါပြီ"

မိုးဖျားရဲ့စကားနှင့်အကြည့်တွေက ညိုချောအရှိက်ကို ထိမှန်သွားသလို ရင်ထဲမှာ မွန်းနစ်စူးရှသွားခဲ့သည်။

"မလှဘူးလား သားရဲ့"

မေမေလင်းအမေးကို မိုးဖျား နှာခေါင်းရှုံ့ ပခုံးတွန့်ပစ်လိုက်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"သား မျက်စိထဲမှာတော့ ဂနိုင်ရုပ်က ဂနိုင်ရုပ်ပဲ မေမေ တောထဲက တိရစ္ဆာန်ကို သင်လည်းခဏပါပဲ၊ အချိန်တန်တော့ စိတ် ရိုင်းပြန်ဝင်လာမှာပဲ၊ ဘာအရည်အချင်းမှမရှိတဲ့သူကို မှုန်နံ့သာခြယ် ပေါင်းဒါရိုက်ပေးတော့ရော သူ့ရဲ့တန်ဖိုးနဲ့ အဆင်းအရောင်က ဘယ် လောက်ထိ လင်းလက်တောက်ပလာမှာမို့လဲ"

အပြာနုရောင် စပို့ရှပ်လက်တို၏ အပေါ်ဆုံးအကျီကြယ်သီး တွေကို ဖြုတ်နေရင်း မိုးဖျားဆိုနေသော စကားတွေက ညိုချော ရင်ထဲကို ဆုပ်ကိုင်ခြေမွနေသလို နာကျင်ထိရောက်စေသည်။

"မိုးဖျားရယ် နင် ဒီလိုတော့ မပြောပါနဲ့၊ နင် ငါ့ကို ပြော တုန်းကလို ညိုချောက ရုပ်ဆိုးပန်းဆိုးကြီးလည်း မဟုတ်ဘူး၊ အခု ကြည့်၊ ပြင်ဆင်လိုက်တာနဲ့ ရန်ကုန်သူတွေ ရှုံးလောက်အောင် လ သွားတာပါပဲ၊ ဒါ နဂိုအလှရှိနေလို့ဟ"

"ကဲ ငါ့ကို နင် ဒီလို အရေမရ အဖတ်မရ ဆက်ပြောမှာ လား ပျိုမေ၊ အဲဒါဆို ငါအချိန်လုံးဝမပေးနိုင်ဘူး"

ပျိုမေ့စကားကို ဆက်ပြီးနားမထောင်လိုဟန်နှင့် မိုးဖျား ပြေ ကာ ကားသော့ကို နံရံကသော့ချိတ်လေးမှာ သွားချိတ်လိုက်သည်

"သားပြောတာတွေက တစ်ဖက်စွန်းကို အရမ်းရောက်နေ နော်"

ညိုချောဘက် စိတ်မကောင်းနာကျင်စွာနှင့် ဝေ့ကြင်ကြ





သင်း မိုးဖျားကို ဆူပူဖို့ တာဆူလိုက်သည်။ မိုးဖျားက သမင်လည်ပြန် ကြည့်ကြည့်ရင်း –

"သားပြောတာတွေက မေမေ့အတွက် နားမယဉ်ဘူးဆိုရင် တောင်းပန်တယ် မေမေ၊ သားက ဘယ်လိုမှကို အထင်မကြီးတာ"

ပြောပြီးသည်နှင့် မိုးဖျား အခန်းထဲ လှမ်းဝင်သွားခဲ့သည်။ ဆုံးယောက်စလုံး အခန်းထဲမှာ မှင်တက်ကျန်ခဲ့သည်။

သူ့ရင်ထဲမှာ ဘာတွေ မကျေမနပ် ဖြစ်နေမှန်းတော့မသိပါ။ ညိုချောကိုလည်း ကြည့်မရ ပျိုမေကိုလည်း စိတ်ထဲက တင်းနေသည်။

မိုးဖျားထက်ဘုံနှင့်ဆိုလျှင် ပျိုပျိုမေစိတ်တွေက ပေါ့ပေါ့ပါးပါး သေး ဖြစ်နေတတ်သည်။ ဒါကိုပဲ သူ မကြိုက်တာ။

အခုလည်း ကိုယ့်အိမ်ရောက်နေလို့ အံ့သြဝမ်းသာသွားမိတာ။ ဘယ်တော့ ပျိုမေရောက်နေတာ ညိုချောအတွက်ပဲ ဖြစ်ကာ သူ့ကို ဆောင် အရှုံးလုပ် ရယ်ပွဲဖွဲ့လိုက်ကြသေးသည်။

လက်ရှိအချိန်မှာ ပျိုမေကိုလည်း စိတ်ဆိုးသည်။ ချောက ဘတ်မကိုလည်း မကျေနပ်။ မေမေ့ကိုတော့ နားမလည်နိုင်သလို ဖြစ်နေသည်။

ညိုချောဖြူအတွက် မေမေဘာတွေ ကြံစည်လျှောက်လုပ်နေ ဘာလဲ မသိတော့ပါ။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၈)

ဟောလ်ထဲဝင်လိုက်သည်နှင့် ငြိမ့်ညောင်းသောဂီတသံ
တွေက ညိုချောကိုကြိုဆိုနေသည်။ ခန်းမထဲက ပြောင်လက်တောက်
နေသော ကြမ်းပြင်ပေါ်မှာ သီချင်းသံနှင့် ညီညာစွာ က,နေသေ
သင်တန်းသူသင်တန်းသားတွေကို ညိုချော ငေးငေးလေး ကြည့်လိုက်
မိသည်။

သူမလည်း တစ်ချိန်မှာ သူတို့လိုပဲ ကတတ်ရဦးမည်
စိတ်ထဲက ယုံကြည်စွာ ရင်ခုန်လှုပ်ခတ်သွား၏။ အကသင်တန်းဆို
နေရာကြီးကိုလည်း ဒီလောက်အထိ ခမ်းနားကြီးကျယ်မည်ကို ညိုချေ
မတွေးခဲ့ဖူးတာ အမှန်။

တကယ့်စတိတ်စင်ကြီးအတိုင်းပါလား။ လေးဖက်လေးတ





မှာလည်း ရောင်စုံဆလိုက်မီးတွေရှိသည်။

"ညိုချော၊ ဘာမှ စိတ်မလှုပ်ရှားနဲ့နော်၊ ဒီနေရာက ညိုချော
ရဲ့ဘဝကို မြှင့်တင်ပေးမယ့်နေရာလို့ သဘောထားလိုက်၊ ဒီသင်တန်း
က သင်တန်းသူသင်တန်းသားအားလုံး ညိုချောကို နွေးနွေးထွေးထွေး
ဆက်ဆံကြမှာပါ"

ပျိုမေက သိမ်မွေ့စိတ်လေးဖြင့် အေးစက်နေသော ညိုချော
လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ အားပေးစကားတွေ ဆိုနေသည်။

"ဟော့ ပျိုမေ၊ ဒီနေ့ နောက်ကျလှချည်လား"

မှန်တွေနှင့်ကာရံထားသော အခန်းတစ်ခုထဲက ထွက်လာ
သော မြင့်မိုရ်က ပျိုမေကိုလှမ်းနှုတ်ဆက်သည်။ တစ်ချိန်တည်းမှာပဲ
မြင့်မိုရ်အကြည့်တွေက ညိုချောအပေါ် အာရုံစူးစိုက်မှုတွေ မျောသွား
ခဲ့သည်။

မြင့်မိုရ်ရဲ့ စတိုင်ကျသောပုံစံကိုလည်း ညိုချော မရဲတရဲလေး
ကြည့်ကာ မျက်လွှာလေး ချသွား၏။

ရွှေအိုရောင်ဆံပင်တွေက ကုပ်ထောက်မတတ်ရှည်ကာ အ
ရှည်အတို မညီညာသောဆံပင်ဒေါက်က နားရွက်တွေ ဖုံးထားသည်။
နုညက်ဖြူသောနဖူးပြင်ပေါ်ကိုလည်း ဆံပင်တွေ အချောင်းလိုက် ကပို
ကရို ဖုံးအုပ်ထားပုံက ကိုးရိုးကားယားမင်းသားတစ်ယောက်နှင့် တူသလို
ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြေပြစ်သောခန္ဓာကိုယ်က မိုးဖျားလို မကျစ်လျစ်ပေမယ့်
လည်း ယောက်ျားပီသချောမောတာတော့ ညီချောလက်ခံမိသည်

"ဒီမှာလေ တို့ရဲ့သင်တန်းသူအသစ်၊ ညီချောဖြူတဲ့ မြင့်မိုရ်"

ပျိုမေက ညီချောရဲ့ပခုံးလေးကို ဆုပ်ကိုင်ပြီး မြင့်မိုရ်နှ
မိတ်ဆက်ပေး၏။ ညီချော ချစ်စဖွယ်လေးပြုံးပြတော့ မြင့်မိုရ်ကလည်
ခင်မင်သလို ခေါင်းတစ်ချက်ညိတ်ကာ ပြုံးပြပါသည်။

"ညီချော၊ သူက တို့သင်တန်းက အဖွဲ့မှူး ဝေယံမြင့်မို
ပရော်ဖက်ရှင်နယ် အကပညာရှင်တစ်ဦးပေါ့၊ ညီချောသိပ်ကချင်တ
ဘဲလေးအကကို သူက အသေအချာ စနစ်တကျ သင်ပေးနိုင်တယ်"

"ဟုတ်ကဲ့ရှင်"

ညီချောတကယ့်ကို လေးစားစွာဆိုမိတော့ သူ့အပြုံးတွေ
ပိုလို့ ဝင်းလက်တောက်ပသွားရင်း –

"ညီချောဖြူက ဘဲလေးအကကို ဝါသနာပါလို့လား၊
အခြေခံရော ရှိသလားဟင်"

မြင့်မိုရ်အမေးကို ညီချော ခေါင်းလေး ခါယမ်းပြီးဖြေသည်
ပျိုမေက ကြားက ဝင်ပြောပေး၏။

"အခြေခံတော့ ညီချောမှာ ဘာမှရှိမထားဘူး မြင့်မိုရ်
တို့တွေ သူ့ကို အခြေခံက စသင်ကြားပေးရမှာ၊ မြင့်မိုရ်အတွ
ညီချောကို နည်းနည်းတော့ အချိန်ပေးရမှာပေါ့လေ"





"အဓိက,က ဝါသနာပဲလေ၊ ဝါသနာပါရင် ဘယ်လိုပညာရပ်
မျိုးမဆို သင်ရတာ လွယ်ကူပါတယ်"

မြင့်မိုရ်က အားပေးစကားဆိုရင် ပခုံးပေါ်တင်ထားသော
တဘက်လေးဆွဲယူကာ လက်မောင်းပေါ်က ချွေးစတွေကို သုတ်နေ
သည်။ ဖြူဝင်းနေသော မြင့်မိုရ်လက်မောင်းသားတွေက သွယ်လျပြီး
ကြည့်ကောင်းသည်။

"ကဲ အရင်ဆုံး ခန္ဓာကိုယ်က အကြောတွေလျော့သွားအောင်
အကြောလျှော့လေ့ကျင့်ခန်း လုပ်ရမယ်၊ ပျိုမေရယ် မင်းပဲ ဒီတာဝန်
ယူပြီး ထိန်းနှင်ပေးလိုက်ပါဦး၊ ကိုယ် ရှိုးပွဲကိစ္စက နည်းနည်းရှုပ်နေလို့"

မြင့်မိုရ်က ပျိုမေကိုပြောရင်း ညီချောကိုလည်း ခွင့်တောင်း
သလို ခေါင်းညိတ်ပြုံးပြကာ အနားကထွက်သွားသည်။

"လာ ညီချော၊ ပျိုမေတို့လေ့ကျင့်ခန်းမထဲ သွားရအောင်၊
အဲဒီမှာ လေ့ကျင့်ရေးစက်တွေ အကုန်ရှိတယ်၊ အခု အရင်ဆုံး လေ့
ကျင့်ရေးဝတ်စုံ လဲရအောင်နော်"

ပျိုမေ့စကားကို ခေါင်းလေးညိတ်ကာ အနောက်က ညီချော
လိုက်ခဲ့သည်။ အကလေ့ကျင့်ခန်း တစ်ခဏနားနေပြီမို့ ပျိုမေကို
အားလုံးက ဝိုင်းနှုတ်ဆက်ရင်း ညီချောကိုလည်း မေးကြပါသည်။

"မမပျို သူက အသစ်လား"

"ဟုတ်တယ်၊ သူ့နာမည်က ညီချောဖြူတဲ့၊ အားလုံး မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားကြဦးနော်၊ လိုတဲ့အကူအညီလည်း ပေးကြဦး''

ပျို့မေပြောခဲ့သလိုပါပဲ အကသင်တန်းခန်းမထဲကသူအားလုံ
က ညို့ချောကို ခင်မင်ရင်းနှီးစွာ အသိအမှတ်ပြု နှုတ်ဆက်ကြသည်။
ညို့ချောစိတ်ထဲက စိုးရွံ့မှုတွေအားလုံး ပျောက်ဆုံးသွားသလိုပါပဲ။

သင်တန်းဝတ်စုံ အပြာရောင်လေး လဲလှယ်ပြီးတော့ ပျို့မေ
က ညို့ချောကို အကြောလျှော့လေ့ကျင့်ခန်းတွေ သင်ကြားပေးသည်။
တစ်ခဏအတွင်းမှာပဲ ပျို့မေရဲ့သင်ကြားမှုတွေထဲမှာ ညို့ချော စိတ်ဝင်
တစား နစ်မျောသွားခဲ့သည်။

''အိုကေ၊ ညို့ချောက သင်ကြားတတ်လွယ်သားပဲ၊ ကဲ
ခဏနားလိုက်ဦးနော်''

ညို့ချော ခေါင်းကလေးညိတ်ကာ ခုံတန်းလေးမှာ ဝင်ထိုင်မိ
သည်။ ချွေးလေးတွေစို့နေသော ခန္ဓာကိုယ်ကို တဘက်ပုလေးနှင့်
အသာပွတ်သုတ်နေရင်း ညို့ချောစိတ်မှာ ကြည်နူးခြင်းတွေ လှိုက်ဖိုနေ
သည်။

ပျင်းရိစရာကောင်းသော ညို့ချောရဲ့အချိန်တွေက အခုတော့
တကယ်ပဲ တန်ဖိုးရှိသောအချိန်တွေ ဖြစ်နေခဲ့ပြီထင်သည်။ ထို့အတွက်
ညို့ချော မေမေလင်းကို ကျေးဇူးတင်ပါသည်။ ပြီးတော့ ပျို့မေရဲ့
ကျေးဇူးတွေလည်း မမေ့ပါ။

နောက်ထပ် ညို့ချောကျေးဇူးတင်မိသူက မိုးဖျားထက်တုံပါပဲ





ူက ညို့ချောကို အပြစ်တင်ရှုတ်ချစိတ်တွေနှင့် အကောင်းမမြင်နိုင်
လ ညို့ချောက ကြိုးစားပြရမှာလေ။

မိုးဖျား လုံးဝအထင်မကြီးသော ညို့ချောဖြူဆိုတဲ့ တောသူ
လေး အနာဂတ်ကို တစ်ချိန်ချိန်မှာ မိုးဖျား အံ့သြချီးကျူးစေရမည်။
ခုအချိန်မှာ မိုးဖျားရဲ့စကားလုံးကြမ်းကြမ်းတွေအောက်မှာ ညို့ချော
ကြိမ်ကြိမ် မြှုလဲကျပါစေ၊ ညို့ချော ရုန်းထနိုင်ဖို့ ကြိုးစားဖို့ ဆုံးဖြတ်
ခဲ့ပြီ။

''ညို့ချော ပင်ပန်းနေပြီလား''

တရင်းတနှီးခေါ်သံနှင့် အနားကို မြင့်မိုရ်ရောက်လာမှ ညို့ချော
တွေးတွေထဲက လန့်နိုးလာသည်။ မြင့်မိုရ်ကို မျက်ဝန်းနက်လေးကွေ
င့်မော့ကြည့်ရင်း –

''ရှင်၊ မပင်ပန်းပါဘူး ဆရာလေး''

''ဗျာ''

မြင့်မိုရ် အံ့သြသွားသလိုရေရွတ်သည်။ ညို့ချောကို ကြည်လင်
သာမျက်ဝန်းတွေနှင့်စိုက်ကြည့်နေရင်း နှုတ်ခမ်းစိုရဲရဲတွေ လွန့်ခန
ုသည်။

''ရှင်၊ ညို့ချော ဘာမှားသွားလို့လဲဟင် ဆရာလေး''

''အဟွန်း နိုး ဘာမှမမှားပါဘူး၊ ဟို ဆရာလေးလို့ ညို့ချော
ါတော့ ကိုယ့်ကိုယ်ကိုယ် ဗေဒင်ဆရာလိုလို၊ သီလရှင်လိုလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



သွားမိလို့''

''အို အဲဒီလိုမဟုတ်ပါဘူး. ကန် ကန်တော့နော်၊ ညိုချော

ကိုယ့်သင်တန်းဆရာမို့ ပြီးတော့ အသက်ကလည်း အတူတူလောက်

ရှိသေးတော့ အဲ အဲဒါကြောင့်ပါ''

ညိုချော အားနာသွားမိတာမို့ ကသောကမျော တောင်းပန်ပြ

ရှင်းပြနေတာကို မြင့်မိုရ်က ပြုံးရိပ်မပြယ်သေးသောမျက်နှာနှင့် ကြည်

နေရင်း –

''ပြဿနာမရှိပါဘူး ညိုချောရယ်၊ ဒါပေမဲ့ နောက်ဆို ပျို

ခေါ်သလို ကျွန်တော့်ကို မြင့်မိုရ်လို့ ရင်းရင်းနှီးနှီးပဲခေါ်ပါ''

ညိုချော ခေါင်းကလေးညိတ်ပြရင်း မြင့်မိုရ်၏ ခင်မင်နှစ်လ

ဖွယ်ကောင်းသော ဆက်ဆံမှုကြောင့် နွေးထွေးသွားမိသည်။

ရန်ကုန်မြို့ကြီးကိုရောက်ကတည်းက မိုးဖျားကလွဲ၍ ကျန်သ

အားလုံး ညိုချောအပေါ်မှာ နွေးထွေးကြင်နာပေးကြသည်။ ဒီနေ့

တွေ့ရတဲ့ မြင့်မိုရ်ကတောင် အခုလို ခင်မင်စွာ ဆက်ဆံလာတ

ဝမ်းသာကြည်နူးမိ၏။

''ညိုချော ဘာတွေ တွေးနေတာလဲ''

''ရှင် ဟို ဘာမှမတွေးပါဘူး ဆ အဲ မြင့်မိုရ်''

ညိုချောမျက်နှာကိုပဲ မြင့်မိုရ် အရိပ်ကြည့်နေသလား။ ညိုချေ

ကပဲ အတွေးတွေထဲမှာပဲ နစ်မျောနေတတ်လွန်းနေတာလား မင





တော့။ မြင့်မိုရ်က နွေးနွေးကလေးပြုံးရင်း –

''အနုပညာသမားဆိုတာ လူတွေရဲ့စိတ်ကို အကဲခတ်တတ်ပါတယ်၊ တကယ်တော့ အတွေးဆိုတာ တစ်ကိုယ်ရေစကားပြောခြင်းပဲတဲ့ ညိုချောရဲ့၊ တစ်နည်းအားဖြင့် စိတ်ကို အလုပ်ပေးခြင်းပေါ့၊ အဟွန်း ညိုချောမှာ စိတ်ကိုအလုပ်ပေးရတဲ့အကြောင်းတွေ ရှိနေတယ်ထင်လို့ပါ''

မြင့်မိုရ်စကားကြောင့် မလုံမလဲလေးဖြစ်ကာ ညိုချော ရယ်လိုက်မိ၏။ မြင့်မိုရ်ကလည်း ညိုချောကိုကြည့်ကာ ရယ်ရင်း ခုံတန်းလေးအစွန်းမှာ ဝင်ထိုင်၏။

''ဟော့ ဒီနှစ်ယောက် ဘာတွေပြောပြီး သဘောကျနေတာလဲ''

ပျိုမေက သီးစုံခွာတ်ဆားရည်ဖျော်လာသော ရေဘူးလေးကိုကိုင်ရင်း ညိုချောတို့အနားကို လျှောက်လာသည်။ အပြာနုရောင်စွပ်ကျယ်အကျႌချိုင်းပြတ်လေးနှင့် အနက်ရောင် စတော်ကင်ဘောင်းဘီလေးကို ကျစ်ကျစ်လျစ်လျစ် ဝတ်ဆင်ထားတာမို့ ပျိုမေရဲ့အသားအရေက ချွေးတစို့စို့အောက်မှာ ဝင်းဖန့်နေသည်။

''ဒီမှာလေ ညိုချောစိတ်တွေက အမြဲတမ်း တွေးနေသလားထင်လို့ ကိုယ်မေးကြည့်နေတာ ပျိုမေရဲ့''

''အဟင်း ဒီနေ့မှ သင်တန်းစတက်တာဆိုတော့ ညိုချော



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ လှုပ်ရှားနေမှာပေါ့ မြင့်မိုရ်ရဲ့၊ ဒါနဲ့ မြင့်မိုရ် ရှိုးပွဲအတွက် စပွန်ဆာပေးမယ့်ကုမ္ပဏီကိစ္စ အဆင်ပြေသလားဟင်"

"အင်း အဆင်ပြေပါတယ် ပျိုမေ"

"ဒါဆို ဒီတစ်ပွဲလည်း မြင့်မိုရ်တို့ အောင်မြင်ဦးမှာပေါ့"

"အင်း ကိုယ်တစ်ယောက်တည်းနဲ့ မလွယ်ဘူးလေ၊ အားလုံး ဝိုင်းကြိုးစားမှ အောင်မြင်မှာ ပျိုမေရဲ့"

"ဘယ်လိုပဲဖြစ်ဖြစ် ရှင့်အစွမ်းအစတွေက ဒီပွဲတစ်ခုလုံးကို ထိန်းချုပ်နိုင်တယ်ဆိုတာတော့ ရှင် မငြင်းနိုင်ပါဘူးနော်၊ အဟင်း ဟင်း"

"အင်းလေ ဒီလောက်ကြီး ပေါ်တင်မြှောက်စားနေမှာတော့ ဒီညနေ ကော်ဖီဆိုင်ထိုင်ကြဖို့ ကိုယ့်ဘက်ကစပြီး ကမ်းလှမ်းပါတယ် ပျိုမေ"

"ဟား ဒါ သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့၊ အဟင်း ဟင်း"

ပျိုမေက ကျေကျေနပ်နပ်လေး ရယ်ရင်း ညိုချောကို မျက်စ ပစ်ပြသည်။ ညိုချောလည်း ပြုံးပြုံးလေး မြင့်မိုရ်ကို မော့ကြည့်မိသည်။

မြင့်မိုရ်မျက်ဝန်းတွေက ညိုချောကိုလည်း ခင်မင်ရင်းနှီးစွာ ဖိတ်ခေါ်နေခဲ့တာ အမှန်။

✿ ✿ ✿



## အခန်း (၉)

ဒီနေ့ အကသင်တန်းပိတ်ရက်မို့ ညိုချော ရေမိုးချိုးပြီးသည် နှင့် မေမေလင်းနဲ့အတူ ကူညီပေးဖို့ မီးဖိုထဲဝင်ခဲ့သည်။

"မေမေလင်း ဒီနေ့ သမီးချက်ပြုတ်ပေးမယ်၊ မေမေလင်း နားနော်"

"သမီး အကသင်တန်း မသွားရဘူးလား"

"ဒီနေ့ ပိတ်ရက်လေ မေမေလင်းရဲ့"

"ဟုတ်လား၊ ဒါဆို အတော်ပဲ၊ ဒီနေ့ သားမွေးနေ့လေ၊ ဒီသားစု စုံစုံညီညီ ရွှေတောင်ခေါက်ဆွဲလုပ်စားကြမလို့"

မိုးဖျားမွေးနေ့ဆိုတာကြောင့် ညိုချောစိတ်ထဲမှာ အလိုလို ပျော်သွားမိ၏။ မေမေလင်းကို ခေါင်းလေးညိတ်ပြရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ မေမေလင်း၊ ညိုချောလည်း ရွှေတောင်ခေါက်ဆွဲ မစားဖူးဘူး"

ညိုချော တကယ်လည်း မစားဖူးတာမို့ ရိုးသားစွာပဲ ပြောလိုက်မိသည်။ ထိုအခိုက်မှာပဲ မီးဖိုခန်းထဲ ဝင်လာတာ မိုးဖျား။

"မေမေ ဒီနေ့ အိမ်ကို ဂုဏ်တို့အုပ်စု လာကြမှာနော်၊ အဲဒါ မေမေ တစ်ခုခုစီစဉ်ပေးမှ ဖြစ်မယ်"

ညိုချောကိုတွေ့တာနဲ့ မိုးဖျားအသံတွေက မာဆတ်ပြီး မျက်နှာကလည်း အပြုံးတို့ရှားပါးနေတာ အမြဲတမ်းဖြစ်သည်။

"ဒါဆို အတော်ပဲပေါ့၊ အခုပဲ သားမွေးနေ့ ရွှေတောင်ခေါက်ဆွဲလုပ်မလို့ မေမေစီစဉ်နေတာ"

ညိုချော မိုးဖျားကို မျက်နှာချင်းမဆိုင်ရဲတာမို့ ခေါင်းကလေးငုံ့ကာ ဘေစင်ပေါ်က ကြက်သားဘူးကိုယူကာ ရေဆေးပေးဖို့ ပြင်ဆင်နေမိ၏။

"သားက မေမေ့လက်နဲ့ချက်တာကိုပဲ စားမှာနော်"

မာန်စောင်စကားကို မိုးဖျား ပြောဖြစ်အောင်ပြောသေးသည်။ မေမေလင်းက ထုံးစံအတိုင်း လေပြေလေးနှင့် ချော့မော့စကားဆို၏။

"အင်းပါ၊ မေမေချက်မှာပါ သားရယ်၊ တစ်ယောက်တည်းတော့ ဘယ်နိုင်မှာလဲ၊ လိုတာလေး ကူခိုင်းရမှာပေါ့ကွယ်"

"ပြီးရော ဒါဆို ဟိုကောင်တွေကို ဖုန်းနဲ့သား လှမ်းအကြောင်း





ကြားလိုက်မယ်လေ"

"အေး အေး ပျိုမေလေးကိုလည်း ခေါ်လိုက်ဦးနော်သား"

"သူမပါလို့ မရဘူးမေမေရဲ့၊ ပျိုမေက သားရဲ့အထူးဧည့်သည်ပဲ၊ ခုတောင် သူ့အိမ်ဘက် ကူးမလို့"

ပြောပြောဆိုဆို မိုးဖျား မီးဖိုခန်းထဲက ထွက်သွားသည်။ ညိုချော မိုးဖျားထွက်သွားရာ နောက်ကျောကို မသိမသာ မျက်ဝန်းလေးထောင့်ကပ်ကြည့်ကာ ပင့်သက်ဖော့လေးချမိ၏။

ညိုချောအပေါ် မပြေသလောက် ပျိုမေနဲ့ပတ်သက်ရင်တော့ မိုးဖျားရဲ့စိတ်တွေက နူးညံ့ပျော့ပျောင်းလိုက်တာ။ မိုးဖျားရင်ဘတ်ထဲမှာ ပျိုမေက ဘာလဲ၊ ညိုချောသိချင်လိုက်တာ။

✿

"အန်တီ ပျိုမေရှိလား"

ခြံထဲမှာ အလှပန်းတွေညှပ်နေသော ပျိုမေ့မိခင်က သူ့ကို မြင်တော့ နှစ်လိုဖွယ်ပြုံးပြရင်း ခေါင်းညိတ်သည်။

"ရှိတယ်သား၊ မတွေ့တာတောင် ကြာပြီကွယ်"

"ဟုတ်ကဲ့၊ ကျွန်တော် အခုတစ်လော အလုပ်တွေရှုပ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



အန်တီတို့အိမ်ဘက် မကူးဖြစ်တာပါ''

''အေး အေး၊ ဒီလိုပဲပေါ့ကွယ်၊ အလုပ်ကိုယ်စီနဲ့ဆိုတော့ အတူတူပါပဲ၊ မိုးဖျားကိုသာ ပြောနေတာပါ၊ အန်တီလည်း မမလှင်းဆီ တောင် မရောက်ဖြစ်ပါဘူး၊ နေကောင်းတယ်မဟုတ်လား သား''

''ကောင်းပါတယ် အန်တီ''

''အေး အေး မင်းသူငယ်ချင်း အိမ်ထဲမှာရှိတယ်၊ ဒီနေ့ သူတို့ သင်တန်းပိတ်ရက်လေ သားရဲ့''

''ဟုတ်၊ ဒါဆို ကျွန်တော် ဝင်တွေ့လိုက်ဦးမယ် အန်တီ''

ပျိုမေ့မိခင်ကို စကားဖြတ်ပြီး သူ အိမ်ထဲဝင်ခဲ့သည်။ ဧည့်ခန်း ထဲကို ထွက်လာသောပျိုမေက သူ့ကိုမြင်သည်နှင့် –

''ဟယ် မိုးဖျား ဒီနေ့ နေသာပါတယ်လို့ တွေးနေတာ လက်စသတ်တော့ နင်က ငါ့အိမ်ကိုလာဖို့ နေက ကြိုသာပေးနေတာ ကိုး''

ပျိုမေက မိုးဖျားထက်ဦးအောင် မထိတထိစသည်။ သည်လို ပဲ နှစ်ဦးဆုံရင် ကြိုသူက ဖွဲ့ကြစတမ်းလေ။

''မဟုတ်တာပြောပြီ၊ ဒီနေ့ ဘာနေ့ဆိုတာ နင်သိလား''

''မသိဘူးလေဟာ''

''ဒီနေ့ ငါ့မွေးနေ့၊ ဒါကြောင့် အိမ်မှာ ရွှေတောင်ခေါက်ဆွဲ လုပ်စားကြမှာမို့ နင့်ကိုလာခေါ်တာ၊ ဟိုကောင်တွေရော ခဏနေရင်





ရောက်လာကြမှာ''

''မြင့်မိုရ်ရောပါလား''

ပျိုမေ့စကားထဲမှာ မြင့်မိုရ်အမည်ပါလာတော့ သူ့မျက်နှာ မဲ့ခနဲဖြစ်သွားရင်း ပျိုမေကို ဘုကြည့်ကြည့်ပစ်လိုက်သည်။

''နင့်အာရုံထဲမှာ အမြဲတမ်း မြင့်မိုရ်ကို ထည့်ထားသလား ပျိုမေ''

မကျေနပ်စိတ်နှင့် သူ့စကားသံတွေကလည်း ဘုဆတ်ဆတ် ဖြစ်နေတာ သေချာသည်။ ပျိုမေ မျက်ခုံးတန်းတန်းလေး တွန့်ကုပ်သွား ရင်း –

''နင်ကလည်း မြင့်မိုရ်တို့ကို ဖိတ်ထားသလားမေးတာ ဘာ အမှားအယွင်းပါသွားလို့လဲ၊ နင့်ရုပ်က ချက်ချင်း ဂျေရုပ်ပေါက်သွား တာပဲ''

ပျိုမေက နှုတ်ခမ်းလေးစူ မျက်စောင်းကလေးချီပြီး ပြောပေ မယ့် သူစိတ်ထဲမှာ ဘဝင်မကျနိုင်သေး။

''နင်နဲ့ ငါ့ကြားထဲမှာ မြင့်မိုရ်က ဘယ်အတိုင်းအတာအထိ ပါဝင်ပတ်သက်နေသလဲ၊ နင် ငါ့ဘက်ကိုရော ငဲ့မကြည့်ထားဘူးလား ပျိုမေ၊ နင့်ကို ငါချစ်တယ်ဆိုတဲ့အကြောင်း ဖွင့်ပြောထားတာ အချိန် နှစ်လနဲ့ ဆယ်ရက်ရှိသွားပြီ၊ အခုချိန်ထိ နင် အဖြေမပေးသေးဘူးနော်''

သူ့စကားတွေကြောင့် ပျိုမေ နှုတ်ခမ်းလေးကို ခပ်သာသာ



www.burmeseclassic.com

www.burmeseclassic.com



လေး ဖိကိုက်ပြီး မချိုမချဥ် ပြုံးသည်။ ဒီလိုအမူအရာတွေကိုပဲ သူ အလိုမကျတာ။

"နှင် အဲဒီလို ပေါ့ပေါ့ပျက်ပျက်ပုံစံနဲ့ ငါ့ရင်ထဲက အချစ်တွေကို အရည်ဖျော်ဖို့ မကြိုးစားနဲ့ပျိုမေ၊ ငါ့ရင်ထဲမှာ နှင် ဘယ်လောက် အထိ အခိုင်အမာရှိဘယ်ဆိုတာ နှင်လည်းသိတာပဲ"

"မိုးဖျားရယ်၊ ဘာလို့ ငါ့ကို ဘလိုင်းကြီးကောနေတာလဲ"

"နှင်မှ ငါ့ရင်ထဲက အချစ်တွေကို အသိအမှတ်မပြုတာ နှင် ဘယ်သူ့ကို ရွေးမှာလဲဆိုတာ အသေအချာဆုံးဖြတ်သင့်နေပြီ စောင့်ရတာကို ငါ သိပ်စိတ်ရှည်တာ မဟုတ်ဘူး"

သူ့စကားကြောင့် ပျိုမေ ပခုံးလေးတွေလှုပ်ခါအောင် ရယ် ပစ်ပြန်သည်။ လက်ပြတ်အကျီအနီရဲရဲလေးနှင့် ပျိုမေကိုကြည့်ကာ သူ အသည်းယားလာ၏။

"အဟင်း ဟင်း မိုးဖျားရယ်၊ မိန်းကလေးတစ်ယောက်ဆီက အချစ်ကို တောင်းခံနေတဲ့ နှင့်ပုံစံကလည်း ကဗျာမဆန်လိုက်တာ အနုကြမ်းစီးသလို ဖြစ်နေပြီ"

"နှင် ထင်ချင်သလို ထင်ဟာ၊ အဓိက,က နှင့်အချစ်ကို ငါ ရဖို့ပဲ၊ ဒီတော့ နှင် ငါ့ကိုချစ်တယ်လို့ ခေါင်းညိတ်လိုက်ဟာ"

သူ ယတိပြတ်ပဲတောင်းဆိုတော့ ပျိုမေ အရယ်မျက်နှာလေး တည်ခနဲဖြစ်သွားရင်း သူ့ဆီက အကြည့်တွေ လွှဲဖယ်သွား၏။





"ဒီနေ့ နှင့်မွေးနေ့လေ မိုးဖျား၊ ငါတို့ဒီကိစ္စနဲ့ မရောနှောဘဲ သီးသန့်ပျော်ကြရအောင်၊ နှင့်အတွက် နှစ်စဉ်ပေးနေကျအတိုင်း မွေးနေ့လက်ဆောင်ကိုလည်း ငါစီစဉ်ထားပါတယ်ဟာ၊ စောစောက နှင့်ကို နောက်ချင်လို့ တမင်မသိချင်ယောင်ဆောင်နေတာပါဟ"

အာရုံတွေ၊ လေသံတွေ အားလုံးပြောင်းပစ်ဖို့ ကြိုးစားနေသော ပျိုမေ့အထာကို သူ ညက်ပြီးသား။ ဒါမျိုးတော့ မရဘူးလေ။

"အေးလေ၊ ဒါကြောင့် နှင့်အချစ်ကို ငါ မွေးနေ့လက်ဆောင် အဖြစ် ငါလိုချင်တာ၊ အသာတကြည်လေးပဲ ခေါင်းညိတ်လိုက်၊ ငါ ရင်ခုန်ချင်လို့ပါ"

ပျိုမေ ရှောင်တိမ်းမရအောင် သူ ဒီစကား ဒီလမ်းကိုပဲ ပြန်ဦးတည်နေတော့ ပင့်သက်လေး ရှိုက်သံကြားသည်။

"မိုးဖျားရယ် အချစ်ဆိုတာ ရွေးချယ်မှုတစ်ခု မဟုတ်ဘူးလေ၊ ရင်ခုန်မှုသက်သက်ပဲ မဟုတ်လား။ ငါက နှင့်ကို အခုချိန်အထိ ရင်မခုန်မိသေးတော့ ဘယ်လိုပြောရမလဲ၊ ရင်ထဲမှာ ဘာမှ မခံစားရဘဲနဲ့တော့ နှင်နဲ့ငါ ဇာတ်လမ်းကို အားနာပါးနာ မဖန်တီးချင်ဘူး"

ပျိုမေ့စကားတွေက သူ့မျက်နှာကို ထူပူနီမြန်းသွားစေသည်။ ရင်ထဲမှာ ရှက်စိတ်တွေနှင့် သွေးတွေ အေးခဲသွားမတတ်ပါပဲ။ ဒါပေမဲ့ နာကျင်စူးရှသောအပြုံးကို သူ ခပ်မဲ့မဲ့ပြုံးလိုက်မိသည်။

"အဟွန်း ဒါက ငါ့ကိုပေးတဲ့ နှင့်ရင်ထဲက အဖြေစစ်စစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ပျိုမေ. နင် ငါ့ကို လုံးဝကတ်တောက် လုပ်ပစ်လိုက်
သဘောပေါ့၊ ဘာလဲ နင်က ငါ့လို ယောကျ်ားပီပီသသ မာန်မျိုး
စိတ်မဝင်စားဘဲ ဂျယ်လီလို ခပ်ပျော့ပျော့ကောင်ကိုပဲ စိတ်ဝင်စားတ
ပေါ့''

ပျိုမေ ခေါင်းမညိတ် ခေါင်းမခါဘဲ သူ့ကို ငေးကြည့်နေ
သူ့ရင်ထဲက ဒေါသတွေ အရှိန်လျော့ကျသွားခဲ့ဘဲ –

''ငါ နင်နဲ့ပတ်သက်ပြီး တကယ့်ကို ရူးသွပ်ခဲ့မိတာပဲ၊ ငါ့
စိတ်တွေကို နင့်ဆီမှာပဲ အချိန်ပြည့်နီးနီး ပို့ထားမိတယ်၊ ဒါတွေ
နင့်အတွက် ဟာသဖြစ်နေမလား ပျိုမေ၊ ကွယ်ရာမှာ ငါ့အချစ်
ကောင်းကောင်း လှောင်ရယ်နိုင်ဖို့လေ''

''နင် အဲဒီလိုတော့ မပြောပါနဲ့ မိုးဖျားရယ်၊ နင့်ကို မချစ်
တာကလွဲပြီး နင်နဲ့ငါက အမြဲတမ်း သူငယ်ချင်းတွေပဲလေ''

ပျိုမေရဲ့ နှစ်သိမ့်စကားက အဆိပ်သင့်သွားပြီဖြစ်သော
သူ့နှလုံးသားအတွက် အကောင်းဆုံးဖြေဆေးတစ်ပါး မဖြစ်နိုင်တ
အမှန်။ ဝမ်းနည်းမှုက အာရုံထဲဝင်လာသော မြင့်မိုရ်ကြောင့် နာကျ
ရှက်စိတ်တွေ ဖြစ်ကုန်သည်။

''ကျေးဇူး ပျိုမေ၊ ငါတို့ သူငယ်ချင်းအဖြစ် ဆက်ခင်ကြမ
ဆိုလို့ ကျေးဇူးတင်ပါတယ်၊ ကဲ ငါသွားပြီ၊ နင်သိပ်လာစေချင်
မြင့်မိုရ်ကိုလည်း နင်လာရင် ဆုံနိုင်ကြဖို့အတွက် ငါဖိတ်လိုက်မ





သိလား။ နင်သာ ငါမွေးနေ့ကို ရောက်အောင်လာခဲ့ပါ ပျိုမေ''

ပျိုမေရဲ့ ခွန်းတုံ့စကားကို မစောင့်နိုင်တော့ဘဲ သူ ဧည့်ခန်းထဲက လှည့်ထွက်ခဲ့သည်။ သူ့စကားတွေအတွက် ပျိုမေ ထိရှသွားစေသလား။

ပြန်လှည့်မကြည့်ဖြစ်သော ခြေလှမ်းတို့က ရှုံးနိမ့်ခြင်းဆိုသည့် ဒဏ်ပိုးကြီးကို သယ်ဆောင်ထားရတော့လည်း လေးပင်လွန်းလိုက်တာ။

နင့်ကို ငါ ရှုံးနိမ့်သွားပြီ ပျိုမေ။ ဒီအတွက် မြင့်မိုရ်ကိုလည်း ရှုံးနိမ့်ခဲ့တာပဲ မဟုတ်လား။

ဘာကြောင့်များ အချစ်ဆိုတာကို အရှုံးအနိုင်တွေနဲ့ သူယှဉ်ဆိုချိန်ဆနေမိတာလဲ မသိ။ သေချာတာက ရင်ထဲမှာ ရှက်ရွံ့ခြင်းနှင့် အလိုမကျစိတ်တွေကပဲ နေရာယူထားကြ၏။

✿

''ညီချော သမီးရေ သားသူငယ်ချင်းတွေကို သွားခေါ်တော့၊ ဒီမှာ အားလုံး ပြင်ဆင်ထားပြီးပြီလို့''

ကြက်သားအုန်းနို့ချက်ရည်ကို ပန်းကန်လုံးအကြီးကြီးထဲ ခပ်ထည့်နေရင်း မေမေလင်း လှမ်းပြောတော့ ညီချော ခေါင်းလေးညိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြသည်။ လှီးပြီးသားကြက်သွန်နီတွေကို ဆန်ခါလေးထဲမှာ ရေစစ်ရင်း ဒီအတိုင်း ထားရစ်ခဲ့ကာ ထွက်ခဲ့၏။

အိမ်ရှေ့ခြံထဲမှာ ထိုင်ခုံတွေ ထုတ်ထိုင်ကာ ဂစ်တာတီး သော မိုးဖျားတို့အုပ်စုအနားကို ညိုချော အပြေးတစ်ပိုင်းလေး ခဲ့သည်။

"အစ်ကိုတို့အားလုံး သုံးဆောင်နိုင်ပါပြီရှင်၊ မေမေ ခေါ်ခိုင်းလိုက်လို့ပါ"

ညိုချောစကားကြောင့် ဂစ်တာသံတွေ တိခနဲရပ်သွား တစ်ယောက်တစ်ပေါက် စကားသံတွေ ဆူညံစွာ ထွက်လာသည်

"ဟာ ပြီးပြီတဲ့၊ လစ်ကြစို့"

"ဂစ် မင်းဂစ်တာကြီး ထားလိုက်၊ ဗိုက်ထဲမှာ ဂွီဂွမ်နေ အရင်ရှင်းရအောင်"

"မြင့်မိုရ်ရော လာလေ"

ဇော်ဖြိုးက လှမ်းခေါ်မှ ဟိုးထောင့်အစွန်ဆုံးမှာ ထိုင်နေ မြင့်မိုရ်ကို ညိုချောမြင်တော့သည်။ အော်တာရုပ်မရနိုးရောင်ကွက် ကို ကော်လံထောင်ဝတ်ထားသော မြင့်မိုရ်စတိုင်က အမြဲတမ်း လန်း ၏။

အကြည့်တွေက ညိုချောဆီမှာ ရောက်နေတာမို့ မျက် ချင်းဆုံတော့ ညိုချော ရင်းနှီးစွာပြုံးရင်း ထပ်ပြီးဖိတ်ခေါ်မိ၏။





"မြင့်မိုရ် လာပါ၊ တစ်ခါတည်း ဝင်စားလိုက်နော်"

မိုးဖျားမျက်ဝန်းစူးစူးတွေ ညိုချောဆီ ဖျတ်ခနဲ ခုန်ပျံရောက် သွားခဲ့၏။ ဒါ ဘာအထာလဲ။ မြင့်မိုရ်နှင့် ချောကလက်မက ဘယ်လို င်းနှီးသိသွားခဲ့တာလဲ။

"လာမယ် ညိုချော၊ ပျိုမေ့ကို ခဏစောင့်လိုက်ဦးမယ်"

မိုးဖျား နားမခံနိုင်လွန်း၍ ဂစ်တို့အုပ်စုနှင့်ရောကာ အိမ်ထဲ ထဲလိုက်သည်။ စောင့်ချင်စောင့်ပါစေ၊ ဖယားထဲ ထည့်မထားတာ ကောင်းဆုံး။

ဧည့်ခန်းထဲ ပြန်လိုက်ဝင်ခဲ့ရပေမယ့် ညိုချော မြင့်မိုရ်ကို ကြည့်ကြည့်နှင့် အားနာနေမိသည်။ ခြံထဲမှာတစ်ယောက်တည်း နေတာ မသင့်။ ပျိုမေကလည်း တကယ်ဆို ရောက်သင့်ပြီ။

ညိုချော ဧည့်ခန်းထဲက ဖုန်းလေးကောက်ယူကာ ပျိုမေ့ဆီ မ်းဆက်ကြည့်တော့ –

"-----"

"ဟင် မလာတော့ဘူး ဟုတ်လား၊ မဟုတ်တာ ပျိုမေရယ်"

"----"

"ဩော် အင်း ဒါဆို ညိုချော အိမ်ကိုလာပို့ပေးမယ်၊ သိ ား"

ဖုန်းခွက်လေးကိုပြန်ချခဲ့ပြီး ညိုချော အိမ်အပြင်သို့ အမြန်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကာ မြင့်မိုရ်ကို သူက အကြောင်းကြားရသည်။

"မြင့်မိုရ် ပျို့မေက သူ အတော်နေမကောင်းဖြစ်နေလို့ မလာဖြစ်တော့ဘူးတဲ့၊ လာလေ မိုးဖျားတို့နဲ့ တစ်ခါတည်း ဝင်စားလိုက်ပါနော်"

"ဟုတ်လား၊ အင်း ဒါဆိုလည်း ဝင်စားတာပေါ့"

မြင့်မိုရ်နှင့်ညိုချော အခန်းထဲဝင်လာတော့ စားပွဲဝိုင်းကြီးမှာ မိုးဖျားတို့လူစု ဝိုင်းဖွဲ့နေကြပြီ။ မြင့်မိုရ်အတွက် ထိုင်ခုံကို ညိုချောက ဆွဲယူညည့်ဝတ်ကျေပွန်နေတော့ မိုးဖျား မျက်မှောင်ကြီးကုတ် ကြည့်မိသည်။

မိုးဖျားရင်ထဲမှာ ဒီနှစ်ယောက်ကို ဒေါသတွေ တလိပ်လိပ် ထွက်နေမိ၏။ အထူးသဖြင့် ချောကလက်မကိုပဲ ဖြစ်သည်။ ပုံစံကြည့်တော့ မခုတ်တတ်သည့်ကြောင်မလို ခပ်ကုပ်ကုပ်နဲ့။ မြင့်မိုရ်နဲ့ကျတော့ ဖလန်း ဖလန်းထနေတာ မျက်မြင်လေ။

ရင်မှာ အလိုမကျမှုတွေနှင့် ချက်ချင်းအကြည့်လွှဲကာ အလယ် ပန်းကန်ထဲက ဟင်းချိုကို ခပ်သောက်လိုက်မိ၏။

"အား ပူလိုက်တာ ဟူး"

"ဟော့တော် သားရယ်၊ ဒီလောက်ပူနေတဲ့ကြီးကို နည်းနည်းလေး မှုတ်သောက်ပေါ့ကွယ်"

"ဒီကောင်က မွန်နေလို့ မှုတ်မသောက်နိုင်ဘူး အန်တီရေ





အား ဟား"

ဂစ်က ဝင်နောက်သည်။ မိုးဖျား မျက်နှာကြီးနီမြန်းကာ အပူဝေဒနာက ချွေးတွေစို့ထွက်လာတဲ့အထိ။

"ရေနည်းနည်းသောက်လိုက်ပါလား မိုးဖျား"

အပူသက်သာအောင် မြင့်မိုရ်က စေတနာနှင့် ဝင်ပြောသည်။ သို့သော်မဲ့ မိုးဖျားက မကြားယောင်ပြုကာ ရွှေတောင်ခေါက်ဆွဲကို လျှာပူ ပါလျက်က ငုံ့စားနေလိုက်သည်။

"မေမေလင်း ပျို့မေ့အတွက် ညိုချော ချိုင့်နဲ့ထည့်ယူပြီး သွားပို့ပေးရမလားဟင်"

ညိုချောစကားသံကြောင့် မိုးဖျား မော့ကြည့်ရင်း ပါးစပ်ထဲက ခေါက်ဆွဲတွေကို မဝါးတော့ဘဲ မျိုချပစ်ပြီးမှ –

"ဒီမှာ အပိုအလုပ်တွေ သိပ်မလုပ်နဲ့ သူတောင် မလာချင်လို့ နေတာ၊ နင်က ဘာဝင်ပြီး နာမည်ကောင်းလက်မှတ် ဝင်ယူမှာလဲ"

မိုးဖျား၏ တင်းမာခက်ထန်သောစကားကြောင့် ဂစ်တို့အား လုံး မှင်တက်စွာ မော့ကြည့်ကြသည်။ မိုးဖျားမျက်ဝန်းတွေက စိမ်းကား ခက်ထန်နေ၏။

ညိုချော ရှက်စိတ်ကြောင့် ချက်ချင်း မျက်ရည်တွေဝေ့တက် လာသည်။ ရွယ်တူတန်းတူ သူစိမ်းယောကျ်ားလေးတွေရှေ့မှာ ဒီလို အပြောခံရတာ မရှက်ဘဲ ဘယ်သူရှိပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



ညိုချော ပါးပြင်ပေါ် မျက်ရည်တွေ လိမ့်ဆင်းကျမလာခင် အခန်းထဲက ခပ်သုတ်သုတ် လှည့်ထွက်သွားသည်။

ထမင်းစားခန်းထဲမှာရှိသော မိုးဖျားက လွဲ၍ ကျန်သူအားလုံး ညိုချောကို စာနာသနားစွာ ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့ကြသည်

မိုးဖျားကိုလည်း ကြည့်ကာ အသံတိတ်အပြစ်တင်ကြမှာ သေချာ၏။ ဂစ်ကတော့ မမျိုသိပ်နိုင်ဘဲ ဦးစွာ အပြစ်တင်၏။

''မင်းကွာ မိန်းမပျိုလေးတစ်ယောက်ကို သူစိမ်းယောကျ်ား တွေရှေ့မှာ ဒီလို ရင့်ရင့်သီးသီး မပြောသင့်ပါဘူး''

ဂစ် ဝေဖန်တော့ ဇင်ဖြိုးလည်း လက်မခံစွာ ဝင်ပြောသည်

''အင်းလေ၊ မင်းရင်ထဲမှာ မွန်းကျပ်နေရင်တောင် တခြား နည်းလမ်းနဲ့ ဖြေလျှော့သင့်တယ်၊ ဟိုခမျာ အတော်ရှက်သွားမှာ''

မိုးဖျားကတော့ ပြောနေသောအသံတွေကို မကြားသယ် ဥပေက္ခာပြုပြီး ခေါက်ဆွဲကို ငုံ့စားနေသည်။

''အဟီး စိတ်ကောက်သွားပြီ၊ ငါလိုက်ချော့လိုက်မယ်နော်''

လတ်လတ် မချိုမချဉ်မျက်နှာပေးနှင့် ဝင်နောက်ရင်း ထိုင်း က ထရပ်ဖို့ ပြင်တော့ ဂစ်က ကျောကို ဖြန်းခနဲပုတ် ပြန်ဆွဲထိုင်စေ

''အရေးထဲ ဒီစားဖားကောင်ကတစ်မျောင့်၊ မင်းနိုက်နေရ လည်း ကျန်တဲ့အချိန်မှ နိုက်၊ ဒီအချိန် မိုးဖျားရဲ့ဒေါသက မင်းဆီ ရောက်လာလိမ့်မယ် နော်ရဲ့''





အချင်းချင်း နောက်ပြောင်ရင်း အခြေအနေတွေကို ပြန် သိမ်းသိမ်းလိုက်ကြသည်။ မြင့်မိုရ်ကတော့ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ပန်းကန်ထဲက ခေါက်ဆွဲကို စိတ်မပါစွာ စားနေလိုက်၏။ စိတ်ထဲက တော့ မိုးဖျားဆိုသည့်ကောင်ရဲ့မျက်နှာကို လက်သီးနှင့် အကြိမ်ကြိမ် ထိုးနေမိသည်။

အားနွဲ့တဲ့ မိန်းမတစ်ယောက်ကို ဒီလို အနိုင်ကျင့်စကားနဲ့ အရှက်ခွဲတာ ယောကျ်ားကောင်းတစ်ယောက်အလုပ်မဟုတ်ဘူးဆိုတာ ဒီကောင် သဘောမပေါက်ဘူးလား။ တကယ်ဆို သူ ဒီကိုလာတာ မိုးဖျားဖိတ်လို့ အားနာစွာ လာခဲ့တာ။ ပြီးတော့ ညိုချောဖြူရဲ့ မျက်နှာ လေးကို မြင်ချင်တာကြောင့်လည်းပါသည်။

ဆန်းဆန်းပြားပြား လှလှပပ ဝတ်ဆင်ထားတာမဟုတ်ပါဘဲ လည်း ညိုချောက သူ့မျက်ဝန်းထဲမှာ မြတ်နိုးချင်စရာ ကောင်းနေ သည်။ သူ့ရင်ကို လှုပ်ခတ်စေခဲ့တာ စတွေ့ကတည်းကပါပဲ။

ညိုချောနှင့်ဆုံသောအချိန်တွေမှာ သူ့ရင်က ကြည်နူး အေး ချမ်းမှုတစ်ခုနှင့် ပြည့်ဝနေတာ သေချာသည်။ ဒါ ဘဝမှာ ပထမဆုံး မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ခံစားမိတာ ရင်ခုန်လှုပ်ခတ်မှု တစ်ခုပါပဲ။

သူ့ဘဝ သူ့ပတ်ဝန်းကျင်မှာ ချောမောလှပသောမိန်းမတွေ ဥစ္စာမနှေရော ငွေကြေးမနှေရော ပညာအရည်အချင်းပါ ပြည့်စုံသူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းလည် ရှိပါသည်။ ဒါပေမဲ့ အံ့ဩစရာနှလုံးသားက အချစ်ကို ရှာဖွေမတွေ့နိုင်ခဲ့ပါ။

အခုတော့ ညိုချောဖြူဆိုသော သူမလေးက ရင်ထဲမှာ အနိုင်အမာ နှောင်ဖွဲ့နေခဲ့ပြီ။

ဖြစ်နိုင်လျှင် အရှက်သည်းစွာ ရှိုက်ငိုထွက်သွားရရှာသော သူမနောက်ကိုလိုက်ကာ ချော့မော့နှစ်သိမ့်ပေးချင်သည်။ မြတ်နိုးစွာ ထွေးပွေ့ထားချင်သည်။

မိုးဖျားထက်ဘုံဆိုသောကောင်ရဲ့ လောင်းရိပ်အောက်က အဝေးဆုံးကို ခေါ်ထုတ်သွားချင်တဲ့အထိပါပဲ။

သေချာတယ် ညိုချော။ မင်းကို ကိုယ့်ရင်ထဲက မြတ်နိုးစွာ ချစ်နေခဲ့တာ ကိုယ်သိလိုက်ပြီ။

✿ ✿ ✿



## အခန်း (၁၀)

ကောင်းကင်ပြာထဲမှာ လွင့်မျောနေသော တိမ်တိုက်တွေကို ငေးရင်း ညိုချောရော ဖျိုးမေပါ စကားသံတွေ တိတ်ဆိတ်နေမိကြဆဲပါ။

ရင်ထဲမှာတော့ မတူညီတဲ့ခံစားချက်တွေနှင့် နှစ်ဦးစလုံး လှိုင်းကျပ်နေခဲ့ကြတာတွေ သေချာသည်။ ထိုခံစားချက်တွေကြောင့်ပဲ ဖျိုးမေက မျှော်စင်ကျွန်းဘက် သွားထိုင်ရအောင်ဟု ဆိုလာတော့ ညိုချော မငြင်းဆိုဘဲ လိုက်ခဲ့မိ၏။

"ညိုချော သိပ်ခံစားနေရသလားဟင်"

တိတ်ဆိတ်နေသောအခြေအနေတွေကို လက်မခံနိုင်တော့သာ ဖျိုးမေ ညိုချောပခုံးလေးကို ဆုပ်ကိုင်မေး၏။ ဝမ်းနည်းစိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စတွေအဖြစ် ညိုချောပါးပြင်ပေါ် လိမ့်ဆင်းလာသည်။

“ညိုချော အရမ်းဝမ်းနည်းတာပဲ ပျို့မေရယ်”

ရှိုက်သံလေးနှင့်ဆိုရှာသော ညိုချောအသံလေးတွေက တုန်ခါနေ၏။ ပျို့မေ ငေးကြည့်ရင်း နှစ်သိမ့်စရာစကားလုံးတို့ ချက်ချင်းရှာဖွေမရ၏။

“ညိုချောရယ်၊ မိုးဖျားသူငယ်ချင်းတွေရှေ့မှာ ညိုချော အရှက်ရခဲ့တာ ပျို့မေ့ကြောင့်ပါ”

မျက်ရည်တွေကြားမှ ညိုချောခေါင်းကလေးကို သွက်သွက်ခါယမ်းရှာ၏။

“အို မဟုတ်ဘူး မဟုတ်ဘူး၊ ပျို့မေနဲ့ ဘာမှမဆိုင်ပါဘူး။ မိုးဖျားက ညိုချောဆို အမြဲဒီလိုပါပဲ၊ ညိုချောရဲ့ကုသိုလ်ကံကိုက ဆိုးတာပါ၊ ညိုချောလေ လောကကြီးမှာ အကြောက်ဆုံးက သူ့ရဲ့ အမုန်းတွေကိုပါ၊ သူသာ ညိုချောအပေါ် ကြည်ကြည်ဖြူဖြူလေး ဆက်ဆံမယ်ဆိုရင် ညိုချော သေဆိုရင်တောင် သေဝံ့ပါတယ်”

ရင်ထဲကခံစားချက်တွေကို ညိုချော မမျိုသိပ်နိုင်ဘဲ ဖွင့်ဟပြောမိ၏။ ရင်ဖွင့်ချင်လို့ပဲ ပျို့မေခေါ်တော့ ညိုချော လိုက်ခဲ့တာလေ။

“ညိုချောကို သူ စာနာကြည်ဖြူတတ်လာအောင် ကံကြမ္မာက အခွင့်မပေးတော့ဘူးလား ပျို့မေရယ်”

“ညိုချောရယ်၊ အချိန်ကာလလေးတစ်ခုပဲ စောင့်လိုက်စမ်းပါ၊





လူတစ်ယောက်ရဲ့ ဘဝတစ်လျှောက်လုံး အမုန်းတွေ ဥပေက္ခာတွေနဲ့ပဲ အစဉ်နှစ်မျော့လေ့ မရှိတတ်ပါဘူး။ အဲဒီအမုန်းတွေကို အနိုင်ယူနိုင်တဲ့ မေတ္တာတရားဆိုတာ ညိုချောရင်ထဲမှာ ရှိနေတယ်လေ၊ ညိုချော စိတ်မပျက်နဲ့ သိလား။ တကယ်တော့ မနေ့က ပျို့မေ သူ့ကို ငြင်းပယ်လိုက်တာ သူ့ဒေါသမာနတွေကို ညိုချောရှေ့ ဖြေချပစ်ခဲ့သလို ဖြစ်သွားခဲ့တာပဲ”

“ဘာကိုငြင်းတာလဲ ဘာလဲဟင်”

ပျို့မေစကားကို နားမလည်နိုင်စွာ ညိုချောမေးမိသည်။ ပျို့မေ ပင့်သက်လေးရှိုက်ကာ ပေါ့ပေါ့ပါးပါးလေး ပြုံးသည်။

“မနေ့က သူ့မွေးနေ့ဆိုပြီး ပျို့မေဆီက ချစ်ခွင့်အဖြေ မိုးဖျား တောင်းတယ်”

“ဟင်”

ညိုချောရင်ထဲမှာ လစ်ဟာသွားတဲ့ ဝေဒနာက ဝမ်းနည်းစိတ်တွေကို မောင်းထုတ် အစားထိုးဝင်လာသလိုပါပဲ။ ရင်ဘတ်ထဲမှာ ဟာလာဟင်းလင်းနဲ့ မြင်နေသမျှ တဒင်္ဂလေးမှာ ဖောက်ထိုးမိုးမျှော် ဖြစ်ကုန်သလို ခံစားလိုက်ရ၏။

“ပျို့မေ ငြင်းလိုက်တော့ သူ ရှက်တာရော၊ မာနတွေရော ပေါင်းစုံပေါက်ကွဲသွားတာပါ”

မိုးဖျားကို ပျို့မေက ငြင်းပယ်လိုက်သတဲ့။ ညိုချော ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ရမှာလား။ မတွေးတတ်ပါ။ ပျိုးမေ မျက်နှာလေးကို ငေးရင်း ရင်ထဲမှ တင်းကျပ်ပူလောင်နေတာတော့ အမှန်။

ပျိုးမေအလှက ငေးလောက်အောင် လှတာတော့သေချာ ဘေးစောင်းမြင်နေရသော မျက်နှာလေးက ဝင်းမွတ်နုညက်နေသ ပခုံးဝဲ ဆံပင်ညိုလေးတွေနှင့် စွဲမက်စရာကောက်ကြောင်းတို့ ပြေပြ သော ခန္ဓာကိုယ်လေးကလည်း ဘာပဲဆင်ဆင် တင့်တယ်ပြေပြစ်

ပျိုးမေ ချောလှသလို မိုးဖျားကလည်း ငေးလောက်အောင် လှပချစ်စရာကောင်းတဲ့ယောကျ်ားပါပဲ။

"မိုး မိုးဖျားမှာ ဘာအပြစ်ရှိလို့ ပျိုးမေက ချစ်သူအဖြ မရွေးချယ်ခဲ့တာလဲဟင်"

ညိုချော တအံ့တသြလေးမေးတော့ ပျိုးမေ ခွေခွေကလေး ငဲ့ကြည့်သည်။ ပျိုးမေ့မျက်ဝန်းအကြည့်တွေက ညိုချောကို စာနာစိ လေးတွေ ဖြာလဲ့နေတာလား၊ ရိုးအန့်ချာလိုက်တာလို့ပဲ ပြောချင်နေတ လား မသိပါ။

"ပျိုးမေ့နှလုံးသားက ရတာမလို လိုတာမရ ဖြစ်နေလို့ပေ ညိုချောရယ်"

"ဟင် ဒါဆို ပျိုးမေက တခြားတစ်ယောက်ကို ချစ်နေတယ ဆိုတဲ့ သဘောလားဟင်"

ညိုချောအမေးကို ပျိုးမေ ခေါင်းကလေးညိတ်ပြရင်း အကြည့်





တွေက ဟိုးအဝေးဆီပြန့်လွင့်မျောသွားပြန်သည်။

"ဘယ်သူလဲ ပျိုးမေ၊ ညိုချော သိခွင့်ရှိမလားဟင်"

"ရှိပါတယ် ညိုချောရယ်၊ တို့လည်း ရင်ဖွင့်ချင်လို့လေ၊ ညိုချောမေးတဲ့လူက မြင့်မိုရ်ပေါ့"

တကယ်ပါပဲ။ ညိုချော နည်းနည်းလေးတောင်မှ မရိပ်မိခဲ့တာ အမှန်။ ပျိုးမေရင်ထဲကို ညိုချောမရိပ်မိနိုင်သလို မြင့်မိုရ်ကရော –

"ပျိုးမေချစ်နေတာကို မြင့်မိုရ်ကရော ရိပ်မိသလားဟင်"

"ဟင့်အင်း၊ သူ ရိပ်မိပုံမရပါဘူး ရိပ်မိအောင်လည်း ပျိုးမေက မနေပါဘူး၊ ပျိုးမေက မြန်မာမိန်းကလေးလေ ညိုချောရဲ့ ကျေနွံ သိက္ခာတော့ ရှိရမှာပေါ့"

ပျိုးမေ့မျက်ဝန်းလေးတွေ အရောင်လဲ့နေသည်ဟု ညိုချော ထင်မိ၏။ နှုတ်ခမ်းလှလှလေးတွေကလည်း သိမ်မွေ့သောအပြုံးလေး ခိုတွယ်နေသလိုပါပဲ။ လျှို့ဝှက်ထားခဲ့ရသော အချစ်ကို ရဲဝံ့စွာ ရင်ဖွင့် ခွင့်ရလိုက်တာကြောင့်လား မသိ။

"ညိုချောရော အခုချိန်မှာ ညိုချောအတွက် တွယ်တာ နှောင်ဖွဲ့ရမယ့်သူတစ်ယောက်လောက် ရှိသင့်ပြီ မထင်ဘူးလားဟင်"

ပျိုးမေစကားကြောင့် ညိုချော ကိုယ့်အဖြစ်ကိုယ် သိမ်ငယ် သွန်းစွာ မျက်နှာလေး ညှိုးကျသွားပြီးပြုံးသည်။ အပြုံးတွေက မပီပြင်၊

"အဟင်း၊ အိမ်မက်တောင်မမက်ရဲပါဘူး ပျိုးမေရယ်၊ ညိုချော



www.burmeseclassic.com

www.burmeseclassic.com



ဘဝ အခြေအနေက အချစ်ကိုပိုက်ထွေးပြီး ရင်ခုန်နေရလောက်
အနေအထားမှ မဟုတ်တာ''

ညိုချောမျက်နှာကိုငေးကာ ပျို့မေ ငြိမ်သက်စွာ နားထော
နေသည်။ ညိုချောရင်ထဲကို မြင်ယောင်ကြည့်နေတာလားတော့မသိ
ညိုချောအာရုံထဲမှာတော့ မိုးဖျားပုံရိပ်လေးက ဝိုးတဝါးအရိပ်ထင်
သည်။

ယခုအချိန်ထိ ရင်ထဲမှာ တစ်ယောက်သောသူပဲ ရှိနေ
ညိုချော မပြောရဲ၊ ဝန်မခံရဲပါ။

''တူ တူ တူ''

တိတ်ဆိတ်နေသော ရင်ခုန်သံတွေကို ပျို့မေရဲ့ဟင်းနှု
သံလေးက လှုပ်နှိုးသည်။ ပျို့မေက ငေးကြည့်နေရင်းမှ လက်
အိတ်လေးထဲက ဖုန်းကိုဖွင့်ကာ နားထောင်သည်။

''ဟဲလို မြင့်မိုရ်လား၊ ပြော ဘာကိစ်''

တစ်ဖက်က မြင့်မိုရ်ဖြစ်နေတာမို့ ပျို့မေ့မျက်ဝန်းလေး
ဝင်းပကြည်လင်သွားတာကိုး။ ဒါပေမဲ့ စကားသံလေးတွေက ပုံ
အတိုင်းပါလား။

''____''

''မျှော်စင်ကျွန်းထဲမှာလေ၊ ကော်ဖီသောက်ရင်းနဲ့ စိတ်အ
ဖြေနေတာလေ မြင့်မိုရ်ရဲ့''





''______''

''နို့ တစ်ယောက်တည်း မဟုတ်ပါဘူး။ ညိုချောပါပါတယ်''

''______''

''ညိုချောနဲ့ ပြောမလို့ ဟုတ်လား၊ ဘာကိစ္စလဲဟင် မြင့်မိုရ်''

ပျို့မေ မျက်ဝန်းလေးတွေ အံ့သြဝိုင်းစက်သွားပြီး ညိုချောကို
လှည့်ကြည့်သည်။ ပြီးမှ ခေါင်းလေးညိတ်ကာ ညိုချောလက်ထဲ ဖုန်း
လေး လှမ်းပေးသည်။

''ညိုချောနဲ့ ပြောစရာရှိလို့တဲ့၊ အဲဒါများ ညိုချောဖုန်းဆက်
သည်း ရသားနဲ့''

အပြစ်တင်သံမဟုတ်သော လေသံဖျော့ဖျော့လေးနှင့် ပြော
ဘာ ပျို့မေ ဖုန်းလေးကမ်းပေးနေတာမို့ ညိုချော အံ့သြမျက်တောင်
လေး ပုတ်ခတ်ကာ နားထောင်လိုက်ရ၏။

''ဟဲလို မြင့်မိုရ်၊ ပြောစရာရှိတယ်ဆိုတာ ဘာလဲဟင်''

''_____''

''ရှင် မျက်နှာဖုံးကိစ္စ''

ညိုချောနှုတ်က တအံ့တသြ ရေရွတ်လိုက်သောစကား
ကြောင့် ပျို့မေ ညိုချောမျက်နှာလေးကို ဖျတ်ခနဲ မော့ကြည့်မိ၏။
ညိုချောကတော့ မြင့်မိုရ်စကားတွေကို အာရုံရောက်နေဟန်လေးနှင့်
ဆက်ပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား မြင့်မိုရ်၊ ညိုချော မလုပ်ရဲပါဘူး"

"------"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒါဆို ဒါပဲနော်၊ ဟုတ်ကဲ့"

ညိုချော ဖုန်းလေးကိုပိတ်လိုက်ပြီး စိတ်ရှုပ်ထွေး ညစ်ည… ဟန်လေးနှင့် ပျိုမေကို လှည့်ကြည့်မိသည်။ ပျိုမေကတော့ သိချင်စိ… တို့ ပြင်းပြစွာနှင့်မေး၏။

"ဘာတဲ့လဲ ညိုချော၊ မြင့်မိုရ် ဘာတွေပြောတာလဲ"

"မြင့်မိုရ်ရဲ့ သူငယ်ချင်းဓာတ်ပုံဆရာတစ်ယောက်က မဂ္ဂ… မျက်နှာဖုံးအတွက် ကာဗာဂဲလ်တစ်ယောက် လိုချင်လို့တဲ့၊ အဲဒါ ညို… ချောကို မြင့်မိုရ်က လုပ်စေချင်တယ်တဲ့"

"ဟင် တကယ်"

ပျိုမေ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားကာ မယုံသလို… မေး၏။ ညိုချော ခေါင်းလေးညိတ် မျက်နှာကလေးရှုံ့ကာ –

"ဟုတ်တယ်ပျိုမေ၊ ဒါပေမဲ့ ညိုချော မလုပ်ရဲပါဘူး"

"အို ဘာလို့ မလုပ်ရဲရမှာလဲ၊ ဒါ ညိုချောအတွက် အကော… ဆုံး အခွင့်အရေးတစ်ခုပဲ၊ လုပ်သင့်တာပေါ့၊ ညိုချောလုပ်ရမယ်"

"ဟင့်အင်း၊ ညိုချောက ပျိုမေလောက်မှ မလှတာ၊ ဒီလို… ပါလား၊ ညိုချောရဲ့အစား ပျိုမေပဲ လက်ခံလိုက်ပါလားဟင်"

"ဟာ မဖြစ်နိုင်တာ၊ ဟိုက ကမ်းလှမ်းနေတာကို ညိုချော…





လေ၊ ပျိုမေကိုမှ မဟုတ်တာဘဲ၊ ဒီမှာညိုချော ဒီအခွင့်အရေးကို ညိုချော လုံးဝလက်လွှတ်ဆုံးရှုံးမခံနဲ့နော်၊ အရှင်းဆုံးပြောရရင် ညိုချောကို အနုပညာလမ်းကြောင်းပေါ်ကို အောင်မြင်မှုတွေနဲ့ လျှောက်လှမ်းစေချင်တယ်၊ အဲဒါ ပျိုမေ့ဆန္ဒပဲ"

ပျိုမေက ဇွတ်လက်ခံဖို့ ပြောနေသည်။ ညိုချောကတော့ တွေတွေလေး ဖြစ်နေမိတုန်း။ ပျိုမေက ညိုချောပခုံးလေးကို အားမလို အားမရ ဆုပ်ကိုင်ပြီး ဆက်ပြောသေးသည်။

"မတွေဝေစမ်းပါနဲ့ ညိုချောရယ်၊ ဒါမှ မိုးဖျားရဲ့ အထင်သေး စိတ်တွေ ညိုချောအပေါ် လျော့ကျသွားမှာ၊ အခုတော့ ညိုချောအစား ပျိုမေတောင် မခံနိုင်ဖြစ်နေမိတာ၊ သိလား။ ဒါကြောင့် ဒီအခွင့်အရေးကို ညိုချော လက်လွှတ်မခံစမ်းပါနဲ့"

ပျိုမေက အပြည့်အဝထောက်ခံရင်း ခွန်အားတွေ ပေးလို့နေသည်။ ညိုချော ခေါင်းလည်းမညိတ် ခေါင်းလည်းမခါနိုင် ဖြစ်နေ၏။

စိတ်ထဲမှာက သိမ်ငယ်စိတ်တွေသာ ကြီးစိုးလို့နေတာ အမှန်ပေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"အောင်မယ်လေး ဝမ်းသာလိုက်တာသမီးရယ်၊ မေမေ
ကတော့ အိပ်မက်မက်နေသလားလို့တောင် ထင်မိပါရဲ့ကွယ်"

မေမေလင်းကတော့ ဝမ်းသာအားရသံကြီးနှင့် ဆိုနေသ
ညိုချောကတော့ တစ်စုံတစ်ခုကို ကြောက်နေဟန်နှင့်ကြည့်ရင်း

"ဒါပေမဲ့ ဟို ညိုချောသတ္တိမရှိဘူး မေမေလင်းရယ်၊ ပြီး
ဟိုလေ မိုးဖျား ညိုချောကို အပြစ်ပြောမှာကြောက်တယ်၊ ကို
မတန်မရာ လုပ်တယ်ဆိုပြီးတော့လေ"

"အို ဘာလို့ ပြောရမှာလဲသမီးရဲ့၊ ဒါ သမီးရဲ့ကိုယ်ပိုင်အ
အရေးပဲ၊ သူ ဘာမှစွက်ဖက်ပိုင်ခွင့် မရှိဘူးလေ၊ သမီးကိုအပြစ်ပြော
မေမေလင်းနဲ့တွေ့မယ်"





မေမေလင်းကတော့ မိုးဖျား မနှောင့်ယှက်ရေးအတွက် ညို
ဘက်က အပြည့်အဝရပ်တည်ကာ စစ်ကြေညာသည်။

တကယ်ဆို ညိုချော စိုးရိမ်ပိုလွန်းနေတာပဲလား မသိ။ လူ
ယောက်အတွက် ကိုယ့်အရည်အသွေးကို ဖော်ထုတ်ခွင့်ရှိတာ
နှုန်ပဲလေ။ ညိုချောလည်း ကြိုးစားပြပိုင်ခွင့်တော့ ရှိတာသေချာ
သည်။

ညိုချောအတွက် ပေးလာသောအခွင့်အရေးကို လွတ်လပ်
ရွေးချယ်နိုင်ခွင့်ရှိသည်။ မေမေလင်းရော ပျိုမေကပါ ဝမ်းသာ
ရ ထောက်ခံကြသည်။ ဘာကြောင့်မှား မိုးဖျားကိုပဲ ညိုချော
ခုံထဲမှာ ဦးထိပ်ထားထည့်တွက်နေမိတာလဲ မသိ။

"ဒါနဲ့ ဒီကိစ္စကို ဘယ်တော့ အကောင်အထည်ဖော်မယ်လို့
င်မြင့်မိုရ် ပြောသလဲသမီး"

မေမေလင်းကတော့ အလောတကြီး မေးနေချေပြီ၊ ညိုချော
မေလင်းကို မော့ကြည့်ရင်း –

"သမီးဘက်က ခေါင်းညိတ်ရင် သူတို့ဘက်က စအကောင်
ည်ဖော်မယ်ထင်တယ်"

ထိုစဉ်မှာပဲ ဆင်ဝင်အောက်ဆီကို မောင်းဝင်လာသော အဖြူ
င် လင်ခရူဆာကားကြောင့် ညိုချောရော မေမေလင်းပါ လှည့်
ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ မြင့်မိုရ်ရဲ့ကားဖြစ်သည်။ ကားက ဆင်ဝင်အောက်မှာ ထိုးရပ်တော့ မြင့်မိုရ်ဆင်းလာသည်။ မေမေလင်းက သံပန်းတံခါးကို ဆွဲဖွင့်ကြိုဆိုနေပြီ။

''ဘယ်သူများလဲလို့ မောင်မြင့်မိုရ်ပါလား။ လာလေ အထဲဝင်''

''ဟုတ်ကဲ့အန်တီ၊ အန်တီ့ဆီက ခွင့်တောင်းရင်း ဆွေးနွေးစရာလေးရှိလို့ လာတာပါ''

''ညိုချောလေးကိစ္စမို့လား၊ အခုပဲ မင်းအကြောင်းတွေ အန်တီတို့ ပြောနေကြတာ၊ ထိုင် မောင်မြင့်မိုရ်''

မြင့်မိုရ်က ဆိုဖာထိုင်ခုံမှာဝင်ထိုင်ရင်း ညိုချောကို ပြုံးပြ နှုတ်ဆက်ရင်း –

''ဒါကြောင့် ကျွန်တော် တစ်လမ်းလုံး ကားမောင်းရင်းနဲ့ အိပ်ချင်စိတ်တွေ ဖြစ်လာတာကိုး''

မြင့်မိုရ် ရယ်မောရင်းပြောတော့ မေမေလင်းရော ညိုချောပါ ရယ်မိကြပြန်သည်။

ဆင်စွယ်ရောင် တီရှပ်လက်ရှည်နှင့် ဂျင်းအနက်ဖျော့ ဘောင်းဘီကို ဝတ်ဆင်ထားသော မြင့်မိုရ်ကတော့ အမြဲတမ်း စမတ်ကျနေသည်ဟု ညိုချောထင်သည်။ ရွှေရောင်ဆံပင်တွေနှင့် ဖြူဥချောမွေ့သော မျက်နှာက အမြဲတမ်း ရှင်းသန့်ကြည်လင်နေ၏။

''ဒါနဲ့ ညိုချောကိစ္စကို အန်တီသိပြီးပြီပေါ့၊ အန်တီ ဘယ်လို





ဘောရသလဲခင်ဗျာ၊ ညိုချောရော စဉ်းစားပြီးပြီလား''

မြင့်မိုရ်က မေမေလင်းကို မေးရင်း ညိုချောကိုပါ ကြည့်ပြီး နေသည်။ ညိုချော ဘာမှမဖြေနိုင်ခင်မှာဘဲ မေမေလင်းက ဦး ောင် ဝင်ဖြေပေးသည်။

''ဒီကိစ္စက ဘာမှ စဉ်းစားစရာမလိုတဲ့သားရယ်၊ အန်တီလင်း တော့ အပြည့်အဝ လက်ခံသဘောတူတယ်၊ ညိုချောလေးကို ခုပဲ သဘောပေါက်အောင် ပြောပြနေတာ၊ ကိုယ့်ဆီကို တန်းတန်း ်ဝတ်ရောက်လာတဲ့ အခွင့်အရေးကို လက်လွှတ်မခံစေချင်ဘူးလေ''

''ကျွန်တော်လည်း ဒီလိုပါပဲ အန်တီ၊ ညိုချောကို အောင်မြင် တွေ ရစေချင်တယ်၊ အခုဆို သင်တန်းမှာ ညိုချောရဲ့သင်ယူတတ် က်မှုကလည်း အတော့်ကို အားရကျေနပ်စရာ ကောင်းပါတယ်''

ညိုချောအကြောင်းတွေ ပြောပြကာ မြင့်မိုရ်ချီးကျူးနေတော့ ်လင်းမျက်နှာက ကျေနပ်ပီတိတွေနှင့် ဖြာလဲ့နေသည်။ မေမေ ်ရဲ့ဆန္ဒနှင့် အပျော်တွေကို ညိုချော မချေဖျက်ရဲတော့တာမို့လည်း ်မေးလာတော့ ခေါင်းလေးညိတ်ကာ ဖြေရတော့သည်။

''ညိုချော လက်ခံပါတယ်မြင့်မိုရ်၊ ကိုယ့်ကိုယ်ကိုယ် မယုံရဲပေ ် ညိုချော ကြိုးစားကြည့်ပါ့မယ်၊ မေမေလင်းဖြစ်စေချင်တဲ့ အခြေ ်နေရောက်အောင် ညိုချော ကြိုးစားမှာပါ''

ညိုချောအဖြေကြောင့် မေမေလင်း ကျေနပ်သွားသည်။ မြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုရ်ကလည်း ဝမ်းသာအားရနှင့် မျက်ဝန်းတွေ တောက်ပသွားခဲ့ကာ

"ကြိုးစားပါ ညီချော၊ ညီချောမှာ Talent ရှိပြီးသားပဲ ဘာလို့ မဖြစ်ရမှာလဲ၊ ဖြစ်ကိုဖြစ်ရမယ်"

မြင့်မိုရ်ကတော့ ညီချောအပေါ် အပြည့်အဝ ယုံကြည်စွာ ဆိုနေသည်။ ညီချောမှာတော့ ကိုယ်နှင့်မအပ်စပ်သော အလုပ်ကြီး အတွက် ကြိုတွေးကာ ရင်ထဲမှာ မောချင်ချင် ဖြစ်နေမိ၏။

ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ညီချော မနိုင်ဘဲ ထမ်းပိုးမိသလို ဖြစ်မှာ တွေးကြောက်နေမိသည်။

"ဒါဆို ညီချောကို မိတ်ကပ်စမ်းဖို့ မိတ်ကပ်ဆရာဆီသွား မယ်"

"ရှင် အခုလား မြင့်မိုရ်"

"အင်းလေ၊ ဘာဖြစ်လို့လဲ၊ မအားလို့လား ဒါမှမဟုတ် ကိုယ် နည်းနည်း စိတ်မြန်သွားပြီထင်တယ်"

မြင့်မိုရ်က ညီချောကိုကြည့်ပြီး ပြုံးပြုံးလေးပြောတော့ မေ မေလင်းက –

"အို စိတ်မြန်တယ်လို့ ဘယ်ဟုတ်ပါ့မလဲ၊ ဘယ်အလုပ်ကို မဆို အချိန်မဆွဲတတ်တာ ဒီခေတ်လူငယ်တွေရဲ့ စွမ်းအင်တစ်မျိုးပဲ မဟုတ်လား၊ မင်းညီမ စိတ်မပြောင်းခင် အန်တီကတော့ အကောင် အထည်ဖော်စေချင်တယ်"





မေမေလင်းကတော့ ညီချော စိတ်ပြောင်းပြီးငြင်းမှာ တွေးပူ နေပုံရ၏။ ညီချောအရေးကိစ္စကို ညီချောထက် မေမေလင်းနှင့် မြင့် မိုရ်တို့က ပိုမိုတက်ကြွလို့နေကြသည်။

"သမီး စိတ်မပြောင်းပါဘူး မေမေလင်းရဲ့၊ အခုချက်ချင်းကြီး ဆိုတော့ ဘာမှ မပြင်ဆင်ရသေးလို့ မေးတာပါ"

"အောင်မယ်လေး သမီးရယ်၊ သမီးက ဘာမှမပြင်ဆင်လည်း လှပြီးသား၊ အဟင်း ဟုတ်တယ်နော် မောင်မြင့်မိုရ်၊ အန်တီ့သမီးက လှတယ်မဟုတ်လား"

"လှပါတယ် အန်တီ၊ ဒါကြောင့် ဒီအခွင့်အရေးကို ရတာ ပေါ့ သက်သေပေါ့၊ ကျွန်တော့်သူငယ်ချင်းက သင်တန်းမှာ ညီချောကို မြင်ပြီး ဖြစ်ရမယ်လို့ အကြွင်းမဲ့ကိုယုံကြည်သွားတာပဲ ကြည့်လေ"

မေမေလင်းက ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေသလို မြင့်မိုရ်က လည်း ခိုးကျုံးနေတော့ ညီချောမျက်နှာလေး ပန်းသွေးရောင်လွှမ်းနေ သည်။

"ဪ တစ်လက်စတည်း အလှဖန်တီးရှင်ဆီဝင်, မိတ်ကပ် စမ်းပြီးတာနဲ့ ဓာတ်ပုံစတူဒီယိုအခန်းကိုသွားပြီး အစမ်းရိုက်ရမှာနော်၊ အဲဒီအတွက် လိုအပ်တဲ့ဝတ်စုံအတွက် ရွေးပင်းနဲ့ထွက်ဖို့ ညီချော အချိန်ပေးရမှာနော်၊ ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ဖြစ်ပါတယ် မြင့်မိုရ်၊ ဟို ဒါပေမဲ့ ဟိုလေ အ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်အစားတွေက အများကြီး ဝယ်ရှမှာလားဟင်"

ညိုချောမေးမိတာ ငွေကုန်ကြေးကျများလွန်းမှာစိုးလို့ ဖြစ်သည်။ မေမေလင်းခမျာ ညိုချောအတွက် ငွေတွေကုန်နေခဲ့တာ အတော်များပြီ။ ကာဟာဂဲလ်ဖြစ်တာ နောက်မှ၊ မေမေလင်းက လောလောဆယ် ငွေကြေးတွေ တနင့်တပိုးကြီးကုန်မည့်အဖြစ်တော့ မဖြစ်စေချင်ပါ။

"ဝယ်တော့ဝယ်ရမယ် ညိုချောရဲ့၊ ဒါပေမဲ့ ညိုချောတို့ ထုတ်စရာမလိုဘူး။ သူ့စပွန်ဆာနဲ့သူ ရှိပြီးသားပါ၊ အဲဒီကုန်ကျစရိတ်ကို ညိုချောရဲ့အနုပညာကြေးတစ်ခုလို သဘောထားလို့ ရတာပေါ့"

"စပွန်ဆာပေးတာက ပေးတာပေါ့သမီးရယ်၊ ကိုယ့်ဘက်က တော့ ငွေထည့်သွားရမှာပဲပေါ့၊ ယူသွားလိုက်"

မြင့်မိုရ်က မလိုဘူးဆိုပေမယ့် မေမေလင်းကတော့ ငွေယူသွားဖို့ ပြောနေ၏။

"မလိုဘူး အန်တီလင်း၊ အန်တီလင်းတို့ဘက်က ကုန်ကျစရိတ် တစ်ပြားမှကို ကုန်စရာမလိုဘူး"

မြင့်မိုရ်နှင့်မေမေလင်းတို့ အပြန်အလှန် ငြင်းဆိုနေကျချိန်မှာ ညိုချော အခန်းထဲဝင်ပြီး ကပျာကသီ အဝတ်အစား လဲလှယ်လိုက်သည်။

မေမေလင်းကို နှုတ်ဆက်ပြီး ညိုချော မြင့်မိုရ်ရဲ့ကားလေးနှင့်





...ထွက်ခဲ့သည်။ မြင့်မိုရ်က အိမ်အပြန်လိုက်ပို့ပေးပါမည်ဟု မေမေလင်း ...ကို ကတိစကားဆိုသည်။

မေမေလင်းကတော့ ခေါင်းညိတ်ကျေနပ်စွာနှင့် ကျန်ရစ်ခဲ့ပါ ...ည်။

✿

မိုးဖျား မျက်ခုံးတွေ ပင့်တက်သွားသည်။ သူ့ကား ခြံရှေ့ ...ရောက်ခင်မှာပဲ ခြံထဲက မောင်းထွက်လာသောကားကို မြင်လိုက် ...တာ ဖြစ်သည်။

မှန်တံခါးဖွင့်ထားသော ကားထဲမှာ ညိုချောကိုလည်း အထင် ...အရှား မြင်လိုက်ရပါသည်။ ပြီးတော့ ဒါ မြင့်မိုရ်ရဲ့ကားဆိုတာ သူသိပြီး ...သား။ သူကသာ မြင်တွေ့လိုက်ရတာဖြစ်သည်။ ညိုချောတို့က သူ့ကို ...မြင်ကြပါ။

သူ့ကား ခြံရှေ့ရောက်ချိန်မှာ မြင့်မိုရ်ကားက အတော်ခပ်လှမ်း ...လှမ်းကို ရောက်နေခဲ့ပြီဖြစ်၏။

မြင့်မိုရ်နှင့်ညိုချော ဘယ်သွားကြတာလဲ။ သိချင်စိတ်တွေက ...နှလုံးသားထဲကို အလုံးအရင်း ဝင်ရောက်လာကြသည်။ သူ့ကားကို ဆင်ဝင်



www.burmeseclassic.com

www.burmeseclassic.com



အောက်အထိ ကသောကမျော မောင်းဝင်ခဲ့သည်။

ဆင်ဝင်အောက်ရောက်သည်နှင့် ကားတံခါးဖွင့်ဆင်းပြီး ဧည့်ခန်းထဲ ဝင်ခဲ့၏။ မေမေနှင့် ဧည့်ခန်းထဲမှာပဲ နှစ်ဦးတည်း ထိပ်တိုက်ဆုံသည်။

"ဟော သားပြန်လာပြီ၊ စောသားပဲ"

မေမေ နှုတ်ဆက်စကားကို သူပြန်မဖြေနိုင်ဘဲ သူသိချင်နေသော ကိစ္စကိုပဲ ချက်ချင်းမေးမိသည်။

"မေမေ ဟိုချောကလက်မက မြင့်မိုရ်နောက်ကို ဘာကြောင့် ပါသွားရတာလဲ၊ ဒီကောင်နဲ့ ချောကလက်မ ဘာဇယားတွေ ရှုပ်နေတာလဲ"

မိုးဖျားအမေးစကားကြောင့် ဒေါ်ကြင်ကြင်လင်း ချက်ချင်း ဘာဖြေရမှန်းမသိ ဖြစ်သွားမိသေး၏။ ပြီးမှ ဟန်မပျက်ဘဲ ခေါင်းထဲ ချက်ချင်းဝင်လာသော မုသာဝါဒစကားကိုပဲ ခပ်တည်တည် ပြောလိုက်သည်။

"ညိုချော ကျူရှင်တက်ဖို့ကိစ္စ လိုက်လုပ်ပေးတာပါ"

"ကျူရှင်ကိစ္စ၊ အဲဒါ ဒီကောင်နဲ့ဘာဆိုင်လို့လဲ"

"ညိုချောနဲ့မောင်မြင့်မိုရ်က ရင်းနှီးပြီးသားပဲလေ သားရဲ့၊ မေမေမလုပ်နိုင်လို့ အကူအညီတောင်းလိုက်တာ၊ သားကိုနိုင်းရင်လည်း လုပ်ပေးနိုင်မှာမှ မဟုတ်တာ"





"ကျူရှင်တက်တာ ဘာခက်ခဲတဲ့ကိစ္စမို့လို့လဲ၊ ဒီကောင်လည်း ဘာမှ လုပ်ပေးစရာမလိုဘူး၊ ဒီတော့သူမ ဘာတွေရှုပ်ရှုပ်ယှက်ယှက် လုပ်ပြန်ပြီလဲ မသိဘူး"

သူ မကျေမနပ် ရေရွတ်ရင်း ကိုယ့်အခန်းဆီကို ထွက်ခဲ့တော့ မေမေ ဘာမှမပြောဘဲ နှုတ်ဆိတ်ကျန်ရစ်ခဲ့သည်။

အခန်းထဲရောက်သည်အထိ စိတ်တွေက အလိုမကျစိတ်နှင့် ဆူဝေချင်နေသည်။ မြင့်မိုရ်ကိုလည်း ဒေါသတွေ ဖြစ်နေသည်။

ဒီကောင်က သူနဲ့ပျိုမေကြားမှာ အဖျက်အဆီးကောင် တစ်ယောက်၊ သူ့ရဲ့ဆန္ဒကျင်ဘက် ခံစားမှုတွေထဲကို ဒီကောင် ဘာကြောင့် ဝင်စွက်ဖက်နေတာလဲ တွေးတောမရတာ အမှန်ဖြစ်သည်။

ရင်ထဲက ဒေါသတွေကို သက်ပြင်းတစ်ချက်နှင့် မှုတ်ထုတ်လျှော့ချပစ်ရင်း အဝတ်အစားတွေ လဲလှယ်နေလိုက်သည်။

အခုတစ်လော သူ့စိတ်တွေ ဆူဝေလွယ်နေတတ်၏။ ပျိုမေကိုလည်း မကျေနပ်၊ မြင့်မိုရ်ကိုလည်း မကျေနပ်၊ ညိုချောကိုလည်း အလိုလို စိတ်ကဒေါသတွေ ဖြစ်နေတာ မှန်သလား၊ မှားသလား။ မတွေးချင်တော့ပါ။

✿



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်က ဖိတ်ကပ်ပြင်ဖို့ အလှပြင်ခန်းကို အရင်မသွားသေ ဘဲ ဒီဇိုင်နာဆရာမဆီ အရင်ဝင်သည်။

"မပွင့်ရေ၊ ကျွန်တော်ပြောထားတဲ့ဝတ်စုံတွေ အသင့်ဖြစ် လား"

"အားလုံးအသင့်ပါပဲ မြင့်မိုရ်၊ အစ်မမျှော်နေတာ"

ဒီဇိုင်းနာဆရာမက မြင့်မိုရ်ကို ပြုံးရွှင်ရင်းနှီးစွာ ဆီးကြ နှုတ်ဆက်ရင်း သူ့အနောက်က ကပ်ပါလာသော ညိုချောကို လှ ကြည့်အကဲခတ်နေ၏။

"ဝတ်စုံက ဘယ်မော်ဒယ်လ် ဝတ်မှာလဲ"

BURMESE CLASSIC .com

"ဒီမှာ သူလေ၊ ညိုချောဖြူတဲ့"

"ဩော် ညီမလေးလား။ အသစ်နဲ့တူတယ်နော်၊ အခုမှ မြင် လို့"

"ဟုတ်တယ် မပွင့်၊ သူ့မှာ အနုပညာမှော်ရှိတယ်လို့ ကျွ တော် ခံစားရလို့ မျက်နှာဖုံးကာဘာအဖြစ် အရင်ဆုံး ပွဲထုတ်ကြည့်မ လေ"

"မြင့်မိုရ်ထုတ်ရင် မအောင်မြင်ဘူးဆိုတာ မရှိပါဘူး။ မ ယုံတယ်၊ ဒီဝတ်စုံလေးနဲ့သာဆိုရင် ညီမလေးရဲ့အလှတွေ ပိုပြီး ရုပ်ေ ကြွလာမှာ အသေအချာပါပဲ"





မပွင့်ကတော့ ညိုချောကိုကြည့်ကာ ချီးမွမ်းခန်းတွေ ဖွင့်နေ သည်။ ညိုချောက ရှက်မျက်နှာလေးနှင့် ပြုံးနေသည်။

"ကဲ ညိုချော Fitting room ထဲဝင်ပြီး ဝတ်ကြည့်ပါဦး"

သူပြောတော့ ညိုချော ခေါင်းလေးညိတ်သည်။ မပွင့်နှင့်အတူ အခန်းထဲဝင်ကာ ညိုချော ဝတ်စုံလဲနေတော့ သူထိုင်ခုံမှာပဲ ထိုင်စောင့် နေလိုက်သည်။

ဝတ်စုံလေး ဝတ်ဆင်ပြီး ညိုချော ပြန်ထွက်လာတော့ မြင့်မိုရ် မှင်တက်စွာ ငေးမောကြည့်သွားမိတဲ့အထိ။

အနီရောင်ဖဲသားပေါ်မှာ ခရစ်စတယ်လ်ကျောက်လေးတွေနှင့် ဒီဇိုင်းဖော်ထားသော ဂါဝန်ရှည်ကျပ်ကျပ်ကလေးက ညိုချောအလှတွေ ကို ပိုပြီး ထင်ရှားပေါ်လွင်စေသည်။

"ကဲ ဘယ်လိုလဲ မြင့်မိုရ်၊ ဒီဝတ်စုံလေးနဲ့ ညိုချောဖြူကို မှင်တောင် ငေးကြည့်နေရပြီမဟုတ်လား"

မပွင့်က ပြောပြောဆိုဆို ညိုချောခေါင်းလေးထက်ကို အနီ ရောင်အပွင့် ဦးထုပ်ဝိုင်းကြီး ဆောင်းပေးလိုက်သည်။ သူငေးမောကြည့် နေမိဆဲ။ မပွင့်ကတော့ ပြောပြောဆိုဆိုနှင့် ညိုချောဖြူ၏ ကိုယ်ဟန် အနေအထားကို လှည့်ပတ်ကြည့်ရှုနေသည်။

"ညီမလေး ကိုယ်ကို တစ်ပတ်လှည့်ပြီး ခေါင်းလေးမော့ကြည့် စမ်း"



www.burmeseclassic.com

မပွင့်စေခိုင်းတော့ ညိုချောခန္ဓာကိုယ်လေးကို တစ်ပတ်လှည့်ပြတော့ –

"အို အမေ့"

"ဟာ ညိုချော"

စီးထားသော ပင်စဲလ်ဟီး ဒေါက်ဖိနပ်လေးကြောင့် ညိုချောခန္ဓာကိုယ်လေး ယိုင်ကျသွားသည်။ မြင့်မိုရ်က ကသောကမျော လှမ်းထိန်းပေးလိုက်တာမို့ ရင်ခွင်ထဲမှာ ညိုချောရောက်သွားသည်။

"အဆင်ပြေရဲ့လား ညိုချော"

"ရပါတယ် ရတယ်၊ ညိုချော ဘာမှမဖြစ်ဘူး မြင့်မိုရ်"

မြင့်မိုရ်ရင်ခွင်ထဲ ရောက်နေသော ညိုချောမျက်နှာလေး ရှက်စိတ်တွေ ရဲရဲနီနေ၏။ အနီးမှာ ဒီဇိုင်နာမပွင့်သာမရှိလျှင် မြင့်မိုရ် ညိုချောကို တင်းတင်းပွေ့ဖက်ပြီး နမ်းရှိုက်ပစ်လိုက်ချင်သည်။

ရင်ထဲမှာ နွေးထွေးခြင်းနှင့်အတူ ချစ်ခင်မြတ်နိုးခြင်းတွေ သူ့သွေးသားထဲ စီးမျောနေသလို ရှိ၏။

သူ့ရင်ခွင်ထဲက ညိုချော ခွာထွက်သွားပေမယ့် ညိုချော ကိုယ်သင်းရနံ့တွေ သူ့ခန္ဓာကိုယ်မှာ စွဲထင်ကျန်ရစ်ခဲ့သည် ထင်သည်။

"ကဲ ညိုချော Beauty Spa ကို သွားရအောင်နော်"

ဝတ်စုံကိစ္စပြီးတော့ ဒီးဒီးဆိုင်ကို ထွက်ခဲ့ကြသည်။ ညိုချော မှာ ဘယ်လိုနေသည်မသိပေမယ့် သူ့ရင်မှာတော့ ရင်ခုန်သံတွေ လှ





ထိစီးမျောရင်း ကြည်နူးလိုက်ဖို့လို့နေ၏။

ဖြစ်နိုင်လျှင် သံယောဇဉ်ခင်မင်မှုတွေကို အကြာကြီး ဆွဲဆန့်ထားချင်တော့ပါ။ ဒါပေမဲ့လည်း ဒီအချိန်မှာ ညိုချောကို ဖွင့်မပြောရက်ပါ။ ခင်မင်မှုကို အခွင့်ကောင်းယူသူလို့ ထင်သွားမှာ သူစိုးရိမ်သည်။

မိတ်ကပ်ဒီးဒီးဆီရောက်တော့ ဒီးဒီးက ညိုချောကို စိတ်တိုင်းကျ ပြင်ဆင်ခြယ်သပေးပါသည်။

"အိုး ရက်ရက်စက်စက် လှရက်ပါပေ့ဟယ်"

ဒီးဒီး၏ရေရွတ်သံကြောင့် ဂျာနယ်ဖတ်ရင်း လိုင်စောင့်နေသော သူ့အကြည့်တွေ ညိုချောဆီ လွင့်မျောရောက်သွားခဲ့သည်။

မိတ်ကပ်မှုန်မှုန်လေး ခြယ်သလိမ်းခြယ်ထားသော ညိုချောမျက်နှာလေးကို သူ မှေ့မော ငေးမျောမိသွားသည်။ ဆံပင်ခွေခွေလေးတွေက ညိုချောပခုံးနှစ်ဖက်ပေါ်မှာ ဝဲကျလျှက် ဝင်းမွတ်သောမျက်နှာလေးက ထင်ရှားပေါ်လွင်နေ၏။

နဂိုရှိရင်းစွဲအလှတွေက ဒီးဒီး ပြင်ဆင်ခြယ်သမှုအောက်မှာ ညိုချောရဲ့အလှတရားတွေကို စစ်ယူထုတ်လိုက်သလို တောက်ပသွားသလား ထင်မှတ်ရသည်။

"မြင့်မိုရ် ရင်တော့ လူရွေးမှန်သွားပြီ၊ ညိုချောဖြူလေးက ဘာကယ်ထင်ပေါ်အောင်မြင်လာဦးမှာ၊ သိလား"

ဒီးဒီး ဝမ်းသာကျေနပ်စွာ ချီးကျူးသည်။ မပွင့်ရော ဒီးဒီးပါ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ချီးကျူးအောင် ညိုချောရဲ့အလှတွေ ပေါ်လွင်နေတာ
လည်း မျက်မြင်ဖြစ်၏။

"ကျေးဇူးပဲ ဒီးဒီးရေ၊ ကိုယ်တို့ ဓာတ်ပုံတိုက်သွားရအုံး

"အိုခေ အိုခေ မြင့်မိုရ်၊ ညိုချောဖြူကို ပြင်ဆင်ခွင့်
ဒီက ဂုဏ်ယူတယ်သိလား၊ ကဲ နောက်များမှ ဆုံကြစို့"

ဒီးဒီးကို နှုတ်ဆက်ပြန်ခဲ့တော့ သူ ညိုချောအလှကို မချိုး
ဘဲ မနေနိုင်စွာ တီးတိုးနှစ်ကိုယ်ကြား ဆိုမိ၏။

"လှလိုက်တာ ညိုချောရယ်၊ ပြတိုက်ထဲတောင် ပို့လိုက်
ကောင်းမလားလို့ အတွေးဝင်သွားမိအောင်ပဲကွာ"

"ကျေးဇူးတင်ပါတယ် မြင့်မိုရ်"

ညိုချော ရှက်ပြုံးလေးနှင့်ပဲ ပြောမိသည်။ ဓာတ်ပုံစတူ
သွားသည့် တစ်လမ်းလုံး ညိုချောပုံရိပ်တွေကိုပဲ မြင့်မိုရ် မကြာ
လှည့်ကြည့်နေတာ သိနေ၏။

တော်ပါသေးရဲ့၊ စတူဒီယိုက သိပ်အဝေးကြီး မဟုတ်

"ကဲ လိုက်တင်အရောင်လေးတွေရှိတုန်း စမ်းကြည့်ရအော
မြင့်မိုရ်ရေ၊ မင်္ဂလာဆောင်အတွက်တော့ ငါ စိတ်ကျေနပ်သွားပြီကွာ"

မြင့်မိုရ်မိတ်ဆွေ ဓာတ်ပုံဆရာကလည်း ညိုချောပြင်ဆင်
သမျှ ကျေနပ်သွားကာ စိတ်တိုင်းကျ ရိုက်ကူးသည်။

ခက်ခဲသည်ထင်ထားသော ကိစ္စကြီးကို ညိုချော အဆင်





ပြေနှင့်ပဲ ကျော်လွှားနိုင်ခဲ့တာမို့ ဝမ်းသာ ကျေနပ်မိ၏။

ဓာတ်ပုံစတူဒီယိုက ပြန်ခဲ့တော့ ညိုချောကို သူခွင့်တောင်းဆို
မိ၏။

"ညိုချော ကော်ဖီဆိုင်ထိုင်ကြရင် ကောင်းမလား၊ စိတ်လေး
ညည်းနည်းလန်းသွားအောင်လို့လေ"

"ဟင် ဒီလိုပြင်ဆင်ထားပုံကြီးနဲ့တော့ မထိုင်ရဲပါဘူး မြင့်မိုရ်
ရယ်"

အလှပဆုံး ပြင်ဆင်ဝတ်စားထားသောပုံစံကို ညိုချော ငုံ့
ကြည့်ရင်း ပြောမှ သူလည်း သတိရသွားမိကာ –

"ဟာ ဟုတ်သားပဲ၊ တော်ကြာ ကိုယ်တို့ မော်ဒယ်လ်လေးကို
လူတွေဝိုင်းငေးကြမှာ၊ မိန်းကလေးချင်းက ပြဿနာမရှိဘူး၊ ယောကျ်ား
လေးတွေဆိုရင် အဲဒီကောင်တွေကို ကိုယ့်စိတ်တွေက ဝန်တိုမိမှာ
သေချာတယ်"

မြင့်မိုရ်က သူ့ရင်ထဲက ခံစားချက်တစ်စွန်းတစ်စကို ညိုချော
သိမိအောင် လှစ်ပြသည်။ ဒါပေမဲ့ ညိုချောကတော့ မရိပ်မိရှာဘဲ
ပြုံးပြုံးလေးပြန်ကြည့်နေသည်။

မြင့်မိုရ်ရင်ထဲ ရယ်လည်းရယ်ချင်၊ စိတ်လည်းညစ်သွားမိ
သည်။

တကယ့်ကို ရိုးသားလွန်းတဲ့ ညိုချောပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်လှသော ဒီကောင်မလေးရဲ့ ချစ်ခြင်းကိုသာ ပိုင်ခွင့် ရခဲ့လျှင် သူ့ဘဝမှာ ဘာမှမလိုတော့ဟုတောင် ယုံကြည်မိတဲ့ ပါပဲ။

ညီုချောရယ် အခွင့်အရေးယူတယ် မထင်လိုက်ပါနဲ့။

မင်းလေးကို ဆုံးရှုံးမှာ စိုးကြောက်တဲ့စိတ်နဲ့ ကိုယ့်နှလုံး က ပိုပိုပြီး ချစ်တတ်လာခဲ့တာ မင်းသိခဲ့ရင်

ဘယ်လိုဆုံးဖြတ်မှာလဲ ညီုချောရယ်။

✿ ✿ ✿



## အခန်း (၁၂)

"ဟော့ နင် ငါ့အခန်းထဲကို ဘာဝင်လုပ်တာလဲ"

မထင်မှတ်ဘဲ ရုတ်ခနဲ ပေါ်ထွက်လာသော မိုးဖျားအသံကြောင့် ခြံအမြင့်ကြီးပေါ်မှာ ရပ်နေသော ညီုချော တွန့်ခနဲဖြစ်သွား ည်။ ပြီးတော့မှ အနောက်ဘက်ကို မဝံ့မရဲလေး လှည့်ငုံ့ကြည့်မိ၏။

မျက်မှောင်ကြီးကုတ် မော့ကြည့်နေသော မိုးဖျား ဒီနေ့ကျမှ ကြောင့် စောစောပြန်လာသည် မသိ။

"ဒီ ဒီမှာ လိုက်ကာတွေ အသစ်လဲပေးနေတာပါ မိုးဖျား"

တွန့်ဆုတ်ဆုတ်နိုင်သော ညီုချောအသံလေးတွေ တုန်နေ သို့ လူကလည်း တုန်ချင်နေပြီ။

ကိုယ်ကျပ်အနီစင်းလေးကို ကွာတားဘောင်းဘီအကျပ်လေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် တွဲဝတ်ဆင်ထားသော ညိုချော ခန္ဓာကိုယ်အလှတွေကို မိုးဖျား သတိပြုမိသည်။

တောသူမ၊ ချောကလက်မဟုတ် သူ နာမည်ပြောင်တွေပေး နှိပ်ကွပ်နေမိသော ညိုချောက ရောက်စက ညိုချောမဟုတ်တော့ တော့ သေချာပါသည်။ ညိုသောအသားအရေက ဝင်းညက်ညက်လေး ဖြစ်လာသည်။

ကွာတားဘောင်းဘီအညိုရောင်လေးက ဒူးဖုံးရုံမျှလေး ခြေသလုံးသား ဝင်းမွတ်မွတ်လေးတွေကို မြင်နေရ၏။

ပြတင်းပေါက်က လိုက်ကာတွေကို ချွေးခြေထိုင်ခုံရှည်ပေါ် တက်ရပ်ပြီး ဖြုတ်နေသောမြင်ကွင်းကို မိုးဖျား မနှစ်မြို့စွာ တက်တ ချက် ခေါက်မိ၏။ လက်ထဲက လယ်သာပိုက်ဆံအိတ်နှင့် ဟင်းနုံဖုန်း ခုတင်ထက်က မွေ့ရာပေါ် ဘုတ်ခနဲလှမ်းပစ်တင်လိုက်ရင်း –

"ငါ့အခန်းထဲကိုဝင်တာ မကြိုက်ဘူးလို့ ပြောထားရဲ့နဲ့ ဘာ ဝင်လာတာလဲ"

"ဟို အဲ လိုက်ကာလဲမလို့ပါ"

ကြောက်စိတ်ကြောင့် ညိုချော ဒူးလေးတွေတောင် တုန် လာသည်။ အောက်က ခြေတံရှည် ခုံတန်းလေးက ခပ်လှုပ်လှုပ်ဖြစ် သွား၏။

"မေမေလင်း လဲခိုင်းလို့ပါ၊ မိုးဖျားမကြိုက်ရင် လဲမပေးတော့ ဘူး"

"အေး မကြိုက်ဘူး၊ လဲမပေးနဲ့၊ ဆင်း အခုဆင်း"

မိုးဖျားဒေါသတကြီးနှင့် လိုက်ကာစ အဟောင်းတွေထည့် ထားသော ကြိမ်ခြင်းတောင်းရှည်လေးကို ခြေနှင့်ပစ်ကန်ပစ်လိုက် သည်။

"ဒုတ်"

"အိုး အမေ့ လုပ် လုပ်ပါဦး"

ကြိမ်ခြင်းလေးက ခုံတန်းရှည်ခြေထောက်တွေကို ထိမှန်သွား တာမို့ ညိုချော လန့်ဖျပ်သွားကာ ခုံပေါ်က ကိုးရိုးကားရား ပြုတ်ကျ တော့သည်။

"ဟာ ဟေ့ ဟေ့"

အောက်မှာရှိနေသော မိုးဖျားပေါ်ကို တည့်တည့်မတ်မတ်ကြီး လာတာမို့ ရှောင်ချိန်မရလိုက်ပါ။ စိုးရိမ်စိတ်နှင့် လက်တွေနှင့်တောင် များ ဆီးကြိုဖမ်းထားမိသေးသည်။

ပြုတ်ကျလာသော ညိုချောရဲ့အရှိန်ကို မိုးဖျား နိုင်အောင် ထိန်းနိုင်ဘဲ လူက နောက်လန်လဲကျ၏။ ကံကောင်းချင်တော့ နောက်ကခုတင်ပေါ်ကိုပဲ ညင်သာစွာ ပြိုလဲကျသွား၏။

မရည်ရွယ်ပါဘဲနှင့် မျက်နှာချင်းပူးကပ်ကာ ရင်ဘတ်ချင်းပါ တင်းတင်းကျပ်ကျပ် ပူးကပ်သွားမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ လှိုင်းအိအိလေးတွေက တိတ်တဆိတ် မဖိတ်ခေါ်ဘဲ နှစ်ဦးစလုံးဆီ ဝင်ရောက်လာကြသည်။ ညိုချောရော မိုးဖျားပါ အဝ အတွေ့အာရုံမှာ တဒင်္ဂတော့ နစ်မျောရင်ခုန်မိသွားခဲ့သည်။

မိုးဖျားလက်တွေက သူ့အပေါ် ဖိမိုးထားသော ညိုချောကျေ ပြင်လေးကို ကယောင်ကတမ်း ဖက်တွယ်ထားမိဆဲ။

မိန်းမောခြင်းတွေနှင့် နစ်မျောသွားသော မိုးဖျားအသိစိတ်တွေ ချက်ချင်းပြန်စုစည်းမိချိန်မှာ ရှက်စိတ်တွေက ထူပူသွားသည်။ ညိုချေ ခန္ဓာကိုယ်လေးကို ဆတ်ခနဲ တွန်းထုတ်ပစ်ရင်း လူးလဲထရပ်လိုက်မိ

သူတွန်းလိုက်သောအရှိန်နှင့် ညိုချော ခုတင်ပေါ်က ကြမ်း ပြင်ပေါ် ဝုန်းခနဲ ပြုတ်ကျသည်။

ညိုချောမျက်နှာလေး နာကျင်မှုကြောင့် ရှုံ့မဲ့နေသည်။

"အား ကျွတ် ကျွတ် နာ နာလိုက်တာ မိုးဖျားရယ်"

ညိုချော ရှုံ့မဲ့ညည်းညူနေတော့ မိုးဖျားစိတ်ထဲမှာ စိုးရိမ်သွား မိသည်။ ဒါပေမဲ့လည်း အမြဲတမ်းအနိုင်ယူတတ်သောစိတ်က ညိုချေ ကို သနားဖို့လက်မခံနိုင်။

"နင် တော်တော်ဖယားရှုပ်တာပဲ၊ နင် ဒါ တမင်ခုန်ချတာ မဟုတ်လား တောက်"

"မဟုတ်ပါဘူး မိုးဖျားရယ်၊ ဘယ်သူက ကိုယ့်အသားအနာ ခံပြီး ခုန်ချမှာလဲ၊ တော်သေးတာပေါ့၊ အောက်က ကြမ်းပြင်ပေါ်ကို





မကျဘဲ ခုတင်ပေါ်ကို အရင်ကျလို့"

"ကဲပါ ငါ့အခန်းထဲမှာ နင် ဆက်လှဲမနေပါနဲ့ ထပါ"

မိုးဖျား စိတ်မရှည်နိုင်စွာ ညိုချောလက်ကိုဆွဲမပြီး အတင်းဆွဲ ထူလိုက်၏။ ညိုချောခန္ဓာကိုယ်လေး ကြမ်းပြင်ပေါ်က ဖွေ့ခနဲ မြောက် ပါလာတော့ မိုးဖျားလက်ကို လွှတ်ပစ်လိုက်၏။

"အို"

ခြေထောက်မထောက်နိုင်ဘဲ ညိုချော အရှိန်နှင့်ကြမ်းပြင်ပေါ် ဘပ်ထိုးလဲကျသွားသည်။ ကိုးရိုးကားရားနိုင်လှသော ညိုချောရဲ့ပုံစံကို ကြည့်ပြီး မိုးဖျားရယ်ချင်မိသွားသည်။

ဒီကောင်မလေး ဘယ်လိုကောင်မလေးလဲ မသိ။ သူ့ဘက် က ဘယ်လောက်နာကျင်အောင်ပြောပြော တစ်စက်လေးမှ နာကျင်ပုံ မရ။

ဒေါသစေတသိက်တွေက မွေးကတည်းက ပါမလာဘူးထင် ရဲ့။

"အား နာတယ် နာတယ်၊ အဟင့် ဟင့် ဟင့်"

ညိုချော ကြမ်းပြင်ပေါ်မှာ ပုံလျက်သားလေး လဲကျနေရင်းမှ ခပ်ညည်းညည်းလေးငိုကာ ခြေထောက်လေးကို ဖိကိုင်ထားသည်။ မျက်နှာက ရုပ်ပျက်ဆင်းပျက် ရှုံ့မဲ့ပြီး မျက်ရည်တွေပါစီးကျလာတော့ မိုးဖျားရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်များကျိုးသွားပြီလားဟု စိုးရိမ်ပူပန်စွာ တွေးမိသွားသေးသည်။ ထိုင်ခုံပေါ်ကကျတုန်းက မွေ့ရာပေါ်မို့ မဖြစ်နိုင်။ ခုတင်ပေါ်ကအကျမှာ ထိခိုက်မိသွားသလား။

"ဟော့ ဘာဖြစ်သွားတာလဲ၊ အိုဗာတော့မလုပ်နဲ့နော်"

"အို ဟင့်အင်း၊ မဟုတ်ဘူး တကယ်နာတာ၊ ခြေထောက်က အရမ်းနာတယ်၊ လမ်းလျှောက်လို့ မရတော့ဘူး။ အ အင်း ကျွတ် ကျွတ်"

လမ်းလျှောက်လို့ မရဘူးဆိုသဖြင့် မိုးဖျား မျက်လုံးတွေပြူးသွားရကာ ညို့ချောအနားကို ရောက်သွားသည်။ ခြေထောက်တွေကို စိုးရိမ်စွာ ငုံ့ကြည့်ရင်း –

"မကျိုးပါဘူး၊ နင့်ခြေထောက်တွေက ဒီအတိုင်းပဲ"

"မကျိုးပေမယ့် နာနေတာအရမ်းပဲ၊ အဆစ်ကအရမ်းနာနေတာ၊ ညို့ချော ဒီမှာပဲ ဒီအတိုင်းကြီး နေနေရမှာလား၊ အဟင့် ဟင့်"

"ဟာ ဟော့ မီးရထားစက်ခေါင်းသံကြီးနဲ့ ဘာလို့အော်ကြီးဟစ်ကျယ် ငိုနေရတာလဲ၊ လမ်းမလျှောက်နိုင်လည်း လွယ်လွယ်လေးပဲ၊ ငါ မေမေ့ကိုခေါ်ပေးမယ် ခဏလေးစောင့်"

မိုးဖျား ပြောပြောဆိုဆိုနှင့် အခန်းဝကို လျှောက်သွားသည်။

"မေမေရေ မေမေ၊ ဒီမှာ မေမေ့တော်သူမကို လာတွေ့ဦး"

"မေမေလင်း မရှိဘူး မိုးဖျား အ အား"





ညို့ချော ဝေဒနာကို ညည်းညူနေရင်းမှ လှမ်းပြောတာမို့ မိုးဖျား မျက်မှောင်ကြီးကုတ် ပြန်လှည့်ကြည့်ရင်း –

"မေမေက ဘယ်သွားလို့လဲ"

"မင်္ဂလာဆောင်လား မသိဘူး၊ အဲဒီကို သွားတာ"

"ဟာ ပြဿနာပဲ၊ ဒါဆို နင်က ဘယ်လိုလုပ်မလဲ"

"ဟင့်အင်း မသိဘူးလေ၊ မေမေလင်း မလာမချင်း ဒီမှာပဲ နေရဦးမှာပေါ့၊ ညို့ချောကို ကူမယ့်သူမှ မရှိတာ"

ညို့ချော မျက်နှာလေးရှုံ့မဲ့ပြီးညည်းတော့ မိုးဖျား တွန့်ခနဲဖြစ်သွားခဲ့ရင်း –

"ဘာ ဒါဆို နင်က မေမေပြန်မလာမချင်း ငါ့အခန်းထဲမှာပဲ နေမယ်ပေါ့၊ ဟုတ်လား"

"အဲဒီလိုပဲ လုပ်ရတော့မှာပေါ့၊ အား ကျွတ် ကျွတ်"

ညို့ချောခြေထောက်လေးကို လက်လေးတွေနှင့် အသာဖိကာ နာနာကျင်ကျင်လေး ညည်းတွားလိုက်သည်။ သူမ နာကျင်နေပုံကို ကြည့်ပြီး မိုးဖျား အခက်တွေ့နေသည်။

တကယ့်ပြဿနာ။ ဒီချောကလက်မကို သူ့အခန်းထဲမှာ အကြာကြီးခေါ်ထားရမှာ မဟုတ်သေး။ မေမေကလည်း မရှိတော့ အခက်ဖြစ်နေ၏။

သူ့အခန်းထဲမှာ ညို့ချောရောက်နေတာကိုမြင်ရင် မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



အထင်လွဲသွားနိုင်သည်။ မဖြစ်တာတော့ လုံးဝကို မဖြစ်ပါ။ ချောက လက်မကို မေမေတို့ပြန်လာတဲ့အထိ အခန်းထဲမှာ ထားလို့မဖြစ်။

အတွေးနှင့် ခေါင်းကို စိတ်ပျက်သလိုခါယမ်းပြီး ညိုချော လက်မောင်းတစ်ဖက်ကို သူဆတ်ခနဲ ဆွဲထုလိုက်သည်။

"ထ ငါတွဲပို့ပေးမယ်"

"အား နာတယ် နာတယ်၊ အဲဒီလက်မောင်းကလည်း နာတယ်၊ အထိတောင်မခံနိုင်ဘူး အား"

"ဟင် ဒါဆို ငါက နင့်ကို ဘယ်လိုတွဲခေါ်ရမှာလဲ"

စိတ်တိုစွာ သူအော်ပစ်လိုက်သည်။ သင်းလေးက အခုမှပဲ ဒဏ်ရာတွေက ပိုလို့များလာသည်လား။

"မသိဘူး၊ ညိုချော တကယ်နာနေတာ၊ အဟင့် ဟင့် သေသာ သေလိုက်ချင်တယ်"

မိုးဖျား ဟူးခနဲ ပင့်သက်ကြီး မှုတ်ထုတ်ပစ်ရင်း ညိုချောကို ခါးမှ ဆွဲထူပေးလိုက်ပြန်တော့ –

"အား ယားတယ် ယားတယ် မိုးဖျားရဲ့"

ခန္ဓာကိုယ်လေး တွန့်လိမ်ကာ ညိုချောအော်ပြန်သည်။ မိုးဖျား ဒေါသတွေနှင့်အတူ စိတ်ပါတိုလာ၏။

"ဟ နင့်ဟာက လက်မောင်းလည်း ထိလို့မရ, ခါးလည်း ကိုင်လို့မရ၊ ငါဘာလုပ်ရမှာလဲ"





"အဟင့် ဟင့် တကယ်နာလို့ပါ မိုးဖျားရယ်၊ ဟို ခါးကိုတော့ မကိုင်ပါနဲ့၊ ညိုချော ယားတတ်တယ်"

ညိုချောဖြစ်ပျက်နေပုံကို ကြည့်ကာ သူ့စိတ်တွေ ရှုပ်ထွေးနေပြီ။ ဒီချောကလက်မကိုတော့ သူ့အခန်းထဲက မဖြစ်ဖြစ်တဲ့နည်းနှင့် ဆွဲထုတ်မှဖြစ်တော့မည်။

တစ်ယောက်ယောက်မြင်သွားရင် သူ့ဂုဏ်သိက္ခာတွေ ထိခိုက်ပြိုလဲကုန်မှာ အသေအချာ။ မိုးဖျား ဆုံးဖြတ်ချက်နှင့် ညိုချော ခန္ဓာကိုယ်လေးကို ဇွေ့ခနဲ ကောက်ပွေ့ချီလိုက်သည်။

"အို မိုး မိုးဖျား"

ညိုချော မျက်လုံးလေးတွေဝိုင်းစက်ကာ အထိတ်တလန့်လေး ရေရွတ်မိသည်။ မိုးဖျားကတော့ သူမခန္ဓာကိုယ်လေးကို ပွေ့ချီကာ အခန်းထဲမှ ထွက်လိုက်၏။

မိုးဖျား၏ မထင်မှတ်သောအပြုအမူကြောင့် ညိုချော ရင်တွေ တဖျပ်ဖျပ်ခုန်ကာ ရင်ခွင်ထဲမှာ စမ်းချောင်းလေး တငြိမ့်ငြိမ့်စီးမျောသွားသလို ခံစားလိုက်ရသည်။

မိုးဖျားက မျက်ဝန်းချင်းမဆုံအောင် ခန္ဓာကိုယ်ကို မတ်မတ်ကြီးထားကာ ခေါင်းမော့ထားပေမယ့် မိုးဖျားရင်ဘတ်ထဲက ရင်ခုန်သံတွေကို ညိုချောကြားနေသည် ထင်မိ၏။

အသားစိုင်ချင်း ထိတွေ့နီးစပ်နေခြင်းတွေက သူတို့ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထဲက သွေးတွေကို နွေးထွေးစွာ စီးမျောနေစေသည်။

ညိုချောခန္ဓာကိုယ်ကြီးကို အခန်းထောင့်ချိုးအထိ ပွေ့ချီလာ သော မိုးဖျား လျှာထုက်မတတ် မောဟိုက်ချင်နေပြီ။

"ဟော့ နင့်ကို ဘယ်ပို့ပေးရမှာလဲ"

"ညိုချောအခန်းထဲကို"

"ဘာ"

မိုးဖျား အော်သံကျယ်ကြီးကြောင့် ညိုချော တုန်ယင်မတတ် ထိတ်လန့်သွားမိ၏။ မိုးဖျားသာ လွှတ်ချလိုက်ရင်တော့ ခါးရိုးကျိုးမလား တောင် မသိ။ ကြောက်စိတ်တွေနှင့် မိုးဖျားကျောပြင်ကို ခပ်တင်းတင်း သိုင်းဖက်ထားမိရင်း -

"ဟုတ် ဟုတ်တယ်လေ၊ ညိုချောက ကိုယ့်အခန်းမှာ ကိုယ်နေမှ ဖြစ်မှာပေါ့၊ လွှတ်မချလိုက်ပါနဲ့နော် မိုးဖျား"

"တောက် ငပွေးမကတော့ ငါ့ကိုမွှေနေပြီကွာ"

မိုးဖျား စိတ်ပျက်သလို ညည်းတွားရင်း ညိုချောအခန်းရှိသည့် အပေါ်ထပ်အထိ ပွေ့ချီခေါ်ခဲ့ရသည်။ လှေကားထစ်တွေအတိုင်း မိုးဖျား အံတင်းတင်းကြိတ် ချွေးပြန်လုမတတ် မနိုင်မနင်း ပွေ့ခေါ်ခဲ့ရ၏။

ညိုချောကတော့ မိုးဖျားရင်ခွင်ထဲမှာ ငြိမ်ငြိမ်ကလေး ရင်ခု ခုန်ကာ လိုက်ပါခဲ့သည်။

သူမဘဝမှာ ဒီနေ့ ဒီအချိန်လို အခြေအနေ အဖြစ်အပျက်မျိုး





ကို အိပ်မက်နဲ့တောင် မမက်ခဲ့ဖူးပါ။ အခုတော့ ပူနွေးရှိန်းမြစွာ စီးဆင်းနေသော ရင်ခုန်သံတွေက ညိုချောတစ်ကိုယ်လုံးက သွေးဆဲလ်တွေထဲ စိမ့်ဝင်စီးမျောနေသည်။

မွေးညင်းစိမ်းလေးတွေကိုတောင် နီးကပ်စွာ မြင်နေရသော မိုးဖျားလည်တိုင်နှင့် မေးဖျားကလေးတွေကို မရဲတရဲ ကြည့်နေခွင့်ရသော ဒီအချိန်လေးကို ညိုချော မကုန်ဆုံးစေချင်တော့ပါ။

လောဘကြီးတာတော့ မဟုတ်ပါဘူးမိုးဖျားရယ်။ ဒါ ညိုချော နှလုံးသားက တောင်းဆိုတဲ့ တောင်းဆိုမှုကြောင့်ပါကွယ်။

"ဘုန်း"

"အမေ့"

အတွေးတို့ လွင့်မျောစီးဆင်းနေမိသည့် ညိုချော၏ ကိုယ့်ခန္ဓာကိုယ်ကို မွေ့ရာကြီးပေါ် ဘုန်းခနဲ ပစ်ချခံလိုက်ရမှ အသိစိတ်ကို ခန္ဓာကိုယ်မှာ ပြန်ကပ်နိုင်တော့၏။

"အား နာလိုက်တာ ဖြည်းဖြည်းလုပ်ပါ မိုးဖျားရယ်၊ ခါး ခါးကျိုးပြီလားမသိဘူး အ"

"နည်းနည်းလည်း ကိုယ်ချင်းစာဦးလေ၊ နင့်ခန္ဓာကိုယ်က မိန်းကလေးဖြစ်ပြီး အဲဒီလောက်တောင် လေးနေရသလား၊ ငါ့အပေါ်က ဖိမ်နဲ့လိုက်လာပြီး ပြောရတယ်ရှိသေး။ တကယ် နည်းနည်းလေးမှ ကျက်သရေမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညိုချောရဲ့ နာကျင်မှုတွေကို ဂရုမစိုက်တော့ဘဲ မိုးဖျား ပြော ချင်တာပြောကာ ချာခနဲ လှည့်ထွက်သွားသည်။ မိုးဖျားကျောပြင်ကြီး ကို ငေးမောကြည့်နေရင်း ညိုချော ကျိတ်ရယ်လိုက်မိ၏။

တကယ်ဆို ညိုချောခြေဆစ်တွေက ဘာမှ မနာဘူးဆိုတာ သာ မိုးဖျားသိရင် ဘယ်လောက်ထိ ဒေါသူပုန်ထလိုက်မလဲ။ အခုနေမှ သာ နင့်ကို ငါချစ်လိုက်တာဟယ်လို့ မိုးဖျားပြောကြည့် ဝမ်းသာလုံးဆို့ ခြံကြီးကို အပတ်ပေါင်းထောင်ချီသွားတဲ့အထိ ကခုန်ပေါက်ပြေးပြလိုက် ဦးမှာလေ။

မှတ်ထား မိုးဖျားရဲ့။ ရှင် ဘယ်လောက်ပဲမာနကြီးကြီး မိန်း တွေရဲ့ မူယာမာယာနဲ့တွေ့တော့ ဘာတတ်နိုင်လို့လဲ။ ရှင့်ရဲ့မာနတွေ ကြွက်သေတစ်ကောင်လို ဘာမှ အသုံးမဝင်တော့ဘူး မဟုတ်လား

မာယာဆိုတာ မိန်းမတွေအတွက် မွေးကတည်းက ပါလာတဲ့ အရည်အချင်းတစ်ခုပါ မိုးဖျားရယ်။ ညိုချောကို မမုန်းလိုက်ပါနဲ့။

ရှင့်ကိုသိပ်ချစ်လို့ မာယာလေးနဲ့ ကစားမိတာပါနော်။

✿ ✿ ✿



## အခန်း (၁၃)

"မိုးဖျား နင် ငါ့ကို ဘာလို့ရှောင်နေတာလဲ"

သူထိုင်နေသော ခြံထဲက ခုံတန်းလေးအထိ လျှောက်လာပြီး ဘေးမှာဝင်ထိုင်ကာ ပျိုမေ မေးခွန်းထုတ်လာ၏။ သူ ခုံတန်းကျောမှီ ပေါ်ကို လက်နှစ်ဖက်ကွေးတင်မှီထိုင်နေရင်း ပျိုမေကို ငဲ့ကြည့်လိုက် သည်။

"ငါက နင့်လို အရည်မရ အဖတ်မရ အလုပ်တွေလုပ်နေတာ မဟုတ်ဘူး၊ အခုဆို ဟိုကောင်တွေနဲ့ မိုဘိုင်းဖုန်းအရောင်းဆိုင် ဖွင့်ပြီးကတည်းက မိုးလင်းမိုးချုပ်ကို ဆိုင်ရောက်နေရတာ"

ရင်ထဲက မကျေနပ်စိတ် အရင်းခံလေး ရှိနေတာမို့ သူ့ အသံတွေက နည်းနည်းတော့ ဘောက်ဆတ်ဆတ်နိုင်နေတာ ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ချာသည်။ ပျိုမေ သူ့ကို မျက်ခုံးတန်းတန်းလေး ကွေးကြည့်ရင်း

"အင်းပေါ့လေ၊ နင်တို့က အနုပညာကို မခံစားတတ်ဘ

ငါတို့လိုအနုပညာသမားတွေကို အမြဲတမ်း အထင်သေး ရှုတ်ချနေ

ပေါ့၊ ဒီမှာ မိုးဖျားရဲ့ နင်မှတ်ထားဖို့က လောကကြီးကို အလှအပ

နဲ့ ဆန်းသစ်တီထွင်ပြီး တိုးတက်လာအောင် လုပ်နေတဲ့ပညာရပ်

မှာ အနုပညာက ရာနှုန်းပြည့်လွှမ်းမိုးထားတာဟဲ့"

သူမဝါသနာ သူမအနုပညာကို ပုတ်ခတ်ဝေဖန်လာ

လည်း ပျိုမေ မခံနိုင်တော့ဘဲ ချက်ချင်း တုံ့ပြန်ချေပသည်။

မိုးဖျား ခပ်မဲ့မဲ့ရယ်လိုက်ပြီး –

"ဘာမှ မဆိုင်ဘူး၊ ဒါ နင်လိုရာကို ဆွဲပြောတာပဲ၊ အနုပ

မရှိလည်း လူသားတွေ အသက်ရှင်နေနိုင်ပါတယ်ဟာ"

"နင်ပြောတာ မှန်ပေမယ့် အားလုံးတော့ မမှန်ဘူးမိုးဖျ

"မှန်တယ် ရာနှုန်းပြည့်မှန်တယ်"

"ဩော် မိုးဖျားရယ်၊ နင်ကတော့ ဖွတ်ပဲ၊ ငါပြော

နင့်ကို နေ့တိုင်းဝတ်ဖို့အင်္ကျီ အနက်တီလင်းထုတ်ပေးတော့ ဘာအ

ဒီဇိုင်းမှမပါတဲ့ အဖြူရောင်အင်္ကျီတွေပဲ ပေးတယ်ထား၊ အဲဒီအ

မျိုးချည်းပဲ နင် နေ့တိုင်း ဝတ်နိုင်မလား၊ ဝတ်နိုင်တယ်လို့ ဖွတ်မ

နဲ့ မိုးဖျား၊ ဒီထက်ဒီဇိုင်းလှတဲ့ အရောင်နဲ့အင်္ကျီတော့ နင်ပြောင်း

ချင်လာမှာပဲ၊ အဲဒီမှာကိုက နင့်စိတ်ထဲမှာ ဒီဇိုင်းဆန်းသစ်မှုနဲ့ အ





အသွေးရဲ့လှပမှုကို လိုလားနှစ်သက်စိတ်ဝင်နေပြီ၊ အဲဒါ အနုပညာ

ခံစားစိတ်ပဲပေါ့"

ပျိုမေက ဥပမာဥပမေယျတွေနှင့်ပြောနေတော့ မိုးဖျား

သဲ့ယဲ့ပြုံးရင်း ပျိုမေကို ကြည့်နေလိုက်သည်။

"အခု နင် လက်ရှိကိုင်နေတဲ့ ဟန်းနဲ့ဖုန်းကိုပဲကြည့်လေ၊

ဒီထက် ဒီထက် ဒီဇိုင်းဆန်းတဲ့ အရည်အသွေးမြင့်တဲ့ဖုန်းကို နင်ပြောင်း

ပြီး ကိုင်နေတာကလည်း လှပမှုကို နင်လိုလား လက်ခံချင်စိတ်ပဲ၊

အလှအပဆိုတာ အနုပညာတစ်ခုပဲ၊ အလှအပကို လက်ခံခြင်းကလည်း

အနုပညာကိုလက်ခံခြင်းဆိုတာ နင်မငြင်းနဲ့ မိုးဖျား"

ရှည်ရှည်ဝေးဝေးရှင်းပြနေရင်း သူ့ကို ချောင်ပိတ်ဖို့ကြိုးစား

နေသော ပျိုမေကိုကြည့်ကာ သူ ဟက်ခနဲ ရယ်လိုက်မိ၏။

"ကဲ တော်ပါတော့ သာလိကာမရယ်၊ နားညည်းတယ်"

"အေး နားညည်းရင် နားပိတ်ထားပေါ့ဟဲ့၊ ငါ့အနုပညာကို

ဘာစော်ကားလို့ကတော့ ဒီထက်ပြင်းတဲ့ တော်လီကီတွေနဲ့ နင် နစ်မြုပ်

သွားအောင် ငါပစ်ပေါက်ဦးမှာ မယုံမရှိနဲ့"

"ပြဿနာပဲ၊ ကဲ ငါအရှုံးပေးတယ်ဟာ၊ ငါတို့ ဒီအကြောင်း

မပြောဘဲ တခြားအကြောင်းအရာပြောကြရအောင်"

"တခြားအကြောင်း ဘာလဲဟ၊ နင့်စကားက အရင်းမရှိ

အဖျားမရှိနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပျိုမေ မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ကြည့်ရင်းမေးတော
သူ ယဲ့ယဲ့လေးပြုံးရင်း –

"အချစ်လေ၊ အချစ်အကြောင်းပေါ့"

"အဲဒါဆို ငါနင့်ကို ပွင့်ပွင့်လင်းလင်း ပြောပြီးပြီလေ"

"အဲဒါ နင့်ဘက်က ခံစားမှုလေ၊ ငါ့ဘက်က ငါ့ခံစားမှု
အခွင့်အရေးကြုံတိုင်း ပြောခွင့်ရှိတာပဲ၊ ငါကတော့ နင့်ကို ချစ်နေသေ
တယ်၊ ဘယ်တော့မှလည်း နောက်ဆုတ်မှာ မဟုတ်ဘူး"

"အဲဒါ နင့်လွတ်လပ်ခွင့်နဲ့ ခံစားပိုင်ခွင့်ပဲ မိုးဖျားရယ်၊ န
ချစ်ခွင့်ရှိတယ်၊ ပြန်ချစ်တာ, မချစ်တာတော့ ငါ့အပိုင်းပေါ့"

ပျိုမေကလည်း တစ်ခွန်းမခံဘဲ မထိတထိလေး တုံ့ပြန်ေ
နေတာမို့ မိုးဖျား အသည်းတွေယားလာသည်။

"နင် သိပ်ပဲမျှားမနေနဲ့ ပျိုမေ၊ ငါ့ကိုချစ်တယ်လို့ ပြန်ေ
ဘာဝန်လေးစရာ ရှိနေလဲ၊ မိန်းကလေးတွေ ပိုင်းပိုင်းလည်နေ
ကြားထဲမှာမှ နင့်ကိုချစ်မိသွားတာ နင်သိပ်ကံထူးတယ်မှတ်"

သူရဲ့ အထက်စီးဆန်နေသော စကားတွေအတွက် ပျို
နှာခေါင်းလေးရှုံ့ကာ မဲ့ရင်း –

"ကံထူးတာ မဟုတ်ဘူး၊ ကံဆိုးတာတဲ့၊ နင့်လို ဒေါသ
နဲ့မိတ်ဆွေဖွဲ့ပြီး စိတ်ပိုင်းဆိုင်ရာ ပုပ်သိုးနံစော်နေတဲ့ လူ့စိတ်ပုပ်ကြီး
ငါက ဘယ်လိုနှလုံးသားနဲ့ ချစ်ရမှာလဲ၊ နင့်ရဲ့ဒေါသတွေနဲ့ နင်





တိုင်လိုက ငါ့အတွက်တော့ နည်းနည်းလေးမှ ရင်ခုန်စရာ မကောင်း
သလို စိတ်ဝင်စားစရာလည်း မကောင်းဘူး"

သူ့ကို စိတ်ရှိလက်ရှိနှိပ်ကွပ်နေသော ပျိုမေကိုကြည့်ကာ
ဒေါသတွေနှင့် အကြိမ်တစ်ရာလောက် မနားတမ်း ဖက်နမ်းချင်စိတ်
တွေ ရင်ထဲမှာ တဖွားဖွား ပေါ်လာသည်။

"နင့်ရဲ့ဒေါသတွေကို နင့်ရင်ထဲမှာ ပြန်ဥထားလိုက်တော့
ပျိုမေ၊ ငါက နင့်ကို ဘယ်နှကြိမ် ဒေါသတွေနဲ့ ပြောဆိုဆက်ဆံဖူးလဲ
ပြော"

"ငါ့ကို မပြောဖူးပေမယ့် ညီချောနဲ့တွေ့တိုင်း နင့်ဒေါသတွေ
ဘလန်ကြဲနေတာ၊ တစ်ချိန် ငါနဲ့ရော ဒီဒေါသတွေ ပြန့်ကြဲမလာဘူးလို့
ပြောနိုင်မလား"

"ကျွတ် နင် ဘာတွေ ပြောနေတာလဲ၊ နင်နဲ့ ချောကလက်
နှိုင်းစရာလား၊ ငါချစ်တဲ့သူကို ငါက ဒီလိုဆက်ဆံမလား တော်းမရဲ့"

မဆီမဆိုင် ချောကလက်မအကြောင်းတွေ ရစ်ခွေလာသော
ပျိုမေကို စိတ်တိုစွာနှင့် ဆံပင်ပျော့ပျော့တွေကို အကျင့်ပုပ်စွာ ဆွဲဖွပစ်
လိုက်သည်။ ပျိုမေက ခေါင်းလေး တိမ်းရှောင်ရင်း –

"ဘာပဲဖြစ်ဖြစ် ငါကတော့ ချောကလက်ကိုကြည့်ပြီး သနား
တယ်၊ နင့်လိုလူမျိုးနဲ့ တွေ့တိုင်း သူ့ခမျာ စိတ်ဒဏ်ရာတွေ တနင့်တပိုး
ကြီး ခံစားနေရရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နင်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သူက ငါ့သူငယ်ချင်း ဖြစ်သွားပြီဟာ၊ ငါ့သူငယ်ချင်းစိတ်ညစ်ရင် ငါလည်း စိတ်ညစ်တယ်၊ ငါ့သူငယ်ချင်း အရှက်ရရင် ငါလည်း အရှက်ရတယ်"

ချောကလက်မသက်က ရှေ့နေလိုက်ပြီး သူ့ကို အပြတ်နိုင်ကွပ်နေသော ပျို့မေကို စိတ်မရှည်ချင်တော့ပါ။ –

"အဲဒါဆို နင့်အိမ်ခေါ်ထားလိုက်ပါလား ပျို့မေ၊ ကြားထဲက ထွေးခါးနာဆိုတာ အဲဒါမျိုးကို ပြောတာ"

"ငါက ခေါ်ထားချင်တာ၊ ငါ့မှာအစ်ကိုသာရှိရင် ဒီလောက်ရိုးသားပြီး ချစ်စရာကောင်းတဲ့ ညီမချောကို ယောက်မ,တော်ပစ်လိုက်တယ် သိလား"

"တော်လိုက်စမ်းပါဟာ၊ ငါက အဲဒီမင်္ဂလာပွဲကို စပွန်ဆာတောင် အပြည့်ပေးလိုက်ဦးမယ်၊ ချောကလက်မ မရှိရင် ငါ မျက်စိနောက် သက်သာတယ်၊ ဒီကြားထဲ မေမေက တောပုံကြီးကို ရှိုင်းပေးထားတော့ ငါ့မျက်စိထဲ ပိုပြီး ကန့်လန့်ဖြစ်နေတာ"

သူပြောရင်း ချောကလက်မမျက်နှာကို မြင်လာတော့ မြင့်မိုရ်အကြောင်းပါ ခေါင်းထဲဝင်လာတာမို့ –

"ဒါနဲ့ ဟိုကောင်မြင့်မိုရ်နဲ့ ချောကလက်မကရော ဘာအထာလဲ၊ သူတို့နှစ်ယောက်က ဘာလို့ တတွဲတွဲ ဖြစ်နေတာလဲ၊ ဒါလည်း





ဦးခနက်ပဲ မဟုတ်လား"

မိုးဖျားစကားကြောင့် ပျို့မေမျက်နှာလေး မသိမသာ ညှိုးမှိန်သွားသည်။ မိုးဖျားပြောသလို တတွဲတွဲဖြစ်နေလျှင် သူမ မသိစရာအကြောင်းမရှိ၊ သူမ သိရမည်။

"အဲဒါ ငါဘာသိရမှာလဲဟ၊ နင်သိချင်ရင် သူတို့သွားမေးပေါ့"

ပျို့မေ ပြောပြောဆိုဆို ဆတ်ခနဲထရပ်သည်။ ပြီးမှ သူ့ကို ငုံ့ကြည့်ရင်း –

"ငါပြန်တော့မယ် မိုးဖျား"

သူ ပျို့မေ့လက်ကို လှမ်းဆွဲထားလိုက်ရင်း –

"မပြန်ပါနဲ့ဦးဟာ၊ ဒီလိုနေရာလေးမှာ နင်နဲ့နှစ်ယောက်တည်း စကားပြောရတာ အရမ်းဖီးလ်ဖြစ်ဖို့ ကောင်းတယ်"

မိုးဖျားအသံက ထိုတဒင်္ဂအချိန်လေးကို နှမြောတသ ဖြစ်နေသည်။ အသံလှိုင်းတွေက တိုးလျှသိမ်မွေ့နေသည်။

"ငါတောင်းဆိုတာပါ၊ ငါ့အနားမှာ ခဏလေးဖြစ်ဖြစ် နေပေးပါ၊ နင့်ရဲ့အငွေ့အသက်လေးပဲဖြစ်ဖြစ် ငါ့အနားမှာရှိစေချင်တာ ရဲ့ အပြင်းပြဆုံးဆန္ဒပဲ"

"ကျွတ် နင်အရှူးမထစမ်းပါနဲ့ မိုးဖျားရယ်၊ နင်နဲ့ငါနဲ့က ချင်း မတူကြဘူး၊ ငါက ခံစားမှုကနေတစ်ဆင့် ဖြစ်ပေါ်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံကို အချစ်လို့ သတ်မှတ်ထားတဲ့သူ၊ နှင်က အနေနီးစပ်မှု အပေါ်ယံအလုပေါ်မှာ အခြေခံပြီး ဖြစ်ပေါ်လာတဲ့ ခံစားမှုကို အချစ် ထင်ယောင်ထင်မှား သတ်မှတ်သူ၊ ဒီတော့ ငါတို့ရဲ့ခံစားချက်တွေ အရင်ညှိပြီးမှ ချစ်သူဖြစ်သင့်မဖြစ်သင့် အချိန်က အဆုံးအဖြတ်ပေးမှ ပါ''

ပျိုမေ့စကားတွေကို မော့နားထောင်နေရင်း ဆုပ်ကိုင်ထာ သော ပျိုမေ့လက်ဖဝါးလေးကို သူ မလွှတ်ပေးမိသေးပါ။

''အဲဒီအချိန်လေးကို နှင်စောင့်ပေါ့၊ အဲဒီအချိန်ကျရင် နှင့်ကို ချစ်ရင်လည်း ချစ်လာနိုင်တယ်၊ ဒါမှမဟုတ် ငါ့ထက်ချစ်ရမယ့် ကိုလည်း နှင်တွေ့ရင် တွေ့သွားနိုင်တယ်၊ အချိန်ကာလတစ်ခု ငါတို့ရင်ထဲက ခံစားချက်တွေကို အသန့်ရှင်းဆုံးအချစ်တွေ ဖြစ်အော ဖန်တီးပေးမှာပါ''

သူ့လက်ထဲမှာ ဆုပ်ကိုင်ထားခြင်းခံထားရသော လက်ဖ လေးကို ပျိုမေ ခပ်ဖွဖွလေး ရုန်းထွက်သွားခဲ့သည်။

''ငါသွားတော့မယ်ဟာ''

နှုတ်ဆက်ပြီး အနားမှထွက်သွားသော ပျိုမေကို ငေးကြ ကျန်ခဲ့ရင်း သူ့နှုတ်က စကားသံတွေ ဆွံ့အ တိတ်ဆိတ်နေခဲ့သည် ရင်ထဲမှာတော့ မချင့်မရဲဝေဒနာတစ်ခုက လှစ်ဟာလို့နေသည်။

ရေကူးကန်ဘက်က ဝေ့ဝဲဖြတ်တိုက်လာသော လေက လ





ဆတ် သင်းပျံ့နေသလောက် ခံစားရတဲ့ ခံစားမှုတွေကတော့ ညစ်ညူး နွမ်းနယ်နေ၏။ ပျိုမေပြောခဲ့သော စကားတွေက နားထဲမှာ ပြန်ကြား ယောင်နေဆဲ။

ဆံပင်တွေ လှုပ်ယမ်းသွားအောင် သူ ခေါင်းကို ခပ်ပြင်းပြင်း ခါယမ်းမိသည်။ ဒီအချိန်မှာ သူ့အတွေးတွေထဲက အရာတွေကို ဒေါသ တကြီး နှင်ထုတ်ပစ်ချင်၏။

အာရုံထဲမှာ ဘာအတွေးမှ ရှိမနေစေချင်တာကြောင့်ပဲ ဖြစ် သည်။

လောကကြီးက သူ့အတွက်တော့ အထာမကျဖြစ်နေတာ အမှန်။ ချစ်တဲ့သူနဲ့ ဘာကြောင့် ချစ်ခွင့်မပြုတာလဲ။

ကိုယ်ကပဲ လောဘကြီးနေလို့လား။ နှလုံးသားပါရင် လူတိုင်း ချစ်တတ်မှာပဲလေ။ ဒါ ဆန်းကြယ်တဲ့ကိစ္စမှ မဟုတ်ဘဲ။

အရေးကြီးတာက နှလုံးသားချင်း၊ ရင်ဘတ်ချင်း ငြိကြဖို့ပဲ။ ပျိုမေနဲ့သူက ရင်ဘတ်ချင်း မငြိကြသေးလို့ဘဲ ဖြစ်မှာ။

တစ်ချိန်ချိန်မှာ ပျိုမေဆိုခဲ့သလို အချစ်တွေ သူ့အပေါ် လာငြိ ခဲ့ပြီဆိုရင်တော့ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ချလွမ်"

"ဟင်"

ကြမ်းပြင်ပေါ်ကျကွဲပြီး တစ်စစီပဲ့ကြွေသွားသော နှင်းမင်းသမီးပုံ ဖန်ရုပ်တုလေးကိုကြည့်ပြီး ညိုချော သွေးပျက်မတတ် ချောက်ချားတုန်လှုပ်သွားခဲ့၏။

"ဘုရားရေ ငါတော့ ပြဿနာတက်ပြီ"

တစ်စစီ ကျကွဲနေသော ဖန်ကွဲစတွေကို လိုက်ကောက်ရင်း မိုးဖျားရဲ့ဒေါသတွေကို တစိမ့်စိမ့်တွေး ကျောချမ်းနေရ၏။ မကြာခင်မိုင်းအတွဲလိုက်ပေါက်ကွဲတော့မှာ သေချာသည်။

ဟိုတစ်နေ့ကပဲ သူ့အခန်းမှာ ပြဿနာလုပ်ပြီးသွားပြီ။ အခု





တစ်ခါ ထပ်ပြုမိရင်တော့ ညိုချောကို အိမ်ပေါ်ကနေ ကန်ချမလားဆောင် မသိပါ။

ညိုချောကလည်း ညိုချောပါပဲ။ အရာရာကို နမော်နမဲ့နိုင်လွန်းသည်။ ညိုချော အတွေးတို့ပင် မဆုံးလိုက်ပါ။ ကွန်ပျူတာခန်းထဲကို ဝင်လာသော အရိပ်တစ်ခုကြောင့် မော့ကြည့်တော့ မိုးဖျား။

"ဟင် ဒါက ဘယ်လိုဖြစ်တာလဲ"

ဒေါသအမေးစကားသံက ညိုချော နားထဲမှာ ဟိန်းထွက်လာသည်။ ကြောက်စိတ်ကြောင့် ညိုချောတစ်ကိုယ်လုံး အားအင်တွေညှိုးနွဲ့သွားသလို ခံစားလိုက်ရ၏။

"ဟို စားပွဲပေါ်ကို ဖုန်သုတ်ရင်းနဲ့ မတော်တဆ တိုက်မိလို့"

"တောက် ဒီပစ္စည်းက ငါ့အတွက် ဘယ်လောက်အရေးပါသလဲဆိုတာ နင်မသိဘူးလား ချောကလက်မ"

မီးပွင့်မတတ်ကြည့်ကာပြောနေသော မိုးဖျား အကြည့်စူးစူးတွေအောက်မှာ ညိုချော တုန်ယင်နေ၏။

"ညိုချော တောင်းပန်ပါတယ် မိုးဖျားရယ်၊ တကယ့်ကိုမတော်လို့ ဖြစ်သွားတာပါ"

"နင် မတော်တဆ ခွဲပစ်လိုက်တဲ့ပစ္စည်းက ငါ့ အရမ်းတန်ဖိုးထားတဲ့ပစ္စည်းဆိုတာ နင်မသိဘူး"

စိမ်းပြတ်မာထန်နေသော မိုးဖျားအသံတွေကြားထဲမှာ ညို



www.burmeseclassic.com

www.burmeseclassic.com



ချော အငွေ့ပျံပျောက်သွားချင်တဲ့အထိ မျက်ရည်တွေ ဝေသီကာ ခေါင်းကို ငုံ့ထားမိဆဲ။

"တောက် သွား၊ နင် ငါ့ရှေ့က ထွက်သွားတော့"

"ဟုတ် ဒါ ဒါလေးရှင်းပြီးရင် ထွက်သွားပါ့မယ် မိုးဖျား"

"ဟာကွာ၊ သွားဆို သွားတော့ကွာ"

မိုးဖျားဒေါသတွေ မထိန်းနိုင်တော့ဘဲ ညိုချောပခုံးကို ဆတ်ခနဲ ဆောင့်တွန်းပစ်လိုက်တာမို့ –

"အို အား"

"ဟင်"

ခန္ဓာကိုယ်ယိုင်လဲအကျမှာ လက်ထောက်ထိန်းလိုက်မိသည်က ဖန်ကွဲစပေါ်ကို ဖြစ်နေတော့ လက်ဖဝါးလေး ဟက်တက်ကွဲကာ သွေးတွေခြင်းခြင်းနီသွား၏။

"ဟယ် ဒါက ဘယ်လိုဖြစ်ကြတာလဲ၊ အောင်မယ်လေး သမီးညိုချော"

ကွန်ပျူတာအခန်းထဲပြေးဝင်လာသော မေမေလင်းမျက်ဝန်းတွေက ညိုချောလက်က ယိုစီးကျနေသော သွေးတွေကိုမြင်ကာ အထိတ်တလန့် အော်တော့သည်။ အော်သံကြောင့် အခန်းထဲကို နောက်ထပ်ရောက်လာတာ အန်ကယ်ဦးအောင်လင်းဖြစ်သည်။ ညိုချောလက်ကဒဏ်ရာနှင့် မိုးဖျား မှုန်တေတေရပ်နေတာကို ကြည့်ရင်း –





"သား မင်း ဘာလုပ်လိုက်တာလဲ"

"သူ့ဟာသူ ဖန်ကွဲစနဲ့ထိသွားတာ၊ သားဘာမှမလုပ်ဘူး"

"ဟုတ်လား သမီး"

ဦးအောင်လင်းက မယုံသလိုနှင့် ညိုချောကိုမေးတော့ ညိုချောဝေဒနာကြားက ခေါင်းလေးညိတ်ပြရင်း –

"ဟုတ်ပါတယ် ဘဘကြီး၊ ညိုချောဘာသာ ဖြစ်တာပါ၊ မိုးဖျားလုပ်တာ မဟုတ်ပါဘူး"

ညိုချော လိမ်ညာလိုက်မိ၏။ မိုးဖျားကြောင့် ဖြစ်ရတာဆိုလျှင်လည်း မိုးဖျားနှင့်ဦးအောင်လင်းတို့ ပြဿနာတွေ အကြီးအကျယ်တက်မှာသေချာ၏။

"လာ လာသမီး၊ သွေးက အရမ်းထွက်နေတာပဲ၊ ဆေးထည့်မှဖြစ်မှာပေါ့"

မေမေလင်းဆွဲခေါ်ရာသို့ ညိုချော ခေါင်းလေးညိတ်လိုက်ခဲ့တော့ ဦးအောင်လင်း အနောက်က ကပ်လိုက်လာသည်။

ကိုယ့်ရဲ့ပေါ့လျော့မှုကြောင့် ကိုယ့်အပြစ် ကိုယ်ခံရတာဟုပဲ ညိုချော သဘောထားကာ မိုးဖျားကိုလည်း အပြစ်မတင်ရက်ပါ။ ဒါမှ မိုးဖျား ကျေနပ်မှာလေ။

နာကျင်မှုဝေဒနာက ဒဏ်ရာက တဆစ်ဆစ် တိုးနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ညိုချော အံလေးတင်းတင်းကြိတ်ခံယူမိသည်။

မိုးဖျားရယ် ညိုချော ရှင့်ကြောင့် နာကျင်မှုတွေ ဘယ်နှကြိ ဘယ်နှခါပဲ ခံယူရပါစေ။ ကျေနပ်စွာ ခံယူမှာပါ။

ဘယ်တော့မှ အပြစ်မမြင်၊ ရှင့်အပေါ်ကို ခွင့်လွှတ်ချစ်ခဲ့တ ကို ရှင်မြင်နိုင်တဲ့တစ်နေ့ကျရင် ညိုချော အတိုင်းအဆမဲ့ ပျော်ရွှင်မိ ယုံပါ။

✿

လက်မှဒဏ်ရာအရှိန်ကြောင့် ညိုချော ဖျားသည်။ အဖျား တစ်ရှော့လေးမှ လုံးဝမကျတော့ ဒေါ်ကြင်ကြင်လင်း စိတ်ပူလို့နေ ဒီတော့ မိုးဖျားကိုအပြစ်တင်တော့သည်။

"ညိုချော ဒီလိုဖြစ်ရတာ သားရဲ့ပယောဂ မကင်းဘူးဆိုတ မေမေသိတယ်၊ မင်းအဖေရှေ့မှာမို့ ဘာမှမပြောချင်လို့ ငြိမ်နေတ နော်"

"သားနဲ့ ဘာဆိုင်လဲမေမေရာ၊ မေမေတို့က တကယ်ပွ တယ်၊ သူ့ကိုထိရင် သားအရင်းကိုတောင် သားလို့ မမြင်နိုင်ကြတော့ ဘူးလား"





မိုးဖျားကလည်း မကျေနပ်ချက်ကို ရင်ဖွင့်သည်။ ညိုချောကိစ္စ မှာ သူ့ အပြစ်ရှိတာမှန်ပေမယ့် ညိုချောကိုယ်တိုင်က ငြင်းထားသည်ပဲ။ ပြီးတော့ သူ့အမြတ်တနိုးထားသော ပစ္စည်းလေး ဆုံးရှုံးခဲ့တာ အစာ မကြေနိုင်တာ အမှန်။

"ပြဿနာကို မဖြစ်ချင်လို့ တမင်ရှောင်နေတာ၊ အိမ်မှာ တစ်ရက်မနေလိုက်နဲ့၊ ဒီချောကလက်မနဲ့ ပြဿနာဖြစ်တော့တာပဲ၊ ကိုယ်မရှာဘဲ သူ့ဘာသာ ဇွတ်တိုးဝင်လာနေတာ မေမေရ"

"ဘာပဲဖြစ်ဖြစ် မင်း ညိုချောကို တောင်းပန်ရမယ်သား"

"ဘယ်လို၊ သားက တောင်းပန်ရမယ်၊ ဟုတ်လား"

"ဟုတ်တယ်သား။ သားတောင်းပန်သင့်တယ်၊ ညိုချောက သားကြောင့်ဖြစ်တာ မဟုတ်ဘူးဆိုပြီ ဘယ်လောက်ပဲကာကွယ်ပေးပေ မယ့် မေမေရော ဖေဖေရော မင်းကြောင့်ဖြစ်တာလို့ တစ်ထစ်ချယုံ ကြည်ထားတယ်၊ အခုလိုတောင်းပန်ခိုင်းတာလည်း မင်းအဖေရဲ့အမိန့်ပဲ သား"

မိုးဖျား စိတ်ပျက်စွာနှင့် မျက်နှာနှစ်ဖက်ကို တွန့်ရှုံ့ပစ်လိုက်ရင်း

"အမိပ္ပာယ်မရှိလိုက်တာ မေမေရာ"

မိုးဖျား၏ တစ်ဇွတ်ထိုးငြင်းဆန်နေဟန်ကိုကြည့်ပြီး ဒေါ်ကြင် ကြင်လင်း မျက်နှာတည်တင်းသွားကာ –

"အဓိပ္ပာယ်ရှိတယ်သား၊ ညိုချောကို မေမေ ဘာလို့ သင်း



www.burmeseclassic.com

www.burmeseclassic.com



လေးလို ဂရုစိုက်လဲ၊ သိလားသား။ တစ်ချိန်က ညိုချောလေးအမေရဲ့ အနာဂတ်ကို မေမေက လုယူခဲ့သလိုဖြစ်ခဲ့လို့ပဲသား၊ ညိုချောအမေ မြလေးသာ သူ့ဘဝကို ဖစေတေးခဲ့ရင် မိုးဖျားထက်ဘုံဆိုတဲ့ သားဟာ လည်း လောကထဲ ရောက်လာဦးမှာမဟုတ်ဘူး သား''

''မေမေပြောတာတွေ သား တစ်ခုမှ သဘောမပေါက်ဘူး''

မိုးဖျားတကယ်လည်း နားမလည်ပါ။ အတိတ်မှာကျန်ခဲ့သော ဖယားတွေက သူနဲ့ ဘာဆိုင်လို့လဲ၊ ဒါတွေက ကိုယ့်သမိုင်း ကိုယ့်ဖယား မှ မဟုတ်တာဘဲ။

''သဘောမပေါက်ရင် သဘောပေါက်တဲ့အထိ ပြောပြမယ် မင်း အသေအချာနားထောင် သား''

ဒေါ်ကြွင်ကြွင်လင်းက မိုးဖျား ရှင်းလင်းနားလည်အောင် အတိတ်က ဇာတ်လမ်းတစ်ပုဒ်ကို ရင်နာစွာနှင့် ပြောပြသည်။

မိုးဖျားအတွက် အနည်းငယ် အံ့ဩရုံမှအပ တခြားစိတ်ခံစား တွေ သိသိသာသာ ပြောင်းလဲခြင်းမရှိပါ။ ကံတရားက စီစဉ်ခဲ့သော ကိစ္စဟုပဲ ပေါ့ပေါ့ပါးပါးတွေးသည်။ ဖေဖေနှင့်ဒေါ်မြလေးဆိုသော အမျိုးသမီး မဆုံစည်းခဲ့တာ ဖူးစာမပါလို့ပဲပေါ့၊ ဖေဖေနဲ့မေမေ ပေါ ဖက်ခဲ့တာလည်း ဖူးစာပါလို့ပဲလေ။

အဖြေက ရှင်းနေတာကို မေမေ ဘာတွေ ထောက်ထ စာနာပေးရမှာလဲ။





သူ့စိတ်ထဲမှာ ကျေးဇူးတရားနှင့် မသက်ဆိုင်ဘူးဟု ယူဆ သတ်မှတ်ထားတာမို့လည်း –

''သား မတောင်းပန်ချင်ဘူး မေမေ၊ ဒီအတိတ်ကဇာတ်လမ်း ဆိုတာ မေမေတို့လူကြီးတွေအထိမှာပဲ ရပ်လိုက်ပါတော့၊ မပြီးဆုံးသေး တဲ့ ဇာတ်လမ်းတွဲကြီးလို လူငယ်တွေအထိ ဆွဲဆန့်မလာပါနဲ့တော့''

ဘယ်လိုမှ ဖျောင်းဖျပြောဆိုလို့ မရသောသားကိုကြည့်ကာ ဒေါ်ကြွင်ကြွင်လင်း စိတ်ပျက်စွာ သက်ပြင်းမောကြီးချသည်။

''အင်း မေမေကတော့ ကိုယ်မွေးတဲ့သားက အဲဒီလောက် အသိစိတ်ခေါင်းပါးလိမ့်မယ်လို့ ထင်မထားဘူး၊ ဒါကြောင့် ဆုံးမကြည့် တာ၊ အင်း တော်တော်လေး ဝမ်းနည်းစရာကောင်းတာပဲ၊ မေမေ့ရဲ့ သားမှာ အားနွဲ့သူကို အနိုင်ယူလိုစိတ်နဲ့ မညှာမတာပြောတတ်ဆိုတတ် တဲ့ စိတ်ဓာတ်ဆိုးကြီးရှိနေတာ တကယ့်ကို စိတ်မကောင်းစရာပဲ၊ ဒါတွေဟာ မေမေ ညံ့ဖျင်းလို့ပဲပေါ့၊ မေမေ့ကိုယ်မေမေပဲ အပြစ်ဖွဲ့ရ တော့မှာပါ''

မေမေ့စကားက သူ့ရင်ကို ထိရှစေတာ အမှန်ပဲဖြစ်သည်။ မေမေ့စကားတွေက ထိုမျှနှင့် ရပ်မသွားခဲ့ဘဲ –

''ဒီနေ့ကစပြီး သားရဲ့နေ့ထိုင်မှုပုံစံကို မေမေ ဘာမှ ဝင်မစွက် ဖက်တော့ဘူး။ စွက်ဖက်လည်း အရာမှမထင်တာဘဲ သားရယ်၊ ဒီတော့ မင်းကြိုက်သလို နေနိုင်တယ်၊ မင်းရဲ့ကိုယ်ရေးကိုယ်တာကို ကောင်းကျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုး၏ ဘာမှမတိုင်ပင်လည်း ရတယ် သား၊ မေမေနဲ့ဖေဖေ သား
မောက်မာရင့်သီးတဲ့စိတ်ဓာတ်ကြီးကို လုံးဝဥပေက္ခာပြုလိုက်ပြီ သား

စကားဆုံးသည်နှင့် ဒေါ်ကြင်ကြင်လင်း အခန်းထဲက လှည့်ထွက်ခဲ့သည်။

ကိုယ့်သားအကြောင်း ကိုယ်သိသည်။ ငယ်ငယ်ကတည်း
ဖြစ်စေချင်တဲ့ပုံစံကို တိုက်ရိုက်ပုံသွင်းလို့မရသည့်အခါ ဗျူဟာတစ်မျိုး
သုံးပြီးပြောရသည်လေ။

အခုလည်း အခန်းထဲမှာ ငူငူကြီးကျန်ခဲ့သောမိုးဖျား ပင့်သ
မောကြီးချလိုက်မိသည်။ မေမေ သူ့ကို စိတ်ဆိုးသွားပြီဆိုတာ သိ
သည်။ မေမေ့ကို ဆင်ခြေပေးဖို့လည်း စကားလုံးတွေ မရှိတော့
အမှန်။

"တောက်"

ရင်ထဲက ဒေါသမီးတွေကို တက်တစ်ချက်အဖြစ် နှုတ်
ဖွင့်ထုတ်ပစ်လိုက်မိသည်။ ပြဿနာအားလုံး၏တရားခံသည် ဟို
သူမ ချောကလက်ကြောင့် ဖြစ်ကုန်တာ။

ဖြစ်နိုင်လျှင် ဒီချောကလက်ကို လုံးခြေထုပ်ပိုးကာ အညာ
ပြန်ပို့ပစ်လိုက်ချင်တာ။ တော်တော်ပြဿနာရှာတဲ့ တောသူမ။

✿ ✿ ✿



## အခန်း (၁၅)

ညှိုးရော်မှိန်ဖျော့သော မျက်နှာလေးနှင့် ခုတင်ပေါ်မှာ လှဲနေ
သော ညိုချောကိုကြည့်ကာ ဖျိုးမေ စိတ်မကောင်းပါ။ မိုးဖျားအပေါ်မှာ
လည်း ဒေါသတွေ လှိမ့်ထွက်မိနေ၏။

တော်တော် လူမဆန်တဲ့ မိုးဖျားပါလား။

"ညိုချော သက်သာရဲ့လားဟင်"

ဖျိုးမေ့အမေးစကားကို ညိုချောက ယဲ့ယဲ့လေးပြုံးကာ ခေါင်း
ညိတ်ပြသည်။

"သက်သာပါတယ် ဖျိုးမေရယ်၊ ညိုချော သင်တန်းပျက်ရက်
တွေ များနေပြီနော်"

သင်တန်းနှစ်ရက်မျှ ပျက်တာကိုပဲ ညိုချောက အားနာသလို



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းသလို ပြောနေတာမို့ –

"အို ကျန်းမာရေးထက် ဘာမှ အရေးမကြီးပါဘူးဟ
အဓိက,က ညိုချော ပြန်နေကောင်းဖို့ပဲ မဟုတ်လား"

ပျိုမေ အားပေးနှစ်သိမ့်စကားဆိုတော့ ညိုချော ယုံယုံ
ပြုံးလေးနှင့် တုံ့ပြန်ရင်း –

"ဒီတစ်ခေါက် ရှိုးပွဲကျရင် မိုင်နာအဖွဲ့ထဲမှာ ညိုချော
ထည့်ပေးထားတယ်၊ ပွဲအတွေ့အကြုံရှိအောင်လေး အဲဒီရှိုးပွဲအတွ
အကတွေတိုက်ဖို့ ညိုချော အမြန်နေကောင်းမှ ဖြစ်မှာလေ"

ပျိုမေစကားကြောင့် ညိုချောမျက်နှာလေး ဝင်းပကြည်
သွားကာ –

"ဟယ် တကယ်၊ ညိုချော ဝမ်းသာလိုက်တာ၊ ပျိုမေ
ကျေးဇူးလည်း အရမ်းတင်တယ်၊ ရှိုးပွဲမှာ ပါဝင်ကပြရမယ်ဆို
ညိုချော အိပ်မက်မက်နေသလားလို့တောင် ထင်မိတယ် ပျိုမေ"

ဖျော့တော့တော့မျက်နှာလေးက ဝမ်းသာရိပ်တွေနဲ့ ချက်
သွေးရောင်လေးပြန်လွှမ်းလာတော့ ပျိုမေ ညိုချောလက်ကလေး
ဆုပ်ကိုင်ရင်း –

"အရမ်းလည်း ကျေးဇူးတင်မနေနဲ့ဦး၊ ဒါ ညိုချောတော်
ပါဝင်ခွင့်ရတာ၊ ညိုချောသာ အရည်အချင်းမပြည့်မီသေးဘူးဆ
ဒီလိုပွဲမျိုးတွေမှာ ညိုချောကို ထည့်သုံးလို့ရမှာ မဟုတ်ဘူးလေ





"သမီးတို့ရေ မောင်မြင့်မိုရ်လာတယ်"

အခန်းဝမှ မေမေလင်းအသံကြောင့် ညိုချောနှင့်ပျိုမေ အခန်း
ကို အာရုံရောက်သွားကြသည်။ အခန်းဝမှာ ရပ်နေသော မေမေလင်း
နောက်မှာ မြင့်မိုရ်ရပ်နေ၏။

"ဝင်လေ သား၊ ပျိုမေလည်း ရောက်နေတော့ လူစုံပြီပေါ့"

မြင့်မိုရ် ပျိုမေနှင့်ညိုချောတို့ရှိနေသော အခန်းထဲ ဝင်လာ
သည်။ အပြာနုရုပ်လက်တိုနှင့် ဘောင်းဘီအနက်ကို ဝတ်ဆင်ထားပုံက
သန့်ချောမောသောရုပ်သွင်ကို ပေါ်လွင်ထင်ရှားစေ၏။

လမ်းလျှောက်ပုံကအစ စတိုင်လည်းကျသော မြင့်မိုရ်ကို
မော ငေးငေးလေး ပြုံးကြည့်နေသည်။

"ညိုချော နေမကောင်းဘူးဆိုတာ ကိုယ် တကယ်မသိဘူး၊
ပျိုမေ့ဆီ လှမ်းဖုန်းဆက်မေးမှ သိရတာ"

မြင့်မိုရ်က ညိုချောကိုကြည့်ကာပြောရင်း ပျိုမေကိုပါ အသိ
တ်ပြုံးပြုံးသည်။ ညိုချော ဖျော့ဖျော့လေးရယ်ရင်း ခုတင်လေးပေါ်
ထိုင်သည်။

"ဒီလောက်အများကြီးမဟုတ်ပါဘူး မြင့်မိုရ်ရယ်၊ ကောင်း
ပြီ"

တကူးတက လာမေးကြသော ပျိုမေနှင့် မြင့်မိုရ်ကို ကျေးဇူး
တင်မိရင်း အခုချိန်ထိ ညိုချောဆီ ရောက်မလာသော မိုးဖျားကို



www.burmeseclassic.com

www.burmeseclassic.com



တော့ တမ်းတမ်းတတလေး ဖြစ်နေမိတာအမှန်။

"ညိုချောအတွက် မုန့်နဲ့စားစရာတွေ ဝယ်လာတယ်၊ အန်တီ

လင်းကို ပေးလိုက်ပြီနော်"

"အို မြင့်မိုရ်ရယ် မလိုပါဘူး။ အားနာစရာတွေ ဖြစ်ကုန်ပြီ"

မြင့်မိုရ် ဒီလောက်အထိ ဂရုစိုက်သိတတ်ပြနေတော့ အနားမှ

ရှိနေသောပျိုမေကို အားနာမိသည်။ ပျိုမေက ဘာမှမဖြစ်သလို ပြုံးပြုံး

လေး ငြိမ်သက်နားထောင်နေသည်။

"အားနာရမယ့်လူတွေ မဟုတ်ပါဘူး ညိုချောရာ၊ ဒါနဲ့ လက်

က ဒဏ်ရာက ဘာဖြစ်တာလဲဟင်"

ပတ်တီးစည်းထားသော ညိုချောလက်ကိုကြည့်ပြီး မြင့်မိုရ်က

စိုးရိမ်စွာ မေးသည်။

"ဖန်ကွဲရှတာပါ"

"ဟာ ဖြစ်မှဖြစ်ရလေ ညိုချောရယ်၊ လုံးဝ စိတ်မကောင်း

လိုက်တာကွာ၊ အတော်များသလားဟင်"

"ဟင့်အင်း၊ သိပ်မများပါဘူး၊ သက်သာသွားပါပြီ"

ကရုဏာရိပ်တွေ ဖြာကျနေသော မြင့်မိုရ်မျက်ဝန်းတွေထဲ

ကြင်နာနွေးထွေးရိပ်တွေ ဖြာကျစီးဆင်းနေသည်။ ဒါကို ပျိုမေ မေ

ကြည့်ရင်း ရင်ထဲမှာ ကျင်ရှရှလေးတော့ ခံစားလိုက်ရပါသည်။

ဒါကို သတိပြုမိလိုက်သည့် ညိုချော အနေခက်နေတာလည်း





အမှန်ဖြစ်သည်။

မြင့်မိုရ်ရဲ့အပြုအမူတွေက ကိုယ့်အပေါ်မှာ အရမ်းကို လိုလေ

သေးမရှိ ဂရုစိုက်ဖြစ်နေတာ အားနာစရာကောင်းသည်။

ပျိုမေရှေ့မှာဆိုတော့ ညိုချော မနေတတ်ပါ။

ပျိုမေက ကိုယ့်ကို မြင့်မိုရ်နှင့်ပတ်သက်ပြီး ရင်ဖွင့်ထားတာမို့

ဆိုးသည်။

ညိုချောနှင့်ပျိုမေတို့ သူငယ်ချင်းတွေဖြစ်ပြီးမှ ပျိုမေ နေ

ကောင်းဖြစ်ဖူးပါသည်။ အဲဒီတုန်းက ပျိုမေထံသို့ မြင့်မိုရ်အခုလို

သတင်းမေးရောက်မလာဖူးပါ။ ဖုန်းသတင်းလေးနဲ့ပဲ မေးခဲ့တာဖြစ်၏။

အခု ညိုချောအပေါ်မှာတော့ မြင့်မိုရ်အပြုအမူတွေက လိုတာ

ထက်ပိုမိုနေခဲ့တာ အထင်ရှား။

ပျိုမေကတော့ အပြုံးရိပ်လေးမပျက်ဘဲ ခံစားချက်တွေကို

ထိန်းကိုင်နိုင်လွန်းသည်ဟု ညိုချောထင်ပါသည်။ တကယ်ဆို ကိုယ်ချစ်

နေသော ယောကျ်ားတစ်ယောက် ကိုယ့်ရှေ့မှောက်မှာ တခြားမိန်းမ

တစ်ယောက်ကို ဂရုစိုက်ကြင်နာပြနေတာကို ဘယ်မိန်းမက နှစ်လို

ကြည့်ဖြူနိုင်မှာတဲ့လဲ။

"မြင့်မိုရ်တို့များ အလိုက်သိတတ်လိုက်တာဟယ်၊ လူမမာ

သတင်းလာမေးတာ ရှင်က ပျိုမေ့ထက်တောင် အမှတ်ပိုရအောင်

ယူပစ်လိုက်တာပေါ့လေ၊ ပျိုမေက အိမ်ချင်းနီးနေတော့ ဘာမှ မယ်



www.burmeseclassic.com

www.burmeseclassic.com



မလာနိုင်ဘူး''

ပျိုမေက မကျေနပ်သလို မျက်စောင်းလေးချိတ်ပြောပေမယ့် မျက်နှာလေးကတော့ အပြုံးမပျက်ဘဲ ရှိနေသည့် မြင့်မိုရ်မျက်နှာက ရဲပြာသွားရင်း –

''ဟာ မဟုတ်ရပါဘူး ပျိုမေရယ်၊ အဲဒီလိုမထင်ပါနဲ့ ညီ့ချောကို သတင်းလာမေးရင်း လမ်းမှာ ကြုံကြိုက်လို့ ဆင်းဝယ်လာခဲ့တာပါ၊ အထင်မလွဲပါနဲ့ ပျိုမေရာ၊ ဆောရီး ဆောရီး''

လက်ကလေးတကာကာဖြင့် တောင်းပန်နေသော မြင့်မိုရ်ရဲ့ အားနာဟန်လေးကို ပျိုမေ ခပ်ပြုံးပြုံးလေး စိုက်ကြည့်ကာ ရယ်နေသည်။ ထိုအရယ်တွေရဲ့နောက်ကွယ်ကိုတော့ ညီ့ချောမမြင်နိုင်သလို မြင့်မိုရ်ရော မြင်နိုင်ပါ့မလားမသိ။

''တီ တီ တီ''

ပျိုမေရဲ့ဖုန်းလေးမြည်လာတာမို့ ပျိုမေ ရယ်နေရာမှ ကောက်ဖွင့်လိုက် နားထောင်သည်။

''ဟဲလို မေမေ''

''-----''

''ရှင်၊ ရောက်နေပြီလား၊ ဟုတ် ဟုတ်ကဲ့၊ ပျိုမေ အခုပဲ လာခဲ့မယ် မေမေ''

ပျိုမေ ဖုန်းလေးပိတ်ရင်း ညီ့ချောနှင့်မြင့်မိုရ်ဘက်လှည့်ကာ





''ကဲ စကားတောင် ဝအောင်မပြောရသေးဘူး၊ ကိစ္စကပေါ်ပြီ လစ်လိုက်ဦးမယ် မြင့်မိုရ်ရေ၊ ညကျမှပဲ တစ်ခေါက်ထပ်လာမယ်၊ သိလား ညီ့ချောရေ''

ပျိုမေ ခုတင်စွန်းလေးမှာ ထိုင်နေရာမှ ထရပ်ရင်း နှုတ်ဆက်တော့ ညီ့ချော ခေါင်းကလေးညိတ်ရင်း –

''ရပါတယ်၊ မအားရင် မလာပါနဲ့ ပျိုမေရယ်၊ ညီ့ချောလည်း နေကောင်းနေပါပြီ၊ မနက်ဖြန်တောင် သင်တန်းလာတက်တော့မှာပဲ''

''အိုကေ အိုကေ၊ သွားပြီနော်''

နှစ်ယောက်စလုံးကို ထပ်နှုတ်ဆက်ကာ ပျိုမေ ခပ်သုတ်သုတ်လေးထွက်သွားတော့ အခန်းထဲမှာ ကျန်ရစ်ခဲ့တာ ညီ့ချောနှင့်မြင့်မိုရ် နှစ်ဦးတည်းမို့ ညီ့ချော အနေခက်နေ၏။ ပြန်ပါတော့လို့လည်း မြင့်မိုရ်ကို မနှင်ရက်။

မြင့်မိုရ်က ညီ့ချော၏ ခြယ်သမှုကင်းစင် ရှင်းသန့်နေသော မျက်နှာလေးကို ငေးကာ စိုက်ကြည့်နေရင်း –

''မြန်မြန်သာ နေကောင်းပါတော့ ညီ့ချောရယ်၊ သင်တန်းမှာ ညီ့ချောမရှိတော့ ကိုယ့်ရင်ထဲမှာ တစ်ခုခုလိုနေသလိုပဲ၊ သိလား''

''ရှင်''

''ဟုတ်တယ် ညီ့ချော၊ ကိုယ် ညီ့ချောကို လုံးဝမမြင်တွေ့ရတဲ့နေ့တွေမှာ ကိုယ့်စိတ်တွေ မောနေတာ၊ ညီ့ချောကို ဖုန်းဆက်ချင်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ညိုချော စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ မဆက်ရဲဘူး။ ကိုယ့်ဆန္ဒအတိုင်းသာဆိုရင် ညိုချောဆီကို ညတိုင်း ဖုန်းဆက်ချင်တာ”

“အို မြင့်မိုရ်ကလည်း ဖုန်းဆက်ရအောင် ညိုချောနဲ့ မြင့်မိုရ် ကြားမှာ ဘာမှ ထွေထွေထူးထူးပြောစရာစကားမှ မရှိတာ”

ဖွင့်အံ့လှဆဲဆဲဖြစ်နေသော မြင့်မိုရ်ခံစားချက်တွေကို မသိဟန်ဆောင်ပြီး ညိုချော ပုတ်ထုတ်ပစ်လိုက်သည်။ မြင့်မိုရ်ဆီက ဒီလိုစကားတွေကို ညိုချော မကြားချင်ပါ။

“ကိုယ့်မှာတော့ ရှိတယ် ညိုချော၊ ကိုယ့်ရဲ့ရင်ဘတ် တစ်နေရာမှာ ညိုချောရှိနေတယ်၊ ညိုချောအကြောင်းကို မတွေးရရင် မနေနိုင်အောင် ကိုယ့်ရင်မှာ ညိုချောက စိုးမိုးနေတယ်”

“အို မဖြစ်နိုင်ပါဘူး။ ညိုချောလို အခြေအမြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်အကြောင်းကို အချိန်ကုန်ခံပြီး မတွေးပါနဲ့ မြင့်မိုရ်ရယ်”

မြင့်မိုရ်၏ အနှောင်အဖွဲ့တွေထဲက ရုန်းထွက်နေသောညိုချော၏ ထိုတဒင်္ဂလေးကို အခန်းဝမှာ ရပ်ကြည့်နေသည့် မိုးဖျားရင်ထဲမှာတော့ ဒေါသတွေ အထပ်လိုက်စုပြုံနေသည်။

ကိုယ်ကတော့ မေမေ့စကားတွေကြောင့် ညိုချောအပေါ် စာနာစိတ်ကလေးဖြစ်တည်ကာ လာခဲ့မိ၏။ သူမအပေါ် တောင်းပန်ဖို့ သူ့မာနတွေကို ထုပ်ပိုးသိမ်းဆည်းထားခဲ့သမျှက အခုတော့ –





မြင်နေရသည့်မြင်ကွင်းက ဒေါသတွေကို ဆူဝေသွားစေတဲ့ အထိ ဖြစ်ကုန်သည်။ မြင့်မိုရ်ဆိုတဲ့ကောင်နဲ့ သင်းကအကြည့်စိုက်နေသည်။

ဒါလား ရိုးသားတဲ့မိန်းကလေး။ သူစိမ်းယောကျ်ား တစ်ယောက်ကို အခန်းထဲခေါ်ပြီး စကားပြောရအောင် သူ့မှာ ကုန္ဓေသိက္ခာဆိုတာ မရှိတော့ဘူးလား။

မေမေတို့ သိပ်အထင်ကြီးနေသော တောသူမက ဒီလိုဇာတ်လမ်းခင်းနေတယ်ဆိုတာ မေမေတို့ သိမည်မဟုတ်။ မိုးဖျားအံကိုတင်းတင်းကြိတ်ပြီး အခန်းဝက ချာခနဲလှည့်ထွက်ခဲ့မိသည်။

မီးဖိုခန်းထဲမှာရှိနေသော မေမေ့အနားရောက်သည့်အထိ သူ့ဒေါသတွေ ပွက်ပွက်ဆူဝေနေတုန်း ဖြစ်၏။

“မေမေ မေမေ”

မိုးဖျားခေါ်သံကြောင့် မေမေ အထိတ်တလန့် မျက်ပန်းတွေနှင့် လှည့်ကြည့်၏။

“ဟဲ့သား ဘာဖြစ်လာတာလဲ”

“မေမေတို့ သိပ်အထင်ကြီးနေတဲ့ ချောကလက်မရဲ့အခန်းထဲမှာ ဘယ်သူရောက်နေသလဲသိလား မေမေ”

သူ့အသံက ဒေါသတွေနှင့် မာထန်နေပေမယ့် မေမေကတော့ အံ့သြထူးခြားဟန်မရှိသည့် မျက်ဝန်းတွေနှင့် ကြည့်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သား၊ ညီုချောအခန်းထဲမှာ မြင့်မိုရ်ရောက်နေတာကို ပြောတာလား"

"ဟင်"

မိခင်စကားကြောင့် မိုးဖျား အံ့သြသွားသလို မျက်မှောင်ကြီးကုတ်ကြည့်ရင်း –

"ဒါဆို အဲဒီကောင်မြင့်မိုရ်ရောက်နေတာ မေမေသိနေတယ်ပေါ့"

"ကိုယ့်အိမ်လာတဲ့ ဧည့်သည်ပဲ သားရယ်၊ မေမေသိတာပေါ့၊ ညီုချောကို လာမေးရင်း မုန့်ဘူးတွေနဲ့ ပန်းသီးတွေတောင် ပေးသွားသေးတယ်"

"ဒါဆို ဧည့်ခန်းထဲမှာ စကားမပြောကြဘဲ ဘာလို့ အိပ်ခန်းထဲမှာ စကားပြောနေရတာလဲ မေမေ"

"သား ဘာတွေဖြစ်နေတာလဲ၊ ရိုးသားခင်မင်တဲ့မိတ်ဆွေတွေပဲ၊ ဘယ်နေရာမှာပဲ စကားပြောပြော အမြင်တင့်ပါတယ်ကွယ်"

မေမေကတော့ မျက်စိမှိတ် အကြွင်းမဲ့ယုံနေသည်။ သူ့ခေါင်းကို ခါယမ်းရင်း လက်မခံနိုင်သလို ထပ်ငြင်းဆိုသည်။

"မိန်းမပျိုတစ်ယောက်ရဲ့အိပ်ခန်းထဲမှာ ယောကျ်ား တစ်ယောက်နဲ့ နှစ်ကိုယ်ကြားရှိတာ အမြင်တင့်တယ်တဲ့လား မေမေ"

မိုးဖျား ပေါက်ကွဲနေတာကို ကြည့်ရင်း ဒေါ်ကြင်ကြင်လင်း





ယဲ့ယဲ့လေး ပြုံးမိပါသည်။ အခုတော့ သားအာရုံတွေက ညီုချောဆီရောက်နေပါလား။

အင်းလေ ညီုချောက အရင်လိုညီုချောမှ မဟုတ်တာ။ ယောကျ်ားလေးတစ်ယောက်ကို ဖမ်းစားစွဲဆောင်နိုင်တဲ့ အလှတွေပိုင်ဆိုင်ထားနိုင်ပြီပဲ။

"အဟင်း ဟင်း ဟင်း သားရယ်၊ သားမုန်းနေတဲ့ မိန်းကလေးတစ်ယောက်က သူ့ဟာသူ ဘယ်လိုပုံစံနဲ့ပဲနေနေ၊ သား အနေသာကြီးပဲ မဟုတ်လား"

"မုန်းတာက မုန်းတာပဲမေမေ၊ ဒါပေမဲ့ ဒါက သားတို့အိမ်လေ၊ ဒီလို မဖွယ်မရာပုံစံမျိုးတွေကို အိမ်ရှင်တစ်ယောက်ဖြစ်တဲ့ သားက ဘယ်လိုပုံစံမျိုးနဲ့ ကြည့်နေရမှာလဲ၊ နောက်ပြီး ဒီကောင်က ဘာကြောင့် ချောကလက်ကို လာရောနေတာလဲ၊ ဒီကောင်နဲ့ သား စာရင်းရှင်းမှဖြစ်တော့မယ် မေမေ"

"မြင့်မိုရ်က သားသူငယ်ချင်းလေ၊ ပျိုမေနဲ့လည်း သူငယ်ချင်းဆိုတော့ သမီးညီုချောနဲ့ သူငယ်ချင်းဖြစ်တာ ဘာဆန်းလို့လဲ သားရယ်၊ သူတို့မှာ လွတ်လပ်ပိုင်ခွင့်ရှိကြတာပဲ၊ နောက်ပြီး သားနဲ့လည်း အနေသာကြီးလေ"

ဒေါ်ကြင်ကြင်လင်းက မိုးဖျားစကားတွေကို လက်မခံနိုင်သလို အေးဆေးစွာပဲ ရှင်းပြနေသည်။ မိုးဖျား အမှန်တရားတွေကို မေမေသိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောမှဖြစ်တော့မည်။

"မဟုတ်ဘူးမေမေ၊ သားနဲ့မေမေကြားမှာလည်း သူ ကန့်လန့်ကန့်လန့် အမြဲရှိနေတယ်၊ အခု ချောကလက်အနားမှာလည်း ရှိနေတယ်၊ ဒါတစ်ပြိုင်တည်း လှေနံနှစ်ဖက်နင်းနေတာ၊ သားကတော့ လက်မခံဘူး။ ရှင်းရမယ်မေမေ"

"ရှင်းချင်ရင် နောက်မှ အေးအေးဆေးဆေး ရှင်းတော့သား အခုဟာက မြင့်မိုရ်ကို မေမေကိုယ်တိုင် ညှိချောအခန်းထဲကို ခေါ်သွားပေးတာ၊ ဒီတော့ သားအပြစ်တင်ချင်ရင် မေမေ့ကိုသာ တင်ပေတော့"

ယတိပြတ်ပြောပြီး မေမေကျောခိုင်းလိုက်တော့ သူ့ရင်ထဲမှာ ပူစပ်ပူလောင်ကြီးဖြစ်ကာ ကျန်ရစ်ခဲ့၏။ ချောကလက်မအခန်းထဲမှာ မြင်တွေ့ခဲ့ရသောမြင်ကွင်းတွေက အာရုံထဲ တိုးဝင်လာကြသည်။

မြင့်မိုရ်ဆိုတဲ့ကောင် မျက်ဝန်းတွေက ချောကလက်မအပေါ်မှာ မရိုးသားတာတော့ သိပ်ကိုသေချာသည်။ ချောကလက်မကရော မြင့်မိုရ်အပေါ်မှာ တွယ်ငြိနေသလား။

ထိုမေးခွန်းကို တွေးမိလိုက်ရုံနှင့် သူ့ရင်ထဲမှာ လှိုက်ခနဲ တုန်ခါသွားတာ ဘာကြောင့်မှန်းမသိပါ။

အံ့ဩစရာကောင်းသည်က ချောကလက်မဆိုတာ အရင်တုန်းကထက် ပိုပိုပြီးလှပချောမောလာတာကိုပါပဲ။ အမှန်တကယ်ဆို သူ့ရင်ထဲမှာ ညှိချောဖြူဆိုတဲ့ ချောကလက်မကို ညစ်ပတ်စုတ်ပြတ်နေ





တဲ့ တောသူမအဖြစ်ပဲ ဆက်ပြီးသတ်မှတ်ထားသင့်သည်။

ဒါပေမဲ့ မသိစိတ်ရဲ့တစ်နေရာမှာတော့ ချောကလက်မ သိပ်လှပချောမောလာတာကိုတော့ သူ လက်ခံထားမိနေ၏။

"ကျွတ်စ်၊ သွားစမ်းပါ အရေးမပါဘူး"

ရင်ထဲက အတွေးတွေကို အမိန့်ပေး မောင်းထုတ်ပစ်မိပေမယ့် အာရုံထဲမှာ ချောကလက်မပုံရိပ်က ပျောက်မသွားပါ။ သူ ညှိခန်းထဲထွက်ခဲ့ကာ ကားသော့ကို ဖြုတ်ယူလိုက်မိသည်။

အခုချိန်မှာ ဒီနေရာနှင့်အဝေးဆုံးတစ်နေရာကိုပဲသူ ထွက်ခွာသွားသင့်သည်။ ဘာရယ်မသိဘဲ ရင်ထဲမှာ နိုတွယ်အမြစ်တွယ်နေသော ခံစားချက်တွေက သူ့ဒေါသတွေကို လှောင်ပြောင်နေကြသည်သား။

ဒီအချိန်မှာ ကိုယ့်စိတ်ရဲ့စာမျက်နှာတွေကိုတောင် ကိုယ်တိုင်ဖတ်တတ်တော့ပြီလား။ ရင်ထဲမှာ ဒေါသတွေနှင့်အတူ ရှုပ်ထွေးနေသော ကြိုးစတွေက လုံးထွေးရစ်ပတ်နေ၏။

သံယောဇဉ်ကြိုးတွေလား။ သမုဒယကြိုးတွေလား။

သူ မတွေးရဲပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"မင်း ငါ့ကို ဖုန်းဆက်ချိန်းတာ အရေးကြီးကိစ္စရှိလို့လား
မိုးဖျား"

သူ့စားပွဲဝိုင်းအထိ တည့်တည့်မတ်မတ်ဝင်လာကာ မျက်နှာ
ချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း မြင့်မိုရ်မေးသည်။ မြင့်မိုရ်ပုံစံက တည်ငြိမ်
နေသလောက် သူ့ရင်ထဲမှာတော့ ဒေါသတွေနှင့် ဆူဝေနေ၏။

ဖြစ်နိုင်လျှင် မြင့်မိုရ်မျက်နှာကို လက်သီးဖြင့် စိတ်ရှိလက်ရှိ
အားပါးတရ ထိုးပစ်ချင်သည်။

"မင်း ငါ့ကို ဘာလို့ အဲဒီလောက်အထိ စိုက်ကြည့်နေတာလဲ
မိုးဖျား"

"ငါ့ဒေါသတွေကို မျိုချနေတာ"





သူ့လေသံမာဆတ်ဆတ်ကြောင့် မြင့်မိုရ် ဆတ်ခနဲဖြစ်သွား
ခင်း တည်တည်ငြိမ်ငြိမ်လေးပဲ ပြုံးသည်။

"ဆိုပါဦး ဒေါသထွက်ရတဲ့အကြောင်းရင်းကို၊ အဲ နိုင်လုံမှ
ဆော့ ဖြစ်မှာနော် မိုးဖျား"

မြင့်မိုရ်၏ ခပ်ထေ့ထေ့အမေးစကားကြောင့် သူ သွယ်ဝိုက်
နေတော့ဘဲ ရှင်းရှင်းမေးချပစ်လိုက်သည်။

"အခု မင်းရင်ဘတ်ထဲမှာ ဘယ်သူရှိနေလဲ၊ အတိအကျ
သိချင်တယ်"

မြင့်မိုရ် မျက်ခုံးတန်းတန်းတွေ ပင့်လျက် သူ့ကို စူးစူးနစ်နစ်
ခွဲစိုက်ကြည့်နေသည်။ ပြီးမှ တွန့်ခနဲ တစ်ချက်ပြုံးရင်း –

"ဘာလဲ၊ မင်းရဲ့ပျိုမေကို ငါက ချိန်နေတယ်ထင်လို့လား"

"ငါသိချင်တာ မင်းနှုတ်က အဖြေစကားပဲ မြင့်မိုရ်၊ ပျိုမေ
လား၊ ဟိုချောကလက်မလား။ ဒါမှမဟုတ် နှစ်ယောက်စလုံးလား"

"နိုး မှားနေပြီ၊ ငါ အဲဒီလောက် လောဘမကြီးပါဘူး။ ပျို
မေက ငါ့သူငယ်ချင်းပဲ၊ ငါ့စိတ်ထဲမှာ သူငယ်ချင်းတစ်ယောက်လို
ခင်မင်တဲ့ သံယောဇဉ်ကလွဲပြီး ဘာမှမရှိဘူး၊ အရှင်းဆုံးပြောရရင်
ငါ့ကို မင်းထက်ပိုပြီး ပျိုမေက အရေးပေးဆက်ဆံနေတာတောင် ငါ
မင်းကို တကယ် အားနာရတယ်၊ စိတ်မကောင်းဖြစ်နေတာ"

မြင့်မိုရ်အဖြေစကားက သူ့သံသယတွေကို ချေဖျက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်သည့် အဖြေတစ်ခုပါပဲ။ ဒါပေမဲ့ သူ့ရင်ထဲမှာ ရှင်းလင်းမသွား ခဲ့။

"မင်းသိချင်တဲ့အကြောင်းရင်းက ဒါပဲမဟုတ်လား မိုးဖျား"

မိုးဖျား ခေါင်းမညိတ်ခေါင်းမခါမိဘဲ မြင့်မိုရ်ဆီက အကြည့် တွေလွှဲကာ အဝေးကို ငေးနေလိုက်သည်။

"အခု ငါ့ရင်ဘတ်ထဲမှာ ဘယ်သူရှိနေသလဲ မင်းသိသလား မိုးဖျား"

မြင့်မိုရ်စကားကြောင့် သူ့အကြည့်တွေ မြင့်မိုရ်ဆီ ပြန်ရော ငေးမောမိသွားပြန်သည်။ မြင့်မိုရ်မျက်ဝန်းတွေက ရောင်စဉ်တောက် နေသလို ကြည်နူးရိပ်တွေ လက်ဖြာနေသလိုရှိ၏။

"အခု ငါ့ရင်ထဲမှာ ရှိနေတဲ့သူကို မင်းသိရင် အရမ်းသဘော ကျသွားလိမ့်မယ်၊ မင်းအတွက် အရှုပ်ထုပ်တစ်ထုပ် ရှင်းသွားပြီ ဆို တော့လေ"

"လိုရင်းပြောကွာ မြင့်မိုရ်"

စေ့ဝိုက်နေသော မြင့်မိုရ်စကားတွေကို စိတ်မရှည်နိုင် သူ ဘောက်ဆတ်ဆတ်ပြောပစ်လိုက်မိသည်။

"ငါ့ရင်ထဲမှာ ငြိတွယ်နေတာ ညိုချောဖြူပဲ"

"ဘာ၊ ချောကလက်ကို မင်းက ချစ်နေတယ်၊ ဟုတ်လား"

သူ့စိတ်တွေ လှုပ်ခတ်တုန်ယင်သွားကာ ရေရွတ်မိသည်။





ရင်ထဲမှာ နိုးလိုးခုလုနှင့် ဝေဒနာဆိုးကြီးက တိုးဝင်လာတာ ဘာကြောင့် မှန်း မသိပါ။ မြင့်မိုရ်က ခေါင်းညိတ်ရင်း ပြုံးနေသောမျက်နှာနှင့် –

"ဘာလဲ၊ မင်း ဝမ်းသာသွားပြီလား မိုးဖျား၊ ငါ ညိုချောကို တကယ်မြတ်နိုးချစ်တာပါ၊ လက်ထပ်ယူမှာ မိုးဖျား"

မြင့်မိုရ်စကားတွေက နိုင်မာပြတ်သားလွန်းနေသည်။ သူ မြင့်မိုရ် ကို ငေးရင်း ဆို့နစ်နေသောဝေဒနာကြီးနှင့် ဘာစကားမှ မဆိုနိုင်ခဲ့ပါ။

"မင်း ငါ့ကို ကျေးဇူးတင်နေတယ် မဟုတ်လား၊ ဘာဖြစ်လို့ လဲဆိုတော့ မင်း လုံးဝကြည့်လို့မရဖြစ်နေတဲ့၊ အရည်အချင်းမရှိဘူးလို့ ယူဆထားတဲ့ မင်းတို့အိမ်က ချောကလက်လေးကို ငါက လက်ထပ် ယ်ဆိုလို့လေ၊ မင်း ကျေးဇူးတင်နေပြီမို့လား"

မြင့်မိုရ်စကားတွေက သူ့ရင်ထဲကို မီးစတွေနဲ့ ထိုးသလိုဖြစ်နေ တာ ဒီကောင် မသိ။ နာကျင်ခံစားနေရသော သူ့မှာသာ အံကြိတ်တင်း ခံနေရတဲ့အဖြစ်။

"အဲဒါတွေ ငါ့ကိုဘာလို့ လာပြောနေရတာလဲ၊ ငါစိတ်မဝင် စားဘူး၊ ကဲ ငါလစ်ပြီ"

မြင့်မိုရ်ရှေ့မှာ ဆက်ပြီး ကြာကြာနေမိလျှင် မဖြစ်တော့တာမို့ သူ ထိုင်ခုံကရပ်တော့ မြင့်မိုရ်က မော့ကြည့်ရင်း –

"ညိုချောဖြူကို ငါနဲ့ဆုံတွေ့အောင်လုပ်ပေးတဲ့ မင်းကို ကျေးဇူး တင်တယ် သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်လာသော သူ့ကို မြင့်မိုရ် ငေးမောကြည့်ကျန်
ခဲ့မည်လား သူမသိပါ။ နွေဦးရဲ့ ကျဲတောက်တောက်နေအပူရှိန်
လမ်းမပေါ်ရှိ အပူတံလျှပ်တွေ ဖြန့်ကျဲပက်ထားသလို ရှိသည်။

သူ့ရင်ထဲက အပူတွေက ပိုစူးရှလွန်းသည်ထင်၏။ ဖြတ်န
လျှောက်ခဲ့သော သစ်ရွက်ခြောက်တို့ သူ့ဖိနပ်ဦးအောက်မှာ ချိုးချိုးခွ
ချွတ် ညည်းတွားရင်း ကြေမွကျန်ရစ်ခဲ့ကြသည်။

တကယ်ဆို ဒီအချိန်မှာ ပျိုမေနဲ့သူ့ကြားမှာ အဟန့်အတ
တစ်ခုအဖြစ် ရှိနေသော မြင့်မိုရ်ပြဿနာက ငြိမ်းသွားခဲ့ပြီဖြစ်သည
ဒါကို သူ့စိတ်က ဘာကြောင့် ကျေနပ်ဝမ်းမသာနိုင်ရတာလဲ။

ပျိုမေရဲ့အချစ်ကို သူ့ဘက်က မျှော်လင့်ချက်ရောင်ခြည်
ဖြာလို့ စောင့်ကြိုနိုင်ခွင့်ရသည့် အဖြစ်ကို ဘာကြောင့် ပူလောင်ခြင်း
နဲ့ ရင်မှာ အကျည်းတန်နေတာလဲ မသိ။

ဒါဆို သူ့ခံစားမှုတွေရဲ့ ဦးတည်ရာက ဘယ်သူ့ဆီလဲ

✿ ✿ ✿



## အခန်း (၁၇)

သူနှင့်ညိုချောကြားမှာ လျှို့ဝှက်ထားသော လျှို့ဝှက်ချက်
တစ်ခုက သူ လုံးဝထင်မှတ်မထားမိသော အချိန်တစ်ခုမှာပဲ ဗွန်းခနဲ
ပေါ်ခွင့်ရလိုက်သည်။

ထိုနေ့က ဂစ်တို့အဖွဲ့နှင့်အတူ မျှော်စင်ကျွန်းက ကော်ဖီဆိုင်
သေးမှာ ထိုင်နေကြစဉ်က ဖြစ်၏။ သူ့ရှေ့စားပွဲတည့်တည့်မှာ မျက်
နှာချင်းဆိုင်ထိုင်နေသော ကောင်မလေးဆီ သူ့အကြည့်တွေ လွင့်
မျောသွားခိုက်။

"ဟင်"

မိုးဖျားမျက်ဝန်းတွေ ပြူးသွားကာ ကောင်မလေးဖတ်နေသော
စာအုပ်ကို ငေးကြည့်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်ကို သတိမထားမိသော ဂစ်တို့ကတော့ စကားတွေ ဖောင်ဖွဲ့ရယ်မောနေကြသည်။ သူ့မှာသာ မဂ္ဂဇင်းမျက်နှာဖုံးက ချော ကလက်မပုံရိုပ်ကို ပါးစပ်အဟောင်းသား ငေးကြည့်နေမိရင်း ထရပ် ၏။

"မိုးဖျား ဘာလဲ၊ ဘယ်သွားမလို့လဲ"

ဇင်ဖြိုးက သူ့ကိုမော့ကြည့်ကာ မေး၏။ ဇင်ဖြိုးအမေး ပြန်မဖြေနိုင်သေးဘဲ စားပွဲဝိုင်းကကောင်မလေးဆီ သူထွက်ခဲ့ အားလုံး သူ့ကို ငေးကြောင်ကြည့်ရင်း ကျန်ခဲ့ကြသည်။

"ဒီ ဒီမှာ ညီမ"

သူ့ခေါ်သံကြောင့် ကောင်မလေးမော့ကြည့်သည်။ မျက်ဝန်း အစုံက အံ့ဩနားမလည်နိုင်စွာငေးရင်း –

"ဘာကိစ္စရှိလို့လဲဟင်"

"ဟို အဲဒီစာအုပ်လေး ကိုယ့်ကို ခဏလောက်ငှားပါလား"

"ရှင်"

ကောင်မလေး အူတူတူဖြစ်သွားပုံနှင့် မှင်တက်နေသေ သည်။ သူ ကသောကမျောပဲ ရှင်းပြမိသည်။

"တစ်မျိုးမထင်ပါနဲ့ ခဏလေးပါ၊ မျက်နှာဖုံးက မိန်းကလေ က ကိုယ့်အသိ မိန်းကလေးဖြစ်နေမလား သိချင်တာလေးကြောင့်ပါ"

"ဪ ဟုတ်ကဲ့၊ ရပါတယ် အစ်ကို၊ ယူပါ"





"ကျေးဇူး ခဏလေးနော်၊ အခု ပြန်လာပေးပါ့မယ်"

ကောင်မလေးကို ခွင့်တောင်းပြီး စာအုပ်ယူကာ သူ့စားပွဲဝိုင်း ပြန်လျှောက်လာတော့ ဂစ်တို့ ဝိုင်းကြည့်နေရင်း –

"မင်းကွာ ဒီလောက်လည်း မလန်းဘဲနဲ့ သွားကြည့်နေသေး တယ်"

"ဟုတ်ပဲ့၊ သူ့ဇယားနဲ့သူ ရှိပြီးသားနေမှာပါ၊ ပုံစံကြည့်ပါ ဦး။ သူကောင်လေးကို လာစောင့်နေတဲ့ပုံပါ"

တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြီး သူ့ကို ဝေဖန်နေကြသည့် စကားတွေကို ဥပေက္ခာပြုရင်း မဂ္ဂဇင်းမျက်နှာဖုံးကို သူကြည့်သည်။ ချောကလက်မမှ ချောကလက်မ အစစ်ပါပဲ။

မျက်နှာဖုံးရှင်နာမည်ကို ဖတ်ကြည့်လိုက်တော့ ညိုချောဖြူ ဆိုတာ သိပ်ကိုသေချာသွားသည်။

"ဟော့ကောင် ဘာဖြစ်နေတာလဲ၊ ဘာလဲ မဂ္ဂဇင်းစာအုပ်ထဲ ညှပ်ပေးဖို့ ကြိုးစည်နေတာလား"

"မင်းတို့ ပေါက်ကရတွေ လျှောက်မပြောနဲ့၊ ဟောဒီမဂ္ဂဇင်း မျက်နှာဖုံးကို အသေအချာကြည့်ကြ၊ ဒီမှာ"

စားပွဲပေါ်မဂ္ဂဇင်းစာအုပ်ကို သူ ဘုန်းခနဲ ပစ်တင်ပြလိုက်တော့ အားလုံးအကြည့်တွေ ချောကလက်မပုံရိပ်မှာ မျက်တောင်မခတ်တမ်း ငြိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းအိမ်က ညိုချောဖြူဆိုတဲ့ ကောင်မလေးလား"

"ဟုတ်ရဲ့လား၊ အဲ နေဦး၊ မော်ဒယ်လ်က ညိုချောဖြူတဲ့ဟ သေချာပြီ"

"ဟား လန်းလှချည်လားကွာ၊ ရေလည်မိတယ်"

"ဒါ မြင့်မိုရ်စနက်ပဲ ဖြစ်မယ်ကွ၊ ဒီကောင်ရဲ့ အကသင်တန်းက အဆက်အသွယ်နဲ့ ကာဗာဂဲလ် ဖြစ်သွားတာ"

ဂစ်တို့အုပ်စု ချောကလက်မရဲ့အလှပုံရိပ်ကိုငေးရင်း တ... ယောက်တစ်ခွန်း ပြောနေကြသည်။ သူကတော့ ရင်ထဲမှာ ဆို့နစ်မွန်း... ကျပ်ကျပ်ကြီး ဖြစ်နေ၏။

"တကယ်မိတာနော် မိုးဖျား၊ မင်းရဲ့ပျိုမေထက်တောင် ... တယ်၊ မြင့်မိုရ်က မင်းထက် တစ်ကွက်သာသွားပြီ မိုးဖျား၊ မင်းတော့ အခေါက်ခံလိုက်ရပြီ၊ သွပ် သွပ် သွပ်"

လတ်လတ်ကပြောရင်း ပြောင်စပ်စပ် လုပ်နေသေးသည်။ သူ့ရင်ထဲက ဒေါသတွေ မသိုဝှက်နိုင်ဘဲ အန်ထွက်ကုန်တော့၏။

"တောက်၊ ဒါ ဟိုကောင်မြင့်မိုရ် လက်ချက်ပဲဖြစ်မယ်"

"သေချာတာပေါ့ဟ ဒါကို မင်းက ဘာလို့ ဒေါသဖြစ်နေတာလဲ"

ဂစ်ကမေးတော့ သူ မကျေမနပ် ပြန်စူးစိုက်ကြည့်ရင်း–

"ဒါ ငါ့ကို မထီမဲ့မြင်လုပ်တာကွ၊ ငါ ဘာမှမသိဘူး"





"ဟ မင်းကိုပြောရင် ကန့်ကွက်မှာစိုးလို့နေမှာပါ၊ နည်းနည်း ဖြည့်တွေးလိုက်စမ်းပါ မိုးဖျားရာ"

"ဘာကို ငါဖြည့်တွေးပေးရမှာလဲ၊ ရိုးသားရင် ဒီကိစ္စကို ဒီကောင် ငါ့ကို အသိပေးသင့်တာပေါ့၊ ဟိုတစ်ရက်ကပဲ ငါနဲ့ဒီကောင် ဆုံသေးတယ်"

သူ့ဒေါသတွေ ဆူဝေနေတာကိုကြည့်ရင်း ဖင်ဖြိုး ခေါင်းကို ခါယမ်း၏။

"မိုးဖျား မင်းဒေါသတွေ ဘယ်ကိုရွေ့နေတာလဲ၊ ချောကလက်လား၊ မြင့်မိုရ်ဆီကိုလား"

သူ မဖြေဘဲ နှုတ်ဆိတ်နေတော့ ဂစ်ကပါ ဝင်ပြီးညှောင့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်း အနေသာကြီးပါ မိုးဖျားရာ၊ သူတို့နှစ်ယောက် ငြာသွားတော့လည်း မင်းအိမ်မှာ ခြေရာတစ်ခု လျော့သွားတာပေါ့၊ မင်းလည်း အကုသိုလ်နည်းသွားတာပေါ့၊ နို့မို့ဆို တစ်နေ့တစ်နေ့ ဒါတို့နဲ့တွေ့ရင် ဒီချောကလက်မကို မုန်းကြောင်းပဲ ပွားနေတာ"

"ဟုတ်ပ၊ ငါတို့ နားတွေလည်း ပင်ပန်းလှပါပြီ၊ ချောကလက်မနဲ့ မင်းပြဿနာတွေ ခဏခဏကြားနေရလို့လေ"

"ဘာပဲဖြစ်ဖြစ် ငါတို့မိုးဖျားက တန်ပါတယ်ကွ၊ မော်ဒယ်လ် ညိုချောဖြူကို ပွေ့ချီဖူးတယ်လေကွာ၊ ညိုချောဖြူ နာမည်ကျော်သွား...



www.burmeseclassic.com

www.burmeseclassic.com



ရင် သူ ငြင်းလို့မရဘူးပေါ့ကွာ၊ အဟဲ''

တစ်ယောက်တစ်ခွန်း ပြောဆိုနောက်ပြောင်နေတာတွေကို သူ နားထဲမဝင်လောက်အောင် အလိုမကျစိတ်တွေက ဆူဝေနေသည်။ အာရုံထဲမှာ ချောကလက်မရဲ့ စတိုင်လ်ကျကျ လှပနေသောပုံရိပ်က ဖျောက်ဖျက်လို့မရအောင် စွဲထင်နေသည်။

ချောကလက်မ ငေးကြည့်လောက်အောင် လှပချောမောတယ်ဆိုတာ ဒီမဂ္ဂဇင်းပုံက သူ့ကို သက်သေတူလိုက်တာပဲ ဖြစ်သည်။

ချောကလက်မရဲ့အလှကို သူ့ထက်အရင် မြင့်မိုရ်က ရှာတွေ့သွားတာတော့ သူ့ညံ့ဖျင်းမှုကြောင့်ပဲ ဖြစ်လိမ့်မည်။

မြင့်မိုရ်ဆိုတဲ့ကောင်က ပုံကြည့်တော့ မနုတ်တတ်တဲ့ကြောင် တစ်ကောင်လိုလိုနဲ့ လူလည်ကျသွားပုံက ခံရခက်စရာကောင်းသည်။ အခုတော့ အားလုံးရဲ့အမြင်မှာ မိုးဖျားထက်ဘုံဆိုတဲ့ ကောင်ကတော့ ဒေါသတွေကို ရက်ရက်ရောရော ထုတ်သုံးတတ်တဲ့ ငတုံးတစ်ယောက် ပေါ့။

✿

''ဘုန်း''





''အမေ့''

ညိုချောထိုင်နေသော ဆိုဖာခုံဆီ တန်းတန်းမတ်မတ် လျှောက်သွားကာ မဂ္ဂဇင်းစာအုပ်ကို သူ ဘုန်းခနဲ ပစ်ချလိုက်တော့ ညိုချော အလန့်တကြား ဖြစ်သွားသည်။

သူ့ကို မော့ကြည့်သော မျက်နက်ဝန်းလေးတွေထဲမှာ တုန်သင်ထိတ်လန့်ရိပ်တွေ လွှမ်းနေတာ အထင်အရှား။ ခန္ဓာကိုယ်ထဲမှာ ဒိုသမျှဒေါသတွေ သူ့မျက်ဝန်းထဲမှာ စုပြုံနေတာဆိုတော့လည်း ညိုချော လန့်နေရှာမှာပေါ့။

''နင့်ကိုယ်နင် ဟုတ်လှပြီ ထင်နေတယ်ပေါ့၊ ဟုတ်လား ချောကလက်''

''ရှင် ညိုချော ဘာလုပ်မိလို့လဲ''

''ငါ့ကို ပြန်မေးခွန်းမထုတ်နဲ့၊ နင့်ဘာသာ ပြန်စဉ်းစား ကိုမှာကြည့်''

သူ့အသံတွေ မာထန်တင်းပြတ်နေတာ ညိုချောဘေးက စာအုပ်ကို လက်ညှိုးထိုးပြတော့ ညိုချော မဝံ့မရဲလေး လှည့်ငုံ့ကြည့် သည်။

''အဲ အဲဒါကိုပြောတာလားဟင် မိုးဖျား''

''အဲဒါကိုမပြောလို့ နင့်မှာ ငါမသိနိုင်သေးတဲ့ တခြား အကြောင်းအရာတွေ ရှိသေးလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဟိုလေ ဒါက မိုးဖျား စိတ်မဝင်စားရလောက်ဘူး ထင်ပြီး မပြောမိတာပါ"

အသံတုန်တုန်ယင်ယင်လေးနှင့် ပြောနေသော ညိုချောကို ကြည့်ကာ ဒေါသတွေပိုလို့ တိုးလာသည်။ အံကို တင်းခနဲ ကြိတ်လိုက်မိ တုန်းမှာပဲ –

"ဒီကိစ္စကို မေမေစီစဉ်တာသား"

စကားသံနှင့်အတူ ဧည့်ခန်းထဲ ထွက်လာသော မေမေ့ကို သူ လှည့်ကြည့်မိ၏။ ဒါ မေမေပါ သိနေသည်လား၊ မေမေကလည်း သူ့ကို ဘာမှ ဖွင့်မပြောခဲ့ပါ။ ပူးပေါင်းလိမ်ညာမှုကြီးပေါ့။

"လက်စသတ်တော့ မေမေက အဓိက ဒါရိုက်တာကြီးပေါ့၊ ဒါဆို မေမေက သားကို ဒီအိမ်ရဲ့ ဘယ်အဆင့်မှာ ထားတာလဲဟင်၊ ချောကလက်မကို ဒီလိုအခြေအနေမျိုးဖြစ်အောင် စီစဉ်ပေးဖို့က သား မသိမှ ဖြစ်မှာမို့လား မေမေ"

မကျေနပ်စိတ်တွေ စုပုံကာ မေမေကို သူ့မေးခွန်းတွေနှင့် တရစပ် ပြောပစ်မိသည်။ မေမေနှင့်ညိုချောတို့က သူမသိအောင် စီစဉ်ခဲ့ကြတာကို သိရတော့ ရင်မှာ ပိုနာကျင်မိသည်။

ဘာမှအရေးမပါတဲ့ ကောင်ကြီးကို ဖြစ်လို့။

"သားထင်ရာကို ဇွတ်မပြောနဲ့သား၊ ညိုချော ဒီအိမ်ကို ရောက်ကတည်းက ညိုချောကို သား အမြင်ရှင်းခဲ့လို့လား၊ သူ့ရဲ့





မဖြစ်စလောက် အမှားလေးကို ပုံကြီးချဲ့ပြီး ပြဿနာအမျိုးမျိုး ရှာနေတဲ့သားက ညိုချောအောင်မြင်မှုကို ရှုဆိတ်နိုင်ပါ့မလား၊ ပြီးတော့ သားကရော ညိုချောကို အထင်ကြီးလို့လား၊ အမြဲတမ်း နှိမ့်ချဆက်ဆံနေတာပဲ မဟုတ်လား၊ ဒါကြောင့် မေမေကိုယ်တိုင်က အသိမပေးဘဲ နေခဲ့တာ၊ ငါ့သား စိတ်ဝင်စားလောက်တဲ့ကိစ္စမှ မဟုတ်တာ"

အစီစဉ်တကျ ပြောနေသော မိခင်ရဲ့စကားတွေက မှန်ကန်နေတော့ သူ့အတွက် ပြန်လည်ချေပဖို့ စကားလုံးတို့မရှိ။

ညိုချောကို ဖေ့ကြည့်လိုက်တော့လည်း ကြောက်ရွံ့သိမ်ငယ်မှုတွေနဲ့ မျက်တောင်လေးတွေ ပုတ်ခတ်ပြီး သူနဲ့မေမေကို တစ်လှည့်စီ ငေးမောကြည့်လို့။

ဘလောက်စ်အင်္ကျီအဝါရောင်လေးနှင့် ကျုံ့ကျုံ့လေးထိုင်ကာ ငိုမဲ့မဲ့လေး ဖြစ်နေသော ညိုချောကို သနားတော့သနားမိသည်။ ရင်ထဲက ဒေါသတွေ ပြေသွားခဲ့တာမှန်ပေမယ့် ရင်ထဲမှာ သိချင်သော မေးခွန်းတော့ မေမေ့ကို သူထပ်မေးမိ၏။

"ဒီလိုအခြေအနေဖြစ်အောင် မြင့်မိုရ်က အားပေးအားမြှောက် လုပ်တာမဟုတ်လား မေမေ"

"အားပေးအားမြှောက်လုပ်တာ မဟုတ်ဘူးသား၊ သူက ညိုချောလေးမှာ အရည်အချင်းရှိတာသိလို့ အများမမြင်နိုင်တဲ့တန်ဖိုးကို သူက ထုတ်ပြပေးလိုက်တာပဲ၊ အဲဒီအတွက် မေမေက မောင်မြင့်မိုရ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတောင်တင်သေးတယ်၊ မောင်မြင့်မိုရ်ရက လူငယ်ပေမယ့် စိတ်ထားမြင့်မြတ်တယ်သား''

မေမေ့စကားသံထဲမှာ မြင့်မိုရ်ရဲ့လုပ်ရပ်ကို အထင်ကြီးလေးစားစိတ်တွေ ဝင်နေတာ သေချာသည်။ တော်တော်အကြံကြီးတဲ့ မြင့်မိုရ်ပါလား။ ဒီကောင် မေမေနဲ့ညီချောကို အပြတ်စည်းရုံးရေးဆင်းထားတာပဲ။

''အကျိုးလိုလို့ ညောင်ရေလောင်းတယ်ဆိုတာ မေမေတို့ မသိဘူးလား''

''သိတာပေါ့။ သူ ဒီလိုလုပ်လို့ သူ့မှာ လိုလားတဲ့အကျိုးတစ်ခု ရှိတယ်ဆိုရင်လည်း မေမေက မြင့်မိုရ်ကို သူလိုအပ်နေတဲ့ အကျိုးကို ဖြည့်ဆည်းပေးလိုက်မှာပဲသား''

မေမေရဲ့ နှုတ်ထွက်စကားက သူ့ရင်ဘတ်ထဲကို ဘုန်းခနဲ ပြင်းထန်စွာ ဝင်ဆောင့်စေသည်။ မြင့်မိုရ်နဲ့ယှဉ်တိုင်း သူဟာ အရာရာမှာ နိမ့်ကျလွန်းတဲ့ကောင်တစ်ယောက် ဖြစ်နေပြီလား။

ပိုဆိုးတာက မေမေကိုယ်တိုင်က သူ့ကို ယုံကြည်မှုတွေ ကင်းမဲ့လွန်းနေတာ ဆိုသည်။ မေမေ့ရင်ထဲမှာ မိုးဖျားဆိုတာ မေမေ့သားလို့မှတ်မိသေးရဲ့လားလို့တောင် ထင်မိသည်။

''ဒါနဲ့ သားရင်ထဲမှာ ဘာတွေရှိနေလို့ မင်းရဲ့ဒေါသတွေက မေမေတို့ ရှေ့မှာ လာထုတ်ပြနေတာလဲ သား။ သွယ်ဝိုက်ကွေ့ပတ်ပြီး





ပြောနေမယ့်အစား တဲ့ပြောချလိုက်တာကမှ မင်းရင်ထဲပေါ့ပါးသွားမှာပေါ့၊ မေမေပြောတာ မဟုတ်ဘူးလား သား''

မေမေ့စကားက သူ့ရင်ထဲမှာ မာနတွေနဲ့ ဖုံးကွယ်ထားတဲ့ ခံစားမှုတွေကို ရိုးသားစွာ ဖော်ထုတ်ပြခိုင်းနေတာလား။

သူ့ရင်ထဲက မာနစိတ်ကြီးက တင်းခံနေသည်။

မေမေ့မေးခွန်းတွေကို သူ တွေဝေတိတ်ဆိတ်စွာပဲ ငြိမ်သက်နေမိသည်။ ရင်ထဲကခံစားချက်တွေကို ဖွင့်ချဖို့အတွက် အချိန်ကာလတစ်ခုတော့ သူ့အတွက် လိုသေးသည်ထင်သည်။

ကိုယ့်ရင်ထဲကခံစားမှုအသစ်တွေက တကယ့်အတည်မှ ဟုတ်ရဲ့လားဟု သူ့ကိုယ်သူ ပြန်ဆန်းစစ်ချင်သေး၏။

''ကဲ သားမှာ ဘာအကြောင်းပြချက်မှ ပေးစရာမလိုတော့ဘူး မဟုတ်လား။ ဒါဆို မေမေ ညီချောကို အပြင်သွားခိုင်းလိုက်တော့မယ်''

သူ့ဆီက ဘာတုံ့ပြန်စကားမှ ထွက်မလာတော့ မေမေ ညီချောဘက်လှည့်ရင်း –

''သမီး ဝြင်တော့ဆင်တော့လေ၊ တော်ကြာ မြင့်မိုရ်လေး ရောက်လာရင် အဆင်သင့်မဖြစ်ဘဲ နေဦးမယ်''

''ဟုတ် ဟုတ်ကဲ့ မေမေလင်း''

ညီချော မေမေ့စကားကို ခေါင်းလေးညိတ်ပြီး ထရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဝံ့မရဲ မျက်ဝန်းလေးတွေက သူ့ဆီ မလုံမလဲ လှမ်းကြည့်နေပြန်သေး၏။ ပြီးမှ သူမအခန်းလေးဆီကို ခေါင်းလေးငုံ့ကာ လှည့်ထွက်သွားသည်။

မေမေကလည်း ဧည့်ခန်းထဲက ပြန်ထွက်သွားတာမို့ သူ တစ်ယောက်တည်း မတ်တတ်ကြီး ကျန်ရစ်ခဲ့သည်။

စိတ်အာရုံတွေကတော့ မေမေ့စကားကြောင့် မောနုံးနုံးကြီး ဖြစ်နေ၏။

မြင့်မိုရ်ရလာခေါ်မှာဆိုတော့ ဘယ်ကိုသွားကြဦးမည်မသိ ရင်ထဲမှာသိချင်စိတ်တွေ ပြင်းပြလာပြန်သည်။

ထုတ်မေးလိုက်လို့လည်း မဖြစ်သေး။ ကိုယ့်ပုံစံက လွတ် ငါး ကြီးသလိုဖြစ်နေပြီလား။ သည်တော့ ရင်ထဲကအမောတွေ ပင့်သက်တစ်ခုအဖြစ် ရှိုက်ထုတ်ပစ်ကာ လျှော့ချပစ်နေမိသည်။

မေမေ့အမြင်မှာ သူ့ပုံစံက သွေးရူးသွေးတန်းနိုင်နေပုံပေါ် နေပြီလားတောင် မသိပါ။ ဒေါသတွေနဲ့ ဖရိုဖရဲဖြစ်နေသော သူ့ မေမေ ရိပ်မိနေပြီထင်သည်။

သူ့အဖြစ်ကတော့ ရှုံးပြီးရင်းရှုံးနိမ့်နေသည့်ကောင်လို အ လဲ အကြွဲကြွဲနှင့် မရှုမလှပါလား။

✿ ✿ ✿



## အခန်း (၁၈)

လရောင်ဖြာဆင်းကျနေသော ခြံဝန်းလေးထဲကို ညိုချော ဂစ်တာလေး ဆွဲယူပြီး ဆင်းခဲ့သည်။ ဝရန်တာလေးမှာရပ်ပြီး ငေးကြည့် င်း ညိုချောစိတ်တွေ လွင့်မျောရင်း ရင်ထဲမှာ မွန်းကျပ်လာတာ မှန်း။

စိတ်ရဲ့ထွက်ပေါက်ကို ညိုချော ဖွင့်လှစ်ပေးချင်သည်။ ဒါပေမဲ့ ဖွင့်ဟခွင့်မရှိသော ဘဝလေး။

အိပ်မရမယ့်အတူတူ နောက်ဆုံးတော့ ခြံထဲကိုပဲ ဆင်းခဲ့မိ တာဖြစ်သည်။ ခရေပင်ရိပ်အောက်က ခုံတန်းလေးမှာ ဝင်ထိုင်ရင်း ဂစ်တာလေးကို ရင်ခွင်မှာ ပွေ့ပိုက်လိုက်မိသည်။

ဂစ်တာကြိုးတွေကို တို့ထိဆော့ကစားနေရင်း မိုးဖျားမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြေးမြင်မိပြန်သည်။ မိုးဖျား ဂစ်တာလေးကို ယူခဲ့မိတာသိ
ဒေါသူပုန်ထနေဦးမည်လား မသိ။ ကြိုးညှိအသံစမ်းရင်း စိတ်အာရုံ
ဂစ်တာသံထဲ နစ်မျောသွားတော့ မိုးဖျားကို ကြောက်စိတ်တွေလည်း
ပျောက်သွားသည်။

“*မင်းလေးပဲ တို့ရဲ့ည မင်းလေးပဲ ကိုယ့်ရဲ့နံနက်ခင်းလေး
ဂါ ဘယ်လောက်ချစ်တယ် ငါလေ ဘယ်လောက်ချစ်တယ် ညင်သာ
နှလုံးသားထဲမှာ သိမ်းလို့ထားတဲ့ မင်းကို ကိုယ်ဆိုတဲ့သီချင်း
ဒါက မင်းအတွက်နော်*”

ရင်ထဲက ခံစားချက်တွေကို သီချင်းလေးထဲမှာပဲ ညို့
နှစ်မြှုပ်ထားလိုက်သည်။ နစ်မျောနေသော ဂစ်တာသံလေးထဲမှာ
ချောဆိုတဲ့ တောသူမလေးရဲ့ ခံစားချက်တွေကို မြင်နိုင်မလား မိုး
ရယ်။

“*ဆိုနေမယ် မင်းအတွက် တို့ရဲ့သီချင်းသံကြားရဲ့
အချစ်ရဲ့သီချင်းသံ တို့ရဲ့သီချင်းသံ မိုင်ထောင်ချီဝေးလိုက်စမ်း
ချစ်တဲ့ချစ်သူ နားထောင်*”

ခံစားချက်တွေနှင့် နင့်သီးလွှမ်းနေသော ညိုချောအသံ
ဆွေးဆွေးမြည့်မြည့်လေး လွင့်မျောနေခဲ့၏။

ညရဲ့တိတ်ဆိတ်မှုအောက်မှာ လေပြည်လေးတောင်
သက်လို့ နားထောင်နေသည်လား။





ညိုချောကတော့ ဘာဆိုတာမှ သတိမထားမိဘဲ သီချင်းလေး
ထဲမှာပဲ နစ်မျောနေခဲ့သည်။

✿

မိုးဖျားမျက်ဝန်းတွေ ဖျတ်ခနဲ ပွင့်သွားမိသည်။ ဂစ်တာသံ
လေးက ချိုမြနေသလို သီချင်းသံလေးကလည်း ရှူးရှူးရှရှလေးနှင့်
အပြည့်သီဆိုနေတာ ဖြစ်၏။

မိုးဖျား နာရီကိုလှမ်းကြည့်တော့ ဆယ်နာရီတောင် ကျော်နေ
ပြီ။

ဒီလိုအချိန်ကြီး ဘယ်သူများ သီချင်းဆိုနေပါလိမ့်၊ ပျိုမေ့
အသံတော့ မဟုတ်တာ သေချာသည်။ ပျိုမေ သီချင်းဆိုတတ်ပေမယ့်
ဂစ်တာတော့ တီးတတ်တာမဟုတ်။ ဒါဆို ချောကလက်မလား။

အတွေးတွေနှင့် ထင်ယောင်ထင်မှားပြီး ကိုယ့်အတွေးကို
ကိုယ်ပြန်ပြီး သဘောကျမိပြန်သည်။

တောသူမလေးက ဘယ်လိုလုပ်ပြီး ဂစ်တာတီး သီချင်းဆိုနိုင်
တဲ့လဲ။ သူ့အတွေးတွေတော့ တော်တော့်ကို အိုဟာဖြစ်ကုန်ပြီထင်ရဲ့။

အိပ်မရတော့သည့်မျက်ဝန်းတွေ ပွင့်ကာ သီချင်းသံထဲမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့အာရုံတွေ မျောပါသွားခဲ့၏။

နားထောင်နေရင်း သီချင်းနှင့်ဂစ်တာသံက ကိုယ့်ခြံထဲက ဟု ထင်မြင်လာမိတာမို့ အိပ်ရာက လူးလဲထလိုက်မိသည်။

လရောင်တို့ ဖြာဆင်းဝင်နေသော ပြတင်းတံခါးမှန်တွေ သူ့ခြေလှမ်းတွေ ရွေ့လှမ်းသွား၏။ မှန်ပြတင်းတံခါးမှ ခြံထဲလှမ်းကြည့် တော့ သူမယုံနိုင်အောင် ပင့်သက်သွားခဲ့တာ စက္ကန့်အတော်ကြာ

ကိုယ့်မျက်ဝန်းတွေကိုတောင် မယုံနိုင်လောက်အောင် ရှိ တစ်ဆန်းသော မြင်ကွင်းလေးပါပဲ။ ခြံထဲက မီးတိုင်အလင်းရောင် မကဘဲ လရောင်ကပါ ညိုချောထိုင်နေသော ခုံတန်းလေးကို ထင် နေအောင် အလင်းတို့ ဖြန့်ထားသည်။

"ချောကလက်"

သူ့နှုတ်မှ တီးတိုးရေရွတ်ရင်း ခုံတန်းရှည်လေးပေါ်မှာထိ ရင်း ဂစ်တာတီး သီချင်းဆိုနေသော ညိုချောကို မျက်တောင်မခ ငေးနေမိ၏။

အဖြူရောင်ညဝတ်အင်္ကျီရှည်ကြီးနှင့် လနတ်သမီးလေ တစ်ပါး တေးဆိုနေသောမြင်ကွင်းက သူ့ရင်ကို တလှိုက်လှိုက် ခံ နွေးထွေးလာစေ၏။ တစ်ချိန်တည်းမှာပဲ ချောကလက်ဆိုသော သူမလေးရဲ့အပေါ်မှာ သူ အထင်သေးရှုတ်ချခဲ့တာတွေကို နောင် တွေ အခါခါရမိပြန်၏။





ချောကလက်ဆိုတာ သူထင်ထားသည့်ထက်တောင် အရည် ချင်းတွေ ပြည့်ဝနေတဲ့ တေးသူမလေးပါလား။ အသေအချာ ပြန် တွေးကြည့်လျှင် သူ့အပေါ်မှာလည်း ဘယ်တော့မှ အပြစ်မမြင်ဘဲ သည်းခံနိုင်စွမ်းသော သူမရဲ့စိတ်ဓာတ်လေးက မြတ်နိုးစရာ ကောင်း နေသည်။

ဖြူစင်သော ချောကလက်ရဲ့ နှလုံးသားလေးကို သူ ဥပေက္ခာ ပြု အနိုင်ကျင့်ခဲ့တာတွေ သိပ်များနေပြီ။

ကိုယ့်ကိုယ်ကိုယ် သတိထားမိချိန်မှာ သူ့ခြေလှမ်းတွေက ခြံထဲကို ဦးတည်လျှောက်လှမ်းနေပြီး ဖြစ်၏။

ချောကလက်သီချင်းသံချိုချိုလေးက ပီသစွာကြားနေဆဲ ဂစ်တာသံလေးက နစ်မျောစီးဆင်းနေတုန်း –

အနှောင့်အယှက်မပေးလိုတာမို့ သူ မြက်ခင်းစပ်ကပဲ ရပ် ငေးကြည့်နေမိ၏။ ဘေးစောင်းမြင်နေရသော ချောကလက်မျက်နှာ လေးက သီချင်းထဲမှာ အာရုံအပြည့် နစ်နေတာ ထင်ရှား၏။

မျက်ဝန်းလေးတွေမှိတ်ကာ ဂစ်တာကြိုးတွေပေါ်မှာ လက် ချောင်း သွယ်သွယ်လေးတွေ စည်းချက်ညီညီ တီးခတ်နေသည်။ သီချင်းလေးဆုံးတော့ ချောကလက်မျက်ဝန်းလေးတွေ ဖွင့်ဖို့ မေ့နေ တုန်း –

လရောင်ဖြာနေသော ပါးပြင်လေးက ဝင်းဖန့်ကြည်လင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နှာတံစင်းစင်းကလေးနှင့် မေးလုံးလုံးဝန်းဝန်းလေးကလည်း တင့်တယ်၏။ သတိလက်လွတ် ငေးကြည့်နေမိသော သူ့ရင်ခုန်သံတွေ အံ့သြစရာကောင်းလောက်အောင် ရှိန်းမြန်းထွေးနေတာ အသေအချာ ပဲ ဖြစ်၏။

"ချောကလက်"

နှုတ်ဖျားက ခေါ်သံလေး မထိန်းနိုင်ဘဲ လွင့်ထွက်သွားတော့ မျက်တောင်လေးတွေ ဖျတ်ခနဲပွင့်ကာ ခေါင်းလေး ချာခနဲလှည့်ကြည့် သည်။

"ဟင် မိုးဖျား"

အသံလေးတုန်ခါကာ ဂစ်တာကိုကိုင်ပြီး ထရပ်လိုက်ပုံက အလန့်တကြား ဖြစ်သွားတာ သေချာသည်။ ချောကလက်ရင်ထဲမှ သူဟာ တစ္ဆေသရဲတစ်ကောင်ထက် ကြောက်စရာကောင်းနေသည် လား။

"မအိပ်သေးဘူးလား"

သူ့လေသံကို အတိုးဆုံး နှိမ့်ချပြီးမေးရင်း ချောကလက်အနား ကို လျှောက်ခဲ့မိသည်။

"ဟို အိပ် အိပ်မပျော်လို့ပါ၊ လသာနေတာနဲ့ ဂစ်တာတီးချင် စိတ်ပေါက်ပြီး မိုးဖျားဂစ်တာကို ယူတီးမိတာပါ"

သူ့ကို ပြန်ဖြေရှင်းပြနေသော စကားသံတွေတောင် တုန်ယင်





နေသည်။ အမြဲတမ်း ပြုံးသနားရှာ ငေါက်ငမ်းတတ်ခဲ့သော သူ့အပြု အမူတွေက ချောကလက်ကို အစဉ်ကြောက်ရွံ့စေသလို ဖြစ်နေခဲ့ပြီ ဘင်၏။

သူ့ရင်ထဲ တကယ်ကို ဝမ်းနည်းသွားတာ သူမ မသိပါ။

"ဂစ်တာကို ယူတီးမိလို့ စိတ်မဆိုးပါနဲ့ နော်၊ ညီ၊ ညီချော တောင်းပန်ပါတယ်"

ဂစ်တာကို သူ မငုံမရဲကိုင်ထားရင်း တောင်းပန်နေပြန်သည်။ သူ ညင်ညင်သာသာလေးပြုံးပြီး ခေါင်းကို ခါယမ်းပြရင်း –

"နိုး၊ ငါစိတ်မဆိုးပါဘူး၊ မင်း ဂစ်တာတီးတတ်တာကို အံ့ သြနေတာ"

"ဟုတ် ဟုတ်ကဲ့"

"ဘာလဲ ဟိုကောင်မြင့်မိုရ် သင်ပေးတာလား"

မြင့်မိုရ်ဆိုတဲ့ကောင်က ခေါင်းထဲ ဖျတ်ခနဲ ခုန်ဝင်လာတော့ သူ့အသံက နည်းနည်းမာထန်သွားခဲ့၏။ ချောကလက် ခေါင်းလေးကို ခါယမ်းရင်း –

"ဟင့်အင်း မဟုတ်ပါဘူး၊ ညီချော ငယ်ငယ်တည်းက တီးတတ်တာပါ၊ အဖေက သင်ပေးခဲ့တာလေ"

သူထင်မှတ်စိုးရိမ်သလို မဟုတ်ဘူးဆိုတော့ စိတ်ထဲမှာ ပေါ့ပါးနှစ်ဝမ်းသာသွားမိသည်။ ခုံတန်းလေးမှာ သူ အသာဝင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး၊ မင်း မအိပ်သေးဘူးဆိုရင် စကားပြောရအောင် ကိုယ်လည်း မအိပ်ချင်သေးလို့"

"ဟုတ်ကဲ့"

ခေါင်းလေးညိတ် ဂစ်တာလေးပိုက်ထားကာ ခုံတန်းလေ အစွန်းမှာ မဝံ့မရဲ ဝင်ထိုင်ပုံလေးက သိမ်းကျုံးပွေ့ဖက်ပစ်ချင်စရာ ကောင်းအောင်ပဲ သူ့ရင်ကို ထိရှစွဲဆောင်နိုင်လွန်းသည်။

"မင်း ဂစ်တာတီးတတ်တယ်ဆို အဲဒီဂစ်တာကို အပြီးပေ လိုက်တော့"

"ရှင်"

"စိတ်ဆိုးလို့ ပြောတာမဟုတ်ဘူးနော်၊ ငါ တကယ်ကျေနပ် လို့ ပေးတာ၊ မင်းသီချင်းဆိုတာ နားထောင်လို့ အရမ်းကောင်းတယ် လုံးဝကို မင်းလို့ မထင်တာ"

ရှက်ပြုံးလေးနှင့် ခေါင်းလေးငုံ့သွားသော ချောကလက်ကြ ကြည့်ကာ ရင်မှာ မချင့်မရဲဖြစ်ရပြန်၏။ အလှမျက်နှာလေးကို ခွဲယူ မော့စေကာ တစ်ဝကြီး ထိုင်ကြည့်ပစ်ချင်စိတ်တွေကို ချိုးနှိမ်ထားလိုက် ရ၏။

"ချောကလက်"

"ဟင်"

မော့လာသောမျက်နှာလေးမှာ စိုးရိမ်ထိတ်လန့်သောအရိ





တို့ ကင်းစင်သွားခဲ့တာတော့ သေချာပါသည်။

"ညတိုင်း ဂစ်တာတီးပြီး သီချင်းဆိုနော်၊ ကိုယ် နားထောင် ချင်လို့ပါ"

"ဟုတ် အဲ ဟို ညီုချော သီချင်းတွေ သိပ်မရဘူး၊ ဂစ်တာ လည်း မတီးတာကြာတော့ ပြန်လေ့ကျင့်ရဦးမှာ"

"မင်းကို အပိုင်ပေးလိုက်ပြီပဲ၊ ကြိုက်တဲ့အချိန်တီး,လေ့ကျင့် ပေါ့၊ ပြီးရင် ညတိုင်း သီချင်းတွေဆိုနော်၊ ကိုယ် အပြည့်အဝ အားပေး မယ်"

အပြုံးလေးတွေ ဖြာလဲ့ကာ ဝင်းပနေသော မျက်နှာလေးက အပြစ်ကင်းစင်လွန်းသည်။ ဘယ်တုန်းကမှ သူ့ဆီက နူးနူးညံ့ညံ့စကား တွေကို မကြားခဲ့ရတာမို့ ထင်သည်။ သူမ အပျော်တွေ မယုံနိုင်မသိနိုင် ဖြစ်နေရှာ၏။

စိတ်ချပါ ကောင်မလေးရယ်။ နောက် ဘယ်တော့မှ မင်း အပေါ် ကြမ်းတမ်းခက်ထန်ဖို့ မိုးဖျားဆိုတဲ့ကောင် စိတ်ကူးထဲတောင် မထားတော့ပါဘူး။

"ဟို မိုးဖျား ညီုချောကို တကယ်စိတ်မဆိုးဘူးနော်၊ ဟိုလေ ဂစ်တာယူတီးလို့ စိတ်ဆိုးတော့မယ် ထင်နေတာ"

"နိုး ကိုယ့်ရင်ထဲက ဒေါသစိတ်တွေ အကုန်မီးရှို့ပစ်လိုက်ပြီ မယုံရင် မင်းလက်ထဲက ဂစ်တာနဲ့ ခေါင်းကို ရိုက်ခွဲကြည့်၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေထွက်လာမှာ မဟုတ်တော့တာ ကျိန်တွယ်ပြောရဲတယ်''

''အို မဟုတ်တာ၊ ဘာလို့ ရိုက်ရမှာလဲ၊ ညိုချော အရမ်းဝမ်းသာနေတာ''

အပျော်ရိပ်လေးတွေက မျက်ဝန်းလေးတွေအထိ ဖြာလဲ့ကာ ညီညာသွယ်တန်းနေသည့် သွားလေးတွေပေါ်အောင် ချောကလက်ရယ်နေသည်။

''ချောကလက်''

''ရှင် မိုးဖျား ဘာပြောမလို့လဲဟင်''

မေးလေးဆတ်ကာ မေးလိုက်သည့်ပုံစံလေးက သူ့ရင်ကို လှုပ်ခါသွားစေ၏။ မင်းကို အရမ်းချစ်နေပြီဟု ပြောလိုက်ချင်ပေမယ့် မပြောရက်ပါ။

အခုမှပဲ ငြိမ်းချမ်းခွင့်လေး ရခဲ့တုန်းပဲ ရှိသေးသည်၊ အနိုင်ယူရက်သူဟု ထင်သွားမှာ သူစိုးသည်။

''ငါ့ကို မင်း မနာကြည်းဘူးလားဟင်၊ မင်းကို ပြဿနာတွေရှာ, ဒုက္ခတွေပေးခဲ့လို့လေ''

''ဟင့်အင်း၊ ဘယ်တုန်းကမှ ညိုချော စိတ်မဆိုးခဲ့ဘူးမိုးဖျား''

''ဒါဆို ချောကလက်လို့ ခေါ်တာကိုရောဟင်''

''ဟင့်အင်း၊ တကယ်ကို စိတ်မဆိုးတာ၊ မိုးဖျားပေးထားတဲ့ နာမည်လေးပဲလေ''





''အိုကေ၊ ဒါဆို အဲဒီနာမည်ကိုပဲ ကိုယ် ဆက်ခေါ်မယ်နော်၊ မှတ်မှတ်ရရလေး ရှိစေချင်လို့ပါ၊ ဒီနေ့ကစပြီး မင်းနဲ့ငါ ငြိမ်းချမ်းရေး ရပြီပေါ့''

''ညိုချော အဲ ချောကလက်အတောင့်တဆုံး ဆန္ဒလေးပြည့်တဲ့ ဒီညကို ဘယ်တော့မှ မမေ့တော့ပါဘူး မိုးဖျားရယ်၊ တကယ်ပြောတာ၊ ဒီည ပျော်လွန်းလို့ အိပ်ပျော်မှာတောင် မဟုတ်ဘူး''

ဘယ်လောက်အထိ ဖြူစင်ရိုးသားလွန်းတဲ့ ချောကလက်ပါလဲ။ မာယာကင်းစင်တဲ့ မျက်ဝန်းညိုလေးတွေက သက်သေတည်နေ၏။ တကယ်ဆို ပျိုမေကမှ ဟန်ဆောင်ခြင်းတွေနဲ့ မာနနဲ့သိက္ခာကို ကိုင်ဆုပ်ထားသေး၏။

ချောကလက်မှာတော့ ဒီလိုအရာတွေ တစ်ခုမှ မရှိပါ။ ကြာရင် သူ့စိတ်တွေ သတိကင်းလွတ်ကာ ချောကလက်ကို ရင်ခွင်ထဲဆွဲသွင်းပွေ့ပိုက်ထားမိတော့မှာ သေချာနေပြီ။

''ညဉ့်နက်ပြီ၊ အိပ်တော့နော်၊ ကဲ အထဲဝင်ရအောင်''

ခေါင်းလေးညိတ်ကာ ဂစ်တာလေးကို ရင်ခွင်မှာပွေ့ပိုက်ရင်းဲ သူမ အတူထရပ်သည်။ ပြီးတော့ အိမ်ထဲကို နှစ်ဦးသား ဝင်ခဲ့ကြ၏။

''ချောကလက် အိပ်မပျော်ရင် ဂစ်တာထိုင်တီးနေနော်၊ ဒါမှ မေမေတို့တွေ လန့်နိုးပြီး ပြေးလာကုန်ကြမှာ''

ညည်ခန်းထဲဝင်တော့ သူ ရယ်သံစွက်ပြီး နောက်ပြောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချောကလက် ပန်းလေးကျို့၊ လျှာလေးထုတ်ပြရင်း ခေါင်းလေးညိတ်ကာ ပြန်နှုတ်ဆက်နေသေး၏။

ဒီတစ်ညတော့ သူ့အိပ်မက်တွေထဲမှာ ချောကလက်ကိုတော့ သိမ်းပိုက်ခေါ်ဆောင်သွားဖြစ်မှာ သေချာနေ၏။

✿

အခန်းထဲပြန်ရောက်တဲ့အထိ ညိုချော အိပ်မပျော်နိုင်ခဲ့ပါ။ မအိပ်ဘဲနဲ့ အိပ်မက်မက်နေသလို ခံစားနေရ၏။

မိုးဖျားဆီက ကြားခဲ့ရသောစကားတွေက အိပ်မက်မှ မဟုတ်ဘဲလေ။ သက်သေအဖြစ် မိုးဖျားပေးလိုက်တဲ့ ဂစ်တာလေးတောင် ညိုချောဆီ ပါလာတာပဲဥစ္စာ။

ဘယ်လောက်ကြည်နူးစရာကောင်းတဲ့ အဖြစ်အပျက်တွေလဲ။ မိုးဖျားနှုတ်ဖျားက စကားသံတွေကို ညိုချော မယုံနိုင်စွာ ကြားခဲ့ရသည်။

ခါးသီးတဲ့စကားတွေ၊ ဒေါသမျက်ဝန်းတွေ မိုးဖျားဆီက တကယ်ပျောက်ဆုံးသွားခဲ့ပြီတဲ့။ ရင်ထဲမှာပျော်နေတဲ့ အပျော်တွေကို ရှင်မြင်မှာပါ မိုးဖျားရယ်။ ညိုချောဘဝမှာ ဒီညလေးက အိပ်မက်ဆန်တဲ့ ညလေး။





ဘယ်တော့မှမမေ့နိုင်တဲ့ ညလေးတစ်ညပါပဲ။

အမြဲတမ်း မဝံ့မရဲ တောင့်တမျှော်လင့်ခဲ့တဲ့ မိုးဖျားရဲ့ နွေးထွေးမှုတွေကို ပိုင်ဆိုင်ခဲ့ရပြီလေ။ လောဘကြီးတယ် ဆိုချင်ဆို၊ ညိုချောနှလုံးသားထဲက အမျှော်လင့်ဆုံးအရာကိုသာ ရခဲ့ရင် ပျော်လွန်းလို့ လဲသေသွားမလားမသိဘူး။

ညိုချောဘဝအတွက် အရေးပါတဲ့ ညလေးကို မကုန်ဆုံးစေချင်ဘူး မိုးဖျားရယ်။

မိုးဖျားပေးသော ဂစ်တာလေးကို ခုတင်ပေါ်က သူမရဲ့ ဖက်လုံးလေးနေရာမှာ အစားထိုးပြီး ညင်သာမြတ်နိုးစွာ ချထားလိုက်၏။ ပြီးတော့ နံဘေးမှာ ညိုချော ဝင်လှဲအိပ်လိုက်သည်။

မိုးဖျားရဲ့ ကိုယ်သင်းရနံ့လေးတွေ သင်းထုံနေတဲ့ ဂစ်တာလေးကို ပွေ့ဖက်ထားရင်း ရင်ထဲမှာ ကြည်နူးလှိုက်ခုန်နေသော ခံစားမှုလေးက မက်မောစရာပါပဲ။

ချောကလက်ဆိုတဲ့ ကောင်မလေး ရူးသွားပြီလို့ ဆိုဦးမလား မိုးဖျား။

ဟုတ်တယ်။ မိုက်မိုက်မဲမဲကို ရူးသွပ်သွားတာပါ။

ဒါတောင် ပိုင်ဆိုင်ခွင့်ရတာ မိုးဖျားရဲ့ ခွင့်လွှတ်နွေးထွေးမှုလေးပဲ ရှိပါသေးတယ်။

မိုးဖျားရဲ့အကြင်နာနဲ့ ချစ်ခြင်းစကားတွေသာဆိုရင် –



www.burmeseclassic.com

www.burmeseclassic.com



ချောကလက်ဆိုတဲ့ တောသူမလေး ရင်ခုန်သံတွေ ဝုန်းဒိုင်းကြဲပြီး သွက်သွက်ခါရူးသွားမယ် ထင်တယ်။ မချစ်တတ်သေးတဲ့ အချစ်ရူးမလေးမို့ ပားတိုက်မရယ်မောလိုက်ပါနဲ့ မိုးဖျားရယ်။

✿ ✿ ✿



## အခန်း (၁၉)

"ဘာ၊ ဘယ်လိုပျို့မေ၊ ဘာပြောလိုက်တယ်"

သူ့မျက်ဝန်းတွေ မယုံနိုင်အောင် ပြူးကျယ်သွားခဲ့ကာ ပျို့မေကို ကသောကမျော ပြန်မေးကြည့်မိတဲ့အထိ အံ့သြသွားခဲ့သည်။ ပျို့မေက ကျေနပ်အပြုံးတွေ ဝေဖြာနေသော မျက်ဝန်းတွေနှင့်ကြည့်နေရင်း –

"ရှင် အရမ်းအံ့သြသွားမယ်ဆိုတာ ပျို့မေယုံပြီးသားလေ၊ ထပ်ပြောပြမယ် အသေအချာ နားထောင်၊ အခု မိုးဖျားနဲ့ ညိုချောတို့ ပြေလည်ငြိမ်းချမ်းသွားကြပြီတဲ့၊ ရှင်းပြီလား၊ မရှင်းရင် ထပ်မေးနော်၊ ဒီသတင်းကို ပျို့မေ ဝမ်းသာလွန်းလို့ အကြိမ်ကြိမ်ပြောချင်နေတာ"

ပျို့မေ ပြုံးပြုံးလေးပြောနေပေမယ့် သူ့မပြုံးနိုင်တာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ သံသယတွေ တနင့်တပိုးနှင့် စိုးရိမ်စိတ်ကြီးက ချက်ချင်း ဝင်လာ၏။

ဘာသဘောလဲ။ မိုးဖျားရည်ရွယ်ချက်က ဘာအဓိပ္ပာယ်လဲ၊ တစ်ချိန်လုံး ဥပေက္ခာပြုပြီး အနိုင်ကျင့်ချိုးနှိမ်လာတဲ့ကောင်က အခုမှ ညီချောနှင့် ငြိမ်းချမ်းရေးယူလိုက်တာ ရိုးသားမှုတော့ မဟုတ်နိုင်။

"ညီချောလည်း အရမ်းဝမ်းသာနေတာ၊ သိလား မြင့်မိုရ်"

ပျို့မေ့စကားကြောင့် ဟောလ်ထဲမှာ အကလေ့ကျင့်နေသော ညီချောဆီ သူ့အကြည့်တို့ လွင့်သွားခဲ့သည်။

မနက်ကတည်းက ညီချောမျက်နှာလေး ပြုံးရွှင်ကြည်နူးနေတာ သူ သတိထားမိသည်။ အခုလည်း ဘောက်စ်ထဲက ဂီတမြူးဇစ်နဲ့ အညီ ကနေပုံက မြူးကြွသွက်လက်နေသည်။

"မိုးဖျားက သူ့အမှားတွေကို နားလည်သွားပြီး စ တောင်းပန်တာတဲ့"

"ဖြစ်နိုင်ပါ့မလား ပျို့မေ၊ ကိုယ်တော့ သိပ်မယုံဘူး"

"ဟင် ဘာမယုံတာလဲ မြင့်မိုရ်ရဲ့"

ပျို့မေ အပြုံးရိပ်လေးတွေပျောက်ကာ မျက်ခုံးတန်းတန်းလေး ကုပ်ပြီးကြည့်နေတော့ သူ ခေါင်းကိုခါယမ်းရင်း –

"မိုးဖျားကို မယုံတာလေ၊ သူ ဘယ်လောက်ထိ ခေါင်းမာတဲ့ ကောင်ဆိုတာ အားလုံးအသိပဲလေ၊ အခု ညီချောကို ခွင့်လွှတ်တယ်





တောင်းပန်တယ်ဆိုတာ ယုံစရာရှိမလား၊ ဘာစိတ်ကူးနဲ့ တိုက်ကွက် ဆင်သလဲ မသိဘူး"

သူ့ထင်မြင်ချက်ကြောင့် ပျို့မေ တွေတွေလေး ငိုင်ကျသွားသည်။ ပြီးမှ ခေါင်းလေးခါကာ –

"အဲလိုတော့ မိုးဖျားမှာ အငြိုးအတေးကြီးတဲ့စိတ် မရှိပါဘူး မြင့်မိုရ်ရယ်၊ ညီချောကလည်း မိုးဖျား မုန်းတီးနာကြည်းလောက် အောင် ဘာမှလုပ်ခဲ့ဖူးတာမှ မဟုတ်တာ၊ သူ တကယ် နောင်တရသွား တာလို့ ထင်တယ်"

နောင်တရသွားတာတဲ့လား။ မိုးဖျားရတဲ့ နောင်တက ဘာလဲ ဆိုတာ သူသိပ်သိချင်သည်။ ချောကလက်မ,လို့ မိုးဖျားခေါ်သော ညီချောရဲ့ ပြောင်းလဲသွားတဲ့ အလှတွေကြောင့်လား။

ညီချောကလည်း တကယ့်ကိုငေးလောက်အောင် ချောမော လှပလာတာတော့ အမှန်ဖြစ်သည်။ ဝတ်စားနေထိုင်မှုပုံစံကအစ အားလုံး ပြောင်းလဲသွားခဲ့သည်။ ပြီးတော့ သင်ယူတတ်လွယ်သည့် ညီချောရဲ့ အရည်အချင်းကြောင့်လည်း အတော်ကို အောင်မြင်စပြု နေပြီ။

ဒါတွေကို မြင်တွေ့ပြီး မိုးဖျား နောင်တရသွားခဲ့တာဆိုရင် တော့ –

"နင်ထင်မြင်တာနဲ့ ငါနဲ့ကွဲပြားနေပြီ ပျို့မေ၊ မိုးဖျားက ငါ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့ဝါသနာကို လုံးဝ အထင်မကြီးတဲ့သူနော်၊ ညိုချော အခုလို ကြိုးစားလျှောက်နေတဲ့လမ်းကို မကျေနပ်လို့ အချိုးသတ်ဝင်လာတာ ဆိုရင် မဖြစ်နိုင်ဘူးလား''

''မဖြစ်နိုင်ဘူးလေ၊ ညိုချော အကသင်တန်းတက်နေတာ သူမှ မသိတာ''

''ဟိုတစ်လောက မဂ္ဂဇင်းမှာ ကာဗာဂဲလ်လုပ်တော့ မိုးဖျား ပြဿနာရှာသေးတယ်လေ ပျိုမေရဲ့''

''အဲဒါ ပြီးသွားပြီ၊ သူ့ကို ဘာမှအသိမပေးဘဲ လုပ်လို့ ဒေါသထွက်သွားတာပါပဲ၊ နောက်ထပ် ဘာမှမပြောဘူး''

ပျိုမေကတော့ သူ့ထင်မြင်ချက်တွေကို ခုခံချေပရင်း အကောင်းဘက်ကချည်း ရှုမြင်နေသည်။ သူ့မှာတော့ ရင်တွေပူလောင်ချင်လာတာ အမှန်ပင်။

ညိုချောနှင့်ပတ်သက်ပြီး သူ့ကို ထိပ်တိုက်မေးလာတုန်းက မိုးဖျားခံစားချက်တွေကို ပြန်ပုံဖော်ကြည့်မိ၏။ ထိုစဉ်တုန်းကတော့ သူ့ဘက်က ပွင့်လင်းစွာပဲ ပြောပြခဲ့သည်။

ပျိုမေကိစ္စမှာ သူနဲ့အမြင်ရှင်းစေချင်တာလည်း ပါသည်။ ပြီးတော့ မိုးဖျား မကြည်ဖြူသော ညိုချောကို သူနှစ်သက်နေတာသိရင် ကူညီပေးလာမည်လားဟု ပြောခဲ့တာလည်း ဖြစ်သည်။

အခုတော့ မိုးဖျားခြေလှမ်းတွေ ချော်နေတာတော့ သေချာ





နေပြီ။

ပျိုမေက အပြတ်ငြင်းလိုက်တာကြောင့် ညိုချောဆီ ဦးလှည့်သွားခဲ့တာ ဖြစ်နေသည်လား။ ပျိုမေကို အရွဲ့တိုက်၊ သူ့ကိုလည်း ...းနာကျင်ရအောင် တိုက်ကွက်ဆင်တာလား။

တွေးရင်း ရင်ထဲမှာ စိုးရိမ်လာမိတာ ညိုချောအတွက်ဖြစ်သည်။ ဖြူစင်ပြီး စိတ်ပျော့ပျောင်းသော ညိုချောကတော့ မိုးဖျားကို ...ကြည်နေမှာ သေချာ၏။

''မြင့်မိုရ် နင် ဘာတွေတွေးနေတာလဲ''

သူ့ပခုံးကို လှမ်းပုတ်ပြီး ပျိုမေမေးမှ သူ အတွေးမောတွေထဲ ... ရုန်းထွက်နိုင်တော့သည်။ သူ့မျက်နှာပေါ်က အရိပ်တွေကို ပျိုမေ ...းနစ်နစ် စိုက်ကြည့်အကဲခတ်နေရင်း –

''ညိုချောအတွက် နင်ဝမ်းသာနိုင်အောင် ငါပြောတာပါ၊ ...လည်း သံသယတွေဝင်မနေနဲ့ဦး။ ဘာပဲဖြစ်ဖြစ် မိုးဖျားရဲ့ ပြောင်းလဲ...တော့ ငါတို့ ဝမ်းသာကြိုဆိုရမယ်''

''ဘာကိုကြိုဆိုရမှာလဲ ပျိုမေ''

''ဩော် ညိုချောအတွက်လေ၊ ညိုချောခမျာ မိုးဖျားဆက်ဆံ...ကြောင့် စိတ်ဆင်းရဲထိခိုက်နေတာလေ၊ ဟော အခုပဲကြည့်၊ ...ချော တက်ကြွလန်းဆန်းနေတာ ဝမ်းသာစရာပေါ့''

ပျိုမေက စိတ်ပါလက်ပါကနေသော ညိုချောကို ကျေကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်နပ် လှမ်းကြည့်ရင်း ပြောနေသည်။

"ဝမ်းသာစရာအမှန်ဆိုရင် ငါလည်း ကြိုဆိုပါတယ်၊ ဒါ

ငါထင်သလိုဖြစ်မှာပဲ ငါကြောက်နေတာ"

"ဟင် ဘယ်လို နင့်စကားက ပဟေဠိဆန်လိုက်တာ"

သူနှင့်မိုးဖျားဆုံကာ ပြောဖြစ်ခဲ့တာတွေ ဖျိုမေမသိသေး

ပဟေဠိဖြစ်နေမှာ နားလည်ပါသည်။

"မိုးဖျားနဲ့ ငါဆုံပြီးပြီ၊ သူက ငါ့ကို တွေ့ချင်တယ်ဆို

နှစ်ယောက်တည်းချိန်းလို့ သွားခဲ့တာ"

"ဟင် ငါ ဘာမှမသိရပါလား"

"မလိုအပ်လို့ မပြောပြတာပါဟာ၊ ပြီးတော့ အဲဒါ ငါတို့

ယောက်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကြီးဖြစ်နေတာကြောင့်ပါ၊ ဒါ

ငါ နင့်ကို ပွင့်ပွင့်လင်းလင်း ပြောပြမယ်"

ဖျိုမေ စူးစူးစိုက်စိုက် အာရုံစွင့်ပြီး နားထောင်နေပေ

သူ မပြောဖြစ်သေးပါ။ ဒါက ဖျိုမေပဲ သိသင့်သည်။ တခြားသူ

သိသင့်တာမဟုတ်။

"သင်တန်းပြီးမှ နင်နဲ့ငါ အေးအေးဆေးဆုံတာပေါ့၊ အဲ

ငါပြောပြပါ့မယ်၊ ဒါဆို အခုကိစ္စမှာ ငါ ဘာလို့ သံသယဝင်

နင် နားလည်သွားမယ်၊ ပြီးတော့ ငါစိုးရိမ်နေတာကိုလည်း နင်သိ

ပေါ့"





ဖျိုမေ ခေါင်းလေးညိတ်သည်။ မြူးဇစ်သံရပ်တန့်သွားခြင်းနှင့်

တွေ သင်တန်းသားတွေ အကာလေ့ကျင့်မှုကလည်း ပြီးဆုံးသွားပြီမို့

ရ ဖျိုမေအနားက ထထွက်ခဲ့သည်။

ရင်ထဲမှာတော့ မိုးဖျားနှင့်ညိုချောသတင်းက သူ့ရင်မှာ မတင်

နှင့် နိုးလိုးခုလုကြီးဖြစ်နေဆဲ။

နှလုံးသားက တစ်ကြိမ်ပဲ ပေါက်ဖွားခံစားဖူးသော အချစ်ကို

တော့ သူ အဆုံးရှုံးမခံနိုင်ပါ။ ညိုချောရဲ့ ဖြူစင်ရိုးသားမှုလေးကို

များ ဦးအောင်သိမ်းပိုက်သွားလျှင် အခက်။

ဘာပဲဖြစ်ဖြစ် သူ တွေဝေမိန်းမောနေသင့်သည့်အချိန်

တာတော့ သေချာနေပြီ။

ညိုချောဆိုတာ ရင်မှာပွင့်သော တစ်ပွင့်ပန်းလေး ၁တစ်ပွင့်ပဲ

သ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဟင်"

ဆိုင်မှာမပြီးပြတ်ခဲ့သော စာရင်းဇယားစစ်ဆေးမှုတွေ
အလုပ်ပိတ်ရက်လေးမှာ ရှင်းလင်းပြီး စားပွဲက ထ၊ အညောင်းဆန့်
ပြတင်းပေါက်ဆီ လျှောက်ခဲ့ခိုက် မြင်ရသောမြင်ကွင်းက သူ့ရင်
ဒိန်းခနဲ လှုပ်ခတ်သွားစေ၏။

သည်ပြတင်းတံခါးက ခြံဘေးဘက်က ရေကူးကန်လေး
လှမ်းမြင်နိုင်သောနေရာ။ ဒါပေမဲ့ ချောကလက် ရေကူးနေမည်
သူ မထင်ထားခဲ့။

တကယ်ဆို သူ့မျက်ဝန်းတွေ အမြန်ဆုံး ရှောင်လွှဲပစ်လို
သင့်သည်။ မှင်တက်စွာ တဒင်္ဂငေးမောမိသော မျက်ဝန်းတွေထဲ





ချောကလက် အလှတရားတွေ စွဲဆောင်ခေါ်ငင်ထားတာပဲလား။

ကြည်လင်ပြာလဲ့နေသော ရေကူးကန်လေးထဲမှာ အနက်ရောင် ရေကူးဝတ်စုံလေးနှင့် ချောကလက် ရွှေငါးလေးတစ်ကောင်လို လွန့်လွန့်လေး ကူးနေသည်။

ရောက်စက ချောကလက်မဟု သူလှောင်ပြောင်ခဲ့သော ညိုချောအသားရောင်လေးတွေက ဝင်းမွတ်ဖြူစင်နေသည်။ အနက်ရောင်ဝတ်စုံလေးကြောင့် ဖြူနုသော အသားစိုင်လေးတွေ ရုပ်လုံးကြွပေါ်လွင်လွန်းနေ၏။

ရင်ခုန်သံတွေ လှိုင်းခတ်နေတာ ရမ္မက်စိတ်တစ်ခုတည်းကြောင့် မဟုတ်တာတော့ သေချာပါသည်။

သူနှစ်မျောငေးကြည့်နေတုန်းမှာပဲ ချောကလက်ရေကူးကန်လေးထဲက လှမ်းတက်လာသည်။

ရွှေရောင်နေခြည်အောက်မှာ ရေစိုနေသော အသားလေးတွေက ဝင်းမွတ်စင်ကြယ်အောင်ပဲ ချောကလက် လှရက်လွန်းသည်။ ဆံနွယ်တွေ ရေမစိုအောင် ဆောင်းအုပ်ထားသော အနီရောင် ဦးထုပ်လေးကြောင့်ပဲ ချောကလက်မျက်နှာ ဝင်းမွတ်မွတ်လေးကို ကြည်လင်စွာ မြင်တွေ့နေရ၏။ တစ်ကြိမ်တစ်ခါမှ တစိမ့်စိမ့် ငေးမကြည့်ဖူးသော ချောကလက်ကို ဒီလောက်ကြည့်နေမိတာက လွန်လောက်ပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ကိုကိုယ် ပြန်သတိပေးရင်း သူ့အကြည့်တွေ လွှဲလိုက်မှာပဲ ဒရင်းဘက်လေးပေါ်က မြှုလွှာတဘက်ကို ယူဖို့လှမ်းသည့် ချောကလက် ယိုင်ခနဲဖြစ်သွားတာကြောင့် သူစိုးရိမ်သွားရ၏။

မျက်နှာလေးရှုံ့မဲ့သွားကာ ဒူးညွှတ်ထိုင်ချလိုက်တာ သူမြင်သည်။ ချောကလက်ခြေထောက် ဘာဖြစ်သွားတာလဲ။ ရင်ထဲအထိ ဆောင့်ခုန်ဝင်လာသော စိုးရိမ်စိတ်တွေနှင့် သူ အခန်းထဲက အပြေးဆင်းခဲ့သည်။

ထိုဘဒ်လေးမှာ ညီချောအတွက် မှန်တူနေသော စိုးစိတ်က အံ့ဩစရာကောင်းအောင်ပဲ သူ့အသိတရားတွေကို ဦးဆောင်ခေါ်သွားခဲ့တာပဲ ဖြစ်၏။

''ချော ချောကလက် ဘာဖြစ်တာလဲ''

အခုချိန်ထိ ကန်ပေါင်ကြွေပြားပေါ်မှာ ငုတ်တုတ်လေးထိုင်ကာ ခြေထောက်လေးကို ဆုပ်ကိုင်ထားဆဲ ချောကလက်အနားမှာ သူဒူးထောက်ထိုင်လိုက်မိ၏။

''ဘာဖြစ်တာလဲ ခြေထောက် ဘာဖြစ်လို့လဲဟင် ချောကလက်''

''ဟို ဟို ခဲ ခဲစူးတာပါ၊ ဘာ ဘာမှ မဖြစ်ပါဘူး''

မျက်နှာလေးနီကာ ချောကလက် တုန်တုန်ယင်ယင်လေး ဆိုပေမယ့် သူကတော့ စိုးရိမ်စွာနှင့် သူမခြေဖဝါးလေးကို ဆွဲယူကာ





ငုံ့ကြည့်မိ၏။

''အို ရ ရတယ်မိုးဖျား''

''ရတယ် မလုပ်နဲ့၊ ခဲချွန်ကို နင်းမိတာဖြစ်မယ်၊ ဒီမှာ နီရဲပြီး သွေးခြည်ဥသွားတာ တွေ့လား၊ ဟက်တက်ကွဲမသွားတာ တော်သေးတယ်''

ကရုဏာဒေါသောနှင့် ပြောရင်း သွေးခြည်ဥသွားသည့် ဒဏ်ရာလေးကို သူ ညင်သာစွာပဲ ပွတ်ခြေပေးလိုက်မိ၏။

''အ အင်း နာတယ်''

သွေးခဲကာ ဒဏ်ဖြစ်သွားမှာစိုးရိမ်စိတ်နှင့် ဖိခြေပေးလိုက်တာကြောင့် ချောကလက် ဆတ်ခနဲဖြစ်သွားကာ ညည်းရင်း သူ့လက်ကို လှမ်းဆုပ်ကိုင်ထား၏။

''ဆောရီး ခဏလေးနာတာပါ၊ ပြီးရင် သက်သာသွားမှာပါ''

''ရ ရပြီ မိုးဖျား၊ ဟို ဟို မြှုလွှာယူမလို့''

သည်တော့မှ သူလည်း ရှက်ရွံ့နီမြန်းနေသော ချောကလက် မျက်နှာလေးကို သတိပြုမိကာ ထူပူသွားခဲ့၏။

ဟုတ်ပါရဲ့၊ ချောကလက်ရဲ့အလှတွေကို လှစ်ဟပြနေသော ရေကူးဝတ်စုံလေးနှင့်ဆိုတော့ ရှက်နေတာ သူမေ့ထားခဲ့၏။

''ကိုယ်ယူပေးမယ် ခဏစောင့်နော်''

ချောကလက်ကို လှည့်ကြည့်ဖို့တောင် သူ့မျက်နှာတွေပူလှ



www.burmeseclassic.com

www.burmeseclassic.com



ဒရင်းဘတ်ပေါ်မှ ခြုံလွှာတဘက်ရှည်ကြီးကို သွားယူပေးလိုက်မိ၏။

မတ်တတ်လေးရပ်ကာ ခေါင်းလေးငုံ့တုံ့တုံ့ ဖြစ်နေသော ချောကလက်ကို သူ မျက်ဝန်းချင်း ရင်မဆိုင်ဘဲ တဘက်ကို လှမ်းပေးမိ၏။ ချောကလက်ကလည်း မော့မကြည့်ရဲဘဲ လှမ်းယူသည်ထင်၏။

ကမ်းပေးနေသော တဘက်ကို မဆုပ်ကိုင်မိဘဲ သူ့လက်ဖမိုးပေါ် ချောကလက်လက်ဖဝါးလေးက ဆုပ်ကိုင်မိသည်။

"ဟင်"

နူးညံ့သောအထိအတွေ့နှင့် အရေပြားပေါ် ပွတ်တိုက်ဖိဆင်းသွားသော အထိအတွေ့လေးကို သူ ခံစားလိုက်ရတော့ ဖျတ်ခနဲ ချောကလက် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်မိ၏။

"အို"

ချောကလက်လက်ဖဝါးလေးကို သူလှန်ကြည့်တော့ လက်ဖမိုးမှာ မာမာတင်းတင်းလေးဖြစ်နေသော ဒဏ်ရာဟောင်းလေးက အထင်းသား။

"ဒါ ဟိုတစ်ခါ ဖန်ကွဲစရှခဲ့တဲ့ ဒဏ်ရာလေးလားရင် ချောကလက်"

ချောကလက် ခေါင်းလေးညိတ်ပြတော့ သူ့ရင်ထဲမှာ နင့်ခနဲ ဖြစ်ရ၏။ အမာရွတ်ဒဏ်ရာလေးတောင် ချောကလက် လက်ဖဝါးနုနုလေးမှာ ထင်ကျန်ရစ်စေခဲ့သည်လား။ အဲဒီတုန်းက ချောကလက်





အနာရှိန်နှင့် နှစ်ရက်တောင် ဖျားလိုက်သေးတာ သူပြန်မှတ်မိလာ၏။

"ကိုယ်တကယ် စိတ်မကောင်းဘူး ချောကလက်ရယ်၊ အဲဒီတုန်းက ကိုယ်မင်းအပေါ် ရက်စက်သလို ဖြစ်ခဲ့တာ တောင်းပန်ပါတယ်နော်"

"ရ ရပါတယ် မိုးဖျား။ ချောကလက် စိတ်ထဲမှာ ဘာအမှတ်အတေးမှ မရှိပါဘူး"

ပြောရင်း သူ့လက်ထဲက သူမလက်ကလေး ရုန်းထွက်ကာ တဘက်လေးကို လှမ်းဆွဲပြီး ခန္ဓာကိုယ်လေးမှာ ရစ်ပတ်လိုက်သည်။

ရင်ညွန့်အစပ်က ပေါင်လယ်လောက်အထိတော့ လုံခြုံသွားပေမယ့် ပခုံးသား ဝင်းမွတ်မွတ်လေးတွေနှင့် လည်တိုင်ကြော့ကြော့လေးက လုံခြုံခွင့်မရှိရှာပါ။ ရေစက်ကလေးတွေ ခိုသီးနေဆဲ ပခုံးသားလေးတွေဆီမှာ သူ အကြည့်တွေလွှဲပစ်ရင်း –

"ဖျားနေမယ် ချောကလက်၊ အိမ်ထဲဝင်တော့နော်၊ ခြေထောက်က ထောက်လို့အဆင်ပြေသလား"

"ရ ရပါပြီ ဟို ချောကလက် သွားတော့မယ်နော်"

နှုတ်ဆက်စကားလေးဆိုကာ လှည့်ထွက်သွားသော ညိုချောခြေထောက်လေးက နည်းနည်းတော့ ထော့နဲ့နဲ့ ဖြစ်နေသေးသည်။ ဖြစ်နိုင်လျှင် ချောကလက်ခန္ဓာကိုယ်လေးကို ပွေ့ချီကာ သူ့အခန်းထဲအထိ ပို့ပေးလိုက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက ဒီလိုပဲ သူ ချောကလက်ကို သူ့အခန်းထဲက နေ ပို့ပေးခဲ့ရဖူးသည်။

ထိုစဉ်တုန်းက ရင်ခုန်ဖို့ဝေလာဝေး ချောကလက်ခန္ဓာကိုယ်ကို သူ ခုတင်ပေါ် ဝုန်းခနဲ ပစ်ချခဲ့ဖူးသည်။ ဒီလောက်အထိ ဥပေက္ခာပြု ရက်စက်ခဲ့သော သူ့စိတ်တွေ ဘာကြောင့် နူးညံ့သွားခဲ့တာလဲ။ အံ့ဩစရာတော့ ကောင်းပါသည်။

ဒါဟာ အချစ်ကြောင့်လား။ အချစ်ဆိုတာ နူးညံ့ညင်သာသော ရင်ခုန်ခံစားမှုတွေနှင့် ကြင်နာယုယမှုတွေကို ပေးစွမ်းနိုင်သည်ဆိုလျှင် –

ချောကလက်ကို သူ ချစ်နေခဲ့ပြီလား။

နှလုံးသားက လှိုင်းခတ်နေသော ရင်ခုန်သံတွေကတော့ မပြယ်သေးပါ။ သူကိုယ်တိုင် သတိမထားမိသည့်အချက်က သူချစ်သည်ဟု ဝန်ခံခဲ့သော ပျို့မေသည် အခုချိန်မှာမူ သူ့ရင်ဘတ်ထဲမှာ ဘာကြောင့် ရှိမနေတာလဲ။

အလိုလိုပဲ ထွက်ပြေးသွားခဲ့တာလား။ သူကိုယ်တိုင်ကပဲ ရင်ဘတ်ထဲ ထည့်ဟန်ဆောင်ခဲ့တာလား။

ထူးတော့ထူးဆန်းတာ အမှန်။

✿ ✿ ✿



## အခန်း (၂၁)

ဆလိုက်မီးရောင်စုံတွေ ဖြာလွှဲနေသော ခန်းမကျယ်ကြီးထဲမှာ ရှိုးပွဲကိုလာကြည့်သော ပရိသတ်တွေနှင့် ပြည့်လျှံနေသည်။ အများစုက လူငယ်ပရိသတ်တွေပဲ ဖြစ်၏။

ပျို့မေ ဖွတ်လာခေါ်လို့သာ သူလိုက်ဖြစ်ခဲ့တာ။ စိတ်ကတော့ သိပ်မပါတာ အမှန်ပဲဖြစ်သည်။ ပိုဆိုးတာက ဟိုကောင်မြင့်မိုရ်ရဲ့ ကပွဲဖြစ်နေတာကြောင့်။

"မိုးဖျား နှင်ပျင်းနေပြီလား"

"နှင်မို့လို့ ဒီအဆိုတော်တွေကိုလာကြည့်တယ်၊ ငါတော့ ပျင်းလို့ မြန်မြန်ပြီးပါစေ ဆုတောင်းနေတာ"

ပျို့မေမေးလာတော့ အားမနာစတမ်းပဲ သူပြောပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျိုမေက မကျေမနပ် မျက်စောင်းလေးထိုးရင်း –

"ငါက ပေါ့ခ်အဆိုတော်တွေကို ကြိုက်တာကိုးဟဲ့၊ နင့်လို ဟစ်ဟော့သီချင်းတွေ ကြိုက်တဲ့သူမှ မဟုတ်တာ၊ နားထောင်ရတာကို ကလည်း ခံစားမှုကွာပါတယ်၊ ခုပဲကြည့်လေ၊ သီချင်းအေးအေးလေး က ဘယ်လောက် စိတ်ချမ်းသာမှုပေးသလဲ"

ပျိုမေစကားကို သူ ပခုံးတွန့်ကာ မျက်နှာမဲ့ပြ၏။ ပြီးတော့ ပျိုမေစားနေသော အာလူးကြော်တစ်ဖတ်ကို ပါးစပ်ထဲက လှမ်းယူ ထည့်ဝါးရင်း –

"ငါကတော့ ဂီတဆိုရင် အပြင်းစားဂီတကိုပဲ ခရေစီ ဖြစ်တယ်"

"အေးနော်၊ နင့်စကား နင်မှတ်ထား၊ အခု ဒီတစ်ယောက် ပြီးရင် မြင့်မိုရ်တို့အလှည့်လာမှာ၊ အဲဒီကျရင် နင် အံ့ဩလွန်းလို့ မျက်လုံးတွေ ကျွတ်ပြီး ပါးစပ်အဟောင်းသားမဖြစ်နဲ့"

"နေပါဟာ၊ ဒီကောင် Dance ကတာ ငါမြင်ဖူးတာပဲ၊ ဘာများထူးခြားလို့လဲ၊ သူ့ဟာသူ ပရော်ဖက်ရှင်နယ်ဖြစ်လာတာ ဖြစ်တာပဲ၊ ငါကတော့ ဒီကောင့်ကို နည်းနည်းမှ အထင်ကြီးလို့မရဘူး"

"ဘယ်ရမလဲ၊ နင်က သူ့ကို ဆိုက်ကိုဖြစ်နေတာကိုး"

"ပျိုမေနော်၊ ငါ့ကို ဒေါသဖြစ်အောင် လာဆွမပေးနဲ့၊ နင့် အကောင်က ဘာကောင်မို့လဲ၊ ကောင်းကွက်တစ်ခုမှ ငါမမြင်ဘူး"





"နင့်လို စိတ်မပုပ်, ဒေါသမရှိတာကိုက နင့်ထက်စာရင် ကောင်းတဲ့အချက်ပဲ"

"အေး ကောင်းရင် သူ့ကို ရည်းစားစကား နင်လိုက်ပြော လိုက်ပါလား အရူးမရဲ့"

သူ ပျိုမေ့နဖူးကို လက်ညှိုးထိပ်နှင့် ခပ်သာသာလေးတွန်းပြီး မခံချင်အောင် ပြောပစ်လိုက်သည်။ နာကျင်လှတာမဟုတ်ပါဘဲ ပျိုမေ မျက်နှာကို ရှုံ့မဲ့ပစ်ရင်း –

"နာတယ်နော် မိုးဖျား၊ ငါဆွဲဆိတ်ရင် နင်မအော်နဲ့၊ ဟွန်း အဲဒီလို ကြမ်းကြမ်းတမ်းတမ်းကျတော့ မြင့်မိုရ်က ဘယ်တော့မှ မလုပ် ဘူး"

"အဲဒါကြောင့် နင်က မြင့်မိုရ်ကို ကျိတ်ခိုက်နေတာလား ပျိုမေ"

"ဟုတ်တယ်ဟာ၊ ကြိုက်တယ် ဘာဖြစ်လဲ"

"အဟား၊ ဒါဆို ကိုင်းကြီးကြီးမှာ သွားနားတော့၊ နင့်ကို မြင့်မိုရ်က မကြိုက်ဘူး၊ ဒီကောင်က ချောကလက်ဂို ကြိုက်နေတာ မှုင်းလား"

"အဲဒါ နင်ပြောမှလား၊ ငါလည်း သိတယ်"

"တကယ်"

သူ မယုံသလို တအံ့တဩမေးတော့ ပျိုမေ မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ညှိုးသွားတာလား မသေချာ။ စတိတ်စင်က ဆလိုက်ရောင်စုံတွေ
ကြောင့် ဖျိုမေ့မျက်နှာပေါ်က ရောင်စဉ်တွေက ရှာဖွေရခက်နေ

"နင့်ကို ငါ့ဟာ ဘာလို့ညာရမှာလဲ၊ ကဲ တော်ပြီဟာ၊ ကြည့်
ရတာ ဖိမ်ပျက်တယ်"

နှစ်ယောက်သား ငြင်းခုန်နေမှုကို ဖျိုမေက ယတိပြတ်ကာ
စတိတ်စင်ပေါ် အာရုံပြန်ပို့လိုက်တာမို့ သူလည်း တိတ်ဆိတ်နေပေ
လိုက်ရ၏။

"အခု ပါဖောင်းမန့်အကာအလှတွေနဲ့ တင်ဆက်ဖျော်ဖြေမယ့်
သူက ပရိသတ်ကြီး ချစ်ခင်အားပေးနေတဲ့ Dance မင်းသားလေး
ဝေယံမြင့်မိုရ်နဲ့ မော်ဒယ် ညိုချောဖြူတို့အလှည့်ပဲ ဖြစ်ပါတယ်ရှင်"

အစီအစဉ်တင်ဆက်သူစကားကြောင့် သူ့ခေါင်းက ဆံပင်
တွေ ထောင်သွားလောက်အောင် လှုပ်လှုပ်ရှားရှားဖြစ်သွားမိသည်
ဝေါခနဲ လျှံထွက်လာသော ယက်ခုပ်သံတွေကြောင့် နားကြားမှား
လွဲသွားတာလား တွေးမိကာ နံဘေးက ဖျိုမေဘက်လှည့်ပြီး မေးမိ

"ဖျိုမေ ကြော်ငြာသွားတာ ဘာလဲ၊ ညိုချောဖြူဆိုလားဟင်"

သူ အံ့သြခြင်းတွေနှင့် စိတ်တွေလှုပ်ရှားနေသလောက် ဖျို
မေတော့ အေးအေးဆေးဆေး တည်ငြိမ်စွာ မုန့်စားမပျက်ပါ။

"အင်းလေဟာ၊ မော်ဒယ်လ်ညိုချောဖြူလို့ ကြေညာသွား
တာ အရှင်းကြီးကို၊ ဘာဖြစ်လို့လဲ"





"အဲ အဲဒါ ချောကလက်မကို ပြောတာလား"

"သိချင်ရင် စောင့်ကြည့်ပေါ့ဟာ"

ဖျိုမေစကားသံက သူ့ကို စိတ်မရှည်သလို မျက်စောင်းလေးခဲ
ကာ ပြောသည်။ သူ လှုပ်ရှားနေသော စိတ်တွေကို တည်ငြိမ်အောင်
ထိန်းရင်း တံတွေးတစ်ချက်ကို ဂလုခနဲမြည်အောင် မျိုချမိ၏။

အင်ထရိုဂီတာသံ ငြိမ့်ငြိမ့်လေးနှင့်အတူ စတိတ်စင်ပေါ်မှာ
ဆလိုက်ရောင်စုံတွေက ဖြာထွက်နေသည်။ သူ့မျက်ဝန်းတွေက မြင့်မိုရ်
နှင့်အတူ ပေါ်ထွက်လာမည့် ချောကလက်ကိုသာ တမျှော်မျှော် ကြည့်
နေမိသဲ။

ဂီတသံငြိမ့်ငြိမ့်လေးနှင့် ပြာလဲ့လဲ့ ဆလိုက်မီးရောင်တွေ
အောက်မှာ လှပသောကကွက်များနှင့် အရင်ဆုံး လှမ်းထွက်လာသူက
အနီရဲရဲ ဂါဝန်လေးနှင့် ချောကလက်ပဲ ဖြစ်သည်။

စည်းချက်ညီသော ကကွက်တွေနှင့် ချောကလက်ရဲ့ လှုပ်ရှား
မှုတိုင်းမှာ သူအသက်ရှူဖို့ မေ့စွာ နှစ်မျောနေမိ၏။

အခုတစ်လော အံ့သြစရာတွေချည်းပဲ သူ ကြုံတွေ့နေသည်။

"ဘယ်လိုလဲ၊ နင် အရမ်းအံ့သြသွားလား မိုးဖျား"

ဖျိုမေ့အသံကို ကြားရပေမယ့် သူ မတုံ့ပြန်မိပါ။ မျက်ဝန်းတွေ
က ချောကလက်ဆီက မခွာနိုင်ခဲ့။

"အဲဒါ နင် အရမ်းရှုံ့မှုန်းနေတဲ့ ချောကလက်မလေ"



www.burmeseclassic.com

www.burmeseclassic.com



စတိတ်စင်ပေါ်က ချောကလက်အနားမှာ မြင့်မိုရ်ရောက်လာ
တော့ သူ မျက်မှောင်ကြီးကုတ်သွားမိ၏။ နှစ်ဦးသား ရင်ဘတ်ချင်းအပ်
လက်ချင်းယှက်ပြီး တေးသွားထဲမှာ နစ်မျောကနေတာက တခြားသူ
တွေ ရင်သပ်ငေးမောလောက်အောင် ကြည့်ကောင်းနေလိမ့်မည်။

သူ့ရင်ထဲမှာတော့ ဣသာမစ္ဆာရိယလှိုင်းတွေ၊ ဒေါသလှိုင်း
တွေက မုန်တိုင်းတစ်ခုလို ဝုန်းဒိုင်းကြဲ မွှေနှောက်နေသည်။

"အခုချိန်မှာ မြင့်မိုရ်က ကနေရင်းနဲ့ ညိုချောကို သူ့ရင်ထဲက
အချစ်တွေကို ဖွင့်အန်ပြနေလောက်ပြီ"

"ဘာပြောတယ် ပျိုမေ"

"မြင့်မိုရ်ကိုယ်တိုင် ငါ့ကိုပြောသွားတာ၊ သူ ဒီနေ့ ညိုချော
ချစ်နေတဲ့အကြောင်း ရင်ဖွင့်မယ်တဲ့"

ပျိုမေ့မျက်နှာကို သူလှည့်ကြည့်မိသည်။ ပျိုမေ့မျက်ဝန်းတွေ
က စတိတ်စင်ပေါ်ကိုပဲ ငေးငေးလေးကြည့်နေသည်။ ပျိုမေ့ရင်ထဲက
ခံစားချက်တွေကို သူ သိပ်သိချင်ပါသည်။

"နင် ဘယ်လိုမှ မခံစားရဘူးလား ပျိုမေ"

"ဘာကိုလဲ မိုးဖျား"

"နင်ချစ်နေတဲ့မြင့်မိုရ်က တခြားမိန်းကလေးတစ်ယောက်ကို
ချစ်ခွင့်တောင်းမှာဆိုတာလေ"

သူ့စကားကြောင့် ပျိုမေ ခပ်ယဲ့ယဲ့ပြုံး၏။ အလင်းရောင်





မှိန်တို့နှင့်အတူ သူမမျက်ဝန်းတွေလည်း ညိုးဖျော့မှုန်ရီနေသည်။

"ဘယ်တတ်နိုင်မလဲဟယ်၊ ငါ နင့်ကို ပြောခဲ့သလိုပေါ့၊ ခံ
စားမှုက ဖြစ်ပေါ်လာတဲ့ ရင်ခုန်သံကို အချစ်လို့ သတ်မှတ်ထားတဲ့
ငါက သူ့ကို ရင်ခုန်ပေမယ့် သူကမှ ငါ့ကို ရင်မခုန်တာတော့ ငါ
ဘာများ တတ်နိုင်ဦးမှာလဲ၊ အဟင်း နင့်ဝဋ်ကြွေးတွေ ငါလည်နေပြီ
ထင်တယ် မိုးဖျားရဲ့"

သူ့အကြားအာရုံထဲမှာ ပျိုမေစကားသံတွေက ကြေကွဲရိပ်
တွေနှင့် ရှတနေသည် ထင်မိသည်။ တကယ်ဆို သူ့ရင်ထဲမှာလည်း
သူမသိသူမသိ ကြေကွဲနေတဲ့အဖြစ်ကို ပျိုမေ မသိနိုင်ဘဲလေ။

စတိတ်စင်ပေါ်မှာ တွဲဘက်ညီစွာ နှစ်ဦးသားကနေတဲ့ မြင်
ကွင်းက သူ့ရင်ဘတ်ထဲကို မြားအစင်းပေါင်းများစွာ ပစ်ခွင်းနေသလိုပါ

ဘယ်လောက်ဆိုးလိုက်တဲ့ အဖြစ်လဲ။ နောက်ဆုံးတော့ သူ
နှင့်ပျိုမေက ကျန်ရစ်သူ အရှုံးသမားကြီးတွေကို ဖြစ်လို့။

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ဆူညံဟိန်းထွက်လာသော လက်ခုပ်အားပေးသံတွေက မြင့်
မိုရ်နှင့် ချောကလက်အတွက် ကြည်နူးကျေနပ်စရာ ဖြစ်နေပေမယ့်
သူနှင့်ပျိုမေအတွက်ကတော့ ကိုယ့်ကို လှောင်ပြောင်နေကြတဲ့ အသံတွေ
ပဲ၊ ကြားရတာ ရင်ထဲမှာ မချိ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ကျွန်ရစ်ဖြစ်ခဲ့တာ ပျိုမေလည်း အပါအဝင် အရင်က ပျိုမေကို ချစ်တယ်ဟုဆိုခဲ့သော သူ အခုချိန်မှာ ပျိုမေ အားပေးနှစ်သိမ့်ပြီး အမှတ်တွေ ယူခွင့်ရှိနေပြီ။ ဒါပေမဲ့ –

ထိုစိတ်ကူးတွေအားလုံး အခုချိန်မှာ အံ့ဩစရာကောင်း လောက်အောင် ပျောက်ဆုံးလို့နေကြသည်။ သူ့နှလုံးသားထဲမှာ နက်ရှိုင်းရှိုင်း ပျော်ဝင်နေတာ ပျိုမေမဟုတ်မှန်း သူသိခဲ့တာ မကြာသေးပါ။

ဒါ မျက်နှာများတာ မဟုတ်သလို အချစ်ကို ကစားခဲ့ လည်း မဟုတ်ပါဘူး။ အချစ်ကို ထင်ယောင်ထင်မှား ကိုးကွယ်ခဲ့ ခပ်တုံးတုံးတစ်ယောက်ပဲဖြစ်ခဲ့တာပါ။

ပျိုမေက အချစ်ကို ပိုင်ဆိုင်ခွင့်မရလည်း ကျေနပ်ပေး သည်လား။

ဟင့်အင်း သူကတော့ ဘယ်လိုမှ ကျေနပ်မပေးနိုင်

သူ့ရင်ဘတ်ထဲမှာ ခိုတွယ်နေတဲ့အချစ်က နက်ရှိုင်းပြီး ထည်ကြီးခဲ့တာ သူယုံသည်။ ဟိုးအရင်က ရင်ထဲမှာ ငြိနေတာ သူ ခဲ့လို့ပါ။ အခုတော့ အသေအချာ သိခဲ့ပြီ။ စိတ်ချ။ သူ အဲဒီအ မိအောင်ဖမ်းပြမယ်။

✿





"ချောကလက်"

MP4 နားကြပ်လေးကို နားမှာတပ်ဆင်ထားကာ ဂီတသံတွေ ကြောင့် အခန်းထဲမှာ ငြိမ့်ငြိမ့်လေး ကနေသော ချောကလက် အခန်းဝက ကိုမြင်တော့ ဖျတ်ခနဲ လှည့်ကြည့်ရင်း –

"ဟင် မိုးဖျား"

အကကို ချက်ချင်းရပ်ပြီး နားနှစ်ဖက်က အီးယားဖုန်းကြိုး တွေကို ချောကလက်ဖြုတ်ပြီး သူ့ဆီ လျှောက်လာသည်။

"မင်းရဲ့လျှို့ဝှက်ချက်တွေ ဘာကျန်သေးလဲ"

"ရှင် ညီချော ဘာတွေလျှို့ဝှက်ထားမိလို့လဲဟင်"

သူ မသိသေးဘူးထင်ပြီး ချောကလက် ကွယ်ဝှက်ဖို့ ကြိုးစား နေတာကိုတော့ သူ လုံးဝလက်မခံနိုင်ပါ။

"မင်းဟာ အကမယ်တစ်ယောက် ဖြစ်နေပြီဆိုတာကိုလေ"

ချောကလက်မျက်နှာလေး ညှိုးသွားသည်။ သူ့ဆီက ဒေါသ တွေကို ရင်ဆိုင်ဖို့ ကြောက်ရွံ့သွားပြန်ပြီလား။ ချောကလက်အပေါ်မှာ အရင်လို ကြမ်းတမ်းသောစကားတွေနှင့် မဆက်ဆံချင်ပါ။

ဒါပေမဲ့ တစ်ခုပြီးတစ်ခု သိခွင့်ရသော ချောကလက်ရဲ့ လျှို့ ဝှက်ချက်တွေက ရင်ကို မချင့်မရဲ နာကျင်ခံစားရတာတော့ အမှန်။ မေနှင့် ချောကလက် ဘာတွေလျှို့ဝှက်ထားသေးသလဲ သူသိချင်



www.burmeseclassic.com

www.burmeseclassic.com



သေး၏။

"တကယ် အံ့သြစရာကောင်းတယ်၊ ပျို့မေခေါ်သွားမှ မ
အကြောင်းကို ကိုယ်သိရတော့ လူကို ပေါ်ကြီးဖြစ်လို့"

"အဲ အဲဒါက တမင်ရည်ရွယ်ပြီး လျှို့ဝှက်ထားတာမဟုတ်
ပါဘူး မိုးဖျားရယ်၊ မိုးဖျား အပြစ်တင်မှာစိုးလို့ဆိုပြီး မေမေလင်း
ဘာမှ မပြောခိုင်းတာပါ"

မျက်လွှာလေးချကာ တောင်းပန်သလိုလေး ပြောနေသေ
ချောကလက်ကို ကြည့်ကာ သူ့ဒေါသတွေ ကြိတ်မှိတ်မျိုချမိ၏

တစ်ကိုယ်လုံး အနက်ရောင်ခွဲသား ကိုယ်ကျပ်ဝတ်စုံလေး
မို့ အရှိုက်အဖို အနိမ့်အမြင့် အချိုးအစားတွေ ပြေပြစ်လှပနေသေ
ချောကလက်ကိုယ်ဟန်လေးက ကြော့ရှင်းနေ၏။ ပန်းပုပညာရှင် တ
ယောက်ရဲ့ အလှပဆုံးခြယ်မှုန်းထားသော ရုပ်တုလေးတစ်ရုပ်လို
သူ လုံးဝ ဥပေက္ခာပြုပြီး အမုန်းပွားခဲ့တဲ့ ချောကလက်အ
တွေကို မြင့်မိုရ်ဆိုတဲ့ကောင် မြင်သွားခဲ့တာတော့ သေချာနေသည်

အရင်ကလိုပဲ ညစ်တီးညစ်စုတ်နဲ့ တောသူမလေးအသွင်
နဲ့ပဲ ရှိနေပါတော့လား၊ ဒါမှ ချောကလက်ကို ချစ်တယ်လို့ ဖွင့်ပြော
အတွက် သူ လိပ်ပြာလုံမှာလေ။

"မိုးဖျား ချောကလက်ကို စိတ်မဆိုးပါနဲ့နော်"

တောင်းပန်ရိပ်လေးတွေ မျက်ဝန်းနက်တွေမှာ ဖြာလဲ့





ချောကလက်က တိုးတိုးလေးဆိုသည်။ သူ့ရင်ထဲမှာ ဒေါသတွေ
ကုန်ဆုံးခဲ့ပြီဆိုတာ ချောကလက် မယုံသေးလို့ထင်ရဲ့။

"ကိုယ် စိတ်မဆိုးပါဘူး၊ စိတ်မကောင်းဖြစ်တာပဲ ရှိတယ်၊
ထားလိုက်ပါတော့၊ မင်းကို မေးစရာရှိလို့"

"ရှင် ဘာမေးမလို့လဲဟင် မိုးဖျား"

"မင်းနဲ့မြင့်မိုရ် အဆင်ပြေလား၊ မင်းတို့ ရှိုးပွဲနေ့က သူ
မင်းကို လက်ထပ်ခွင့်တောင်းတာ ကိုယ်သိတယ်"

ချောကလက်မျက်ဝန်းလေးတွေ အံ့သြသလို သူ့ကိုကြည့်
သည်။ ပြီးမှ အကြည့်တွေ ပြတင်းတံခါးအပြင်ဘက်မြင်ကွင်းတွေဆီ
သွင့်မျောသွားရင်း –

"ဟုတ် ဟုတ်ပါတယ်"

သူ့ရင်ထဲမှာ နင့်ခနဲ ခံစားရသည်။ သူထင်ထားသည့်ထက်
ဆောင် မြင့်မိုရ်ဆိုတဲ့ကောင်က ခြေသွက်လက်သွက်နိုင်နေပါလား။

"မင်း သူ့ကို ဘာပြန်ဖြေလိုက်သလဲဟင်"

သူ့လေသံတွေ မတုန်ခါအောင်ထိန်းရင်း မေးလိုက်မိသည်။
ရင်ထဲမှာတော့ ချောကလက်ရဲ့အဖြေတစ်ခွန်းက သူ့ဘဝအတွက်
သိပ်ကိုအရေးပါနေတာ ကိုယ်တိုင်ပဲ အသိဆုံး။

"ဟင့်အင်း၊ ဘာမှမဖြေခဲ့ပါဘူး၊ ညီမလေးချောကို မြင့်မိုရ်ကိုယ်တိုင်
လက်ထပ်ခွင့်မတောင်းခင်ကတည်းက မြင့်မိုရ်က မေမေလင်းဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ညိုချောကို လက်ထပ်ဖို့ ခွင့်တောင်းထားပြီးသားပါ''

''ဘာ''

သူ့အသံက ဒေါသကြောင့် ဟိန်းထွက်သွားသည်။ ချောက လက် မျက်ဝန်းတွေပြူးကာကြည့်သည်။ သေချာတာက သူ့ဒေါသတွေ မျက်ဝန်းထဲမှာ ရောင်စဉ်တောက်နေလိမ့်မည်ဖြစ်သည်။

သူ့အာရုံထဲမှာ မြင့်မိုရ်မျက်နှာ၊ အောင်နိုင်သူအပြုံးကြီးနှင့် မြင့်မိုရ်ရဲ့အပြုံးကြီးက ဘွားခနဲ ပေါ်လာသည်။

ဒီကောင်ဟာ အရာရာကို လက်ဝါးကြီးအုပ်ချင်တဲ့ ကျူးကျော် ရေးသမားတစ်ယောက်ပဲ။

''တောက်''

တက်တစ်ချက်ကို ခပ်ပြင်းပြင်း သူခေါက်မိသည်။ ချောက လက်အတွက် အမုန်တရားတွေက သူ့အတွက်တော့ ခါးသီးလွန်းသော ဝေဒနာတွေအဖြစ် ရင်ထဲကို ပူလောင်စွာ တိုးဝင်လာသည်။

ညိုချောရှေ့က သူ ချာခနဲလှည့်ထွက်ခဲ့သည်။ မှင်တက် ကြောင်တွေစွာ ငေးငေးလေးကျန်ခဲ့သည့် ညိုချောကိုလည်း သူ ပြန်း မကြည့်မိတော့ပါ။

သူ့ခြေလှမ်းတွေက မေမေ့ဆီကို ဦးတည်လှမ်းနေမိ မေမေ ဘာတွေလျှောက်လုပ်နေတာလဲ မသိတော့။ မေမေ့လုပ်ရပ်တွေ က သားဖြစ်တဲ့ သူ့အသည်းတွေကို သွေးစိမ်းရှင်ရှင်ထွက်အောင်





ခြေမွနေတယ်ဆိုတာ မသိလေရော့သလား။

ဒီအချိန်မှာ သူ့ရဲ့မာနတွေ၊ သိက္ခာတွေကို ဥပေက္ခာပြုထား ချင်သည်။ မိုးဖျားထက်ဘုံရဲ့ မာနတွေဆိုတာ ဖုန်မှုန့်တစ်စလို ဖြစ်သွား ပြီလေ။

''မေမေ''

အခန်းထဲက ဒရင်းဘတ်မှာ သက်သောင့်သက်သာထိုင်ရင်း တရားစာအုပ်ဖတ်နေရာမှ မေမေ သူ့ကိုလှမ်းကြည့်သည်။ သူ့ပုံစံက သွေးရူးသွေးတန်းနိုင်နေမှာ သေချာ၏။

မေမေက ဘာလဲဟူသောအမူအရာဖြင့် အသံတိတ် မေး သတ်ပြ၏။

''ချောကလက်ကို မြင့်မိုရ်နဲ့ လက်ထပ်ပေးတော့မယ်ဆိုတာ ဟုတ်လား မေမေ''

မေမေက သူ့ကို ငေးကြည့်နေသည်။ စာကြည့်မျက်မှန်ကို ချွတ်ရင်း လက်ထဲကတရားစာအုပ်ကို စားပွဲလေးပေါ် လှမ်းတင်နေ သည့် မေမေကို သူ့စိတ်က မရှည်နိုင်ပါ။

''ဟုတ်တယ်သား။ ရှေ့အပတ်ထဲမှာ မောင်မြင့်မိုရ်မိဘတွေ လာပြီး စေ့စပ်ခွင့်တောင်းထားတယ်''

''သား ဘာမှ မသိပါလား မေမေ''

''အင်း မေမေတောင် သားကို အသိပေးမလို့ သားစိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စားလောက်ဘူးထင်ပြီး မပြောဖြစ်တာ၊ ကဲ ထိုင်ဦးသား''

မေမေစကားတွေက သူ့ရင်ကို မွှေ့ယမ်းလှုပ်ခါနေပေမယ့် သူ ခွန်းတုံ့မပြန်နိုင်ဘဲ မေမေ့အနားက မွေးပွခုံပုလေးမှာ ဝင်ထိုင်လိုက်မိ၏။ မေမေက တည်တည်ငြိမ်ငြိမ်အပြုံးလေးနှင့် –

''ဘာပဲဖြစ်ဖြစ် မောင်မြင့်မိုရ်နဲ့ဆိုရင် သမီးလေးကို မေမေ စိတ်ချတယ် သားရယ်၊ ကောင်လေးက ညီ့ချောကို တအားချစ်ရှာတာကွဲ့၊ လက်ထပ်ပြီးတာနဲ့ ညီ့ချောကို အင်္ဂလန်ခေါ်သွားပြီး Dance အကပညာရပ်ကို လေ့လာခိုင်းမယ်တဲ့''

ဒါ မြင့်မိုရ်က မေမေလက်ခံအောင်ပေးသည့် မက်လုံးတွေလား။ နားထောင်နေရင်း သူ့ရင်တွေ တင်းကျပ်ဆို့နစ်နေ၏။ မေမေကတော့ သူ့ဝေဒနာကို မမြင်ရှာဘဲ ထပ်ပြောနေ၏။

''အဲဒါ ညီ့ချောလေး ဝါသနာပါတဲ့အလုပ်ဆိုတော့ ကောင်းပါတယ်၊ အခုတောင် ညီ့ချောရဲ့ပရိသတ်တွေ အတော်ရှိနေပါပြီ၊ ဒီညလည်း တေးထုတ်လုပ်သူတစ်ယောက်က စီးရီးကြော်ငြာရိုက်ဖို့ ညီ့ချောကို ကမ်းလှမ်းလာလို့ မြင့်မိုရ်နဲ့တိုင်ပင် စီစဉ်ခိုင်းထားတယ် သား''

ချောကလက်ရဲ့အောင်မြင်မှုတွေကို မြင့်မိုရ်ဆိုတဲ့ကောင်ကြောင့်ဟု မေမေ အကြွင်းမဲ့ ယုံထားပုံပါပဲ။ မေမေ့မျက်နှာက ကြည်နူးရိပ်တွေနဲ့ ချိုမြိန်နေ၏။





''ဒါ ချောကလက်အတွက် မေမေ့ရဲ့ အကောင်းဆုံး အစီအစဉ်ပေါ့''

''အင်းလေ သားရဲ့၊ ဘာပဲဖြစ်ဖြစ် သားအတွက်လည်း စိတ်အနှောင့်အယှက်လည်း ကင်းသွားပြီ၊ ဖေဖေနဲ့မေမေလည်း သားတို့နှစ်ယောက်ကြားမှာ စိတ်အနှောင့်အယှက်တွေဖြစ်ရ ကင်းသွားပြီပေါ့၊ တမလွန်က ညီ့ချောရဲ့အမေ မြလေးလည်း ညီ့ချောလေးအတွက် မေမေတို့အစီအစဉ်ကို လက်ခံကျေနပ်မှာ မေမေယုံတယ် သား''

မေမေရဲ့စကားတွေကို သူ သည်းခံနားထောင်ဖို့ အင်အားတို့ မရှိတော့ပါ။

''မဟုတ်ဘူး မေမေ၊ သားအတွက် စိတ်အနှောင့်အယှက်က အခုမှ ဖြစ်တာပါ မေမေ''

''ဘယ်လို သား''

''ဟုတ်တယ် မေမေ၊ အရင်က ချောကလက်ကို အမျိုးမျိုး ပြဿနာရှာပြီး သူ့ကို စိတ်အနှောင့်အယှက်တွေ ပေးနေခဲ့တယ်ဆိုကတည်းက သားရင်ထဲမှာ သူရှိနေလို့ပဲ''

''ဟင်''

သူ့စကားတွေအတွက် မေမေမျက်လုံးတွေ ဝိုင်းကာ အံ့သြနေသည်။ အခုချိန်မှာ မေမေကိုလည်း သူ မရှက်နိုင်ပါ။ အရှက်တရားတို့က ရင်မှာ ကင်းစင်သွားခဲ့တာ ချောကလက်ကို ဆုံးရှုံးရမှာ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့စိတ်ကြောင့်ပဲထင်၏။

"ဟုတ်တယ် မေမေ၊ ဘာကြောင့်မှန်းမသိဘူး။ သူနဲ့ ရန်ဖြစ်နေရတဲ့အချိန်တွေမှာ သား အရမ်းနှစ်သက်တယ်၊ အခုလို မြင့်မိုရ်နဲ့လက်ထက်တော့မယ်ဆိုတာ သိရတော့ သားခံစားရတယ်၊ သားဘဝတစ်စိတ်တစ်ပိုင်းကို အဆိပ်ကျွေးသတ်လိုက်သလိုပဲ မေမေ"

"မေမေ အတော်အံ့သြနေတယ် သား။ အင်း ဒီခေတ်လာယ်တွေရဲ့ နှလုံးသားတွေက ပုတ်သင်ညိုတွေလို အချိန်အခါလိုက်ပြီး အရောင်ပြောင်းနေသလားကွယ်"

မေမေက ခေါင်းလေးယမ်းပြီး ညည်းညည်းလေးပြောတော့သူ ခေါင်းကိုခါယမ်းပြရင်း –

"မဟုတ်ဘူး မေမေ၊ အချစ်ကို သား တကယ်ခံစားတတ်တာပါ၊ ပျိုမေ့ကို ချစ်ခဲ့တယ်ထင်မိတဲ့ သားရင်ထဲမှာ ပျိုမေကြွင်းလိုက်တော့ထူးထူးခြားခြား နာကျင်ခံစားရတာမျိုး မရှိဘူး။ ချောကလက်နဲ့ကျတော့မှ ရှူးမတတ်ခံစားရတာ"

"သားချစ်နေတာကို ချောကလက် သိလို့လား သား"

"ဟင့်အင်း။ သားဖွင့်မပြောရက်သေးလို့ မပြောသေးခင်မှာဘဲအခုလိုအခြေအနေတွေ ရောက်ကုန်တာ"

မေမေ ပင့်သက်လေးရှိုက်ကာ ခေါင်းကိုခါယမ်းသည်။ သူ့ကိုငေးကြည့်ရင်း မေမေ ရင်မောနေတာလား။ စာနာသွားတာလား မသိ





"သားအတွက် မေမေ စိတ်မကောင်းပါဘူး။ သားရင်ထဲကခံစားချက်တွေကို မေမေ တကယ်မှ မသိခဲ့ဘဲ၊ သားကလည်း မာနတွေ, ဒေါသတွေနဲ့ ဖုံးကွယ်နေခဲ့တာကိုး"

"သား ချောကလက်ကို အဆုံးရှုံးမခံနိုင်ဘူး မေမေ၊ ချောကလက်ကို သားတကယ်ချစ်တာ"

"မေမေ ကြိုသိခဲ့ရင် မောင်မြင့်မိုရ်မိဘတွေကမ်းလှမ်းတုန်းက ငြင်းဆိုမိမှာပေါ့ သားရယ်၊ အခုတော့ လွန်ကုန်ပြီကွယ်၊ လူကြီးချင်းလည်း ပြောပြီးနေပြီ"

"သား ရင်ကွဲမယ့်ကိစ္စကို မေမေက စိစဉ်မှာလား။ နှုတ်ကတိပြုထားရုံပဲ ရှိတာပဲ မေမေရယ်"

"တစ်ယောက်မျက်နှာတစ်ယောက် ထောက်ထားရမယ်သား။ မေမေတို့က လူကြီးတွေလေ၊ လူငယ်တွေလို သွေးဆူလွယ်လို့မရဘူး။ ပြီးတော့ သားဖေဖေကိုယ်တိုင် ခေါင်းညိတ်လိုက်တာ"

သူ ဘာစကားမှမဆိုနိုင်အောင် မေမေ့စကားတွေက အဆုံးသတ်သွားခဲ့ပြီ ထင်သည်။ ဖေဖေ့စိတ်ကို သူ အသိဆုံးလေ။ ကတိသစ္စာနှင့် တည်ကြည်မှုကို တန်ဖိုးထားတတ်သော ဖေဖေက မြင့်မိုရ်မိဘတွေကို မျက်နှာပျက်ခံမှာတဲ့လား။

ဘယ်လိုမှ မဖြစ်နိုင်။ ပြီးတော့ သူ့ရဲ့ပြောင်းလဲမှုကိုတောင်ဖေဖေယုံကြည်ဖို့ ခက်နေဦးမှာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်တွေ ပူလောင်စွာ မေမေ့အနားက ထွက်ခဲ့သည်။ မေမေ ငေးကြည့်ရင်း နှုတ်သိမ့်စကားမဆိုနိုင် ဖြစ်ကျန်ခဲ့၏။

ကံကြမ္မာရဲ့လှည့်ကွက်ထဲမှာ သူ ချောက်ချားစရာကောင်းအောင် သွေးပျက်နာကျင်ခဲ့ရပြီပေါ့၊ တစ်ပတ်တဲ့။ တစ်ပတ်ဆိုတဲ့အချိန်က သူ့နှလုံးသားကို ခြေပစ်တော့မည်လား။

ချောကလက်ရယ် ငါ့ရင်ထဲကို နင် မြင်လှည့်ပါ။

✿ ✿ ✿



## အခန်း (၂၂)

ထမင်းစားခန်းထဲမှာဆုံတော့ မိုးဖျားက ဒီည ခြံထဲမှာ ဂစ်တာတီးရအောင်ဟု တိုးတိုးလေးကပ်ပြောတာမို့ ညိုချော ခေါင်းညိတ်ခဲ့သည်။

မေမေလင်းတို့ အိပ်ခန်းထဲ ဝင်သွားပြီးဆိုမှ ညိုချော ဂစ်တာလေးကိုပိုက်ပြီး အခန်းထဲကထွက်ခဲ့သည်။ မိုးဖျား လက်ဆောင်အဖြစ် အပြီးပေးခဲ့သော ဂစ်တာလေး။

ကြည်နူးစရာ လက်ဆောင်ဂစ်တာလေးက အခုတော့ ညိုချောနဲ့မိုးဖျားအတွက် အလွမ်းသံစဉ်တွေ ဖွဲ့သီပေးမည့် ဂစ်တာလေး ဖြစ်နေပြီလား။

ဆန်းသစ်လကွေးကွေးလေးက ဟိုတစ်ခါညကလို အလင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ တောက်ပမနေပေမယ့် ယှဲ့ယှဲ့လေးတော့ ဖြာဆင်းနေခဲ့ပါသည်။ မြက်ခင်းအစပ်က နီယွန်မီးတိုင်ဆီက အလင်းတို့ကလည်း လင်းနေခဲ့ သည်။

ခုံတန်းလေးမှာ ငေးမောစွာထိုင်နေသော မိုးဖျားကို ညိုချော လှမ်းမြင်နေပါသည်။ သိပ်မအေးလှပေမယ့် ပန်းနုရောင်ရင်ကွဲ အနွေး ထည်လေးကိုတော့ ညိုချော ဘလောက်စ်အင်္ကျီလေးပေါ်က ထပ်ဝတ် ခဲ့သည်။

''မိုးဖျား''

ညိုချော တိုးတိုးလေးခေါ်မှ မိုးဖျား လွင့်မျောနေသော အသိ တို့ ပြန်ချုပ်ထိန်းမိဟန်နှင့်ပြုံးသည်။ အပြုံးတွေက နွမ်းလျော့နေတာ ညိုချောရင်ထဲ မသိ။

''ကိုယ်က ချောကလက် အိပ်ပျော်သွားပြီလားလို့''

ညိုချော ခေါင်းလေးခါယမ်းရင်း ဂစ်တာလေးပွေ့ပိုက်ကာ ခုံတန်းလေးအစွန်းမှာ ဝင်ထိုင်လိုက်သည်။

''ဟင့်အင်း မအိပ်ပါဘူး ညိုချော ဆင်းမလာဘဲ မနေပါဘူး''

မိုးဖျားရင်ထဲ လှိုက်ခနဲ ကြည်နူးမိသွားသည်။ သူ့ရဲ့အလိုဆန္ဒ တွေကို ညိုချောက အမြဲတမ်း ဖြည့်ဆည်းပေးမှာတဲ့လား။ ဒါ ညိုချော ရင်ထဲက ခံစားချက်တစ်ခု အစစ်အမှန်လား။

ဒါမှမဟုတ် –





သူ့ကိုကြောက်ရွံ့စိတ်နဲ့ အရင်လို နာခံနေတဲ့ ညဥ့်လေး ကြောင့်လား။

ညိုချောကို ခေါ်ခဲ့မိတာ သူတို့ အတူဂစ်တာတီးဖို့ ဖြစ်သည်။ ညိုချောရဲ့ဂစ်တာသံလေးကို ကြားချင်သည်။ ဒါပေမဲ့ အခုချိန်မှာ သူလည်း စိတ်တွေ မှိုင်းပျနေ၏။

''ညိုချော ဂစ်တာမတီးချင်ဘူးလားဟင်''

''မိုးဖျား နားထောင်ချင်ရင် တီးပြမှာပေါ့''

ဂစ်တာလေးကိုပိုက်ကာ တိုးတိုးလေးပြောပုံက သူ့အတွက် ဆို အရာရာမှာ ဖြည့်ဆည်းပေးမည့်အသွင်နှင့် ဖြစ်သည်။

''ဟင့်အင်း၊ မတီးချင်ရင် 'မတီးပါနဲ့၊ ကိုယ်လည်း နားမ ထောင်ချင်ပါဘူး။ ညိုချောနဲ့ပဲ စကားတွေပြောချင်တာ''

ညိုချော သူ့ကို ငေးငေးလေးကြည့်သည်။ ဆံပင်အခွေ အလိပ်လေးတွေကို စုစည်းကာ အနောက်မှာ မျှော့ကွင်းလေးနှင့် ဖွဲ့ချည်နှောင်ထားတာမို့ ညိုချောရဲ့ ဝင်းဖန့်ဖန့်မျက်နှာလေးက ထင်း ရှင်းနေ၏။

ဘာမှမခြယ်သဘဲနဲ့တောင် ညိုချော လှပလွန်းသည်။ မျက် နှာလေးရဲ့အလှထက် ညိုချောရဲ့စိတ်နှလုံးသားလေးက ပိုလို့လှပပါ သည်။

အခုတော့ ဒါတွေကို သူ ဆုံးရှုံးရတော့မှာ သေချာနေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



"ဈေးအပတ်ထဲကျရင် မြင့်မိုရ်မိဘတွေ လာမှာလား ချော
ကလက်"

သူ့အမေးစကားကြောင့် ညိုချောမျက်နှာလေး နွမ်းသွားတာ
လား၊ သူ့ပဲ ထင်ယောင်မှားတာလား မသေချာ။

"အင်း ဟုတ်တယ်"

"မင်း သူ့ကို ချစ်သလား ချောကလက်"

သူ့မေးခွန်းကို ညိုချော ချက်ချင်းမဖြေဘဲ ပွေ့ပိုက်ထားသော
ဂစ်တာလေးကို ခုံတန်းလေးဘေးမှာ အသာမှီထောင်နေသေး၏။ ငြိမ
မျက်ဝန်းတွေက မီးရောင်အောက်က မြက်ခင်းတွေဆီ အဓိပ္ပာယ်
ငေးကြည့်ရင်း –

"သူ့ကို ချစ်တာ,မချစ်တာထက် ကျေးဇူးတရားဆိုတဲ့ အ
လေးနဲ့တင် ချောကလက် ခေါင်းမခါနိုင်ဘူးလေ"

သူမေးသောမေးခွန်းနှင့် မသက်ဆိုင်သော အဖြေကို ညိုချော
ဖြေနေသည်။ ညိုချော ရင်ထဲမှာ ဘာတွေ ရှိနေသလဲ သူသိချင်သည်

"မချစ်ဘဲနဲ့ ချောကလက်က တစ်ဘဝလုံးအတွက် လက်
မှာလား"

"မိုးဖျားရယ် တစ်ခါတလေမှာ ချစ်ခြင်းမေတ္တာဆိုတာ ထ
ညီချင်မှ ညီမျှမှာပါ၊ ချောကလက်အပေါ်မှာ မေမေလင်းတို့ကျေး
တွေ ရှိတယ်၊ ပျိုမေနဲ့မြင့်မိုရ်ကျေးဇူးတွေ ရှိတယ်၊ အဲဒါတွေ





ချောကလက် ဘယ်တော့မှ မမေ့ဘူး"

"ဒါဆို ပျိုမေ့ရင်ထဲကို မင်းမြင်သလား"

"ပျိုမေက မြင့်မိုရ်ကို မျှော်လင့်နေတာကို မေးတာလား
ဟင် မိုးဖျား"

ဟန်မဆောင်တတ်သော မျက်နှာလေးက တည်ငြိမ်စွာပဲ
မေးတော့ သူခေါင်းညိတ်မိသည်။

"ဟုတ်တယ်လေ၊ ပျိုမေက ကျေးဇူးရှိတယ်ဆိုရင် အခု
ချောကလက်တို့ကိစ္စမှာ ပျိုမေခံစားနေရတာ ထည့်တွက်သင့်တယ်"

"ဟင်း မိုးဖျားရယ်၊ ပျိုမေ့ရင်ထဲကိုသိကတည်းက ပျိုမေ
မြင့်မိုရ်ကို ရှောင်နေခဲ့တာပါ၊ နောက်ဆုံး အမှန်ပြောပြီးတောင် ရှောင်
တိမ်းသေးတယ်၊ မြင့်မိုရ်က သူ့ရင်ထဲမှာ ပျိုမေမရှိဘူးတဲ့၊ ဒါကို
ပျိုမေသိအောင်လည်း ဝန်ခံပြောပြီးပြီတဲ့၊ ချောကလက် သူ့ကိုမချစ်
နိုင်ရင်လည်း ရပါတယ်တဲ့၊ ချောကလက်ကို သူ တကယ်ချစ်ကြောင်း
သက်သေပြမယ်ဆိုပြီး မေမေလင်းဆီမှာ တောင်းဆိုခဲ့တာ"

တော်တော်လည်တဲ့ မြင့်မိုရ်ပါလား။ လူကြီးတွေ ချဉ်းကပ်ပြီး
ချောကလက်အပိုင်သိမ်းဖို့ ကြိုးစားတာ ဒီကောင်ရဲ့ ချစ်သက်သေတဲ့
လား။

ချောကလက် ငြင်းရခက်တာသိလို့ ဒီကောင်စီစဉ်တာ အထင်
အရှား။ ဘာပဲဖြစ်ဖြစ် ဒီကောင်တောင် မျက်နှာပြောင်တိုက်သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ချောကလက်ကို ချစ်တဲ့ သူ့အချစ်တွေကိုလည်း သူ ဝန်ခံထုတ်ပြသင့်သည်။

"ချောကလက်"

"ဟင်"

"ကိုယ် ချောကလက်ကို ချစ်တယ်"

"ရှင်"

အံ့သြဝိုင်းစက်သွားသော မျက်ဝန်းလေးတွေထဲမှာ ရောင်စဉ်တွေ တောက်ပသွားတာ သူ ရှာဖွေကြည့်မိ၏။ ဒါပေမဲ့ ထိုရောင်စဉ်တွေက တရိပ်ရိပ်နဲ့ ပျောက်ဆုံးကာ ညှိုးနွမ်းသွားခဲ့၏။

"ဟုတ်တယ်၊ ကိုယ်မင်းကို အရမ်းချစ်တာ၊ ကိုယ့်မသိစိတ်ထဲမှာ မင်း ဘယ်အချိန်ကတည်းက ရင်ထဲ ခိုတွယ်နေသလဲ၊ ကိုယ်မသိခဲ့တာ ဝန်ခံပါတယ်၊ အခုလို သိခဲ့ချိန်ကျတော့ ကိုယ့်ရင်ထဲမှာ မင်းက အခိုင်အမာ အမြစ်တွယ်နေပြီ"

ချောကလက် ခေါင်းခါယမ်းရင်း မျက်ရည်တွေ ဝဲလာသည်လား။

"မ မဖြစ်သင့်တော့ပါဘူး မိုးဖျားရယ်"

"ဘာကို မဖြစ်သင့်တာလဲ ချောကလက်၊ ကိုယ်သိချင်တာ မင်းရင်ထဲက ခံစားချက်အစစ်အမှန်ကိုပဲ"

ငိုကျသွားသော ချောကလက်မေးလေးကို ဆွဲယူမော့စေ





သူဆိုမိသည်။ မျက်ရည်တွေနဲ့ တောက်ပနေသော မျက်ဝန်းတွေထဲမှာ ဘာရှိနိုင်မလဲ သူရှာဖွေမိ၏။ နုပါးပြင်လေးထက်ကို မျက်ရည်တွေစီးကျလာသည်။

"ချောကလက်ရယ်"

လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း သူ့ကြောင့် ရခဲ့ဖူးသော ဒဏ်ရာလေးကို မြတ်နိုးကြင်နာစွာ ပွတ်သပ်ပေးနေမိ၏။

"မင်းကို ကိုယ်နက်နက်ရှိုင်းရှိုင်း ချစ်တယ် ချောကလက်၊ မင်းဘဝလေးကို ကိုယ်မြတ်နိုးစွာ ပေးဆပ်ချစ်ချင်တာ"

ချောကလက် ပခုံးလေးကို ဆွဲယူကာ သူ့ရင်ခွင်မှာပဲ ခေါင်းလေးအပ်စေသည်။ ချောကလက်တိတ်ဆိတ်နေပေမယ့် ရင်ခုန်သံတွေ သူ့လိုပဲ လှိုင်းခတ်နေမှာတော့ သူ ယုံကြည်ပါသည်။

ချောကလက်နှုတ်က ချစ်စကားတစ်ခွန်း မကြားရပေမယ့် ရင်ထဲကစကားတွေကို သူ ကြားပြီးနေခဲ့ပြီ။

ကျေးဇူးတရားကြောင့် မြင့်မိုရ်ကို ရွေးခဲ့ရသည်ဆိုရင်တောင် ချောကလက် နှလုံးသားထဲက အချစ်ကို မြင့်မိုရ် ပိုင်ဆိုင်မှာမဟုတ်ပါ။

"မိုးဖျား ပြန်ပါရစေတော့နော်"

ရင်ခွင်ထဲက တိုးတိုးလေးဆိုလာသော ချောကလက်ကို သူ ကြည့်မိ၏။ မျက်ရည်တို့ စွန်းထင်းနေဆဲ မျက်ဝန်းလေးတွေကို သနားသည်။ သူ ပင့်သက်ရှိုက် ခေါင်းညိတ်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါပေမဲ့ ကိုယ့်ရင်ထဲက မင်း ဘယ်တော့မှ ထွက်
သွားစေရဘူး ချောကလက်ရယ်"

အင့်ခနဲတစ်ချက်ရှိုက်ကာ ချောကလက် အိမ်တက်ပြေးထွက်
သွားခဲ့သည်။ ဂစ်တာလေးတောင် ယူဖို့ မေ့သွားခဲ့သည်။ သူ ခုံတန်
လေးမှာထောင်ထားသော ဂစ်တာလေးကို လှမ်းယူလိုက်၏။

ချောကလက်ရဲ့ရင်ခွင်ထဲမှာ ခိုလှုံခွင့်ရခဲ့သော ဂစ်တာလေ
ကို သူ့ပါးမှာ အပ်ကပ်ထားမိ၏။

ချောကလက်ရယ် ဘယ်တော့မှ မဝေးပါရစေနဲ့။ ဖျို့မော
ကိုယ် အလွယ်တကူ ဆုံးရှုံးခံဖို့ မကြောက်နိုင်ခဲ့ပေမယ့် မင်းကိုတော
ဆုံးရှုံးမခံနိုင်ဘူး။

အဲဒါ ရင်ထဲမှာ စစ်မှန်တဲ့ အချစ်ကြောင့်ဆိုတာ မင်းယုံကြည်
ပေးပါ။

✿

ဒေါကြင်ကြင်လင်း ရင်ထဲမှာ နင့်ခနဲ ခံစားသိခွင့်ရလို
သော မြင်ကွင်းနှင့် စကားသံတွေကို နားထောင်ရင်း မျက်ရည်တေ
တောင် ဝဲလာသည်။





သားလေးမိုးဖျားက ရင်ထဲမှာ အဲဒီလောက်ထိတောင် ခံစား
စေခဲ့ရသည်လား။ ပြီးတော့ ညီမချောလေးရင်ထဲကိုလည်း သူ မြင်ခဲ့
သည်။

သားပြောတုန်းကတော့ သူ လုံးဝ မယုံကြည်နိုင်ခဲ့တာ အမှန်
ဖြစ်သည်။ အခုတော့ မထင်မှတ်ဘဲ နှစ်ဦးစလုံးရဲ့ရင်ထဲကို မြင်လိုက်ရ
သည့်အဖြစ်။ အစက ခြံထဲမှာ သားတစ်ယောက်တည်း ထိုင်နေတာ
မြင်လို့ ဆင်းခဲ့ရင်း ညီမချောဂစ်တာလေးပိုက်ထွက်လာလို့ သူမ အံ့သြ
မိ၏။

ခြံထဲမှာ ဂစ်တာတီးကြမည့် နှစ်ယောက်က ဂစ်တာလည်း
မတီးနိုင်ကြဘဲ ရင်ထဲကခံစားချက်တွေကို ခံစားရင်ဖွင့်ခဲ့ကြသည်။
သားကတော့ ညီမချောကို ဝန်ခံရင်ဖွင့်ပေမယ့် ညီမချောလေးကတော့
သနားစရာကောင်းသည်။

ဒါပေမဲ့ ညီမချောရင်ထဲက ဖြူစင်ရိုးသားသောနှလုံးသားကို
သူမ မြင်ခဲ့ရ၏။ မွန်းကျပ်ဆို့နစ်သော ဝေဒနာတွေနှင့်ပဲ သူမအခန်းထဲ
ပြန်ရောက်တော့ ခင်ပွန်းဖြစ်သူက တစ်ရေးနိုးနေပြီ။

"လင်းလင်း အပြင်သွားတာလား"

"ခြံထဲဆင်းသွားတာပါ ကိုအောင်"

သူမစကားကြောင့် ကိုအောင် အံ့သြသလိုကြည့်သည်။ သူမ
ခုတင်စွန်းမှာ ဝင်ထိုင်ရင်း ခြံထဲမှာ တွေ့ခဲ့ကြားခဲ့ရသော သားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညိုချောတို့အခြေအနေတွေကို ပြန်ပြောပြတော့ ကိုအောင် အံ့ဩသော မျက်ဝန်းတွေနှင့် နားထောင်နေ၏။

"ကျွန်မ တကယ်စိတ်မကောင်းဘူး ကိုအောင်ရယ်၊ သား လေး တကယ်ခံစားနေရရှာတာ"

"နေဦးလင်းလင်း၊ ဒါ အမှန်ဆိုရင် လုံးဝမဖြစ်သင့်တဲ့ ကိစ္စ နော်၊ ကိုယ်တို့က ဦးစိုင်းမြင့်မိုရ်တို့ကို လူကြီးချင်း ခေါင်းညိတ်ပြီးသား"

"ဟုတ်ပါတယ်၊ ကျွန်မသိပါတယ်"

"ဒါ ဘယ်လိုမှ ဖျက်လို့မရတဲ့ကိစ္စဆိုတာ မင်းသိပါတယ် ကိုယ်တို့ဘက်က ကြည်ကြည်ဖြူဖြူလက်ခံလို့ သူတို့က သမီးလေး ညိုချော အနာဂတ်အတွက် အာမခံချက်တွေ ပေးခဲ့ပြီးပြီ၊ အခု ဟိုကောင် မိုးဖျားက ဘာလို့ကြားဝင်လာတာလဲ"

"သား ကျွန်မကိုပြောမှ ကျွန်မ,သိတာပါ"

"ကိုယ်တော့ မယုံချင်ဘူး။ ဒီကောင် ပျိုမေလေးကို ကြိုက် နေတာ မဟုတ်လား"

"အရင်က ဟုတ်တယ်၊ ဒါပေမဲ့ ပျိုမေက ငြင်းခဲ့တယ်တဲ့ ပျိုမေလေးက မြင့်မိုရ်ကို မျှော်လင့်နေတာ"

ကိုအောင် ပင့်သက်ရှိုက်သည်။ လူငယ်တွေရဲ့ သံပွတ်အ ဇာတ်လမ်းကို ငယ်ရာကကြီးလာတဲ့သူ နားလည်ပါသည်။

"အင်း လူငယ်တွေကိစ္စ ထားကွာ၊ အခုဟာက ကိုယ်တို့





လူကြီးတွေရဲ့ ကိစ္စပဲလေ၊ မင်းသား အပြောင်းအလဲမြန်တာလည်း မဟုတ်သေးဘူး။ ပြီးတော့ ဒီကောင့်ကို ကိုယ်မယုံဘူး"

"ဒီလို မပြောပါနဲ့ရှင်၊ သားလေး တကယ်ခံစားနေရတာပါ"

"အရင်က သူ သေမလောက် မုန်းနေပြီး အခု သူများက လက်ထပ်ခွင့်တောင်းမှ ချစ်ပါတယ်ဆိုလာတာ မဟုတ်သေးဘူးလေ ကွာ၊ လူကြီးတွေမျက်နှာကို ထပ်အိုးမည်းသုတ်သလို ဖြစ်မှာပေါ့"

သူမ ခေါင်းမခါမိပါ။ ကိုအောင်ပြောတာလည်း မှန်သည်။ တကယ်ဆို သားက ညိုချောလေးကို ချစ်နေတယ်ဆိုတာ မြင့်မိုရ် ထက် ကြိုပြောလိုက်သည်နှင့် သူမတို့ ခေါင်းညိတ်စီစဉ်ပေးပြီး ဖြစ်မှာ ပါ။

အခုတော့ ညိုချောလေးကို နှမြောစွာနဲ့ မြင့်မိုရ်တို့လက်ထဲ လက်ခံလိုက်ရပြီးမှ –

"ကဲ အိပ်ပါတော့ လင်းလင်းရယ်၊ မိုးဖျား အခုမှ ဝန်ခံလာ တာကို ကိုယ်တို့ ဘာတတ်နိုင်မှာလဲ၊ ဒါ သူ အနိုင်ကျင့်ခဲ့လို့ ပြန်ဒဏ် ထိတာလို့ပဲ သတ်မှတ်တော့"

"သားအဖြစ်ကို ကျွန်မ မမြင်ရက်လို့ပါ ကိုအောင်ရယ်"

"ကိုယ်လည်း မမြင်ရက်ပါဘူး၊ ဒါပေမဲ့ မင်းသားက အရင်က မိဘတွေကိုတောင် ကလန်ကဆန်လုပ်ပြီး ညိုချောလေးကို အပြစ်တွေ မြင်နေခဲ့တာလေ၊ အခုကိစ္စက မိဘတွေမျက်နှာ ညိုချောလေး ငှာခြ



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာနဲ့ သက်ဆိုင်တော့ ကိုယ်တို့လုပ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေးရမှာပေါ့''

ခင်ပွန်းဖြစ်သူ စကားတွေက တရားနည်းလမ်းကျနေတာမို့ သူမ ဘာမှ မပြောသာခဲ့ပါ။

တကယ်ဆို ဖြူစင်ရိုးသားသော သမီးလေးရဲ့ဘက်ကိုလည်း ငဲ့ညှာရမှာပဲဖြစ်သည်။ တန်ဖိုးရှိတဲ့မိန်းကလေးအဖြစ် သတ်မှတ်တောင်းဆိုလာသော မောင်မြင့်မိုရ်တို့မိသားစုမျက်နှာကိုလည်း ထောက်ထားရမည်။

''သားရယ် မေမေ တကယ်စိတ်မကောင်းပါဘူး''

တစ်ခါတုန်းက မေမေ့ကြောင့် တစ်ပါးသူရဲ့ နှလုံးသားလေး လောင်မြိုက်ခဲ့ဖူးတယ်။ အခု မေမေ့သားလေးနှလုံးသား လောင်မြိုက်ပူလောင်နေပြီလား။

ဒါ ဝဋ်ကြွေးတစ်ခုဆိုရင် သားလေး မခံစားသင့်ပါဘူး။ မေမေပဲ ခံစားပါရစေ။

ကံကြမ္မာကပဲ လှည့်စားနိုင်တာလားကွယ်။

✿ ✿ ✿



## အခန်း (၂၃)

''ညိုချောရယ်၊ ပျိုမေ တကယ်ခံစားရပါတယ်''

ပျိုမေ့ရင်ထဲက ခံစားချက်အတိုင်းပဲ ဆိုမိသည်။ ဒီထက်လည်း နှစ်သိမ့်ဖို့စကားလုံးတွေ ရင်ထဲမှာ ရှာမတွေ့ပါ။ ညိုချောမျက်နှာနွမ်းနွမ်းလေးက ခံစားချက်တွေကို ရင်ဖွင့်ပြီးသည့်တိုင် ပူလောင်နေဆဲထင်၏။

''ညိုချောလေး ပျိုမေ့ကို ဝန်ခံရင်း တောင်းပန်တာပါ၊ ပျိုမေချစ်တဲ့မြင့်မိုရ်ကို ညိုချော ငြင်းခဲ့ပါတယ်။ သူ နောက်ဆုတ်သွားမယ်ထင်ပေမယ့် ဘယ်လိုမှ မထင်ဘဲ သိလိုက်တဲ့အချိန်မှာ မေမေလင်းက မြင့်မိုရ်မိဘတွေစကားကို ခေါင်းညိတ်ကြည်ဖြူပြီးနေပြီလေ''

ရိုးသားစွာ တောင်းပန်ဝန်ခံနေသော ညိုချောကို ပျိုမေ



www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေး ဆုပ်ကိုင်နှစ်သိမ့်လိုက်ရင်း –

"ဟင့်အင်း၊ တောင်းပန်ရအောင် ညိုချောအပြစ်မဟုတ်ဘူးလေ၊ မြင့်မိုရ်မှာလည်း အပြစ်မရှိပါဘူး။ သူက ညိုချောကို ချစ်တော့ ပိုင်ဆိုင်ဖို့ ကြိုးစားခွင့် ရှိပါတယ်"

"ပျိုမေ မခံစားရဘူးလားဟင်"

"ညိုချောရယ် ပျိုမေမခံစားရဘဲနေမှာလား။ ပျိုမေ ရင်ဘတ်ထဲမှာလည်း နှလုံးသားရှိတာပဲလေ၊ ဒါပေမဲ့ အချစ်ကဆန်းကြယ်တယ်၊ ရင်ခုန်သံတွေက ဖြူစင်တယ်၊ ကာရန်မတူနိုင်မှတော့ ဘာကြောင့် အပြစ်တင်နေရမှာလဲဟင်"

"ညိုချော ရှုပ်ကုန်ပြီ"

"အဟင်း မရှုပ်ပါဘူး၊ မြင့်မိုရ်ကို ပျိုမေချစ်တယ်၊ သူက ပြန် ရင်ခုန်မခံစားနိုင်ဘူး။ အဲဒါကြောင့် ပျိုမေရင်ခုန်သံက ပျက်စီးသွားမှာမှ မဟုတ်ဘဲလေ၊ ဖြူစင်စွာနဲ့ ချစ်နေခွင့်ရှိပါတယ်"

"ဟို မိုးဖျားကို ပျိုမေ ဘယ်လိုနားလည်မလဲဟင်"

ညိုချောကတော့ တကယ့်ကလေးအတိုင်းပဲ မေးခွန်းတွေ ထုတ်နေ၏။ ပျိုမေ ရင်ထဲက ခံစားချက်အတိုင်းပဲ ရှင်းပြမိ၏။

"မိုးဖျား ပျိုမေကို ချစ်တယ်ဆိုတာ ရင်ခုန်သံအတုအယောင်တွေနဲ့ ထင်မှားတာပါ၊ သူ့စိတ်က မြင့်မိုရ်ကို ပြိုင်ဆိုင်ချင်တာတွေလည်းပါတယ်"





"ဟင် ဒါဆို အခု ညိုချောကို သူချစ်တာကောဟင်"

"အဟင်း မရောနှောပစ်နဲ့လေ ညိုချောရဲ့၊ သူရဲ့မာနတွေ သိက္ခာတွေ လွှင့်ပစ်ပြီး ဝန်ခံတာဆိုတော့ ပျိုမေယုံတယ်၊ မိုးဖျားရင်ထဲမှာ ညိုချောအတွက် ရင်ခုန်ခံစားမှုတွေ ခိုင်မြဲမှာပါ"

ညိုချော မျက်ဝန်းလေးတွေ ကျေနပ်ရိပ်နှင့် ဝင်းပသွား၏။ ဒါပေမဲ့ လက်ရှိဘဝတွေကို ပြန်တွေးမိသွားပုံနှင့် မျက်နှာလေးညှိုးသွားပြန်၏။

"ပျိုမေ စိတ်ကို ညိုချောလိုက်မမီဘူး၊ မရင့်ကျက်ဘူး ထင်တယ်၊ ပျိုမေလို ညိုချောမပြတ်သားနိုင်ဘူး၊ မိုးဖျားကို ချစ်ပေမယ့် ညိုချောဖွင့်မပြောရဲပါဘူး၊ ဖွင့်ပြောလို့လဲ မထူးတော့ဘူးလေ"

ပျိုမေနားလည်စာနာမိ၏။ ကျေးဇူးတရားတွေအတွက် နှလုံးသားကိုညိုချော စတေးပစ်ရတာ အပြစ်လို့ မဆိုချင်ပါ။

"ပျိုမေတစ်ခုမေးမယ်နော်၊ မိုးဖျားအချစ်ကို လက်ခံပြီးမြင့်မိုရ်နဲ့ အန်တီလင်းတို့ကို ညိုချော ဆန့်ကျင်ရဲသလား"

ညိုချောချက်ချင်း ခေါင်းလေးယမ်းခါသွားတာ ပစ်တိုင်းထောင် လေးအတိုင်းပါပဲ။

"ဟင့်အင်း ဒါ မဖြစ်သင့်ပါဘူး။ မေမေလင်းတို့က ညိုချောက တို့ကျေးဇူးရှင်တွေပါ၊ အမေကိုယ်တိုင် ယုံကြည်ပို့ခဲ့သလို ညိုချော အပေါ်မှာလည်း မိဘရင်းလို ကောင်းခဲ့တာလေ ပျိုမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါဆို ညိုချော ဒီအတိုင်းပဲ ပျော်တတ်အောင်နေပါ၊ မြင့်မိုရ်က ညိုချောကို ကြင်နာချစ်မှာပါ"

"မိုးဖျားအတွက် ညိုချောသနားတယ်"

"စွန့်လွှတ်တတ်တာလည်း အချစ်တဲ့၊ ဒါကို မိုးဖျားနားလည်သွားမှာပါ၊ ပျိုမေရယ် ညိုချောရယ် မိုးဖျားရယ် ဘဝတူတွေပေါ့၊ အဟင်း ဟင်း"

ပျိုမေ ပေါ့ပေါ့ပါးပါးလေး ရယ်လိုက်ပေမယ့် ညိုချောမျက်နှာလေးက လိုက်မရယ်နိုင်ရှာပါ။ ဟန်ဆောင်ခြင်းကင်းသော ညိုချောကတော့ ပျိုမေလို ဝေဒနာတွေ သိမ်းထုတ်မထားတတ်ရှာဘူးဆိုတာ သေချာ၏။

ဖြူစင်လှသော ညိုချောကို မြင့်မိုရ်ပိုင်ဆိုင်ခွင့် ရသွားတာ ကံကောင်းသည်။ ချစ်တဲ့သူကို မြင့်မိုရ် ကံထူးစွာ ပိုင်ဆိုင်ခဲ့သည်။

ပျိုမေအတွက်ကတော့ ရှုံးနိမ့်ခြင်းဖြစ်သလို မိုးဖျားအတွက်လည်း စိတ်တော့မကောင်းပါ။

အချစ်ရဲ့စစ်မှန်တဲ့ ရင်ခုန်သံကို မိုးဖျား ဖမ်းဆုပ်ကိုင်မိမေမယ့် အဲဒီအချိန်မှာ သူ့အဖြစ်က နောက်ကျနေခဲ့ပြီ။

ငါ စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်။

✿ ✿ ✿



## အခန်း (၂၄)

ဒီည မိုးဖျားဆိုတဲ့ကောင် တကယ့်စွန့်စားရမယ့်ည။

ကိုယ့်ဘက်က လက်ဦးမှုမရခဲ့ရင် မနက်ဖြန်ဆိုသော အချိန်တစ်ခုမှာ သူဟာ ချောကလက်ကို တစ်ဘဝစာ ဆုံးရှုံးလိုက်ရတော့မှာလေ။

မနက်ဖြန်စေ့စပ်ပွဲအတွက် မြင့်မိုရ်တစ်ယောက် အိမ်ကို ခြေချင်းလိမ်အောင် ဝင်ထွက်ကာ ပျာယာခတ်နေသည်။

သူ့မှာသာ မြင့်မိုရ်ရဲ့ အောင်နိုင်သူမျက်နှာဖုံးစွပ်ထားတဲ့ မျက်နှာကို မမြင်ချင်၍ အခန်းထဲမှာ ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေဟန်ပြကာ နေနေမိသည်။

မြင့်မိုရ်ရှိနေသည့်အချိန်မှာ အပြင်မထွက်သော သူ့ကို မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း နားလည်ပေးထားပုံပါပဲ။ ချောကလက်ရဲ့အသံတွေကတော့ ထူးခြားစွာ တိတ်ဆိတ်နေ၏။

"သား မဖြစ်သင့်တာကို မဖြစ်စေနဲ့ကွယ်၊ သားအတွက် မေမေ စိတ်မကောင်းပေမယ့် အားလုံးမျက်နှာအတွက် သား စတေး လိုက်ပါကွယ်"

မေမေက သူ့ကို နှစ်သိမ့်စကားတွေ ဆိုသွားခဲ့သည်။ သူ့ ခွန်းတုံ့မပြန်တဲ့ နေပေးလိုက်၏။ မေမေက သူ့ဝေဒနာကို မမြင်ရက်စွာ ဂစ်တို့ဆီ စိတ်ပြေလက်ပျောက်သွားဖို့ ပြောသေး၏။

ဒါပေမဲ့ သူ ဘယ်မှ မထွက်ဖြစ်ပါ။ ချောကလက်ရဲ့ အရိပ် လေးကို မြင်နေရနိုင်သော နေရာမှာ သူရှိမှဖြစ်မည်။

ညနေ ငါးနာရီထိုးမှပဲ မြင့်မိုရ်ပြန်သွားသည်။ သည်တော့မှ ပဲ အခန်းအောင်းနေသောသူ ရေမိုးချိုးနိုင်တော့၏။

မလာစဖူး ညရှစ်နာရီလောက်မှာ ပျိုမေရောက်လာသည်။ သူ့ကို နှုတ်ဆက်ရုံမျှသာဆက်ပြီး ချောကလက်နှင့်ခြံထဲ ဆင်းစကား တွေ ပြောနေသည်။

ပျိုမေလည်း သူ့လို ကြေကွဲနေသည်လား။ ဒါပေမဲ့ သူက တော့ ပျိုမေကို ဟန်မဆောင်နိုင်ပါ။

သည်အချိန်လေးကို အခွင့်ကောင်းယူကာ သူ ချောကလက် အခန်းထဲကို လှစ်ခနဲဝင်ခဲ့သည်။ ဒါ သူ့ရဲ့ အကြံအစည်ကို အကောင်





အထည်ဖော်ဖို့ပဲ ဖြစ်၏။ သူ့ရင်တွေ ခုန်နေတာကတော့ လူပျိုရိုင်း လေးအတိုင်းပါပဲ။ အသင့်ဖျော်ယူလာသောကော်ဖီတစ်ခွက်ကို စာ ခေါက်လေးပေါ်မှာ အသာတင်ပြီး သူ့အခန်းတံခါးကို ပြန်ပိတ်သည်။

ချောကလက်ရဲ့အခန်းထဲရှိ ဗီရိုကြီးနောက်က နံရံကြားမှာ သူတစ်ကိုယ်စာ ပုန်းကွယ်နေလို့ရသောနေရာလေးရှိပါသည်။

ထိုနေရာလေးမှာပဲ သူ ငုတ်တုတ်လေး ပုဝပ်ထိုင်သည်။ ပြီးတော့ ခေါင်းပေါ်ကို လိုက်ကာစလေး ဖုံးကွယ်နေလိုက်၏။ ချော ကလက် အလွယ်တကူတော့ မမြင်နိုင်တာသေချာသည်။

အမှောင်ရိပ်ကျသောနေရာလေးမှာ သူ့ရင်တွေ တထိတ် ထိတ် ခုန်နေရင်း သူ့အစီအစဉ်အောင်မြင်စေဖို့ တစ်ခါဖူးမှ မတောင်း ဖူးသော ဆုတွေတောင်းနေမိပြန်၏။

ညကိုးနာရီကျော်လောက်မှာ ချောကလက်အခန်းထဲ ဝင်လာ သံ သူကြား၏။ ပျိုမေပြန်သွားသည်ထင်ရဲ့။ သူ့ကို နှုတ်ဆက်လျှင် လည်း မေမေက သူအိပ်နေပြီဟု ပျိုမေကို ရှင်းပြလိမ့်မည်။

မေမေကို သူ စောစော အိပ်ရာဝင်မှာမို့ လာမနှိုးဘို့ မှာထား ခဲ့သည်။ ဝေဒနာပူတွေနှင့် သူ့ကို မေမေ မယုံစရာမရှိ။ အခန်းထဲ ရောက်နေပြီဖြစ်သော ညိုချောကိုမမြင်ပေမယ့် သူ့ရင်တွေ လှိုက်ခုန် နေဆဲ။

✿



www.burmeseclassic.com

www.burmeseclassic.com



ညိုချော ညဝတ်အကျႌပါးလေးလဲပြီး စိတ်မောစွာ ခုတင်ဆီ လှမ်းခဲ့တော့ ခုတင်ဘေးက စားပွဲပေါ်မှာ ကော်ဖီခွက်ကလေးနှင့် ဖိထားသော စာခေါက်ဖြူဖြူလေးကိုတွေ့၏။

အံ့ဩစိတ်နှင့် ကော်ဖီခွက်လေးကို အသာမကာ စာရွက်လေး ကို လှမ်းယူသည်။ ဖွင့်ဖတ်လိုက်တော့ မိုးဖျားရဲ့စာတိုလေး ဖြစ်နေ၏

ချောကလက်

ကိုယ်ဖျော်ပေးထားတဲ့ ကော်ဖီလေးကို သောက်အိပ်ပြီး ကိုယ့် အိပ်မက်ထဲကို လာခဲ့ပါနော်၊ ကိုယ် အိပ်မက်ထဲက စောင့်နေမယ်

မိုးဖျား

စာလေးက တိုတိုလေးပေမယ့် ညိုချောရင်ထဲကို ရှုးရှူးနစ်နစ် လေး နာကျင်စေသည်။ မိုးဖျားရယ် ဒီနေ့လေးက မိုးဖျားနဲ့ ဆုံခွင့် နောက်ဆုံးနေ့လေးမို့ ခြံထဲဆင်းလာမလား မျှော်မိသေး၏။

ဒါပေမဲ့ မလာနိုင်တဲ့အဆုံး အိမ်ထဲဝင်ခဲ့မှ မိုးဖျားက အိပ်ရာ ဝင်သွားပြီတဲ့။ အိပ်မက်ထဲက စောင့်နေမယ်တဲ့လား။

ချစ်သူဖျော်ပေးထားသော ကော်ဖီခွက်လေးကို ညိုချော လှမ်းယူပြီး မော့သောက်လိုက်သည်။ အေးစက်နေပေမယ့် ညိုချော အတွက် တစ်သက်မမေ့နိုင်စရာ ကော်ဖီလေး တစ်ခွက်ပါပဲ။





ကော်ဖီလေးသောက်ပြီးတော့ ခုတင်မှာ အသာဝင်လှဲသည်။ မိုးဖျားရဲ့ စာတိုလေးကိုပဲ အကြိမ်ကြိမ် ပြန်ပက်ရင်း မျက်ရည်တွေက ယိုစီးကျလာသည်။

အိပ်မက်ထဲက စောင့်နေမှာတဲ့လား ချစ်သူရယ်။ ညိုချော အရောက်လာခဲ့မှာပါ။

မျက်ရည်စတွေ ကြားကပဲ ညိုချော မျက်ဝန်းတွေကို မှိတ် လိုက်သည်။ အာရုံထဲမှာ တိုးဝင်လာတာ မိုးဖျားမျက်နှာပဲဖြစ်သည်။

မိုးဖျားရဲ့ အပြုံးတွေက ညိုချောကို အဝေးဆုံးလိုက်ခဲ့ဖို့ ခေါ်ငင်နေ၏။ ညိုချော လက်ကမ်းရင်း လိုက်ခဲ့ဖို့အသင့်။

အိပ်မက်ထဲမှာတော့ ချစ်သူရင်ခွင်မှာ ခိုလှုံခွင့်ပြုပါ ကံကြမ္မာ ရယ်။

✿

တိတ်ဆိတ်သွားပြီဖြစ်သော ရှုက်သံတွေကင်းစင်ငြိမ်သွားမှာ သုန်းကွယ်နေသော ဗီရိုအနောက်က အသာလှမ်းထွက်လိုက်၏။ စ်နာရီခွဲလောက် ကျုံ့ကျုံ့လေးထိုင်ခဲ့ရတာကြောင့် ခြေတွေ ညောင်း နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ မမူနိုင်ပါ။ ခုတင်ပေါ်မှာ အိပ်ပျော်နေသော ချစ်သူမျက်နှာလေးကို ငေးမိသည်။

ကြည့်စမ်းပါဦး၊ သနားစရာကောင်းလိုက်တဲ့ ကောင်မလေး၊ ငိုထားသော မျက်ရည်တွေနဲ့ ပါးပြင်မှာ တင်းတင်းလေးဖြစ်ကာ မျက်ခွံလေးတွေ နီရဲမို့အစ်နေ၏။

မိုးဖျားလက်ကလေးနှင့် ချောကလက်နဖူးပြင်လေးပေါ်က ဆံနွယ်တွေကို ညင်သာစွာ သပ်တင်ပေးလိုက်မိ၏။ ပြီးတော့ လက်ကလေးထဲမှာ ဆုပ်ကိုင်ထားဆဲ စာရွက်လေးကို ဆွဲယူပြီး အင်္ကျီအိတ်ထဲ အမြတ်တနိုး ထည့်သိမ်းလိုက်ပါသည်။

ခုတင်မှာ ဝင်ထိုင်ရင်း နှစ်ခြိုက်စွာ အိပ်ပျော်နေသော ချောကလက် မျက်နှာလေးကို တစိမ့်စိမ့်ကြည့်မဝ။ ဝင်းမွတ်နေသော နဖူးပြင်လေးကိုတော့ ညင်သာစွာ နမ်းရှိုက်မိ၏။

ဒီညလေးဟာ ချစ်သူကို နောက်ဆုံးပိုင်ဆိုင်ရမည့် ညဟု ယုံကြည်စွာ မျှော်လင့်မထားပေမယ့် နဖူးလေးကို နမ်းရှိုက်ခွင့်မှ တစ်ပါ ဘာအခွင့်အရေးမှ သူမယူရက်ပါ။

ပန်းနုရောင် ညဝတ်ဂါဝန်ပါးလေးအောက်မှာ ချစ်သူရဲ့ အသ တရားတွေက တပ်မက်ခုံမင်စရာကောင်းပေမယ့် သူ့စိတ်မှာ ရှမ်းကင်းစင်နေသည်။

ချောကလက်ရယ် မင်းလေးကို ကိုယ်မြတ်နိုးဖြူစင်စွာ ချ





သွားတာပါ။ ကိုယ့်အကြံအစည်တွေအတွက်တော့ ခွင့်လွှတ်ပေးပါ။ ဆုံးရှုံးမခံနိုင်အောင်ချစ်တာ နားလည်ပေးပါ ချစ်သူရယ်။

အခန်းထဲမှာ တိတ်ဆိတ်နေမှုနှင့်အတူ စားပွဲပေါ်နာရီလက်တံလေးက လှုပ်ခတ်ရွေ့လျားနေသည်။ ချစ်သူကတော့ နှစ်ခြိုက်စွာ အိပ်မောကျလို့ ကိုယ့်အိပ်မက်လေးထဲ ဝင်နေပြီလားမသိ။

သူကတော့ ချစ်သူအနီးဆုံးမှာ နေတာမသိရှာ။

ခုတင်နားကို ဒရင်းဘတ်လေးမခဲ့ကာ ချစ်သူ့မျက်နှာလေးကို သူ တစ်ညလုံး တစိမ့်စိမ့် ထိုင်ကြည့်သည်။ လက်ဖဝါးလေးကို မြတ်နိုးစွာ ဆုပ်ကိုင်ထားရင်း သူကြည်နူးမဆုံး။

အိပ်မက်ထဲကို အလည်လာဖို့ ဖိတ်ခေါ်ထားသော ချစ်သူလေး ချောကလက်နံဘေးမှာ ရောက်နေသည့်သူကတော့ ရင်မှာ မြတ်နိုးရင်ခုန်ခြင်းတွေနဲ့ အိပ်မပျော်သောညလေးထဲ တိုးဝင်နေမိ၏။

နာရီလက်တံတွေက တချပ်ချပ် ရင်ခုန်လှုပ်ရှားရင်း လှပကြည်နူးစရာညလေးကို ကျော်ဖြတ်နေဆဲ။

✿

“ညိုချော ညိုချောရေ သမီး”



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို တဒုန်းဒုန်း ထုရိုက်ပြီးခေါ်နေသော မမေ အသံကြောင့် သူ ဖျတ်ခနဲ လန့်နိုးသည်။ ခုတင်ပေါ်က ညိုချော တော့ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ။

သူ ဒရောသောပါးနှင့် ဒရင်းဘက်လေး ခေါက်သိမ်းပြီ ညိုချောခေါင်းက ဆံပင်လေးတွေကို ထိုးဖွပစ်လိုက်သည်။ ညိုချေ နံဘေးက အိပ်ရာခင်းတွေကိုလည်း ခြေမွပစ်လိုက်၏။

"သမီး ညိုချော သမီး"

မေမေစိုးရိမ်လွန်းစွာ အော်နေပြန်တာမို့ သူ တံခါး လျှောက်ခဲ့ကာ ဆွဲဖွင့်ပေးလိုက်၏။

"သမီး အိပ်ပျော်နေ အဲ ဟင် သား မင်း မင်းက"

မေမေ့မျက်နှာက အံ့သြထိတ်လန့်ခြင်းတွေနှင့် စကားသံ အဆုံးမသတ်နိုင်ဘဲ တုန်ခါစွာ ထွက်လာကြသည်။ မေမေမျက်ဝန်း က သူ့ကိုကျော်ပြီး ခုတင်ပေါ်က ချောကလက်ဆီရောက်ကာ မှင်တ ချောက်ချားနေဆဲ။

"ဟုတ်တယ် မေမေ၊ သား ညက ချောကလက်အခန်းထဲ တစ်ညလုံး ရှိနေတာ ချောကလက်ကတော့ အခုထိ မနိုးသေးဘူ အိပ်ပါစေ၊ မေမေမနိုးပါနဲ့၊ ရှင်းစရာရှိတာကို သားနဲ့ရှင်းကြတာပေ့

သူ့ပုံစံက လိုချင်တာကို အရယူလိုက်နိုင်သော အောင်နိုင် တစ်ယောက်လို ရင်မော့ခေါင်းမော့ထားလိုက်၏။ စကားတွေကိုလည်





တည်ငြိမ်စွာနှင့် ပြတ်သားစွာပဲ ပြောသည်။

သားဖြစ်သူ၏ရုပ်ရပ်ကြောင့် မေမေ အံ့သြနေတာ သေချာ သည်။ သူ့ကို ချောက်ချားစွာငေးကြည့်ရင်း ခေါင်းကိုခါယမ်းသည်။

"ဘယ် ဘယ်လိုလုပ်လိုက်တာလဲ သားရယ်"

"မတတ်နိုင်ဘူး မေမေ သားဘဝမှာ တစ်ခါပဲ အချစ်စစ်ကို ရှာတွေ့ချစ်တတ်ခဲ့တာ၊ အဲဒီအချစ်ကိုလည်း ဆုံးရှုံးမခံနိုင်အောင် မြတ် နိုးပိုင်ဆိုင်ချင်တာ သူများလက်ထဲ မပါစေချင်လို့ ဒီနည်းလမ်းကို သား သုံးလိုက်တာပါ"

"သားလုပ်တာတွေက အားလုံးရဲ့ဂုဏ်သိက္ခာကို ထိခိုက် စေမှာလေ"

"ဂုဏ်သိက္ခာအတွက် သားနဲ့ ချောကလက်ရဲ့ နှလုံးသားတွေ ကို စတေးပစ်ရမှာလား မေမေရယ်၊ ဒါ သားတို့ချစ်ခြင်းတရားက ဂုဏ်သိက္ခာတွေထက် ကြီးမြတ်တာကို သက်သေပြလိုက်တာပါ"

"မင်းလုပ်တာ အိုဗာဖြစ်လွန်းနေပြီသားရယ်၊ မေမေ ဘာ ဆက်လုပ်ရမှန်းတောင် မသိသေးဘူး"

"မေမေ တွေဝေမနေပါနဲ့ မြင့်မိုရ်တို့ဘက်က စေ့စပ်ကြောင်း သမ်းဖျက်သိမ်းတယ်လို့ ပြောတာကိုပဲ စောင့်နေလိုက်ပါ"

"ဘယ်လို သား"

"ဟုတ်တယ်၊ ဖျိုးမေကို သားအခုပဲ မြင့်မိုရ်ဆီ ဖုန်းဆက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာပါ''

ယတိပြတ်ပြောပြီးသား ထွက်သွားတော့ ဒေါ်ကြင်ကြင်လင်း
အခန်းထဲကို တွန့်ဆုတ်ဆုတ် ဝင်ခဲ့သည်။

နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ သမီးလေးနဖူးပြင်ကို ညင်သာ
စွာပဲ ဆံနွယ်လေးတွေ သပ်တင်ပေးမိ၏။ ချစ်စရာကောင်းတဲ့ သမီး
လိမ္မာလေးကို ဆုံးရှုံးရမှာတွေးပြီး တစ်ညလုံး အိပ်မပျော်ခဲ့။

ဖြစ်နိုင်လျှင် သားကို တစ်ခါတည်း နိုးပြေးသွားစမ်းလို့တောင်
စေခိုင်းချင်မိတဲ့အထိ။ ဒါပေမဲ့ –

ခင်ပွန်းဖြစ်သူရဲ့ဆန္ဒတွေကို မလွန်ဆန်ရဲပါ။ သိက္ခာတရား
နှင့် ထောက်ထားရမည့်မျက်နှာတွေက ရှိသည်။ အခုတော့ ဘာ
မတတ်နိုင်တော့ပါ။

သူမကတော့ ကျေနပ်ကြည်နူးနေပေမယ့် သားဖခင်ရှေ့မှာ
ဘယ်လိုအသိပေးရမည်မသိ။ အခန်းထဲက ကသောကမျော ပြန်ထွက်
ခဲ့ရင်း ရင်ဆိုင်ရမည့် ပြဿနာအတွက် ရင်မောစွာ ညည်းညူမိ၏

''ဒုက္ခပဲ၊ မင်းအဖေကို မေမေ ဘယ်လိုရှင်းရမလဲ သားရယ်''

ဒေါ်ကြင်ကြင်လင်း စိတ်ရှုပ်ထွေး ညည်းညူပြီး ထွက်သွား
တာကို လိုက်ကာစအကွယ်မှာ သူ မြင်တွေ့ကြားသိနေသည်။

စောစောက သားနှင့် သူ့မိခင်တို့ ပြောနေကတည်းက ...
လိုက်ကာစအကွယ်မှာ ရပ်ရင်း ရှိနေခဲ့တာ ဖြစ်သည်။





တော်တော်ဆိုးတဲ့သားပါလား၊ သားရင်ထဲက ဝေဒနာကို
အဖေဖြစ်တဲ့သူလည်း မမြင်ရက်ခဲ့တာ အမှန်ဖြစ်သည်။

ဒါကြောင့် ညက သားဝေဒနာတွေ သက်သာအောင် နှစ်
သိမ့်ဖို့ သားအခန်းသွားတော့ အခန်းတံခါးက အထဲက လော့ခ်ချ
မထား။ ပြီးတော့ အထဲမှာ သားလည်း ရှိမနေပါ။

အံ့ဩသွားပေမယ့် သူကျေနပ်ပါသည်။ တစ်သက်လုံး မြင်
နေရမည့် သားဝေဒနာတွေအတွက် သူ့ဂုဏ်သိက္ခာတွေ ထိခိုက်ချင်
ထိခိုက်ပါစေတော့။ သူထင်ထားတာ သားက ညီချောဖြူလေးကို
အိမ်က ခိုးထုတ်သွားပြီဟု ထင်ခဲ့၏။ ခုတော့ –

ဒီကောင့်လုပ်ရပ်က ဘယ်လိုမှ မတွေးမိသော လုပ်ရပ်ကြီး။

သူပြုံးတော့ ပြုံးမိသည်။ သားက သူ့ထက်အချစ်မှာ ရဲရင့်
ပြတ်သားတဲ့ ကောင်ပါလား။

မြလေးရေ ဒီနည်းနဲ့ မင်းသမီးကို ကိုယ့်သားက သိမ်းပိုက်
လိုက်တယ်တဲ့၊ မကျေနပ်လည်း ကျေနပ်ပေးလိုက်ပါတော့ကွာ။

အမိက,က ညားသွားဖို့ပဲလေ။ ဆက်ပြီး ရှေ့မျက်နှာ နောက်
ထားပြီး ရှင်းရမှာက ကိုယ်တို့လူကြီးတွေကိစ္စ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဘာ ဘာရယ် ပျိုမေ"

မြင့်မိုရ်အသံက အံ့သြမယုံနိုင်ခြင်းတွေနှင့် တုန်ခါနေသည်။

"ဟုတ်တယ် မြင့်မိုရ်၊ အခုပဲ သူတို့အိမ်က အန်တီလင်းတို့ ရောက်လာပြီး ငါ့ကို ပြောပြတာ၊ သူတို့ အတော်မျက်နှာပူနေတယ် လေ။ မိုးဖျားလုပ်ရပ်ကို မပြောရဲလို့ ငါ့ကို ပြောခိုင်းတာဟာ၊ ငါလည်း နင့်အတွက် စိတ်မကောင်းပါဘူး"

"နေ နေပါဦး မိုးဖျားက ညိုချောကို ဘာကြောင့် ဒီလို နိုးသွားရတာလဲ ပျိုမေ"

မြင့်မိုရ်မျက်နှာကြီး ခက်ထန်နီရဲလျက်မေးသည်။ အမှန်တရား ကို ပျိုမေရှင်းပြမိ၏။





"မိုးဖျားက နင့်လိုပဲ ချောကလက်ကို နှစ်သက်နေတာ၊ ငါ့ ကိုတောင် ဝန်ခံတယ်"

"ဟင် ဒီကောင် နင့်ကို ချစ်နေတာပဲဟာ"

"မဟုတ်ပါဘူးဟာ၊ အဲဒါက နင့်ကို ဝန်တိုပြီး တမင်လုပ်နေ တာပါ၊ သူ့ရင်ထဲမှာ ချောကလက်ပဲရှိတာ"

မတတ်နိုင်ပါ။ ချန်သင့်တာချန်, ဝှက်သင့်တာဝှက်ပြီး ပျိုမေ ရှင်းပြနေမိ၏။ မိုးဖျားကိုယ်တိုင်ကလည်း သူမဆီရောက်လာကာ တောင်းပန်ခိုင်းခဲ့တာမို့ –

"သူ ဖွင့်ပြောဖို့ ကြံစည်နေချိန်မှာ နင်က လက်ဦးသွားတော့ သူ အရမ်းခံစားနေရရှာတာ"

"ဒီကောင် ယုတ်မာတာပဲ၊ ညိုချောဘက်ကို လုံးဝမစဉ်းစား ဘူးလား"

"မြင့်မိုရ် ငါ အမှန်တွေ သိနေတယ်"

"ဘာအမှန်တွေလဲ၊ ငါ့ကိုပြောပါ ပျိုမေ"

"ညိုချောက ရင်ထဲမှာ နှောင်တွယ်နေတာမိုးဖျားတဲ့၊ သူ ငါ့ကို ရင်ဖွင့်လာတယ်"

"ဟင်"

မြင့်မိုရ် အံ့သြနေသည်။

ဒီအချိန်ရောက်မှတော့ ပျိုမေ ဘာမှ သိုဝှက်မထားချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အငြိုးအစေ့တေးတွေ အားလုံးကြားမှာ ကင်းစေချင်၏။

"ဟုတ်တယ် မိုးဖျားကို သူသိပ်ချစ်တာ၊ မိုးဖျားက ဖွင့်မပြောတော့ သိုဝှက်ထားတာလေ၊ မိုးဖျားအာရုံရောက်လာအောင် သူကြိုးစားခဲ့တာတွေ သက်သေပေါ့ဟာ"

မြင့်မိုရ် ပင့်သက်ရှိုက်သည်။ အခုမှ သတိထားမိသော ညိုချောနှလုံးသားထဲက ရောင်စဉ်တွေကို မြင်သွားပုံရ၏။

"ညိုချောကို ငါချစ်တယ်၊ ဒါပေမဲ့ ညိုချောရင်ထဲမှာ မိုးဖျားရှိနေရင် ငါနားလည်နောက်ဆုတ်မှာပါ၊ ညိုချော ငါ့ကို နှုတ်က မပြောပေမယ့် ရင်ထဲမှာ ရှိနေမယ်ထင်လို့ ငါ့မိဘတွေနဲ့ ချက်ချင်းစီစဉ်ပြီး သက်သေပြခဲ့တာပါဟာ"

"အဲဒါကြောင့် မိုးဖျားဒုက္ခရောက်သွားတာ၊ နင်က လူကြီးတွေအားကိုးနဲ့ သိမ်းပိုက်တော့ သူက ဦးအောင်ခိုးပြေးသွားတာ"

မြင့်မိုရ် ခေါင်းကို ခါယမ်းသည်။ ပြီးမှ နာကျင်သောအပြုံးနှင့် စိတ်ကိုထိန်းရင်း –

"အင်းလေ မိုးဖျားကို ငါအပြစ်မမြင်ပါဘူး။ သူ ညိုချောကို တကယ်မြတ်နိုးတာဆို ငါ ကျေနပ်ပါတယ်၊ ဒီနေ့ စေ့စပ်ပွဲရှိပေမယ့် မနက်အစောကြီးကပဲ ဒယ်ဒီ သွေးတွေတိုး သတိလစ်သွားလို့ ဆေးရုံပို့လိုက်ရတယ်၊ ဒါကြောင့် စေ့စပ်ပွဲရက်ရွှေ့ဖို့ ငါ အခုပဲသွားမလို့ဟာ နင်ရောက်လာတာပဲ"





"ဟုတ်လား။ ဒါဆို ပြီးမှ အေးအေးဆေး ဖုန်းဆက်လိုက်ပေါ့ဟာ၊ နင့်ဒယ်ဒီရော သက်သာရဲ့လားဟင်"

"အင်း သတိတော့ပြန်ရနေပြီ၊ ဆေးရုံမှာပဲ ဆက်ထားရမယ်ထင်တယ်၊ ငါဒီရက်တွေ သင်တန်းသွားနိုင်မှာ မဟုတ်ဘူး ပျိုမေရာ"

"အဲဒီအတွက် မပူပါနဲ့ သူငယ်ချင်းရယ်၊ ငါတာဝန်ယူ ကူညီမှာပါ"

BURMESE CLASSIC .com

ပျိုမေ့ရင်ထဲက ဆန္ဒအရင်းခံနှင့်ပဲ ပြောမိတာဖြစ်သည်။ မြင့်မိုရ် ပျိုမေကိုကြည့်ကာ ယဲ့ယဲ့လေးပြုံးရင်း –

"ကျေးဇူးတင်တယ်သူငယ်ချင်း၊ ငါတို့နှလုံးသားအရေးကိစ္စတွေကြောင့် ခင်မင်မှုတွေ မပျက်စေရပါဘူး။ ညိုချောကိစ္စကိုလည်း ငါ ခွင့်လွှတ်ကျေနပ်ပါတယ်၊ အချစ်ဆိုတာ ဖန်တီးယူလို့မှ မရတာပဲလေ"

မြင့်မိုရ်စကားကြောင့် ပျိုမေ ဝမ်းသာသွားမိသည်။ မြင့်မိုရ်ရဲ့ ခွင့်လွှတ်စိတ်ကို ကြားရင် ညိုချောတို့ မိုးဖျားတို့ ဝမ်းသာမှာ သေချာ၏။

အန်တီလင်းတို့လည်း မျက်နှာပူရင်မောခြင်းက လွတ်ပြီပေါ့။

ကျေးဇူးတင်ပါတယ် မြင့်မိုရ်ရယ်။

နင့်နှလုံးသားအတွက်တော့ ငါစိတ်မကောင်းဘူး။

✿



www.burmeseclassic.com

www.burmeseclassic.com



မူးဝေနှောက်ကျိနေသော ဝေဒနာတွေဖြင့် ညိုချော မျက်ဝန်းတွေ ဖွင့်ကြည့်တော့ အရင်ဆုံးမြင်ရတာ မိုးဖျားမျက်နှာ။

"ဟင် မိုးဖျား ဒါ ဒါ"

"ဟုတ်တယ်၊ တစ်ညလုံး ကိုယ် ချောကလက်အခန်းထဲ ရောက်နေတာ"

"အို ဘုရားရေ"

"ဘာမှပြဿနာမရှိဘူး ချောကလက်၊ မြင့်မိုရ်ရုတ်တို့ဆီ စေ့စပ်ပွဲဖျက်ဖို့ လူကြီးတွေစီစဉ်မှာ၊ ပျိုမေလည်း ကူပြောပေးမှာပါ"

"အို ဘာတွေဘယ်လိုဖြစ်တာလဲ ညိုချော ဘာမှ နားမလည်တော့ဘူး"

"ရှင်းရှင်းလေးပဲ ချောကလက်ရယ်၊ မင်းကို မစွန့်လွှတ်ရဲလောက်အောင် မြတ်နိုးတဲ့ မိုးဖျားထက်ဘုံက စေ့စပ်ပွဲပျက်အောင် ဖျက်ပြီး အရယူခဲ့တာပေါ့ကွာ"

"ဟင် မ မဟုတ်တာ မေမေလင်းတို့"

"ဖေဖေရော မေမေပါ ဒီအခြေအနေကို လက်ခံသဘောတူလိုက်ရပြီ အခုလည်း ပျိုမေတို့အိမ်မှာ အဲဒီကိစ္စ ဆွေးနွေးနေကြတယ်၊ မကြာခင် ကိုယ်နဲ့ ချောကလက်ကို မင်္ဂလာပွဲကျင်းပဖို့တဲ့"





မိုးဖျား စကားတွေကို နားမလည်နိုင်စွာ ညိုချော တုန်တုန်ယင်ယင်လေး ဖြစ်နေ၏။ ဘာတွေဖြစ်ကုန်တာလဲ။ ညတုန်းက မိုးဖျားရဲ့ အိပ်မက်လေးဆီကိုပဲ ညိုချော အလည်သွားခဲ့မိကာပါ။

အခုတော့ မိုးဖျားက ညိုချောအခန်းထဲ တစ်ညလုံး ရောက်နေသည်တဲ့။

"ကိုယ့်ကို အထင်မသေးလိုက်ပါနဲ့ ချောကလက်ရယ်၊ တစ်ညလုံး မင်းကို ငုတ်တုတ်လေးပဲ ထိုင်ကြည့်နေတာပါ၊ နဖူးလေးကို တစ်ခါပဲ နမ်းခဲ့တာ"

"အို"

အခုမှ ရှက်ဖို့သတိရကာ ချောကလက်မျက်နှာလေး ရဲသွားသည်။ ခန္ဓာကိုယ်မှာ ဝတ်ဆင်ထားတာက ညဝတ်ဂါဝန်ပါးပါးလေးရယ်၊ မိုးဖျားက တစ်ညလုံး တစိမ့်စိမ့်ကြည့်နေခဲ့သည်ဆိုတော့။

"ရှက်နေတာလား၊ ကိုယ့်ရင်ခွင်ထဲမှာ ပုန်းနေကွာ"

ဖုတ်ခနဲ ထထိုင်သော ညိုချောခန္ဓာကိုယ်လေးကို မိုးဖျား ရင်ခွင်ထဲမှာ ဆွဲသွင်းပွေ့ဖက်ထားသည်။ ရင်ခုန်သံတွေက ရင်ချင်းအနှံ့ လှုယ်မိသွားကြသည်။

ညိုချော မျက်ဝန်းလေးတွေ မှေးစင်းကျသွားသည်။ နဖူးပြင်လေးမှာ အနမ်းတစ်ချက် နွေးခနဲ။

ဒီအနမ်းတွေနဲ့ ယုယကြင်နာမှုတွေကိုပဲ ညိုချောပိုင်ဆိုင်ရဖို့



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ အခုတော့ တကယ်ပိုင်ဆိုင်နေရတာ၊ အိပ်မက်မဟုတ်ပါစေနဲ့။

"ချောကလက်"

"ဟင်"

"ကိုယ်မြတ်နိုးတဲ့ ချောကလက်ရုပ်တုလေးကို ညက တစ်ည လုံး ထိုင်ကြည့်ခဲ့တယ်၊ အခုတော့ အမြဲတမ်း ကြင်နာခွင့်ပြုပါနော်"

"အို"

နဖူးပေါ်က အနမ်းတို့ ပါးပြင်တွေကို နွေးခနဲ ခုန်ဆင်းလာ တော့ ညိုချော ရင်ခုန်သံတွေနှင့် မျက်ဝန်းလေးတွေ မှိတ်ခံယူမိ၏။

ဘာတွေ ဘယ်လိုဖြစ်ခဲ့တာလဲ ညိုချော အသေအချာမသိပေ မယ့် ရင်ထဲမှာ ကြည်နူးလှိုက်ဖိုနေသည်။

မိုးဖျားရဲ့ အနမ်းတို့ အိပ်မက်မဟုတ်တာ သေချာနေတော့ ရင်ခွင်ကျယ်ကြီးထဲမှာ ချောကလက်ရုပ်တုကလေး ရင်ခုန်သံတွေ ငြိမ့်ညောင်းစွာ စီးမျောလို့။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

BURMESE CLASSIC .com

www.burmeseclassic.com